www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# အဆိပ်ကာဝေ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၀၀၄၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၀၄၁၀၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး၊
- ပြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## ကလေးတစ်ယောက်နှင့်မိန်းမပျို

BURMESE CLASSIC .com

နေလုံးကြီးသည် ....

အနောက်တောင်စွယ်၌မေးတင်နေလေပြီ။

အိပ်တန်းပြန်ငှက်ငယ်လေးများက အုပ်စုဖွဲ့လျက် စိမ်းညို့ညို့တောင်တန်းများဆီ ဦးတည်ပျံသန်းလျက်ရှိနေကြသည်။

နေအလင်းရောင်က တဖြည်းဖြည်းဆုတ်ယုတ်မှေးမှိန်စ ပြုနေလေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ရီသန်းလာသည်။

ခရီးဝေးသွားရာလမ်းမကြီးတစ်လျှောက်လည်း ခရီးသွားများမရှိသလောက်ဖြစ်နေလေပြီ။

မကြာမီ မိုးချုပ်တော့မည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ....

ခရီးသွားများသည် နီးစပ်ရာမြို့အသီးသီး၌ဝင်ရောက်နားခို လျက်ရှိနေကြပြီဖြစ်သည်။

ထိုခရီးဝေးသွားလမ်းမကြီးသည် ညအခါ၌ သွားလာရန် မ သင့်လျော်သောကြောင့်လားမသိ။

ညနေစောင်းမှောင်ရီပျိုးသည်နှင့် ....

လမ်းမကြီးပေါ်တွင်... ခရီးသွားများလုံးဝမရှိတော့ဘဲ ရှင်း လင်းလျက်ရှိနေပေတော့သည်။

သို့ရာတွင်....

ယနေ့ညနေအဖို့ကား .... လူသူအသွားအလာရှင်းလင်းနေ သောလမ်းမကြီးပေါ်၌ မြင်းတစ်ကောင်ခပ်သွက်သွက်လေးမောင်း နှင်လာနေသည်ကိုတွေ့ရမည်ဖြစ်သည်။

မြင်းပေါ်၌ ခန္ဓာကိုယ်ကျစ်လစ်သန်မာသောလူရွယ်တစ်ဦး စီးနင်းလိုက်ပါလာသည်။

သူ၏အသွင်အပြင်ကိုမြင်ရုံဖြင့်ပင်... အဆင့်မြင့်သိုင်းသမား တစ်ဦးဖြစ်ကြောင်းသိသာပေါ်လွင်နေသည်။

သူသည် ....



မိုးမချုပ်မီ.ရှေ့ဘက်ရှိ မြို့ငယ်လေးသို့ရောက်အောင် မြင်း ကိုခပ်သွက်သွက်မောင်းနှင်နေဟန်ရှိ၏။

သူ၏မြင်းကြီးကလည်း မွန်ဂိုမြင်းမျိုးဖြစ်ရာ ခြေဆံလက်ဆံ ကောင်းပြီး အပြေးသန်လှ၏။ လေထုကို ထိုးခွဲပြေးလွှားနေရာလူရွယ် ၏အဝတ်အစားများ လေတွင်တလူလူလွင့်ဝဲနေပေ၏။

လူရွယ်သည် လမ်းမကြီးအတိုင်း မြင်းကိုဒုန်းစိုင်းနှင်ရာ....

"အား...."

ရူးရူးဝါးဝါးအော်ဟစ်သံတစ်သံ ရုတ်တရက်ထွက်ပေါ်လာ သဖြင့် လူရွယ်သည် ရုတ်တရက်မြင်းဇက်ကြိုးကိုသတ်လိုက်သည်။

"ဟီး... ဟီး... ဟီး"

မြင်းကြီးသည်ရူးရှဖွာဟီးလျက် ပဒတ်ရပ်ပြီးတုံ့ခနဲရပ်သွား သည်။ မြင်းပေါ်မှလူကပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်၏။

မည်သည့်အသံများကို ထပ်မံကြားရမည်နည်းဟူသောအ တွေးဖြင့် ခဏမျှငြိမ်နေလိုက်၏။ မြင်းကြီး၏နှာမှုတ်သံမှလွဲ၍ အခြား မည်သည့်အသံမျှမကြားရတော့ပါ။

မိမိနားကြားလွဲခြင်းပင်ဖြစ်မည်လော။

မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြားအာရုံကို သူယုံကြည်သည်။ ကျယ်လောင်သော အော်သံကို အမှန်တကယ်ကြားခဲ့ရခြင်းပင်ဖြစ်သည်။

သို့ဆိုလျှင် ....

ထိုအသံသည် မည်သည့်နေရာမှထွက်ပေါ်လာသနည်း။

စူးရှသောမျက်လုံးဖြင့် ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်မိ၏။

သူ့အနီးပတ်ဝန်းကျင်တစ်ဝိုက်ကား ရိုးပြတ်များဖြင့်ပြီး သော တလင်းပြင်ကြီးသာဖြစ်၏။ အနည်းငယ်လှမ်းသောနေရာတွင်မှ စိမ်းညို့သောဝါးတောလေးရှိသည်။ ဝါးတောလေးအနီးတွင် တဲအိမ်တစ်လုံးရှိ၏။

ကျယ်လောင်သောအော်သံသည် ထိုတဲအိမ်အတွင်းမှထွက်ပေါ်လာခြင်းဖြစ်သည်။

လူရွယ်သည် မြင်းဇက်ကြိုးကိုဆွဲလှည့်ပြီး အဆိုပါအိမ်လေးဆီသို့ခပ်သွက်သွက်ဦးတည်မောင်းနှင်သွားလေတော့၏။

***



စိမ်းမြညို့မှောင်သည့်ဝါးတောလေးသည် လေအတိုး၌ ဘယ်ညာယိမ်းထိုးလျက်ရှိနေသည်။

လူရွယ်သည် ဝါးတောလေးရှိ တဲအိမ်လေးဆီသို့ မြင်းကို မောင်းနှင်လာခဲ့သည်။

တဲအိမ်အနီးသို့ရောက်သည့်အခါ အမျိုးသမီးတစ်ဦး၏ ဝမ်းနည်းကြေကွဲစွာငိုရှိုက်နေသံကိုကြားရသည်။

သေချာလေပြီ။

တဲအတွင်း၌ တစ်စုံတစ်ခုဖြစ်ပွားခဲ့သည်မှာ အထူး ယုံမှား သံသယ်ရာမရှိတော့ပြီ။

လူရွယ်သည် မြင်းပေါ်မှကြောင်တစ်ကောင်နှယ် ပေါ့ပါးစွာ ဆင်းပြီး ....

စေ့ထားသောတဲအိမ်တံခါးကိုတွန်း၍ အတွင်းသို့လှစ်ခနဲတိုး ဝင်လိုက်သည်။

မမျှော်လင့်ဘဲ ကြုံတွေ့ရနိုင်သည့်အန္တရာယ်အတွက်လည်း ကြိုတင်ကာကွယ်ရန် အသင့်ပြင်ထားလိုက်သည်။

သို့သော် သူ့အားဆီးကြိုရန်ပြုမည့်သူ တစ်ဦးတစ်ယောက် မျှမရှိ။ စူးရှသောမျက်လုံးများဖြင့် တဲအတွင်းသို့ တစ်ချက်ဝေ့၍ အကဲ

www.burmeseclassic.com

www.burmeseclassic.com



ခတ်ကြည့်လိုက်သည်။

သွေးညှီနံ့က အနံ့ခံအာရုံသို့ဦးစွာဝင်လာ၏။

အခန်းထောင့်၌လဲကျနေသောမိန်းမပျိုတစ်ဦးကိုတွေ့ရ သည်။ သူမ၏ရင်ခွင်ထဲတွင် နို့စို့အရွယ်ကလေးတစ်ဦးရှိနေသည်။

မြင်ရုံဖြင့်ပင် .... အဆိုပါ ကလေးငယ်မှာ အသက်မရှိတော့ ကြောင်း လူရွယ်ခန့်မှန်းမိလိုက်သည်။

မိန်းမပျိုကမူ ကလေးငယ်ကိုတင်းကျပ်စွာပွေ့ထားရင် ရှိုက်ကြီးတငင်ငိုကြွေးနေလေသည်။

လူရွယ်ဝင်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသည့်အ မိန်းမပျိုသည်ထိတ်လန့်တုန်လှုပ်သွားပုံရ၏။

မျက်လုံးပြူးကြီးဖြင့် လူရွယ်ကိုကြည့်သည်။

လူရွယ်ကနှစ်သိမ့်ပြုံး ပြုံးပြရင်း....

"မကြောက်ပါနဲ့မိန်းကလေး... ကျုပ် ခင်ဗျားကိုကူညီဖို့ လာတာပါ"

လူရွယ်သည် အခန်းတွင်းသို့တစ်ချက်ကြည့်ပြီး....

"ဒီမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျုပ်ကိုပြောပြပါဦး"

မိန်းမပျိုသည် ကလေးငယ်ကိုပွေ့ပိုက်ထားလျက် လဲ



နေရာမှအားယူပြီးထရန် ဟန်ပြင်သည်။ လူရွယ်က မိန်းမပျိုကိုဆွဲ ထူပေးရန်ရှေ့တိုးလိုက်သည်။

ဤတွင် မိန်းမပျိုသည်ပို၍တုန်လှုပ်ချောက်ချားသွားဟန် ဖြင့် နောက်သို့ဒရွတ်ဆွဲသွားလေသည်။

ထို့ကြောင့်... လူရွယ်လည်း ရှေ့ဆက်မတိုးတော့ဘဲရပ်နေ လိုက်လေသည်။

မိန်းမပျိုသည် နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် တစ်စုံတစ်ရာပြော ရန် ဟန်ပြင်နေသလိုရှိသည်။

သို့သော် ....

သူမ၏နှုတ်မှ မည်သည့်စကားသံမျှထွက်မလာပါ။

လူရွယ်သည် ယခုအချိန်၌ ဘာမျှမေးမြန်းစုံစမ်း၍ရမည် မဟုတ်ကြောင်းနားလည်သဖြင့် အတွင်းဘက်သို့တစ်ချက်ကြည့်လိုက် သည်။

ဖရိုဖရဲလဲကျသေဆုံးနေသည့်အလောင်းအချို့ကို တွေ့ရ၏။

စစ်ဆေးရန်မလိုပါ။

မြင်ရုံဖြင့် တစ်စုံတစ်ယောက်၏တိုက်ခိုက်ခံရမှုကြောင့် သေ ဆုံးနေခြင်းဖြစ်ကြောင်းသိသာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင် လူသတ်သမားဘယ်မှာနည်း။

အထူးတလည် ရှာရန်မလိုပါ။

အခန်းထဲ၌ ....

သေနေသည့်အလောင်းသုံးလောင်းနှင့် သူမသာရှိ၏။

ပုန်းကွယ်ခိုအောင်းစရာနေရာလည်းမရှိပါ။

လူရွယ်သည် ဖွင့်ထားသောပြတင်းပေါက်အနီးသွားပြီး အ
ပြင်သို့ လှမ်းမျှော်စစ်ဆေးကြည့်လိုက်၏။

မသင်္ကာဖွယ်ရာ ဘာတစ်ခုမျှမတွေ့ချေ။

လူရွယ်၏စိတ်ထဲ၌ အတော်ပင် မကျေမနပ်ဖြစ်သွားရ၏

သူသည် အော်သံကြားလျှင်ကြားချင်း တဲအိမ်လေးဆီသ
အချိန်တိုအတွင်းရောက်ရှိလာခဲ့သည်။

အကယ်၍ လူသတ်တရားခံသည် ပြစ်မှုကျူးလွန်ပြီး ထွက်
ပြေးမည်ဆိုပါက သူ့အနေဖြင့် တစ်စုံတစ်ရာ ထူးခြားမှုကိုမြင်တွေ့
နိုင်မည်ဖြစ်သည်။

ယခုမူ ထူးခြားလွန်းလှသည်။

မသင်္ကာဖွယ်ရာ ဘာတစ်ခုမျှရှာမတွေ့ဘဲရှိ၏။

လူသတ်တရားခံသည် မြေလျှိုး၍မိုးပျံသွားပြီလော။



လူရွယ်သည် အတော်ဘဝင်မကျနိုင်သလိုဖြစ်သွားသည်။

ပြတင်းပေါက်မှခုန်ထွက်ပြီး ပတ်ဝန်းကျင်ကိုဝေ့ဝဲလှည့်ပတ်
ကြည့်ရှုသည်။

ဝါးရုံတောသည် လေအဝေ့၌ယိမ်းထိုးသွား၏။

ထိုအနီးတစ်ဝိုက်ရှိချုံနွယ်များကလည်း ထူထပ်လှသည်မ
ဟုတ်ချေ။

တစ်ခဏမျှ လေ့လာအကဲခတ်ကြည့်ရုံဖြင့်ပင် ခိုအောင်းပုန်း
ကွယ်နေသူ မရှိကြောင်းသိသာလှသည်။

ထို့ပြင် ....

ချုံနွယ်များကိုတိုးဝှေ့ဖြတ်သန်းသွားသည့်အရိပ်လက္ခဏာ
ကလည်းမတွေ့ရဘဲရှိလေသည်။

ထို့ကြောင့် လူရွယ်မှာအတော်ပင်အံ့သြသွားရလေ၏။

လူသတ်တရားခံသည် ခြေရာလက်ရာလုံးဝမကျန်အောင်
တစ်စဖျောက်နိုင်ခဲ့သည်မဟုတ်ပါလား။

လူရွယ်သည်စိတ်ပျက်လက်ပျက်ဖြင့်ခေါင်းခါရင်း တဲထဲပြန်
ဝင်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ....

www.burmeseclassic.com

www.burmeseclassic.com



"ခွီး... ဟီး... ဟီး... ဟီး"

မြင်းဟီသံ ရုတ်တရက်ပေါ်လာ၏။

လူရွှယ်၏အာရုံများ ချက်ချင်းနိုးကြားလာ၏။

ထွေထွေထူးထူးစဉ်းစားမနေနိုင်တော့ဘဲ သူ၏မြင်းရှိရာ တဲအိမ်ရှေ့သို့ လှစ်ခနဲပြေးထွက်ခဲ့သည်။

သို့သော် မမီလိုက်ပါ။

သူ၏မြင်းကြီးကိုတစ်စုံတစ်ယောက်က ဒုန်းစိုင်းမောင်းနှင်သွားပြီဖြစ်သည်။

ဒုန်းစိုင်းမောင်းနှင်သွားသူကို မြင်လိုက်ရသည့်အခါ သူ့အံ့ဩသွားသည်။

သူ့မြင်းကိုမောင်းနှင်သွားသူကား အခြားသူမဟုတ်။

ကလေးကိုရင်ခွင်ထဲပိုက်ပြီးငိုနေသည့် မိန်းမပျိုပင်ဖြစ်ပေတော့၏။

***



လူရွှယ်သည် တဒင်္ဂမျှမင်တက်မိသွား၏။

သတိပြန်ဝင်လာသည့်အခါ ....

သူ့မြင်းကို စီးနင်းမောင်းနှင်သွားသည့်မိန်းမပျိုမှာ အဝေးရောက်ရှိသွားပြီဖြစ်လေသည်။

မည်မျှပင် ကိုယ်ဖော့ပညာကောင်းသည်ဖြစ်စေ။

လိုက်၍မမီနိုင်တော့ကြောင်း လူရွှယ်နားလည်လိုက်၏။

ထို့ကြောင့် ....

အပင်ပန်းခံ၍လိုက်မနေတော့ပါ။

တဲအိမ်အတွင်းပြန်ဝင်လိုက်သည်။

ကလေးငယ်ကိုရင်ခွင်ထဲပိုက်ထားသည့်မိန်းမပျို မရှိတော့ည်မှလွဲ၍ မြင်ကွင်းအားလုံးသည် စောစောကအတိုင်းပင်။

ဘာတစ်ခုမျှ ပြောင်းလဲခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်၏ခေါင်းထဲသို့ မေးခွန်းပေါင်းများစွာက စုပြုံ၍ဝင်ရောက်လာသည်။

လူသတ်သမားသည် ....

အဆိပ်ပါမိန်းမပျိုပင်ဖြစ်နေသည်လော။

သို့မဟုတ် မိမိကိုရန်သူဟုထင်ပြီး အခွင့်အရေးရသည်နှင့် ကြောက်လန့်တကြားထွက်ပြေးခြင်းလော။

ဤသို့မဟုတ်ဘဲ ....

ကလေးငယ်သည် အသက်မသေသည့်အတွက် အရေးပေါ်ကုသရန် ဆေးကြီးသုတ်ပျာထွက်ခွာသွားခြင်းပင်လော။

မေးခွန်းတို့က တစ်ခုပြီးတစ်ခုဆင့်ကဲ၍ဝင်ရောက်လာ၏။

သို့သော်....

ကျေနပ်လောက်ဖွယ်အဖြေကို ခပ်ရေးရေးပင် တွေးမရပါ။

လူရွယ်သည် စိတ်ရှုပ်ထွေးစွာနှင့် တဲအိမ်အတွင်းမှပြန်လည်ထွက်လာခဲ့၏။

အမှောင်ထုက ဖြန့်ကြက်လွှမ်းမိုးစပြုနေပြီဖြစ်၏။

လူရွယ်သည်... မိုးမချုပ်မီ နားခိုစရာနေရာတစ်နေရာဆီသို့ ရောက်ရန် ခပ်သုတ်သုတ်ခရီးနှင်နေသည်။



သို့တိုင်အောင် မိုးသာချုပ်ခဲ့သည်။

တည်းခိုနားနေစရာနေရာကို ရှာမတွေ့ချေ။

လမ်းပေါ်၌ ညမအိပ်လိုခြင်းကြောင့် မြင်းကိုဒုန်းစိုင်းစီးလာသောလူရွယ်သည် ယခုအခါ ညအမှောင်ထဲခြေလျင်ခရီးနှင်နေရပြီ။

လူရွယ်သည် သူ့မြင်းကိုစီးနှင်သည့်မိန်းမပျိုကို အတော်ပင်ကျေမနပ်ဖြစ်မိသည်။

ကူညီရန်ရောက်ရှိလာသူကိုမှ ဒုက္ခပေးလေခြင်းဟု မချင့်မရဲဖြစ်မိ၏။

ပတ်ဝန်းကျင်တွင် လူနေအိမ်ခြေမရှိ။

သစ်ပင်တောတောင်တို့သာ....

ညအမှောင်ထုအောက်တွင်ထီးထီးကြီးရှိနေကြသည်။

ဤအတိုင်းသာဆိုပါက လမ်းပေါ်မှာပင် အိပ်ရမလိုဖြစ်နေပြီ။

ကောင်းကင်တွင် လတစ်ခြမ်းပဲရှိသည်။

မှုန်ဝါးဝါးအလင်းရောင်သာ ဖြန့်ကြက်ပေးနိုင်စွမ်းရှိ၏။

လူရွယ်သည် ခြေတွရပ်၍ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်း၌ တောင်ကုန်းလေးတစ်ခုရှိနေသည်။

လူရွှယ်သည် တောင်ကုန်းပေါ်သို့တက်ခဲ့သည်။

တောင်ကုန်းထိပ်ရောက်မှ အနီးတစ်ဝိုက်ကို အပေါ်စီးမှ လှည့်ပတ်ကြည့်ရှု၏။

ထိုအခါ တစ်ခုသောတောစပ်တစ်နေရာ၌ ဘုံကျောင်းဟု ယူဆရသည့်အဆောက်အဦတစ်ခုကိုမှုန်ဝါးဝါးလရောင်နှင့်ခပ်ရေးရေး မြင်တွေ့လိုက်ရသည်။

လူရွှယ်ဝမ်းသာသွားသည်။

လမ်းပေါ်အိပ်ရသည်ထက်စာလျှင် အဆောက်အဦတစ်ခု ထဲ၌အိပ်ရသည်က ပို၍လုံခြုံစိတ်ချရသည်မဟုတ်ပါလား။

ထို့ကြောင့် လူရွှယ်သည် ထိုအဆောက်အဦဆီသို့ဦးတည်၍ လျှောက်သွားလေတော့၏။

***

မှုန်ဝါးဝါးလရောင်အောက်တွင် အဆောက်အဦပျက်ကြီး သည် ကြောက်စရာသတ္တဝါကြီးတစ်ကောင် လဲလျောင်းနေသည်နှင့်တူ နေလေသည်။

အမှန်တွင် ထိုအဆောက်အဦသည် ဘုံကျောင်းပျက်ကြီးပင် ဖြစ်၏။

ကျောင်းပျက်ကြီးအတွင်း၌ မည်းမှောင်၍နေသည်။

သို့သော်... အချို့နေရာ၌မူ ပေါက်နေသည့်အမိုးမှတိုးကျနေ သည့်လရောင်ကြောင့် အလင်းရောင်အနည်းငယ်ရှိသည်။

လူရွှယ်က ဘုံကျောင်းပျက်ကို တစ်ချက်အကဲခတ်ရင်း ဆက် လျှောက်၍လာရာ...

"ရှီး..."

မြင်းတစ်ကောင်၏နှာမှုတ်သံကြောင့် လူရွှယ်၏ခြေလှမ်း တုံ့ ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်တော့....

ကျောင်းပျက်နံဘေးရှိ သစ်ပင်အောက်အမှောင်ထဲ၌ မြင်း... တစ်ကောင်နှာမှုတ်နေသည်ကိုတွေ့လိုက်ရသည်။

လုံလောက်သည့်အလင်းရောင်မရှိသည့်တိုင် မြင်ရုံဖြင့် သူ... မြင်းကြီးမှန်းသိလိုက်သည်။

သို့ဆိုလျှင်....

မိန်းမပျို ဘယ်ရောက်သွားသနည်း။

ဘုံကျောင်းပျက်အတွင်း၌ ရှိမှာသေချာသည်။

လူရွယ်က ချက်ချင်းပင် ကျောင်းပျက်ထဲဝင်လိုက်သည်။

သို့သော် သတိတော့အပြည့်ရှိပုံရသည်။

မမျှော်လင့်သည့်အန္တရာယ်နှင့်ရင်ဆိုင်ရပါက အသင့်ရင်ဆို... နိုင်ရန် ဓားရိုးကိုဆုပ်ကိုင်ထားလိုက်သည်။

မျက်လုံးတို့ကလည်း သိမ်းငှက်မျက်လုံးပမာ အမှောင်... ဝေ့ဝဲကြည့်လိုက်သည်။

ထင်သည့်အတိုင်းပင် မိန်းမပျိုကိုတွေ့လိုက်ရသည်။

မလင်းတလင်းအလင်းရောင်ဖြင့် ကျောင်းပျက်ထောင့်... ကလေးငယ်ကိုရင်ခွင်ထဲပွေ့၍ထိုင်နေ၏။



သူမသည် မမျှော်လင့်ဘဲ လူရွယ်ကိုတွေ့ရသည့်အခါ ခန္ဓာ... ဆတ်ခနဲတုန်ခါသည်။

နံရံထောင့်သို့ ပို၍တိုးကပ်သွားသည်။

လူရွယ်ကလက်ကာပြလိုက်ပြီး....

"မကြောက်နဲ့မိန်းကလေး... ကျုပ် မင်းကိုရန်ရှာဖို့မဟုတ်... ကူညီမလို့ပါ"

နှစ်သိမ့်အားပေးစကားပြောရင်း ရှေ့သို့လှမ်းလိုက်ရာ....

"ရှင်... ရှင်... ရှေ့မတိုးနဲ့နော်"

မိန်းမပျိုက ထိတ်လန့်ချောက်ချားစွာဖြင့် ဒရွတ်ဆွဲ၍နောက်...တ်၏။

လူရွယ်လည်း မိန်းမပျိုပို၍ကြောက်လန့်မည်စိုး၍ ရှေ့ဆက်...တိုးဘဲခြေလှမ်းရပ်လိုက်သည်။

"မင်းကိုကြည့်ရတာသိပ်ကြောက်နေပုံပဲ... ဘာတွေဖြစ်ခဲ့...သဲဆိုတာ ကျုပ်ကိုပြောပြပါလား"

မိန်းမပျိုသည် ထိတ်လန့်မှုပြေပျောက်ဟန်မရှိသေးပါ။

ကလေးငယ်ကိုတင်းကျပ်စွာဖက်ရင်း လူရွယ်ကိုမျက်လုံး...ကြီးဖြင့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏အဖြစ်ကိုမြင်ရသည့်လူရွယ်မှာ…

ဝိုချ်သနားကရုဏာသက်လာသည်။ သူ့အပေါ် မိန်းမပျို

ယုံကြည်လာအောင်မည်သို့လုပ်ရပါမည်နည်း။

လူရွယ်မှာ အတော်ပင် အကျပ်ရိုက်လျက်ရှိနေ၏။

အမှန်တော့…

သူသည် ထင်ရှားသည့်ကျွန်းဟူဓားသမားတစ်ဦးဖြစ်၏။

ကရုဏာဓားသမားကျင်းနန်ဟုဆိုလျှင် ကလေး၊ လူကြီး

ယောကျာ်း မိန်းမအားလုံးသိ၏။

အကြောင်းမှာ သူသည် မတရားမှုကိုစက်ဆုပ်စွံရှာ၍ ဒု

ရောက်သူကို အသက်စွန့်ကူညီလေ့ရှိခြင်းကြောင့်ဖြစ်သည်။

သူသည် ရုတ်ခြည်းပင် အကြံတစ်ခုရလိုက်သည်။

သူ၏အမည်သည် ကျန်းဟူနယ်သာမက သိုင်းလော

တစ်ခုလုံးကသိ၏။

သူ၏အမည်ကိုကြားသည်နှင့် သူ့အပေါ် ယုံကြည်အား

လေ့ရှိ၏။ မိမိ မည်သူမည်ဝါဖြစ်ကြောင်းသိပါက မိန်းမပျိုအနေဖြ

ကြောက်လန့်မှုတို့ပြေပျောက်သွားနိုင်သည်ဟုတွေးမိ၏။

ထို့ကြောင့် မိန်းမပျိုအားနှစ်သိမ့်ပြုံးပြုံး၍…



“မိန်းကလေး… သိုင်းလောကထဲက ကရုဏာဓားသမား

ကျင်းနန်ဆိုတာကြားဖူးလား”

သူသည် ကိုယ့်ကိုယ်ကိုဂုဏ်ဖော်လေ့ရှိသူ မဟုတ်ပါ။ သူ

ကူညီမဲ့သူဟိုင်းကလည်း အစပိုင်း၌ လုံးဝသိရှိသည်မဟုတ်ပါ။

နောက်မှသာ မိမိတို့ကိုကူညီသူမှာ ကျင်းနန်ဖြစ်ကြောင်း

သိရှိကြရခြင်းဖြစ်သည်။ ယခု… သူသည် သူ့ကိုယ်သူ မည်သူမည်ဝါ

ဖြစ်ကြောင်းဖွင့်ပြောလိုက်ရလေပြီ။

သူ့အပေါ်ယုံကြည်စိတ်ချလာအောင် မိမိမည်သူမည်ဝါဖြစ်

ကြောင်းဖွင့်ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် သူထင်မှတ်ထားသလိုဖြစ်မလာပါ။

မိန်းမပျိုသည် သူ့ကို မျက်လုံးပြူးကြီးနှင့်ငေးကြောင်ကြည့်

နေဆဲဖြစ်သည်။ ကျင်းနန် စိတ်ပျက်သွားသည်။

ဘာဆက်လုပ်ရမှန်းမသိအောင်ဖြစ်သွားသည်။

ဥပေက္ခာပြုကျောခိုင်းသွားရအောင်လည်း သူ၏စိတ်ဓာတ်

က ညှိမျှအထိတာဝန်မမဲ့နိုင်ချေ။

ဒုက္ခရောက်နေသူကိုဖြစ်ချင်ရာဖြစ်သဘောဖြင့် လျစ်လျူပြု

ထားလိုက်အောင်လည်း၊ လူ့စိတ်မပျောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကျောင်းနန်မှာ အေးကျပ်နက်ကျပ်နှင့်အကြံရခက်သွားရခြင်းပင်ဖြစ်သည်။

သက်ပြင်းမျှင်းမျှင်းတစ်ချက်ချ၍ စကားဆက်လိုက်၏။

"အဲဒီကရုဏာစားသမားကျောင်းနန်ကိုကကျုပ်ပဲ... ဘာပဲဖြစ်ဖြစ် ဒီနာမည်ကိုမင်းကြားဖူးမယ်လို့ ပါမျှော်လင့်တယ်"

မိန်းမပျိုသည် ကျောင်းနန်၏စကားကိုနားထောင်နေပုံရ၏။ မိန်းမပျို၏အမူအရာကလည်း စောစောကလောက် တုန်လှုပ်ချောက်ချားမှုမရှိတော့ပါ။

"မိန်းကလေး... မင်းဘာဖြစ်ခဲ့လဲဆိုတာ ကျုပ်ကိုပြောပါ။ ကျုပ် ခင်ဗျားကိုအစွမ်းကုန်ကူညီမယ်... ကျုပ်ပြောတာကြားတယ်မဟုတ်လား"

ယခုအချိန်ထိ မိန်းမပျိုထံမှ မည်သည့်စကားသံမျှထွက်ပေါ်လာခြင်းမရှိချေ။

ကျောင်းနန်က မိန်းမပျို၏ရင်ခွင်ထဲမှကလေးကိုကြည့်၍...

"မင်းရင်ခွင်ထဲက ကလေးကော ဘယ်လိုနေလဲ... ဒဏ်ရာပြင်းပြင်းထန်ထန်ရထားသလား"

တစ်ချိန်လုံးငြိမ်နေသည့်မိန်းမပျိုသည်...



ယခုတစ်ကြိမ်တွင်တော့ လှုပ်လှုပ်ရွရွဖြစ်သွား၏။ ခေါင်းတွင်တွင်ခါလိုက်ပြီး...

"ဘာ... ဘာမှမဖြစ်ပါဘူး"

ပြော၍ ရင်ခွင်ထဲမှကလေးကို ပို၍တင်းကျပ်စွာဖက်ထားလိုက်လေသည်။ ကျောင်းနန်က...

"ကျုပ် ခဏကြည့်ပါရစေလား၊ ဒဏ်ရာရထားရင် ကျုပ်လဲပြင်ပြီးပြုစုပေးလို့ရတာပေါ့"

ပြောရင်း ကျောင်းနန်ကရှေ့တိုးလိုက်ရာ...

"ဟင့်အင်း... ဟင့်အင်း... ရှင်... ရှင်... ရှေ့တိုးမလာနဲ့"

မိန်းမပျိုက ထိတ်ထိတ်ပျာပျာနှင့်အကြောက်အကန်ပြောသဖြင့် ကျောင်းနန်ခြေလှမ်းရပ်လိုက်ရပြန်သည်။

"စိတ်ချပါမိန်းကလေး... မင်းသဘောမတူဘဲ ကျုပ်ဘာမှမလုပ်ဘူး"

ယခုညအဖို့ မိန်းမပျိုအားမည်သို့မျှဖျောင်းဖျ၍ရမည်မဟုတ် မှန်း ကျောင်းနန်နားလည်လိုက်သည်။

ထို့ကြောင့်...

"ကဲ... ကဲ... ဒီညတော့ မင်းဒီမှာပဲစိတ်ချလက်ချအိပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်သည် ကိုယ်တိုင်လည်း ခရီးပန်းလာ၍ အနားယူချင်နေသလို....

မိန်းမပျိုကိုလည်း စိတ်တည်ငြိမ်ရန်အနားယူစေချင်၏။

သို့ဖြင့် သူသည် ကျောင်းပျက်အတွင်းမှပြန်ထွက်ခဲ့၏။

အပြင်ဘက်၌ လရောင်ကပိုး၍လင်းစွာကျရောက်နေ၏။

ကျင်းနန်သည်....

ကျောင်းအဝင်ဝနှင့်မလှမ်းမကမ်းတွင်ရှိသည့် သစ်ပင်ကြီး အောက်သို့သွား၍ လဲလျောင်းလိုက်သည်။

ထိုနေရာသည် မြေပြင်ခြောက်၍မှောင်ရိပ်ကျနေသည်။

အကယ်၍... ရန်သူရောက်လာပါက တော်ရုံတန်ရုံနှင့် သူ့ကို သတိပြုမိနိုင်မည်မဟုတ်ပါ။

သူ့အနေဖြင့်သာ ရန်သူရောက်လာပါက မှောင်ရိပ်မှတွေ့ မြင်ရမည်ဖြစ်၏။

သတိဆိုသည်မှာ... မည်သည့်အခါမျှ ပိုသည်မရှိဟု ဆိုကြ သည်မဟုတ်ပါလား။

***



ညအမှောင်ထုက ပို၍သိပ်သည်းလာပြီဖြစ်သည်။

လေကလည်း တဟူးဟူးတိုက်လာသည်။

လေနှင့်အတူ အအေးဓာတ်ကရောပါလာရာ ကျင်းနန်မှာ အအေးဒဏ်ကိုအလူးအလဲခံစားနေရသည်။

ခရီးပန်းလာခြင်းကြောင့် အိပ်စက်အနားယူချင်သော်လည်း အိပ်၍မရတော့ပါ။

ကျောင်းပျက်ထဲမှမိန်းမပျိုကို သတိရလာမိသည်။

သူမကော မည်သို့နေမည်နည်း။

အခြေအနေသွားကြည့်ရန် စိတ်ကူးမိသော်လည်း မိန်းမပျို ထိတ်လန့်မည်စိုး၍ အသာလေးပင်ငြိမ်နေလိုက်ရသည်။

ထိုစဉ် ပေါ့ပါးညင်သာသည့်လှုပ်ရှားသံကို သူ၏ကျင့်သားရ နေပြီဖြစ်သည့်အကြားအာရုံက ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံပိုင်ရှင်မှာ သာမန်လူမဟုတ်။

ခြေကြွဟန် ခြေချဟန်က တိကျလှသည်။

အသံမထွက်အောင် ဟန်ချက်ကိုထိန်း၍ချဉ်းကပ်လာပုံမှာ အဆင့်မြင့်သိုင်းပညာရှင်မှန်းသိသာ၏။

သို့ရာတွင် ထိုလူ၏လျှို့ဝှက်သိုသိပ်မှုက ကျင်းနန်၏အကြား အာရုံကို ကျော်လွှားဖြတ်သန်းနိုင်ခြင်းမရှိပါ။

ကျင်းနန်သည် လဲလျောင်းရာမှအသာထလိုက်၏။

ယင်းတဒင်္ဂအချိန်အတွင်းမှာပင် အရိပ်မည်းတစ်ခုသည် သူ့ ထံသို့ရောက်ရှိလာသည်။

"ချွင်...."

"ချွမ်း...."

ကျင်းနန်က ဒူးထောက်လျက်အနေအထားမှ ရုတ်တရက် ကျရောက်လာသည့်ဓားကို ပင့်တင်ခတ်ထုတ်လိုက်၏။

ဓားနှစ်လက် ပြင်းထန်စွာထိပြီး မီးပွင့်များပင် ဝင်းခနဲ လင်း လက်သွား၏။

အနက်ရောင်လူရိပ်က....

ရှေ့နောက်ဝဲယာကွေ့ပတ်၍....



ကျင်းနန်ကို တရကြမ်းတိုက်ခိုက်လာသည်။

"ဝှီး... ဖွစ်...."

ဓားချက်များသည် လျှပ်စီးလက်သလို လျှင်မြန်ပြင်းထန်လှ သည်။ သို့သော်....

ကျင်းနန်သည် နေရာမှပင်မရွေ့ဘဲဝင်လာသမျှဓားချက်တို့ ကိုပက်ထုတ်ချေဖျက်ပစ်သည်။

"ချွမ်း... ချွမ်း"

"ချွင်...."

သံသံချင်းထိတွေ့သံများသည် တိတ်ဆိတ်သည့်ညဥ့်ယံ၌ ဆွန့်စွာ ကျယ်လောင်သည်ဟုထင်မှတ်ရသည်။

တစ်ခဏအကြာတွင်....

မှောင်ရိပ်ထဲမှအနက်ရောင်လူရိပ်နှစ်ရိပ် လှစ်ခနဲထွက်လာ ပြန်သည်။

ထိုလူရိပ်သည် ပထမလူနှင့်ပူးပေါင်း၍ ကျင်းနန်ကိုဝိုင်းဝန်း ပိတ်ဆို့တိုက်ခိုက်ကြသည်။

သုံးယောက် တစ်ယောက်ဖြစ်လာသည့်အခါ ကျင်းနန်မှာ မပေါ့ဆဝံ့တော့ပါ။

www.burmeseclassic.com



သုံးယောက်အားနှင့်ပူးပေါင်းတိုက်လာခြင်းကြောင့် ကျင်းနန် အနည်းငယ်အကျပ်ရိုက်သွားရသည်။

ညအမှောင်ထဲ၌....

အနက်ရောင်ဝတ်စုံနှင့်ရန်သူသုံးဦးကို ရင်ဆိုင်ရသဖြင့် တစ်ခါတစ်ရံ၌ ကျင်းထဲကျပ်ထဲပင်ရောက်ရှိခဲ့ရ၏။

ညှာတာ၍မရမှန်းကျင်းနန်နားလည်လိုက်သည်။ ထို့ကြောင့် ခုခံနေရာမှ တန်ပြန်တိုက်စစ်ဆင်လိုက်သည်။

ဤတွင် ရန်သူသုံးဦးအနက် တစ်ဦးက တိုက်ပွဲတွင်းမှလှစ်ခနဲ ခုန်ထွက်သွားသည်။

ကျင်းနန်လည်း အခြေအနေကို ချက်ချင်းနားလည်သဘောပေါက်၏။ ရန်သူသုံးဦး၏အဓိကပစ်မှတ်မှာ....

ကျောင်းပျက်ထဲမှမိန်းမပျိုသာဖြစ်ပေသည်။

သူ့ကိုလွယ်လွယ်ရှင်း၍ရမည်ထင်ပြီး အလစ်ဝင်၍တိုက်ခြင်းဖြစ်သည်။

အခြေအနေမဟန်မှန်းသိ၍.... တစ်ဦးက တိုက်ပွဲမှထွက်၍ ကျောင်းပျက်ထဲပြေးဝင်ခြင်းဖြစ်သည်။

ကျင်းနန်လည်း ထွေထွေထူးထူးစဉ်းစားမနေတော့ပါ။



ကျောင်းပျက်ထဲလိုက်သွားရန် ပြေးထွက်သည်။

ဤတွင် ကျန်ခဲ့သည့်ရန်သူနှစ်ဦးက သူ့ကိုပိတ်ဆို့ထားကြ၏။

ကျင်းနန်အဖို့ အချိန်မပေးနိုင်တော့ပါ။

ကျောင်းပျက်ထဲမှမိန်းမပျိုကို အချိန်မီကယ်တင်နိုင်ဖို့ကပို၍အရေးကြီးနေလေပြီ။ ထို့ကြောင့်....

ဓားကိုတစ်ချက်ဝှေ့ယမ်းလိုက်ရာ....

"ဗိုး... ဝှစ်...."

"အား...."

"အွန့်...."

ဓားရောင်တို့ ပြိုးပြက်ဝင်းလက်ပြီးနောက် ရန်သူနှစ်ဦးစလုံး ရုပ်ကြိုးပြတ်လဲကျကုန်၏။ ကျင်းနန်ကိုဟန့်တားနိုင်ခြင်း မရှိကြပါ။

ဟန့်တားရန်ကြိုးစားသူသာ....

မပြန်လမ်းသို့မြန်းရတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်သည် စိုးရိမ်တကြီးဖြင့်ကျောင်းပျက်ထဲပြေးဝင်၏ အထဲသို့ရောက်သည့်အခါ ရင်ထဲ၌ထိတ်ခနဲဖြစ်သွား၏။

အကြောင်းမှာ...

ကျောင်းပျက်ထဲ၌ မည်သူတစ်ဦးတစ်ယောက်မျှမတွေ့ ရခြင်းကြောင့်ဖြစ်၏။

ကျောင်းပျက်ထဲပြေးဝင်သည့်ရန်သူအားသမားကို မတွေ့ သလို မိန်းမပျိုကိုလည်းမတွေ့ရပေ။

မည်သည့်နေရာသို့ရောက်ရှိသွားသနည်း။

မိန်းမပျိုကို ရန်သူအားသမားကခေါ်သွားလေပြီလား။

ကျင်းနန် စိုးရိမ်သွား၏။

အထူးသဖြင့်... မိန်းမပျို၏ရင်ခွင်ထဲမှကလေးမှာ သေလား ရှင်လားမသိရပါ။



အကယ်၍ ဒဏ်ရာရထားခြင်းသာဖြစ်သည်ဆိုလျှင်ကလေး ၏အသက်အန္တရာယ်သည် လွန်စွာစိုးရိမ်ရသည့်အခြေအနေတွင်ရှိ သည်ဟုဆိုရပေမည်။

မိန်းမပျိုကလည်း ကလေးကိုရင်ခွင်ထဲမှလုံးဝမချ။

ထိုကလေးသည် သူမနှင့် မည်သို့ပတ်သက်ဆက်နွယ်နေ သနည်း။

အခြေအနေကြည့်ရသည်မှာ သူမ၏ရင်သွေးငယ်ဖြစ်ဖို့ ပို၍ သချာနေ၏။

မည်သို့ပင်ဖြစ်စေ... လောလောဆယ်၌ သူမကိုပြန်လည် တွေ့ရှိရန်အရေးကြီး၏။

ထို့ကြောင့် ကျင်းနန်သည်ကျောင်းပျက်အတွင်း နေရာအနှံ့ ပြေးလိုက်၍ရှာကြည့်၏။

လူရိပ်လူယောင်မျှပင်မတွေ့ရပါ။

ထူးဆန်းသည်ဟုဆိုရမည်။

သူသည် ရန်သူအားသမားဝင်ရောက်ပြီး ရှေ့ဆင့်နောက်ဆင့် ဆိုင် လိုက်ပါဝင်ရောက်ခဲ့ခြင်းဖြစ်၏။

ကျောင်းပျက်ထဲရောက်တော့ ရန်သူကိုမတွေ့ရသလို...

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကိုလည်းမတွေ့ရတော့ပါ။

မည်သည့်နေရာဆီ ရောက်ရှိသွားကြပါသနည်း။

ကျင်းနန်သည် ရှာရင်းဖွေရင်း ကျောင်းပျက်၏နောက်ဘက် တံခါးဆီသို့ရောက်ရှိသွား၏။

ရန်သူသည် မိန်းမပျိုကိုဖမ်းဆီး၍ ဤနောက်ဘက်တံခါး ထွက်သွားခြင်းဖြစ်မည်ဟုတွေးမိ၏။

ထို့ကြောင့်....

ကျင်းနန်သည် နောက်ဘက်တံခါးမှထွက်၍ ပတ်ဝန်းကျင် ဝေ့ဝဲကြည့်ရှုရှာဖွေ၏။

ကျောင်း၏နောက်ဘက်တွင် ရှည်လျားသည့်ကိုင်းတော ရှိနေ၏။

လေအဝှေ့၌ ကိုင်းပင်တို့ယိမ်းနွဲ့လျက်ရှိ၏။

တစ်ချက်မျှဝေ့ကြည့်သည်နှင့် ကိုင်းပင်များအကြား၌ရပ် သူတစ်ဦးကိုတွေ့လိုက်ရ၏။

ကလေးကိုရင်ခွင်ပိုက်ထားသည့်မိန်းမပျိုပင်ဖြစ်သည်။

မိန်းမပျိုသည် သူ့ကိုရန်သူဟုထင်မှတ်ပြီး ထွက်ပြေးရန်ပ ပြင်လိုက်သေး၏။



နောက်မှ သူမှန်းသိ၍ထွက်မပြေးတော့ချေ။

ကျင်းနန်က မိန်းမပျိုကိုကြည့်၍....

"မင်း ဘာဖြစ်သွားသေးလဲ"

မိန်းမပျိုက ဘာမျှပြန်မပြောပါ။

ကလေးကို ရင်ခွင်ထဲတင်းကျပ်စွာပိုက်၍ သူ့ရှေ့မှဖြတ်ကာ ကျောင်းပျက်ထဲ ပြန်လည်၍ဝင်ရောက်သွားလေသည်။

ကျင်းနန်က မိမိရှေ့မှမိန်းမပျိုဖြတ်သွားစဉ် သူမ၏ရင်ခွင် ကလေးငယ်ကိုသေချာစွာကြည့်လိုက်မိ၏။

လုံးဝလှုပ်ရှားမှုမရှိပါ။

အသက်မရှိတော့မှန်း သူကောင်းစွာယုံကြည်မိသည်။

သို့ပါလျက် မိန်းမပျိုက အဆိုပါကလေးကို လုံးဝစွန့်လွှတ် ခြင်းမရှိချေ။

ကလေးသေနေပြီကို မသိ၍လော။

ကျင်းနန်က မိန်းမပျိုနောက်သို့လိုက်သွား၍....

"ဒါနဲ့ ဒီကလေးက ဘယ်သူ့ကလေးလဲ၊ မင်းရဲ့ကလေးလား"

သိချင်စိတ်ကိုထိန်းမထားနိုင်သဖြင့် သူကမေးလိုက်၏။

သည်တစ်ခါတော့ မိန်းမပျိုသည်နှုတ်ဆိတ်မနေတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်… ဒီကလေးကကျွန်မရဲ့ကလေးပါ"

သူကသက်ပြင်းချလိုက်ပြီး….

"အင်း… ကလေးကသေနေပြီပဲ၊ သူ့ကို ကောင်းကောင်း မွန်သင်္ဂြိုဟ်ပေးလိုက်ပါလား"

ဤတွင်….

မိန်းမပျိုက ကလေးကိုပိုက်၍တင်းကျပ်စွာဖက်ကာ….

"ဟင့်အင်း… ဟင့်အင်း… ကျွန်မသားကို ကျွန်မရင်ခွင်ထဲ လွှဲပြီး တခြားဘယ်နေရာမှာမှစိတ်မချနိုင်ဘူး"

ကလေးနှင့်ပတ်သက်၍….

ဘာမျှပြော၍ရမည်မဟုတ်မှန်း ကျင်းနန်နားလည်လိုက်

ထို့ကြောင့် ကလေးကိစ္စကိုထပ်မပြောဘဲ….

"ဒါနဲ့ မင်းဘာဖြစ်လို့ခုလိုထွက်ပြေးနေရတာလဲ"

မိန်းမပျိုက ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့်….

"သူ… သူတို့က ကျွန်မတို့သားအမိကို ကျူပင်ခုတ် ကျူ မကျန် မျိုးဖြုတ်ချင်နေကြတာရှင့်"

ကျင်းနန်မျက်မှောင်ကြုတ်သွား၏။

"နေပါဦး… သူတို့ဆိုတာဘယ်သူလဲ"



မိန်းမပျိုကခေါင်းကိုဖြည်းညင်းစွာခါသည်။

"ကျွန်မလဲသေချာမသိဘူး… ကျွန်မယောကျ်ားရဲ့ရန်သူတွေ ှာပေါ့"

ကျင်းနန်သည် ဘဝင်မကျဟန်ဖြင့် နှာခေါင်းရှုံ့ကာ….

"မဟုတ်သေးပါဘူးလေ… ရန်ငြိုးရှိရင် ရန်ငြိုးရှိတဲ့လူနဲ့ ရှင်း ပေါ့၊ ဘာလို့ အပြစ်မဲ့တဲ့လူတွေကိုရန်ရှာရတာလဲ"

"ဒါတော့ ကျွန်မလဲမသိဘူး… ဖြစ်နိုင်တာကတော့ ရန်သူက မယောကျ်ားအပေါ်အခဲမကျေနိုင်လို့ မျိုးဖြုတ်ဖို့အထိကြံစည်ကြ လားမသိဘူး"

ကျင်းနန်ခေါင်းခါယမ်းလိုက်သည်။

"ရန်ငြိုးရှိတယ်ပဲထား… ခုလိုလုပ်တာကတော့ လူစိတ်ကင်း ရောက်တယ်"

ကျင်းနန်ကပြောလိုက်သည်။

မိန်းမပျိုမှာထင်မြင်ချက်မပေးတတ်ဟန်ဖြင့် နှုတ်ဆိတ်သွား လေသည်။

ကျင်းနန်က မိန်းမပျိုကိုအကဲခတ်လိုက်ပြီး….

"ဒါနဲ့မင်း အခုဘယ်သွားမယ်လို့စိတ်ကူးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကအနည်းငယ်စဉ်းစား၍...

"သွားစရာဆိုလို့ နေပြည်တော်ပဲရှိပါတယ်ရှင်"

"အဲဒီမှာ မင်းရဲ့ဆွေမျိုးသားချင်းတွေရှိလို့လား"

"ဟုတ်ကဲ့ရှိပါတယ်... ကျွန်မမမေမေရှိပါတယ်"

"မင်းအမေရှိတယ်ဟုတ်လား... ဘယ်ကျေးရွာပါလိမ့်"

"ကျွန်မအမေကနန်းတွင်းအမှုထမ်းပါ"

ကျောင်းနန်းမျက်မှောင်ကြုတ်သွားသည်။

"နန်းတွင်းအမှုထမ်းဟုတ်လား၊ ဘယ်သူများပါလိမ့်"

"စိုးမှုပါ"

ကျောင်းနန်းမျက်မှောင်ကုတ်သွား၏။

တိုအမည်ကို သူကြားဖူးသလိုရှိ၏။

သို့သော် မည်သည့်နေရာ၌ကြားခဲ့ဖူးကြောင်းကို သူ့အ

ဖြင့် ရုတ်တရက်စဉ်းစား၍မရပါ။

"ကျွန်မအမေကိုရှင်သိသလား"

မိန်းမပျိုကမေးလိုက်သည်။

သူ အသာအယာပင်ခေါင်းခါပြလိုက်၏။

***



ညဥ့်ဘာကုန်စပြုပြီ။

အရုဏ်ဦးရောင်ခြည်တို့ပင် ထွက်ပေါ်စပြုပြီဖြစ်သည်။

ညင်သာသည့်လှုပ်ရှားသံကြောင့် ကျောင်းနန်းဖျတ်ခနဲနိုး၏။

သို့သော်...

လှုပ်ရှားမှုက အန္တရာယ်ပြုလာမည့်လှုပ်ရှားမှုမဟုတ်သဖြင့်

ကျောင်းနန်းခပ်အေးအေးပင် မျက်လုံးဖွင့်ကြည့်လိုက်၏။

မလှမ်းမကမ်း၌ မိန်းမပျိုသည် ကလေးကိုအနီးဖြင့် တယု

တယပိုက်တွေးနေသည်ကိုတွေ့ရ၏။

ကျောင်းနန်းကြည့်လိုက်ချိန်၌ မိန်းမပျိုကလည်း သူ့ကိုအကြည့်

ချင်းတိုက်ဆိုင်သွားသည်။

ဘာကြောင့်မှန်းမသိ။

ကျောင်းနန်းရင်ထဲ၌ ထူးထူးခြားခြားလှုပ်ရှားသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

အကြည့်ကိုလွှဲဖယ်၍ထရပ်လိုက်၏။

"မင်း နေပြည်တော်ကိုသွားတော့မလို့လား"

"ဟုတ်တယ်... ဟိုမှာသူ့အဘိုးနဲ့တွေ့ရဦးမယ်လေ"

မိန်းမပျိုက ကလေးကိုပွေ့ချီရင်းပြော၏။

ကျင်းနန်က....

"ဒါဆို... မင်းကိုနေပြည်တော်ရောက်တဲ့အထိ ကျုပ်လိုက်ပို့ပေးပါ့မယ်"

ယခုတစ်ကြိမ်တွင် မိန်းမပျိုသည် ခါးခါးသီးသီးငြင်းဆန်ခြင်း မပြုတော့ပါ။

ကလေးငယ်ကိုပွေ့ပိုက်ရင်း ကျင်းနန်ရှေ့မှဖြတ်၍ ကျောင်း ပျက်အပြင်သို့ထွက်သည်။

ကျင်းနန်က သူမ၏နောက်မှလိုက်ပါလာသည်။

ကျောင်းအပြင်ဘက်ရှိ သစ်ပင်အောက်၌ သူ၏မြင်းက အ မြီးကိုဖျတ်ခနဲယမ်းရင်း တခွီးခွီးနှာမှုတ်လျက်ရှိ၏။

သူသည် မြင်းကြီးကိုဆွဲယူလာပြီး....

"ကဲ... မိန်းကလေး၊ မြင်းပေါ်ကိုတက်"



မိန်းမပျိုက မြင်းပေါ်တက်ရန်ဟန်ပြင်လိုက်၏။

နောက်မှ တစ်စုံတစ်ခုသတိရဟန်ဖြင့် သူ့ကိုကြည့်ကာ...

"ရှင်ကရော ဘယ်လိုလိုက်မှာလဲ"

ဟုမေးလိုက်သည်။ သူ ပြုံးပြလိုက်သည်။

"ဒီအတွက်မပူပါနဲ့လေ... ကျုပ်ခြေလျင်လိုက်မှာပါ"

သူမ ဘာမျှမပြောတော့။

မြင်းပေါ်တက်လိုက်၏။ သူမသည် မြင်းစီးကျွမ်းကျင်ပုံရ၏။ ကလေးကိုပိုက်ထားရင်း မြင်းပေါ်တက်လိုက်ပုံမှာ ညင်သာ လွန်းလှသည်။

ထို့နောက် မြင်းဇက်ကြိုးကို လက်တစ်ဖက်တည်းဖြင့်ကိုင်၍ ကျစီးနင်းသွား၏။

သူက မြင်းနှင့်ဘေးချင်းယှဉ်၍ခြေလျင်လိုက်သွားသည်။

သူတို့နှစ်ဦး ဘုံကျောင်းပျက်ကြီးမှထွက်လာသည့်အခါနံနက် အလင်းရောင်သည် ကမ္ဘာလောကသို့စတင်ဖြန့်ကြက်စပြုနေ ပေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



နေထန်းတစ်ဖျားခန့်ရှိသည့်အခါ သူတို့နှစ်ယောက်သည် ဓ အတော်ပေါက်လာခဲ့ကြပြီဖြစ်သည်။

နောက်ပြန်လှည့်ကြည့်ရာ ဘုံကျောင်းမျက်ကိုပင် မမြင်တွေ့ ကြရတော့ချေ။

သူတို့သည် အတော်အတန်မြင့်သော တောင်ကုန်းလေ ပေါင်းများစွာကို ဖြတ်ကျော်ခဲ့ကြပြီဖြစ်သည်။

ကျင်းနန်သည် ခြေလျင်လိုက်လာခဲ့ရသောကြောင့် အနည် ငယ်မောပန်းနေပြီဖြစ်ရာ သစ်ပင်ရိပ်တစ်ခုအောက် ဝင်ရောက်အနား ယူလိုက်လေသည်။

ဤတွင်.... မိန်းမပျိုလည်း ရှေ့ဆက်မသွားတော့ဘဲ မြင် ပေါ်မှဆင်းလိုက်၏။

“ရှင်သိပ်ပင်ပန်းနေပြီလား”



ကျင်းနန်ခေါင်းခါပြသည်။

“ကိစ္စမရှိပါဘူး”

ပြောရင်း သစ်မြစ်ပေါ်ထိုင်ချလိုက်သည်။

မိန်းမပျိုလည်း သူနှင့်မလှမ်းမကမ်း၌ထိုင်၏။

ကျင်းနန်က သူမ၏ရင်ခွင်ထဲမှ ကလေးကိုကြည့်လိုက်၏။

ပြီးမှ....

“မင်းကိုကျုပ်တစ်ခုပြောပါရစေ”

မိန်းမပျိုက....

“ဘာများလဲရှင်”

ကျင်းနန်သည် ပြောရမည့်စကားအတွက် ပြောသင့်မပြောသင့် ချီတုံချတုံဖြစ်နေ၏။

ပြီးမှ ပြောရန်ဆုံးဖြတ်လိုက်ပြီး....

“မင်းရင်ခွင်ထဲက ကလေးဟာသေနေပြီပဲ... ဒါကြောင့် တစ်နေရာရာမှာမြှုပ်ထားခဲ့ရင် ပိုကောင်းမယ်လို့ထင်တယ်”

ထိုစကားကြောင့် မိန်းမပျိုမှာပျာပျာသလဲဖြစ်သွားပြီး....

“ဟင့်အင်း... ဟင့်အင်း... ကျွန်မသားလေးကို ဘယ်လိုနည်းနဲ့မှမထားခဲ့နိုင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"သေချာစဉ်းစားပါဦး... မင်းအတွက်ကော ကလေးအတွက်ပါ ကောင်းဖို့ပြောနေတာပါ"

"ဟင့်အင်း... ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မသားလေးကိုတော့ မထားခဲ့နိုင်ဘူး"

သူမ အကြောက်အကန်ငြင်းဆန်လေသည်။

ကျင်းနန်က စိတ်ရှည်လက်ရှည်ဖြင့် ဆက်လက်၍ ဖျောင်းဖျ ပြောဆိုလေသည်။

"သေဆုံးနေတဲ့ကလေးကိုသွားလေရာ ရင်ခွင်ထဲပိုက်ထားလို့ ဘာအကျိုးရှိမှာလဲဗျာ၊ ကလေးကလဲ သေရာကနေပြန်ရှင်လာမှာမှ မဟုတ်ဘဲ... သွားရမယ့်ခရီးကလဲ အဝေးကြီးမဟုတ်လား"

သူမက ခေါင်းခါလေသည်။

"ဘယ်လောက်ဝေးဝေး... ကျွန်မကတော့ ရအောင်ခေါ်မှာပဲ၊ ကျွန်မသားလေးကို ကျွန်မအဖေရှိတဲ့အရပ်မှာ သင်္ဂြိုဟ်ဖို့ ကျွန်မ ဆုံးဖြတ်ပြီးပြီရှင်"

မိန်းမပျိုက အကြောက်အကန်ငြင်းဆိုနေသောကြောင့် ဘာမျှမတတ်နိုင်တော့ဘဲ...

ကျင်းနန် လက်လျှော့လိုက်ရလေသည်။



မိန်းမပျိုကား မည်သို့မျှပြော၍မရအောင် ခေါင်းမာလွန်းလှသည်မဟုတ်ပါလား။

သူ့ထိုင်ရာမှထလိုက်သည်။

"ကဲ... သွားကြရအောင်၊ တော်ကြာ နေပူလာရင် ခရီးမတွင်ဘဲရှိနေမယ်"

ပြောပြီး မြင်းဇက်ကြိုးကိုကိုင်ထားလိုက်၏။

မိန်းမပျိုက အနားသို့လျှောက်လာပြီး သူ့ကိုတစ်ချက်ကြည့်လိုက်သည်။ ပြီးမှ... မြင်းပေါ်ညင်သာစွာတက်လိုက်၏။

ကျင်းနန်မှာ သူမ၏အကြည့်ကြောင့် ရင်ထဲသိမ့်ခနဲလှုပ်ရှားသွားမိလေသည်။ သူ့ခမြာ ထိုင်ရမလိုထရမလိုနှင့် ယောင်ချာချာဖြစ်သွားရလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



## ကျွားအသည်းနှင့်မိန်းမလှ

ကျင်းနန်နှင့်မိန်းမပျို့တို့သည်....

နားလိုက်သွားလိုက်နှင့် ရွာပေါင်းများစွာကိုကျော်ဖြတ်ခဲ့ကြ ပြီဖြစ်လေသည်။

ခရီးဆက်ရန် အချိန်မရှိတော့သည့်အခါ....

တည်းခိုခန်း၌ဝင်ရောက်ညအိပ်ပြီး မိုးလင်းသည်နှင့် ခရီးဆက်ကြ ပြန်လေသည်။

ရက်သတ္တတစ်ပတ်ခန့်ကြာသည့်အခါတွင်ကား သူတို့သည် နေပြည်တော်နှင့်နီးလာကြလေ၏။ နောက်တစ်ရက်နှစ်ရက်ဆိုလျှင် နေပြည်တော်သို့ပင်ရောက်ရှိတော့မည်ဖြစ်သည်။



ထို့ကြောင့် နှစ်ယောက်စလုံးဝမ်းသာလာကြသည်။

နှစ်ယောက်စလုံး....

ပို၍ ကြိုးစားပမ်းစားခရီးဆက်ကြလေသည်။

တတ်နိုင်သမျှ အနားယူခြင်းပင် မပြုကြတော့ချေ။

သို့သော်....

ယနေ့အဖို့... ရွာတစ်ရွာသို့ရောက်သည့်အခါ နေဝင်ချိန်နှင့် ဆိုင်နေသဖြင့် သူတို့နှစ်ဦး အနားမယူ၍မဖြစ်တော့ချေ။

ရှေ့ဆက်ခရီးနှင်လိုသော်လည်း....

အနားမယူဘဲခရီးဆက်ရန် မည်သို့မျှမဖြစ်နိုင်တော့ချေ။

ရှေ့ဘက်ရှိမြို့ငယ်လေးသို့မရောက်မီမှာပင် မိုးကြိုးစိုးစိုး သွားနိုင်သည်မဟုတ်ပါလား။

ထို့ကြောင့် ခရီးမဆက်တော့ဘဲ အဆိုပါရွာကြီး၌ပင်အိပ်စက် ဖြတ်လိုက်ကြလေသည်။

ထိုရွာသည် ခရီးလမ်းဆုံတွင်ရှိသဖြင့် စားသောက်ဆိုင်နှင့် ည်းခိုခန်းများရှိရာ သူတို့အဖို့ အဆင်ပြေသွားကြလေသည်။

ကျင်းနန်သည် ခြံဝန်းကျယ်ရှိသောတည်းခိုခန်းကို ရွေးချယ် ည်းခိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကပ်လျက်ရှိသည့် တစ်ယောက်အိပ်ခန်း နှစ်ခန်း ငှားရမ်းလိုက်၏။

ဤသို့ကပ်လျက် အခန်းငှားသည်မှာအကြောင်းရှိသည်။

ထိုအကြောင်းမှာ အခြားမဟုတ်ချေ။

သူတို့နှစ်ယောက် ဘုံကျောင်းပျက်မှထွက်လာစဉ်က သူ နောက်သို့ ခြေရာခံလိုက်လာသူများရှိသည်ကို ကျင်းနန် သတိပြု ခြင်းကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ...

လမ်းခရီးတစ်လျှောက် ညအိပ်တည်းခိုရသည့်အခါ ယင်း ပင် အခန်းချင်းကပ်၍ငှားရမ်းအိပ်ခဲ့ခြင်းဖြစ်၏။

သို့မှသာ အရေးအကြောင်းရှိပါက ချက်ချင်းအကူအညီပေ ကာကွယ်နိုင်မည်မဟုတ်ပါလား။

သူသည် သူမအား အစစအရာရာသတိရှိရန် မှာကြားပြီ နောက် ကိုယ့်အခန်းကိုယ်ဝင်ခဲ့သည်။

ခရီးပန်းလာသဖြင့် ခပ်စောစောအိပ်ရာဝင်ခဲ့၏။

သို့သော် အတွေးများက တောရောက်တောင်ရောက် ဖြ နေသဖြင့် တော်ရုံနှင့်အိပ်မရဘဲရှိနေသည်။



ညဥ့်နက်သောအခါ မှုန်ခနဲအိပ်ပျော်သလိုဖြစ်သွား၏။

သို့ရာတွင် ရုတ်ခြည်းဆိုသလို ပြန်နိုးလာသည်။

ပေါ့ပါးညင်သာသောခြေသံကို နိုးကြားသည့်အကြားအာရုံ သတိပြုလိုက်ခြင်းကြောင့်ဖြစ်သည်။

ခြေသံသည် တည်းခိုခန်း၏ခေါင်မိုးပေါ်မှထွက်လာခြင်းဖြစ် သည်။ သူသည် ခုတင်ပေါ်မှဖျတ်ခနဲလျှောဆင်း၍ပြတင်းပေါက်အနီး ဒိုပ်ခနဲရောက်သွားသည်။

ပြတင်းတံခါးကို အသာတွန်းဖွင့်သည်။

ထို့နောက် အခန်းပြင်သို့ကြောင်တစ်ကောင်အလား ပေါ့ပါး သာစွာထွက်လိုက်သည်။

ကျင့်သားရနေသည့်သူ၏မျက်လုံးများက သူမ၏အခန်းဆီ လှမ်းတစ်ပြက်အကဲခတ်လိုက်ပြီးဖြစ်သည်။

ထင်သည့်အတိုင်းပင် သူမ၏အခန်းပြတင်းပေါက်မှတစ်ဆင့် ကြောင်းသို့ဝင်ရန် ကြံစည်နေသောလူတစ်ဦးကိုတွေ့လိုက်ရသည်။

"အဟမ်း"

သူ ချောင်းတစ်ချက်ဟန့်လိုက်သည်။

လူသံကြားလျှင် ထိုလူထွက်သွားမည်အထင်နှင့် သူကအမင်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဟန့်လိုက်ခြင်းဖြစ်သည်။

သို့သော် သူမျှော်လင့်သလိုဖြစ်မလာချေ။

ထိုလူမှာ ထွက်ပြေးခြင်းမရှိပါ။

ထွက်မပြေးရုံသာမက သူ့ထံလှမ်းခနဲခုန်ဆင်းလာပြီး လက်ထဲမှဓားဖြင့်တိုက်ခိုက်လိုက်လေသည်။

"ချွင်...."

"ချွမ်း...."

သူက ဓားဖြင့်ဆီးခံလိုက်သည်။

ထိုလူက ဆက်၍ရင်ဆိုင်သည်။

သို့သော် ဓားကွက်ငါးကွက်ပြည့်အောင် မတိုက်ရပါ။

"ချွမ်း"ခနဲမြည်သံနှင့်အတူ ထိုလူ၏လက်ထဲမှဓား လွင့်စဉ်သွားသည်။ ထိုလူဆက်လက်ရင်မဆိုင်ဝံ့ဘဲ တစ်ချိုးတည်းပြေးသည်။

***



ကျင်းနန်သည် ပြေးသွားသောရန်သူနောက်သို့ လိုက်သွားခြင်းမပြုပါ။

အကြောင်းမှာ ....

ရန်သူသည် တစ်ယောက်တည်းမဟုတ်ဘဲ သူ့အားများခေါ်ထုတ်ရန် ကြိုးစားခြင်းဖြစ်နိုင်သည်ဟုတွေးမိ၍ဖြစ်သည်။

မိမိက သတိလက်လွတ်ဖြင့် ရန်သူတစ်ယောက်နောက်သို့ ပြေးလိုက်နေစဉ် ကျန်ရန်သူများက မိန်းမပျိုကို ဝင်ရောက်ရန်မရှာပြီလော။

ထိုသို့တွေးမိခြင်းကြောင့် သူသည် ရန်သူနောက်သို့ မလိုက်ဘဲ မိန်းမပျို၏အခန်းပြတင်းပေါက်ဆီပြန်ပြေးလာခဲ့လေသည်။

ပြတင်းတံခါးကိုခေါက်၍ မိန်းမပျိုအား သတိပေးရန်ဟန်ပြင်လိုက်စဉ်....

www.burmeseclassic.com

www.burmeseclassic.com



“ဝုန်း....”

ခေါင်မိုးအစွန်းမှလူရိပ်တစ်ရိပ်....

မြေပေါ် ရုတ်တရက်ပြုတ်ကျလာ၏။

ကျောင်းနန်အံ့သြသွားပြီး ပြုတ်ကျလာသူကိုစစ်ဆေးကြည့်လိုက်၏။ ထိုလူ အသက်မရှိတော့ပါ။

တစ်စုံတစ်ယောက်၏တိုက်ခိုက်မှုကြောင့် သေဆုံးသွားရခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ပို၍ထူးဆန်းသည်ကား ထိုလူသည် စောစောက ကျောင်းနန်နှင့်တိုက်ခိုက်ခဲ့သူဖြစ်နေခြင်းပင်။

ကျောင်းနန်ကိုမယှဉ်နိုင်၍ထွက်ပြေးသွားပြီးကာမှ

အဘယ်ကြောင့် တည်းခိုခန်းခေါင်မိုးပေါ်ရောက်ရှိ သေဆုံးပြီး ယခုကဲ့သို့ ပြုတ်ကျလာရပါသနည်း။

မည်သူက ထိုလူအားတိုက်ခိုက်လိုက်ပါသနည်း။

ကျောင်းနန် ကြာကြာစဉ်းစားမနေနိုင်ပါ။

စောစောကဖွင့်ထား ခဲ့သည့်ပြတင်းပေါက်မှတစ်ဆင့် ကိုယ့်အခန်းကိုယ်ပြန်ဝင်လာ၏။

ထို့နောက် တစ်ဖက်ခန်းရှိမိန်းမပျိုထံကူးသွားရန်ပြင်၏။



ထိုစဉ်....

တစ်ဖက်ခန်းမှ လူရိပ်တစ်ရိပ်ပြေးထွက်လာသည်။

အခြားသူ မဟုတ်ပါ။

ကလေးငယ်ကို ရင်ခွင်ပိုက်ထားသည့်မိန်းမပျိုပင်ဖြစ်၏။

“ကျွန်မတို့ ဒီကမြန်မြန်သွားမှဖြစ်မယ်”

မိန်းမပျိုသည် ကျောင်းနန်အခန်းသို့ ခပ်သုတ်သုတ်ကူးလာရင်း ပျာသလဲပြောလိုက်၏။

“ဘာတွေဖြစ်နေလို့လဲ”

ကျောင်းနန်ကမေးရာ မိန်းမပျိုက....

“ကျွန်မကိုသတ်ဖို့ရောက်လာပြန်ပြီလေ”

ကျောင်းနန်မှာ တဒင်္ဂမျှတွေဝေသွား၏။ စောစောက သူနှင့် ခိုက်ခဲ့သည့်ဓားသမားသည် မည်သူ့လက်ချက်ဖြင့် ခေါင်မိုးပေါ်မှ ကျလာခဲ့ရသနည်း။

ကျောင်းနန် တွေးတောနေစဉ်မှာပင် မိန်းမပျိုသည် တည်းခို ပြင်သို့ပြေးထွက်သွား၏။ ကျောင်းနန်လည်း ဘာမျှ စဉ်းစားမနေ ဘဲ သူမနောက်သို့ပြေးလိုက်သွားလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုသည် ကလေးငယ်ကိုရင်ခွင်ထဲပွေ့ပိုက်ရင်း ရွာပြင် ရောက်သည်အထိ မနားတမ်းပြေး၏။

ကျင်းနန်က နောက်မှပြေးလိုက်ရင်း....

"မိန်းကလေးပြေးတာ တော်လောက်ပါပြီ"

ထိုအခါမှ မိန်းမပျိုလည်းခြေလှမ်းရပ်ပြီး....

"ရန်သူတွေလိုက်လာကြသေးလား"

စိုးထိတ်ဟန်ဖြင့် နောက်လှည့်မေးသည်။

ကျင်းနန်ခေါင်းခါလိုက်သည်။

"ခုလောလောဆယ် လိုက်လာတာမတွေ့ဘူး"

လရောင်သည် သစ်ရွက်ကြားမှထိုးကျနေ၏။

ပုရစ်အော်သံ တကျီကျီတကျာကျာမှလွဲ၍ အခြားအသံ များကိုမကြားရပေ။



"အင်း... ကျုပ်ရဲ့မြင်း တည်းခိုခန်းမှာကျန်ခဲ့တာနာတာပဲ"

သူကညည်းလိုက်ရာ မိန်းကလေးက....

"မြင်းကအရေးမကြီးပါဘူးရှင်... နေပြည်တော်ကိုရောက်တော့မှာပါ... အရေးကြီးတာက ဒီရွာကဝေးနိုင်သမျှ ဝေးအောင်သွားရမှာပဲ"

သို့ဖြင့်.... သူတို့နှစ်ဦး ညကြီးမင်းကြီး ခပ်သုတ်သုတ်ခရီးဆက်ခဲ့ကြတော့သည်။

ရွာနှင့်အတော်ဝေးဝေးသို့ရောက်၍ စိတ်အေးလက်အေးဖြစ်တာမှပင်....

လမ်းဘေးသစ်ပင်အမှောင်ထုကြားမှလူရိပ်များ

ရုတ်တရက် ခုန်ပျံရောက်ရှိလာပြီး သူတို့၏သွားလမ်းကို ပိတ်ဆို့ဟန့်တားလိုက်ကြလေတော့၏။

ကျင်းနန် ခြေလှမ်းတုံ့ခနဲရပ်သွား၏။

မိန်းမပျိုလည်း သူ၏နောက်နားကပ်၍ အကာအကွယ်ယူထားလိုက်သည်။

အကင်းပါးလွန်းသည်ဟုဆိုရပေတော့မည်။

ကျင်းနန်က ဝိုင်းရံပိတ်ထားသူတို့ကို တစ်ချက်ကြည့်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ဘယ်သူတွေလဲ… ဘာလို့လမ်းပိတ်တာလဲ"

ဤတွင် ထိုလူများထံမှစကားသံထွက်ပေါ်လာသည်။

"ဟေ့ကောင်လေး… မင်းအသက်ကိုနှမြောတယ်ဆိုရင် အဲဒီမိန်းကလေးကိုထားပြီး အေးအေးဆေးဆေးထွက်သွားပါ"

စကားသံကခြိမ်းခြောက်သံအပြည့်နှင့်ပင်…

ကျင်းနန်က မိန်းကလေးကိုလှည့်ကြည့်၏။

သူမကား အလွန်အမင်းထိတ်လန့်နေဟန်ရှိ၏။

"သိပ်ကြောက်မနေပါနဲ့လေ ကျုပ်မင်းကိုတစ်ယောက်တည်းထားမပစ်ခဲ့ပါဘူး"

သူက တစ်ဆက်တည်းပင် ထိုလူတို့ဘက်လှည့်ပြီး…

"ကျုပ်တောင်းပန်ပါတယ်ဗျာ… ကျုပ်တို့လမ်းကိုကျုပ်တို့သွားပါရစေ"

ပြောရင်း ထိုလူများကိုအကဲခတ်၏။

စုစုပေါင်း ငါးယောက်ရှိသည်။

အလယ်မှစာပေသမားဟန်ရှိသည့်ခပ်နွဲ့နွဲ့လူက ခေါင်းဆောင်ဖြစ်ဟန်တူ၏။

ထိုလူက ကျင်းနန်ကိုစိုက်ကြည့်၍…



"နေပါဦး… မင်းကဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီကဝေမကို [illegible]ခိုက်မဲမဲအကာအကွယ်ပေးရတာလဲ"

ကျင်းနန် ပခုံးတွန့်ပြီးခပ်ညင်းညင်းရယ်၏။

"ဟင်း… ဟင်း ကျုပ်က ခြေသလုံးအိမ်တိုင် တစ်ကိုယ်တော် [illegible]င်းနန်လေဗျာ"

ခေါင်းဆောင်ဖြစ်သူက…

"ဩော်… လက်စသတ်တော့ ကျန်းဟူသိုင်းလောကမှာ [illegible]ည်တစ်လုံးနဲ့နေတဲ့ တစ်ကိုယ်တော်လူစွမ်းကောင်းကို။ တွေ့ရတာ [illegible]ဘာပါတယ်၊ ဒါပေမဲ့ အခြေအနေအချိန်အခါကို မတွက်ဆတတ် [illegible]တော့ ဝမ်းနည်းစရာပါပဲ"

ယင်းသို့ပြောရင်း…

ခေါင်းဆောင်ဖြစ်သူသည် ကျင်းနန်နောက်မှ မိန်းမပျိုကို [illegible]ချက်လှမ်းကြည့်ကာ…

"ကဝေမ… မင်းက ဒီလိုတော့လဲ အလာကြီးပါလားကွ၊ [illegible]မာယာနဲ့ နောက်လိုက်ခွေးတစ်ကောင်ကို အပိုင်မွေးနိုင်ခဲ့တာ [illegible] ချီးကျူးစရာပဲဟေ့"

သူ၏စကားကြောင့် ကျန်လူများဝါးခနဲပွဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်မှာ အရှိက်အထိုးခံရသလို အခံရခက်သွား၏။

သည်းမခံနိုင်လောက်အောင်လည်း ဒေါသထွက်လာသေ ကြောင့် ခေါင်းဆောင်ဖြစ်သူအား....

"ခင်ဗျား ဘာစကားပြောတာလဲဗျ"

"မင်းကရော ဘာစကားပြောတယ်ထင်လို့လဲ"

ခေါင်းဆောင်ဖြစ်သူက ယင်းသို့မချေမငံပြန်ပြောရာ...

ကျင်းနန်အနေဖြင့် သည်းခံနိုင်မှုအတိုင်းအတာ ကုန်သွာ လေတော့၏။

ထိုလူများအား ကျောင်းမှန်းကန်မှန်းသိအောင် ဆုံးမဖြ တော့မည်ဟုတွေးလိုက်၏။

သို့သော် သူဘာမျှမလုပ်ရသေးမီမှာပင် ရန်သူငါးဦးမ အသင့်ကိုင်ထားသောလက်နက်များဖြင့် တစ်ပြိုင်တည်း တိုက်ခို လာလေတော့၏။

"ယား...."

ကျင်းနန်ကလည်း ခေသူမဟုတ်ပါ။

ကျန်းဟူသိုင်းလောက၌ နာမည်တစ်လုံးနှင့်နေလာသူပ

ထို့ကြောင့် ထိုလူများတစ်ပြိုင်တည်းတိုက်ခိုက်လာသည်



းသွဲထုတ်ကာ ခုခံလိုက်ပြီးဖြစ်သွားသည်။

တစ်ဆက်တည်းမှာပင် မိန်းကလေးကို တိုက်ပွဲတွင်းမှတွန်း ယ်လိုက်လေသည်။ ပြီးမှ သူကထိုလူများကိုရင်ဆိုင်သည်။

သို့သော်....

ယခုတစ်ကြိမ်တွင် လွယ်လွယ်နှင့်ရင်ဆိုင်နိုင်ခြင်းမရှိပါ။

ထိုလူများကား တော်ရုံတန်ရုံသိုင်းသမားများမဟုတ်ကြ။

ငါးဦးစလုံး အဆင့်မြင့်သိုင်းသမားချည်းသာဖြစ်ကြသည်။

ထို့ကြောင့် ကျင်းနန်သည် ရန်သူကိုတိုက်ခိုက်ရသည်ထက် ကိုယ်ကိုယ်ကိုလုံခြုံအောင်ကာကွယ်ရခြင်းကိုသာ အဓိကထားနေရ သည်။ ရန်သူတစ်ဦးကိုတိုက်ခိုက်ရန်ကြံရွယ်လိုက်စဉ်....

နောက်ရန်သူတစ်ဦးက ဝင်ရောက်တိုက်ခိုက်လာသဖြင့်...

ပထမရန်သူကို ဆက်မတိုက်နိုင်ဘဲ....

နောက်ဝင်လာသည့်ရန်သူကိုလှည့်၍ရင်ဆိုင်ရသည်။

ထို့ကြောင့် သူ၏တိုက်ခိုက်မှုမှာထိရောက်မှုမရှိတော့ဘဲ တ ည်းဖြည်းနှင့်ခံစစ်အသွင်သို့ပြောင်းသွားရတော့၏။

မည်သို့ပင်ဖြစ်စေ....

သူ့အနေဖြင့် ရန်သူကိုမနိုင်လျှင်သာရှိရမည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကိုတော့ ကောင်းစွာကာကွယ်နိုင်မည်ဟုယုံကြည်၏။ အရေးကြီးသည်ကား မိန်းမပျိုလွတ်မြောက်သွားရေးသာဖြစ်သည်။ ထို့ကြောင့် ထိုလူများကို ကြံ့ကြံ့ခံရင်ဆိုင်တိုက်ခိုက်နေခြင်းဖြစ်၏။

အချိန်ကြာကြာတောင့်ခံနိုင်လေ သူမအတွက် လွတ်မြောက်ရန် အခွင့်အရေးပိုရလေပင်မဟုတ်လား။

သို့သော်... အချိန်ကြာလာသည်နှင့်အမျှ ရန်သူ၏တိုက်ခိုက်မှုကပိုပြင်းထန်လာ၏။ ပို၍လည်း ရက်စက်ကြမ်းကြုတ်လာ၏။

ကျင်းနန်မှာ သတိကြီးစွာထား၍ ခက်ခဲစွာရင်ဆိုင်နေရ၏။

ထိုအချိန်မှာပင်....

တိုက်ပွဲအတွင်းသို့ လူရိပ်တစ်ရိပ် ရုတ်တရက်ခုန်ဝင်ရောက်ရှိလာလေတော့သည်။

***



ကျင်းနန်သည်....

ရန်သူငါးယောက်ကို ရင်မဆိုင်နိုင်၍မဟုတ်ပါ။

သိုင်းပညာအားကိုးဖြင့် လူမသတ်လိုသောကြောင့်....

ထိန်းထိန်းသိမ်းသိမ်းတိုက်ခိုက်နေရခြင်းဖြစ်သည်။

သူသည် ရန်သူများကို ထိခိုက်ဒဏ်ရာရရုံမျှသာ တိုက်ခိုက်သူဖြစ်၏။

ထို့ကြောင့်....

ရန်သူများက အတင်းတရကြမ်းတိုက်ခိုက်လာသည့်အခါ သူ့ဖြင့် ဘေးကျပ်နံကျပ်ဖြစ်သွားရခြင်းပင်။

အကယ်၍....

သူကသာ စောင့်ထိန်းမှုမရှိဘဲ....

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာတုံ့ပြန်တိုက်ခိုက်မည်ဆိုပါက အနည်းဆုံးရန်သ
နှစ်ယောက်ခန့်မှာ သေချာပေါက်အသက်ပျောက်သွားနိုင်ပေသည်

ယခုမူ ပြိုးသူရန်ဖက်များလည်းမဟုတ်သဖြင့် သူ့အနေဖြ
အသက်အန္တရာယ်ထိခိုက်အောင် မတိုက်ခိုက်လိုချေ။

ယင်းကဲ့သို့ ငဲ့ညှာခြင်းကပင် သူ့အတွက် စိုးရိမ်စရာအခ
အထားသို့ရောက်ရှိစေခဲ့ခြင်းပင် ဖြစ်တော့၏။

ထိုလူများ၏အတင်းတရကြမ်းတိုက်ခိုက်မှုကြောင့် ကျင်း
မှာဇောချွေးများပြန်လာရ၏။

သည့်ထက်ဆိုးလျှင်တော့....

သူတတ်နိုင်မည်မဟုတ်ပါ။

မလွဲမရှောင်သာ ထိုးဖောက်ရပေတော့မည်။

သို့သော်.... လူမသေအောင်အတတ်နိုင်ဆုံး ကြိုးစားမည်
စိတ်ကူးထား၏။

ယင်းတဒင်္ဂမျှသောအချိန်လေးမှာပင်....

လူရိပ်တစ်ရိပ် ရုတ်တရက်ခုန်ပျံဝင်ရောက်လာပြီး ထိုလူ
ကိုတိုက်ခိုက်ရှင်းလင်းလိုက်ရာ....

"အား...."



"အွန့်...."

"ဝုန်း...."

ထိုလူတို့အနက် နှစ်ဦးမှာ လွင့်စဉ်လဲကျပြီး....
အသက်ပျောက်သွားလေသည်။

ကျန်သုံးဦးမှာ ထိတ်လန့်တကြားဖြစ်သွား၏။

ကျင်းနန်လည်း အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်
ရလေသည်။

အကြောင်းကား.... တိုက်ပွဲအတွင်းသို့ဝင်ရောက်လာသူမှာ
လေးအမေမိန်းမပျိုဖြစ်နေသောကြောင့်ပင်။

"သွားကြမယ်လေ"

သူမက ငေးကြောင်နေသည့်ကျင်းနန်ကိုပြောရင်း ရှေ့မှ
သွား၏။

ဘာကြောင့်မှန်းမသိ။

သူ၏ကျောသို့ စိမ့်ခနဲခံစားရ၏။

သူမ၏ရက်စက်လှသည့်တိုက်ခိုက်မှုကို ထိတ်လန့်၍လော။

သေချာမသိပါ။

ယင်းအခိုက်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



ဓားသမားသုံးဦး၏တိုက်ခိုက်မှုက ကျင်းနန်ထံတစ်ပြိုင်န
တည်း ကျရောက်လာပြန်၏။

သူသည် မိန်းကလေး၏လှုပ်ရှားမှုကို ဝေခွဲမရဖြစ်နေစဉ်
ပင် ထိုလူများက သူ့အားတိုက်လာကြခြင်းဖြစ်သည်။

ကျန်းဟူနယ်မှ တစ်ကိုယ်တော်သိုင်းသမားကျင်းနန်အဖို့
တိုက်ခိုက်မှုကို အရေးထားစရာမရှိပါ။

သို့သော် ယခုအချိန်ထိ ဘာကြောင့်တိုက်နေမှန်း မသိသ
ကတစ်ကြောင်း...

ရန်သူဓားသမားတို့မှာ...

လူဆိုးလား လူကောင်းလားဟူ၍

ကွဲပြားစွာမသိသည်ကတစ်ကြောင်းကြောင့်....

သူသည် အကြောင်းမဲ့ဗရမ်းဗတာတိုက်လိုခြင်းမရှိပေ။

ယင်းကြောင့်ပင်လျှင်... ရန်သူ၏ဓားချက်သည် သူ၏ပခုံး
ရှပ်၍ထိသွားလေ၏။

"အား..."

ညည်းသံထွက်သွား၏။

ကျင်းနန်၏ညည်းသံကြောင့်....



ခပ်လှမ်းလှမ်းရောက်နေပြီဖြစ်သည့်မိန်းကလေးက နောက်
လှည့်လာပြီး ထိုလူများကို လျှပ်တစ်ပြက်တိုက်ခိုက်လိုက်၏။
မျက်စိတစ်မှိတ်အတွင်း လျှပ်စီးလက်သလိုထင်ရသည်။

"အား..."

"အူး..."

"အွန်း..."

မချိမဆံ့ညည်းတွားသံနှင့်အတူ ရန်သူငါးဦးစလုံး အတုံးအ
ခဲကျသေကုန်၏။

ကျင်းနန်မှာ ထိုမြင်ကွင်းကိုငေးကြည့်ရင်း ပါးစပ်အဟောင်း
ဖြစ်သွားသည်။

ချောမောလှပသည့် မိန်းကလေး၏လုပ်ရပ်ကြောင့် သူသည်
မျက်လုံးကိုပင် မယုံနိုင်အောင်ဖြစ်သွားရ၏။

မယုံ၍မရပါ။

သူ့မျက်စိရှေ့တွင်ပင် မြင်တွေ့ခဲ့ရသည်မဟုတ်ပါလား။

သူမ၏လှုပ်ရှားမှုကလည်း ဟန့်တားချိန်ပင်မရအောင် လျင်
သည်။

"ဘာလုပ်နေတာလဲ... သွားကြမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



သူမပြောမှကျင်းနန့်သတိဝင်လာ၏။

ခုချိန်မှာတော့ ကျင်းနန်ဘာမျှမတတ်နိုင်ပြီ။

သည်ပြဿနာထဲ ပါဝင်ပတ်သက်ခဲ့ပြီဖြစ်၍ ဆုံးခန်း

အောင်ကူညီရပေတော့မည်။

သူမနှင့်အတူ ထိုနေရာမှထွက်ခဲ့သည်။

သူ၏မျက်ဝန်းအိမ်တွင်မူ မိန်းကလေး၏ရက်စက်

ကြုတ်မှုက တရစ်ဝဲဝဲထင်ဟပ်လျက်ရှိနေတော့၏။

***



ကျင်းနန့်သည် မိန်းကလေး၏နောက်မှလိုက်လာခဲ့ရင်း တစ်

ရွာတစ်ရွာ၌ ကြားခဲ့ရသည့်အကြောင်းများကို ပြန်သတိရလာ

ထိုစဉ်က သူသည် အရေးတကြီးဖြင့်ခရီးထွက်ခဲ့ခြင်းပင်။

မရပ်မနားခရီးနှင်ခဲ့ခြင်းကြောင့်.... လွန်စွာဆာလောင်လာ

အခါ သူသည် အနီးဆုံးရွာတစ်ရွာသို့ဝင်၍ ဖုတ်ပူမီးတိုက်စား

ကခဲ့ရသည်။

ယင်းသို့စားသောက်နေစဉ် သူနောက် စားပွဲမှ စကားသံကို

နားစွင့်ခြင်းမဟုတ်ဘဲ ကြားသိနေခဲ့သည်။

"ရက်စက်တာတော့ကမ်းကုန်ပဲဗျို့... တစ်ယောက်မကျန်

န်ရှင်းပစ်တာပဲ"

ဤတွင် အခြားတစ်ယောက်က....

www.burmeseclassic.com

www.burmeseclassic.com



“ဒါဆိုရင်တော့ ဟိုကဝေမပဲ နေမှာပေါ့”

အခြားတစ်ယောက်က....

“ဘာကြောင့် သူပဲလို့ခင်ဗျားကပြောနိုင်ရတာလဲ”

“ဒီလောက်ရက်စက်မှုတော့ ကဝေမကလွဲပြီး ဘယ်သူဖြစ် နိုင်မှာလဲဗျာ”

“နေပါဦး ကဝေမဆိုတာဘယ်သူလဲဗျ... ခင်ဗျားသိလား”

“ဟာ... မသိပါဘူးဗျာ၊ ကြားဖူးတာပါ”

အခြားတစ်ယောက်က....

“ကျုပ်လဲ သူ့အကြောင်းကြားဖူးတယ်ဗျ၊ အင်မတန်ချော မိန်းကလေးတဲ့ဗျ”

“ဟင်... ဒီလောက်ချောလှတဲ့မိန်းကလေးက မယုံနိုင်အော ရက်စက်ပါ့မလား”

အဆိုပါ လူတစ်စု၏စကားကို ကျင်းနန်စိတ်ဝင်စားမိ၏။

သို့သော် အချိန်မရသဖြင့်မစုံစမ်းနိုင်ဘဲ ရေးကြီးသုတ်ပျာဖြ ခရီးဆက်ခဲ့ရ၏။ ယခု ထိုအမည်ကိုထပ်၍ကြားရပြန်ပြီ။

ကလေးငယ်နှင့်မိန်းမပျိုကို ဓားသမားငါးဦးက ကဝေမ ခေါ်ခဲ့သည်မဟုတ်ပါလား။



ဤသို့ဆိုလျှင်... အဆိုပါလူများသည် သူမအား ဆုံးမရန် ရှာခဲ့လိုက်လာသူများ မဖြစ်နိုင်ပေဘူးလား။

အကယ်၍ သူမသာ လူအများကအလိုရှိနေသော ရက်စက် ကြမ်းကြုတ်သည့်ကဝေမဖြစ်နေသည်ဆိုလျှင် မိမိသည် လူမိုက်အား ဖြစ်ချေတော့မည်။

ထိုသို့တွေးမိသည့်အခါ ကျင်းနန်မှာ ဘာလုပ်ရမှန်းမသိဖြစ် ရတော့သည်။

မည်သို့ပင်ဖြစ်စေ...

ထိုမိန်းမပျိုသည် ကျင်းနန် အတွက်စိတ်ဝင်စားဖွယ်ကောင်း လေပြီ။ သူမ၏အလှကလည်း... အမှန်ပင် စိတ်ဝင်စားစရာဖြစ်နေ သည်မဟုတ်ပါလား။

ထိုအလှကြောင့်ပင် သူမအနားမှ မခွာနိုင်ဘဲဖြစ်နေရပါသ ဟု ကိုယ့်ကိုယ်ကိုသံသယဝင်လာမိ၏။

“ရှင် ဘာတွေတွေးနေတာလဲ”

မိန်းမပျိုကရှေ့မှသွားရင်း တုံ့ခနဲရပ်၍

နောက်လှည့်မေးလိုက်တော့မှ....

အတွေးလွန်နေသည့်ကျင်းနန်သတိပြန်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခိုးလူမိသလို ရှက်ကိုးရှက်ကန်းပြုံးရင်း...

"ကျုပ်... ကျုပ်... ဘာမှမတွေးပါဘူးဗျာ"

မိန်းမပျိုကခပ်ညင်းညင်းရယ်၍...

"ကျွန်မက ရှင်တစ်ခုခုတွေးနေမယ်လို့ထင်တာပဲ"

သူမကား အလွန်အကင်းပါးသည်ဟု လက်ခံယုံကြည်ရ

တော့မည်။

"အင်း... အမှန်အတိုင်းပြောရရင် မင်းသိုင်းပညာတတ်

တာကိုအံ့သြမိတာပါ"

မိန်းမပျိုကဟက်ခနဲရယ်၏။

"ဒါများ ဘာဆန်းလို့လဲရှင့်... ကျွန်မယောက်ျားဆီက သ

ထားလို့တတ်နေတာပေါ့"

"ဒါပေမဲ့ မင်းရဲ့သိုင်းပညာက အတော့်ကိုအဆင့်မြင့်လှ

တယ်၊ လိုရမယ်ရသင်ထားတာမျိုးမဟုတ်ဘူး"

ဓားသမားများကို တိုက်ခိုက်ခဲ့ပုံမှာ သာမန်သိုင်းပညာ

မဟုတ်ပါ။

ဤသည်ကိုရည်ညွှန်းပြောဆိုခြင်းဖြစ်၏။

"ဒီလောက်လဲမဟုတ်ပါဘူးရှင် အဲဒီလူတွေကိုကြည့်လို့



ကျင်းနန်သက်ပြင်းချသည်။

"အင်း... အစောကြီးကတည်းကသာ မင်းသိုင်းတတ်မှန်း

သိရင် ကျုပ်ဒီလောက်စိုးရိမ်မိမှာမဟုတ်ဘူး"

သူမကပြုံးရင်း...

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ရှင်... ရှင့်ကို ကျွန်မ တကယ်ကျေးဇူး

တင်ဒါတာအမှန်ပါ"

သူကသိပ်ဘဝင်မကျဟန်ဖြင့်...

"ဒါပေမဲ့... ကျုပ်အပေါ်မှာတော့ ခင်ဗျားဟန်မဆောင်သင့်

ဘူးလို့ကျုပ်ယူဆတယ်"

"ရှန်သူဆိုတာ နဖူးပေးမှာချိုပါတာမှမဟုတ်ဘဲရှင်၊ လူတိုင်း

အပေါ်မှာ အကြွင်းမဲ့ယုံကြည်လို့ရမလားရှင့်"

သူပါးစပ်ပိတ်သွားသည်။

ယခုအချိန်၌ ဘာတစ်ခုမှရှင်းလင်းစွာမရှိသေးသဖြင့် ထင်

ကြေးဖြင့် ကောက်ချက်မချသင့်ဟုတွေးမိ၏။

မည်သို့ဆိုစေ ထိုကိစ္စကိုတော့ ရှင်းလင်းစွာသိရအောင်လုပ်

ရမည်ဟုကျိတ်၍ဆုံးဖြတ်သည်။

မည်သည့်နည်းနှင့်မဆို...

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မည်သူမည်ဝါဖြစ်ကြောင်းကိုတော့ သိအော
စုံစမ်းဖို့လိုအပ်နေပြီမဟုတ်ပါလား။

သို့သော် ဘာကြောင့်မှန်းမသိ။

သူမနှင့်ပတ်သက်၍ အမှန်အတိုင်းသိရမည်ကို သူ့အနေ
ဝန်လေးနေမိသည်။

နေပြည်တော်နှင့်နီးလာသည့်အခါ ကျင်းနန်၏ရင်ထဲ၌
တာတာကြီးဖြစ်သွားသလိုခံစားရ၏။ နေပြည်တော်ရောက်သည်
ခရီးစဉ်ကပြီးပြီမဟုတ်ပါလား။

သူ့လမ်းသူသွား၍ ကိုယ့်လမ်းကိုယ်သွားရမည်။

ယင်းအတွက် ဘာကြောင့်ရင်လေးနေရပါသနည်း။

"ကျုပ် မင်းနဲ့အဖော်လိုက်ဖို့လိုဦးမလား"

ကျင်းနန်ကလည်း ထိုစကားကိုမည်သည့်သဘောဖြင့်
မိသည်ကိုမသိချေ။ ထိုစကားကြောင့်.... သူမက မျက်ဝန်းနက်
ထောင့်ကပ်ကြည့်၍....

"ဗို့မယ်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတဲ့စကားရှိတယ် မဟု
လား။ ဒါကြောင့် နေပြည်တော်ထဲအထိပို့ပေးရင်တော့ အကောင်း
ပေါ့ရှင့်"



သူမ၏အကြည့်တစ်ချက်က ကျင်းနန်ကိုငြင်းပယ်နိုင်စွမ်းမရှိ
အောင် ရစ်ပတ်ဖွဲ့နှောင်သလိုရှိ၏။

လိုလိုလားလားပင် ခေါင်းညိတ်လိုက်မိလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



## အဆိပ်ကာဝေမ

အမတ်ကြီးစုရှမ်းသည် နန်းတွင်းမှပြန်လာကတည်းက အိ
ဆောင်သို့တန်းဝင်သွားခဲ့သည်။

အိပ်စက်လို၍မဟုတ်ပါ။

ခေါင်းရှုပ်လာသဖြင့် အိပ်ဆောင်သို့ဝင်ပြီး လဲလျောင်းလို
ခြင်းဖြစ်သည်။

မျက်စိစုံမှိတ်ပြီး အိပ်စက်အနားယူရန်ကြိုးစားသော်လည်
အိပ်မပျော်ပါ။

နန်းတွင်းမှပါလာသော ပြဿနာအရှုပ်အထွေးများက
ဦးနှောက်ကိုအနားယူ၍မရအောင် ထိုးဖောက်ဝင်ရောက်ပြီး အလှ
ပေးလျက်ရှိသည်။



လွှတ်တော်၌ ကြားနာဆွေးနွေးခဲ့ရသည့် ပြည်တွင်းရေးက
ရှုပ်ထွေးစရာကောင်းလှသည်။

ဘယ်လိုဖြေရှင်းရမည်လည်းမသိ။

သူတစ်ဦးတည်းမဟုတ်။

မှူးကြီးမတ်ကြီးများအားလုံး သူနည်းတူခေါင်းခဲရသည်။

ထို့ကြောင့်....

ခေတ္တခဏမေ့သွားစေရန် အိပ်ကြည့်ခြင်းဖြစ်သည်။

သို့တိုင်အောင် ပြဿနာတို့က ခေါင်းထဲမှမထွက်။

ထိုစဉ်....

“ကျွိ....”

အိပ်ဆောင်တံခါးဖွင့်သံ တိုးတိတ်ညင်သာစွာထွက်လာ၏။

တစ်ဆက်တည်းမှာပင်....

ခပ်ဖွဖွခြေနင်းသံထွက်လာ၏။

ထို့ကြောင့် အမတ်ကြီးစုရှမ်မျက်လုံးဖွင့်ကြည့်သည်။

အစောင့်ငယ်သားတစ်ဦးသည် ခုတင်နှင့်မလှမ်းမကမ်းသို့
တ်လာပြီး သူ့အားဦးညွှတ်အရိုအသေပြုသည်။

စုရှမ်း လဲလျောင်းရာမှထ၍....

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲဟေ့"

"အမတ်မင်းရဲ့သမီးတော်ရောက်လာတဲ့အကြောင်း သတင်းလာပို့တာပါ"

"ဟေ... ငါ့သမီးရောက်နေတယ်ဟုတ်လား"

မှုန်ကုပ်နေသည့်စုရှမ်း၏မျက်နှာသည် ရုတ်ခြည်းဆိုသလိုပင် ပြုံးရောင်သမ်းသွားလေသည်။

ယခုကဲ့သို့ စိတ်ရှုပ်နေချိန်၌... သမီးဖြစ်သူရောက်ရှိလာ၍ ပျော်ရွှင်သွားလေသည်။

သမီးသည် အိမ်ထောင်ကျပြီးကတည်းက သျှောင်နောင်ဆံထုံးပါဆိုသလို ခင်ပွန်းသည်နှင့်အတူ တစ်ရပ်တကျေးသို့လိုက်ပါသွားခဲ့ရသည်။

သူ့အိမ်ထောင်နှင့်သူဖြစ်သွားသဖြင့် ဖခင်ထံ တော်ရုံနှင့်လာလည်မရောက်ဖြစ်တော့ပါ။

ယခု သမီးဖြစ်သူ အလည်ရောက်လာသည်ဆိုခြင်းကြောင့် အမတ်ကြီးစုရှမ်းမှာ အမှန်ပင်ဝမ်းသာပျော်ရွှင်သွားလေသည်။

လွန်ခဲ့သောနှစ်လသုံးလက သူ့သမီး မီးဖွားကြောင်းသတင်းရောက်လာသည်။



ပြည်ထဲရေးကိစ္စရှုပ်ထွေးနေသဖြင့် သမီးဖြစ်သူထံ …သွားနိုင်။

ယခု သမီးဖြစ်သူကိုယ်တိုင်ရောက်လာပြီဖြစ်ရာ သမီးနှင့်အတူ မြေးလေးပါလာလိမ့်မည်မဟုတ်ပါလား။

ထို့ကြောင့် ကမန်းကတန်းထရပ်လိုက်ပြီး...

"အခု ငါ့သမီးဘယ်မှာလဲ"

အစောင့်ကဦးညွှတ်ရင်း...

"ဧည့်ခန်းဆောင်မှာပါအမတ်ကြီး"

အမတ်ကြီးစုရှမ်းသည် ခေါင်းကို လေးလေးပင်ပင်ခါရင်း...

"အင်း... အိမ်ထောင်ကျသွားတာနဲ့ မိဘကိုတောင် သူစိမ်းဆက်ဆံနေပါရောလား"

အမတ်ကြီးစိတ်ထဲမှရေရွတ်မိခြင်းဖြစ်သည်။

အကြောင်းမှာ...

သမီးဖြစ်သူအနေဖြင့် ကိုယ့်မိဘအိမ်ပြန်လာသည့်အခါ... ဧည့်သည်ဆန်ဆန်ဧည့်ခန်းထဲ၌ ထိုင်စောင့်နေရန် မလိုအပ်သောကြောင့်ဖြစ်သည်။ ယခင်ကကဲ့သို့ပင် မိဘဖြစ်သူထံတရင်းတနှီး …တွေ့ဆုံသင့်သည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သမီးဖြစ်သူက ဖခင်နှင့်တွေ့ရန် ဧည့်ခန်း၌ထိုင်စောင့်နေသည်တဲ့။

မည်မျှ သူစိမ်းဆန်ပါသနည်း။

အမတ်ကြီးစုရှမ်းသည် စိမ်းကားလှသောသမီးဖြစ်သူကို ဖြင့်တင်စကားပြောဆိုရန်ဧည့်ခန်းသို့ထွက်လာခဲ့၏။

ဧည့်ခန်းဆောင်ဝင်လိုက်သည်နှင့်....

"ဟင်...."

အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွား၏။

ဧည့်ခန်း၌ထိုင်နေသောမိန်းမပျိုသည် ကလေးငယ်ကိုရင်ခွင်ထဲပိုက်ထားရင်း အမတ်ကြီးအားလှမ်းကြည့်လိုက်၏။

အမတ်ကြီးသည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မိန်းမပျိုကိုကြည့်ကာ ....

"မင်း... မင်းဘယ်သူလဲ"

ဟုထိတ်လန့်တကြားမေးလိုက်၏

မိန်းမပျိုကအေးစက်စက်ပြုံးရင်း....

"ဖေဖေ... ကျွန်မ ဖေဖေ့ရဲ့သမီးစွေ့အင်းလေ... သမီးကိုတောင် မမှတ်မိတော့ဘူးလားဖေဖေရဲ့"



"ဘာကွ"

အမတ်ကြီးသည် အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော်လည်း ကိုယ့်သမီးကို ကိုယ်မမှတ်မိရလောက်အောင် သတိချို့ယွင်းခြင်းတော့မရှိသေးပါ။

"ဘယ့်နှယ် ကိုယ့်သမီးကိုယ်မမှတ်မိဘဲရှိမလား"

မိန်းမပျိုကအပြုံးမပျက်ပါ။

"ဟင်း... ဟင်း... ဒီလိုတော့လဲ အဘိုးကြီးက သတိကောင်းသေးပါလား"

မိန်းမပျိုသည်ပြောရင်း ရင်ခွင်ထဲမှ အနီးဖြင့်ထုပ်ထားသောကလေးငယ်ကို အမတ်ကြီးထံပစ်ပေးလိုက်၏။

"ရော့... ဟောဒါကရှင့်ရဲ့မြေးပဲ"

အမတ်ကြီး တစ်ခဏမျှကြောင်သွား၏။

နောက်မှ မြေးဟူသောအသံကြောင့် ပစ်လွှင့်လာသည့်အနီးထုပ်ကို ကပျာကယာဖမ်းယူလိုက်သည်။

ယင်းအခိုက်အတန့်မှာပင်...

မိန်းမပျိုသည် အမတ်ကြီးထံ လျှပ်တစ်ပြက်ခုန်ဝင်လာ၏။

လက်ထဲတွင် ဓားတိုနှစ်လက်ဆုပ်ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးအနီးရှိအစောင့်နှစ်ယောက်မှာ...

ထိတ်ခနဲဖြစ်ပြီး ကမန်းကတန်းရှေ့မှဆီးကြို့ဟန့်တားလိုက်ကြ၏။

"ချွင်...."

"ချွမ်း...."

"ချွမ်း...."

"ထန်း..."

ဓားရောင်များပြိုးပြက်ဝင်းလက်သွား၏။

အမတ်ကြီးမှာ ကံအားလျော်စွာလွတ်မြောက်သွား၏။

အစောင့်နှစ်ယောက်က မိန်းမပျိုကိုဟန့်တားတိုက်ခိုက်နေစဉ်မှာပင်....

အမတ်ကြီးသည် အဆောင်အတွင်းပြေးဝင်ရင်း....

"ရန်သူဟေ့... ရန်သူ... မြန်မြန်ဝိုင်းကြစမ်း"

အစောင့်များကိုအော်ဟစ်အသိပေး၏။

သူ့အသံနှင့်တစ်ဆက်တည်းလိုလိုမှာပင်....

"ရင်ခွင်ထဲကအထုပ်ကို အမြန်ဆုံးလွှင့်ပစ်လိုက်"

သတိပေးသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာ၏။



မည်သူကသတိပေးသည်ကိုမသိ။

လောလောဆယ် သူသိသည်မှာ...

ထိုနေရာမှ အမြန်ဆုံးထွက်ပြေးရန်သာဖြစ်၏။

သူ့မြေး၏အသက်အန္တရာယ်ကိုလည်း စိုးရိမ်နေရပြီမဟုတ်ပါ...။

ရင်ခွင်ထဲမှကလေးငယ် အသက်ရှိမရှိ သူမသိပါ။

ဘေးရန်ကင်းရှင်းသောနေရာသို့ အမြန်ဆုံးရောက်ရှိသွားရန်စိတ်စောလျက်ရှိနေသည်။

ထို့ကြောင့်....

အဆောင်ထဲမှ ပျာယီးပျာယာဖြင့်ထွက်ပြေးလေ၏။

မိန်းမပျိုက အလွတ်မပေးပါ။

နောက်မှထက်ကြပ်မကွာလိုက်၏။

အစောင့်နှစ်ယောက်က မိန်းမပျိုကိုတားသည်။

ဟန့်တားနေသည့်အစောင့်နှစ်ယောက်ကို မိန်းမပျိုက ခပ်ကြမ်းကြမ်းတိုက်ခိုက်ပြီးနောက်ဆုတ်သွားစေ၏။

ပြီးမှ... အစောင့်နှစ်ယောက်ကိုကျော်ဖြတ်ကာ အမတ်ကြီးနောက်သို့ပြေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ပြေးလိုက်ရင်းမှ အလွတ်မပေးနိုင်ဟန်ဖြင့်လက်တ ချက်ဝှေ့ယမ်းလိုက်သည်။

သူမ၏လက်ထဲမှဓားတိုသည်....

"ဝှစ်..."

ခနဲအသံနှင့်အတူ ပစ်လွှင့်ကာ အမတ်ကြီး၏နောက်ကျေ ဆီသို့ အရှိန်ဖြင့်ပြေးဝင်သွား၏။

မိန်းမပျို၏ဓားပစ်ချက်က အားပါလှ၏။

လက်မှန်းလက်ဆလည်း ကောင်းလှ၏။

အမတ်ကြီးအနေဖြင့်....

သူမ၏ဓားချက်အောက်မှလွတ်မြောက်နိုင်စရာ အကြောင်း မရှိတော့ပါ။ သို့သော် ကံတရားသည် လွန်စွာဆန်းကြယ်လှ၏။

သေအံ့မူးမူးဖြစ်နေသူပင် ကံဖယ်ပါက အသက်ဘေးမှလွ မြောက်တတ်ပေသည်။

ယခုလည်း ကံတရားက အမတ်ကြီးကိုမျက်နှာသာပေး သည်ထင်၏။ ဓားတစ်စင်းသည်ခေါင်မိုးမျက်နှာကြက်မှ ရုတ်တရ ပစ်လွှင့်လာသောမိန်းကလေး၏ဓားကို....

"ခြွမ်း"



ခနဲရိုက်ချလိုက်သလိုထိမှန်သွားလေ၏။

"ထန်း...."

ဓားနှစ်လက်ပြင်းထန်စွာထိတွေ့ပြီး ကြမ်းပြင်ပေါ်ပြုတ်ကျ အမတ်ကြီး၏နောက်ကျောလည်း ဓားတစ်လက်စိုက်ဝင် ည်အရေးမှလွတ်မြောက်ခဲ့ရပေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးနောက်မှပြေးလိုက်လာသော မိန်းကလေးသ
မိမိပစ်လွှင့်လိုက်သည့်ဓား ကြားဖြတ်ဟန့်တားခံလိုက်ရသဖြင့် အ
အကျယ်ဒေါပွသွား၏။

လောလောဆယ်အရေးကြီးဆုံးကိစ္စမှာ အမတ်ကြီး လွ
မြောက်မသွားဖို့ဘဲဖြစ်သည်။

ထို့ကြောင့်... နောက်ထပ် ဓားတစ်စင်းပစ်လွှင့်ရန် ဟန်
လိုက်သည်။

ထိုစဉ်မှာပင် အမတ်ကြီးနှင့်မိန်းကလေးကြားသို့ လူ
တစ်ရိပ်ထုပ်တန်းပေါ်မှခုန်ဆင်းလာသည်။

အမတ်ကြီးနောက်သို့လိုက်နေသောမိန်းကလေးမှာ တုံ့
ခြေလှမ်းရပ်သွားလေသည်။

ကြားဝင်လာသူကိုကြည့်လိုက်တော့....



"ဟင်... ရှင်ပါလား"

သူမ၏နှုတ်မှအံ့အားသင့်ဟန်ဖြင့် အသံထွက်သွားသည်။

အကြောင်းမှာ...

သူမအား ကြားဝင်ဟန့်တားသူသည် ကျင်းနန်ဖြစ်နေသော
ကြောင့်ပင်တည်း။

ကျင်းနန်၏မျက်နှာသည် တည်ငြိမ်အေးစက်နေ၏။

မျက်လုံးများကစူးရှလှသည်။

စူးရှသောအကြည့်ဖြင့် သူမကိုကြည့်ရင်း...

"မင်း တော်တော်ကြောက်စရာကောင်းပါလား"

မိန်းမပျိုမှာ မိမိကိစ္စအောင်မြင်လုဆဲဆဲတွင်မှ အနှောင့်အ
ပေါ်လာသဖြင့် မချင့်မရဲဖြစ်သွားပုံရသည်။

မည်သို့ဆိုစေ...

သူမ၏အသွင်က မိမိရည်မှန်းထားသည့်ကိစ္စကို မဖြစ်မနေ
ည်ပုံမျိုးဖြစ်၏။

ကျင်းနန်ကတစ်ချက်ပြုံး၍...

"အင်း... မင်းကိုခုကွသည်လို့ထင်ခဲ့မိတာ ကျုပ်ရဲ့မဟာအ
တကယ်တော့ မင်းဟာကျွန်းဟူသိုင်းသမားတွေ...လို့...

www.burmeseclassic.com



အဆိပ်ကဝေပါပဲလား"

ထိုစကားကြောင့်....

မိန်းမပျိုမှာ မည်သို့မျှခံစားရဟန်မရှိချေ။

တည်ငြိမ်အေးဆေးစွာဖြင့် ကျင်းနန်ကိုကြည့်ကာ....

"ကိုယ့်အသက်ကိုယ်နှမြောရင် ရှင်ဒီကအမြန်ထွက်သွား နိုင်မို့ရင်တော့ ရှင့်ကိုလဲကျွန်မညှာနေမှာမဟုတ်ဘူး"

မိန်းမပျို၏စကားသံက သူမ၏မျက်နှာသွင်ပြင်ကဲ့သို့ အေ စက်နေပေသည်။

ကရုဏာသက်ဖွယ်ရာကောင်းလှသော သူမ၏အသွင်သည် ယခုအခါ ကျားရိုင်းတစ်ကောင်နှယ်ဖြစ်နေသည်မှာ မယုံကြည်နိုင်ဖွယ် ရာပင်ဖြစ်တော့သည်။

သို့သော်....

သွေးဆာနေသယောင်ရှိသော သူမ၏အမူအရာက မိမိ ရန်မူလိုဟန်မရှိသည်ကိုတော့ ကျင်းနန်အကဲခတ်မိသည်။

အမှန်တော့....

ကျင်းနန်သည် ဤနေရာအထိလိုက်ပါလာရန် မရည်ရွယ် ရိုးအမှန်ပါ။



မိန်းမပျိုအပေါ် ကရုဏာပိုမိခဲ့သောကြောင့်....

သူမအား လိုအပ်ပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် တိတ်တဆိတ်လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

သူမနှင့်လမ်းခွဲလာပြီးမှ....

သူမ အဆင်ပြေပါ့မလားဟုတွေးမိပြီး လိုက်လာမိခဲ့ခြင်းဖြစ် သည်။

ခုတော့... သူမသည် သားကောင်မဟုတ်ဘဲမုဆိုးဖြစ်နေချေ ည်တကား။

"အင်း... လမ်းတစ်လျှောက်လုံး မင်းကိုလျှော့တွက်မိတာ ချပ်အမှားပဲ၊ မင်းကလဲ ကလေးငယ်ကိုရင်ခွင်ပိုက်ပြီးဟန်ဆောင် တော့ မင်းရဲ့ဇာတိရုပ်ကိုအကဲခတ်ဖို့ကျုပ်သတိမရခဲ့ဘူး၊ ခုမှ မင်း ခေါင်းသားခေါင်းစွပ်ထားတဲ့ဘီလူးမျက်နှာကို ဘွားခနဲမြင်ရတော့ တာပဲ"

သူမသည် ကျင်းနန်နှင့်စကားအခြေအတင်ပြောဆိုလိုဟန် ပါ။

"ရှင်စကားမရှည်နဲ့... ဖယ်စမ်း"

ပြောရင်း ကျင်းနန်ကိုတိုက်ခိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန် ကမန်းကတန်းရှောင်လိုက်သည်။

ဤတွင် မိန်းမပျိုကလိုက်၍မတိုက်ဘဲ ရှေ့သို့ပြေး၏။

သူမ၏အဓိကပစ်မှတ်ကား အမတ်ကြီးစုရှမ်းမဟုတ်လား

ထို့ကြောင့် သူမသည် ကျင်းနန်နှင့်တိုက်ခိုက်ရင်း အချိန်ဖြုန်း
လိုဟန်မရှိပေ။

သို့သော် ကျင်းနန်ကအလွတ်မပေးပါ။

လေထဲခုန်ပျံပြီး သူမအား ရင်ဆိုင်ဟန့်တား၏။

သူမကလည်းမခေပါ။

ကျင်းနန်၏ဓားချက်သုံးချက်ကို အသာအယာပင်ဖယ်ထုတ်
လိုက်၏။

သူမ၏သိုင်းပညာသည် အဆင့်မြင့်ကြောင်း ကျင်းနန်သတိ
ပြုမိခဲ့ပြီးဖြစ်သည်။

လမ်းတွင် ကြုံခဲ့ရသောဓားသမားငါးဦးကို သူမရင်ဆိုင်
စဉ်က သူမ၏သိုင်းပညာအဆင့်ကို သာမန်မျှသာသတိပြုမိသည်။

ယခုကိုယ်တိုင်ရင်ဆိုင်ရသည့်အခါမှ....

သူမ၏သိုင်းပညာသည် ခန့်မှန်းထားသည်ထက်ပင် များစွာ
မြင့်မားကြောင်းသိရှိရတော့သည်။



သူမ၏ဓားကွက်များက အနုတ်အသိမ်းအထိုးအခုတ် ဝိရိ
သပ်လွန်းသည်။

ကျန်းဟူဓားသမားအဖြစ်ကျော်ကြားနေသော ကျင်းနန်ပင်
ည်းအသန်ရင်ဆိုင်ရသည်။

သူမသည် ကျင်းနန်၏ဓားချက်ကိုအသာရှောင်ပြီး ခန္ဓာ
ကိုလေထဲခုန်တက်လိုက်၏။

တစ်ဆက်တည်းမှာပင်....

ဓားချက်သုံးချက်ဆက်၍ပစ်သွင်းလေသည်

ကျင်းနန်၏အရေးကြီးသောသွေးကြောနေရာသုံးနေရာကို
လက်တစ်ပြိုင်တည်းတိုးဝင်လာသလို ထင်ရ၏။

သူမ၏လှုပ်ရှားမှုသည် လွန်စွာသေသပ်လှ၏။

ပြိုင်ဘက်ရန်သူကို မျက်လုံးမျက်ဆန်ပြူးသွားစေ၏။

ကျင်းနန်မှာ ထူးခြားဆန်းပြားသည့်သူမ၏ဓားချက်ကိုထိပ်
ပျာဖြစ်ကာ အသည်းအသန်ရှောင်ရလေသည်။

သို့သော်....

သူမကသာ တကယ်တမ်းတိုက်လာလျှင် သူ့အနေဖြင့် ရှောင်
ည်မဟုတ်ကြောင်း သူ့ကိုယ်သူနားလည်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ…. သူမ၏စားချက်သည် သူ့အားထိုးမိတော့ မည့်ဆဲဆဲမှာပင် တမင်ချော်ထွက်သွားခြင်းကြောင့်ဖြစ်သည်။

သူ့အား ဓားချက်တစ်ချက်တည်းဖြင့် ဖိဝိနံခြေနိုင်ပါလျက် ဘာကြောင့်လွှတ်ပေးရပါသနည်း။

***



ကျင်းနန်သည် သူမ၏စိတ်သဘောထားကိုနားမလည်နိုင် အောင်ဖြစ်သွားရသည်။

အကယ်၍….

သူမကကသာ သူ့အားသေစေလိုလျှင် ယခုအချိန်၌ သူ၏ အသက်နှင့်ခန္ဓာကိုယ်သည် အိုးစားကွဲနေလောက်ပေပြီ။

မိမိအား ရန်သူဟုသတ်မှတ်မထား၍လော….

သို့မဟုတ်….

သူမအပေါ် သဘောရိုးဖြင့် စောင့်ရှောက်ခဲ့သည့်ကျေးဇူး ကိုထောက်ထား၍လော….

ကျင်းနန် မည်သို့မျှနားမလည်နိုင်တော့ပါ။

မည်သို့ပင်ဖြစ်စေ ကျင်းနန်သည် စုရှမ်းအား မိန်းမပျိုလက် မှလွတ်အောင်စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

သူမကလည်း အလျှော့မပေးပါ။

မရမက သဲသဲမဲမဲလိုက်ရန်ကြိုးစားသည်။

ထို့ကြောင့်....

သူမ၏တိုက်ခိုက်မှုသည် တစ်ခါတစ်ရံ၌သာ ကျင်းနန်၏ သေကွင်းသေကွက်ကို ဦးတည်ရွေ့လျားသွား၏။

သို့သော်....

ဘာကြောင့်မှန်းမသိ။

သူမသည် ကျင်းနန်ကိုအပြတ်ရှင်းနိုင်လျက် အခွင့်အရေး ပေါင်းများစွာကို မသိကျိုးကျွံပြုပြီးရှောင်ထွက်သွား၏။

ထိုအတူ ကျင်းနန်ကိုယ်တိုင်ကလည်း သူမနှင့်လက်ရည်တူ ယှဉ်ပြိုင်နိုင်ပါလျက် ရေကုန်ရေခမ်းယှဉ်ပြိုင်ခြင်းမရှိပေ။

စုရှမ်း ဝေးနိုင်သမျှဝေးအောင် ပြေးနိုင်ရန်သာ အမျိုးမျိုး လှည့်ပတ်ဟန့်တားနေခြင်းဖြစ်သည်။

ထိုစဉ်မှာပင် အဆောင်အပြင်ဘက်ဆီမှ ဆူဆူညံညံနှင့်ရှေး ဗြိုးသုတ်ပျာပြေးလာသည့်ခြေသံများ ထွက်ပေါ်လာ၏။

"ရန်သူရောက်နေတယ်ဟေ့... မလွှတ်စေနဲ့"

စကားသံများလည်း ထွက်ပေါ်လာ၏။



သူမသည် အခြေအနေကို ကောင်းစွာ နားလည်သဘော ပေါက်လိုက်သည်။

အမတ်ကြီး၏စစ်သည်ရဲမက်များ အလုံးအရင်းနှင့် ရောက်ရှိ လာပါက သူမ အခက်တွေ့နိုင်သည်ကိုတွေးမိ၏။

သူမအနေဖြင့် အပ်နှင့်ထွင်းရမည့်ကိစ္စကို ပေါက်ဆိန်နှင့် ထွင်းရသလိုမျိုးအဖြစ်မခံလိုပါ။

တိုးတိုးတိတ်တိတ်နှင့် လူမသိ သူမသိသာ ဖြေရှင်းလိုသည်။

ထို့ကြောင့်....

ယခုအချိန်တွင် သူမအနေဖြင့် ဆုတ်ခွာသင့်ပြီဖြစ်ကြောင်း နားလည်လိုက်၏။

ကျင်းနန်ကိုတိုက်ခိုက်ရင်း တဖြည်းဖြည်းဆုတ်ခွာသွား၏။

သူမ၏အကြံကို ကျင်းနန်ရိပ်မိလိုက်သည်။

အလွှတ်ပေး၍ မဖြစ်ပါ။

သူမလက်တွင် သွေးများစွန်းပေနေခဲ့ပြီမဟုတ်ပါလား။

ယင်းအတွက် ဥပဒေ၏အဆုံးအဖြတ်ကိုခံယူရပေမည်။

အကယ်၍ သူမအားအလွှတ်ပေးလိုက်လျှင် နောက်ထပ်လူ ပေါင်းမည်မျှ ဒုက္ခရောက်ကြဦးမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျင်းနန်သည် ရဲမက်များရောက်လာသည်အထိ သူမအား ဟန့်တားထားရန် ဆုံးဖြတ်လိုက်၏။

ယင်းအခိုက်မှာပင်....

"အာ...."

အော်ဟစ်သံတစ်သံသည်... အတွင်းဆောင်ဘက်မှ ကျယ်လောင်စွာထွက်ပေါ်လာ၏။

အတွင်းဆောင်တွင် တစ်စုံတစ်ရာ ဆိုးဆိုးရွားရွားဖြစ်နေပြီဖြစ်ကြောင်း ကျင်းနန်နားလည်လိုက်သည်။

အဆိပ်ကဝေဟုခေါ်သောမိန်းကလေးကား ခေါင်မိုးပေါ်မှ တစ်ဆင့် ဆုတ်ခွာထွက်ပြေးသွား၏။

သို့သော်....

ကျင်းနန်အလွတ်မပေးပါ။

သူမနောက်သို့ပြေးလိုက်ရန်ဟန်ပြင်လိုက်၏။

ဤတွင် အခန်းတွင်းရောက်ရှိလာကြသည့်ရဲမက်များက သူ့အားဝိုင်းရံပိတ်ဆို့လိုက်ကြရာ....

ကျင်းနန်မှာ အဆိပ်ကဝေနောက်သို့ လိုက်သွားနိုင်ခြင်း မရှိတော့ပါ။



အလုံးအရင်းနှင့်ဝင်ရောက်လာသည့် စစ်သည်ရဲမက်များ၏ တိုက်ခိုက်မှုကိုအပြေးအလွှားရှောင်တိမ်းနေရလေတော့သည်။

"ဟေ့... သူ့ကိုမလွှတ်စေနဲ့၊ အရှင်ရရအသေရရ မိအောင်ဖမ်း"

ခေါင်းဆောင်ရဲမက်ကအမိန့်ပေးလိုက်ရာ....

ငယ်သားများက တရကြမ်းဝင်၍တိုက်ကြတော့၏။

ကျင်းနန်မှာ ဘေးကျပ်နံကျပ်ဖြစ်သွားရတော့၏။

ရဲမက်များက သူ့အား ရန်သူလိုသဘောထားပြီး တိုက်ခိုက်နေကြသည်မဟုတ်ပါလား။

သူ့အနေနှင့်ကလည်း မည်သို့မည်ပုံရှင်းပြရမှန်းမသိ။

ရှင်းပြလည်း မည်သူကယုံကြည်လက်ခံနိုင်ပါမည်နည်း။

ထို့ပြင်....

ဤအရပ် ဤဒေသသည်

သူကျင်လည်ရာနေရာမဟုတ်ပါ။

ဤနေရာသည် သူ့အတွက် အစိမ်းသက်သက်သာဖြစ်၏။

သူ့ကို မည်သူမျှသိရှိသိကျွမ်းဝင်ခြင်းမရှိသလို သူကလည်း မည်သူ့ကိုမျှသိရှိခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်… သူ့အား ရန်သူဟုထင်မှတ်ကြသည်ကို အပြစ်မဆိုသာ။

အခြေအနေကိုကြည့်ပြီး မီးစင်ကြည့်ကရုံမှလွဲ၍ သူ့အတွက် အခြားမရှိတော့ပြီ။

သူ့အားဝိုင်းရံတိုက်ခိုက်မှုကို လှည့်ပတ်ရှောင်တိမ်းရင်း ထိုနေရာမှထွက်ပြေးရန် ပက်ဝန်းကျင်ကိုဝေ့ကြည့်လိုက်သည်။

ဤတွင်….

သူ၏မျက်လုံးအကြည့်သည်… အတွင်းဆောင်ဘက်ဆီသို့ ရောက်ရှိသွား၏။

ထိုအဆောင်သည် စောစောကစူးစူးဝါးဝါးအော်သံထွက်ပေါ်လာရာအဆောင်ဖြစ်သည်။

ယခု… ထိုအဆောင်သို့ ရဲမက်အချို့ရောက်ရှိသွားကြောင့်ဖြစ်ပါသည်။

သူတို့သည် တစ်စုံတစ်ခုကိုဝိုင်းအုံကြည့်ရှုရင်း တစ်ယောက်တစ်ပေါက်အော်ဟစ်ပြောဆိုနေကြ၏။

ရုတ်ခြည်းဆိုသလိုပင် ဝိုင်းအုံကြည့်နေသူများ ရုတ်ရုတ်သဲသဲဖြင့် နောက်သို့အလျင်အမြန်ဆုတ်ကုန်ကြသည်တွေ့လိုက်ရသည်



ဘာတွေဖြစ်နေသည်ကို ကျင်းနန်သေချာမကြည့်နိုင်ပါ။

အကြောင်းမှာ….

သူ့အား ရဲမက်များက ဝိုင်းရံတိုက်ခိုက်နေကြသောကြောင့်ဖြစ်ပါသည်။

ရဲမက်များ၏သိုင်းပညာအဆင့်နှင့်စားရေးက ခေလှသည်မဟုတ်ပါ။

နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ အားလုံးထက်ပင် ပို၍ထက်မြက်ကြ၏။

ကျင်းနန်သည် ပထမတွင်ရဲမက်များကိုထိုးဖောက်ထွက်ပြေးရန် စိတ်ကူးထား၏။

သို့သော်….

ယခုအခါ အတွင်းဆောင်မှ ထူးခြားသောမြင်ကွင်းကြောင့် စိတ်ဝင်စားသွားပြီး ထွက်မပြေးဖြစ်တော့ချေ။

အခြေအနေကို ရှင်းရှင်းလင်းလင်းသိချင်နေသည်မဟုတ်ပါလား။

ထိုကိစ္စကိုရှင်းလင်းစွာမသိရဘဲ သူ့အနေဖြင့် ဆုတ်ခွာထွက်ပြေးရန် စိတ်မကူးပါ။

***

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်သည် ရဲမက်များ၏တိုက်ခိုက်မှုကိုရှောင်တိမ်းနေရုံဖြင့် မလုံလောက်တော့ပါ။

ထို့ကြောင့်.... မလွဲမရှောင်သာ ပြန်လည်တိုက်ခိုက်ရတော့သည်။

သို့သော်....

ထိခိုက်ဒဏ်ရာရပြီး နောက်ကို အနည်းငယ်ဆုတ်သွားစေရန်သာဖြစ်သည်။

ဓားကို တရှူးကြမ်းဝှေ့ယမ်းပြီး ပြန်လည်ခုခံလိုက်သည်နှင့် ရဲမက်များ နောက်သို့ဆုတ်သွားကြ၏။

အရဲစွန့်ပြီးတိုးဝင်လာသူကိုမူ ဓားရှောင်ပြပြီး လက်ဝါးဖြင့် ရိုက်ထုတ်လိုက်၏။

"ဝုန်း...."



ရဲမက်တစ်ယောက်လွင့်စဉ်ထွက်သွား၏။

အတွင်းအားထုတ်မသုံးသောကြောင့် ထိုရဲမက်မှာအသက်အန္တရာယ်မစိုးရိမ်ရပါ။

သို့သော်....

ရတ်တရက်ပြန်ထလာနိုင်တော့မည်မဟုတ်ပါ။

အခြားရဲမက်နှစ်ဦးကိုမူ သွေးကြောပိတ်လိုက်၏။

ရေရွှေးတစ်အိုးကျက်ခန့်အကြာတွင်....

အလိုအလျောက် သွေးကြောပြန်ပွင့်သွားစေနိုင်အောင် အချိန်အဆဖြင့်သွေးကြောပိတ်ခဲ့ခြင်းဖြစ်သည်။

ကျင်းနန်က ယင်းသို့ပြန်လည်၍တိုက်ခိုက်လိုက်သည်နှင့် ကျန်ရဲမက်များအရမ်းမဝင်ရဲတော့ပါ။

ဝိုင်းရံပိတ်ဆို့ရင်း ဟန်ရေးတပြပြလုပ်နေကြ၏။

ဤသည်ကပင်....

ကျင်းနန်အတွက် အခွင့်ကောင်းပင်ဖြစ်သည်။

သူသည် အတွင်းဆောင်ကို သေချာအကဲခတ်နိုင်ပြီဖြစ်၏။

တစ်ဘက်မှရဲမက်များ ဝင်တိုက်လာမည်ကိုသတိထားရင်း အခြားတစ်ဘက်တွင်လည်း အတွင်းဆောင်ကိုအကဲခတ်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဆောင်၌စောစောက လူတွေဝိုင်းအုံနေသဖြင့် ဘာဖြစ်ခဲ့သည်ကို သေချာမမြင်တွေ့လိုက်ရပါ။

ယခုမူ....

ဝိုင်းအုံနေသူများ ထိတ်လန့်တကြားဖြင့် ဆုတ်သွားပြီဖြစ်၍ ကောင်းစွာမြင်တွေ့လိုက်ရချေပြီ။

လူတစ်ယောက်လဲကျနေခြင်းဖြစ်သည်။

ထိုသူကား အခြားသူမဟုတ်။

အမတ်ကြီးစုရှမ်းပင်တည်း။

သူ့နံဘေးတွင်လည်း အမျိုးသမီးနှစ်ဦးလူးလိမ့်နေ၏။

တစ်ယောက်ကား အသက်နည်းနည်းကြီး၏။

တစ်ယောက်မှာ အသက်အစိတ်ဝန်းကျင်ခန့်ရှိသည်။

သူတို့နှစ်ယောက်စလုံး ထိတ်လန့်တကြားနှင့် လူးလိမ့်အော်ဟစ်နေကြခြင်းဖြစ်သည်။

ဝိုင်းအုံနေသူများသည် အကူအညီပေးဖို့နေနေသာ နောက်သို့ပင် ပို၍ရှဲသွားကြကုန်သည်။

စုရှမ်းသည် မကောင်းဆိုးဝါးကောင်ကြီးတစ်ကောင် သူ့ကိုယ်ပေါ်တက်နေသလို တုန်လှုပ်ချောက်ချားစွာအော်ရင်း....



ကြမ်းပေါ်၌ထွန့်ထွန့်လူးနေ၏။

သူ၏လက်ထဲတွင် အနီးဖြင့်ထုပ်ထားသော ကလေးငယ်ရှိနေ၏။

သူ၏လည်ပင်းတွင် ပင့်ကူနက်ကြီးတစ်ကောင်။

ပင့်ကူနက်ကြီး၏ခြေတံလက်တံများက....

စုရှမ်း၏လည်ပင်းကို မိမိရရကုပ်တွယ်ထား၏။

တစ်ခဏအတွင်းမှာပင်....

လူးလိမ့်နေသောစုရှမ်း၏ကိုယ်ခန္ဓာသည် ငြိမ်သွားလေ၏။

စုရှမ်း၏ဒုတိယဇနီးနှင့်သမီးကြီးတို့က ပင့်ကူနက်ကြီးကိုဖယ်ရှားရန်ကြိုးစားနေစဉ်မှာပင်....

ပင့်ကူနက်နှစ်ကောင်သည် သူတို့၏အင်္ကျီလက်မောင်းအိုးအတွင်းလှစ်ခနဲဝင်သွားသည်။

အမျိုးသမီးနှစ်ယောက် ထိတ်လန့်တကြားဖြင့်ခါချရန် ကြိုးစားသော်လည်း မရတော့ပါ။

သူတို့နှစ်ယောက်စလုံး ရူးရူးဝါးဝါးအော်ဟစ်ကာ ကြမ်းပြင်ပေါ်လဲကျသွားလေသည်။

တစ်ခဏအတွင်းမှာပင်...

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာများပြာနှမ်းကာ လုံးဝငြိမ်ကျသွားလေတော့သည်။

ဝိုင်းကြည့်နေသူများထဲမှတစ်ဦးက ဒေါသတကြီးဖြင့် ပင့်ကူနက်များကိုရိုက်သတ်ရန် ရှေ့တိုးလာသည်။

ဤတွင် ကိုယ်ခံတော်ကြီးဝေကျွန်က ပျာပျာသလဲဖြင့်လှမ်းအော်သတိပေးလိုက်၏။

"ဟေ့ကောင်... မင်းမိုက်လှချည်လား၊ အင်မတန်အဆိပ်ပြင်းတဲ့ပင့်ကူနက်ကွ၊ မင်း သေချင်လို့လား"

ထိုအခါမှ ပင့်ကူနက်ကိုရိုက်သတ်ရန်ဟန်ပြင်နေသူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်ပြန်ဆုတ်သွား၏။

ကိုယ်ရံတော်ကြီးက ဓားကိုဆွဲထုတ်လိုက်သည်။

ထို့နောက် ရှေ့ကိုအသာကပ်သွားပြီး စုရှမ်း၏ကိုယ်ပေါ်မှ ပင့်ကူကို ဓားဦးဖြင့်ထိုးကော်ပြီးအပြင်သို့ဆွဲလွှင့်ပစ်လိုက်၏။

သို့သော် ပင့်ကူနက်ကြီးသည် အပြင်သို့ရောက်ရှိမသွားဘဲ လူအုပ်ထဲကျရောက်သွားလေသည်။

***



ပင့်ကူနက်ကြီးသည် အပြင်သို့ရောက်ရှိမသွားဘဲ လူအုပ်ထဲသို့ကျရောက်သွားသဖြင့် လူအုပ်ကြီးမှာ ထိတ်လန့်တကြားဖြစ်ကာ ဝရုန်းသုန်းကားဖြစ်သွားလေသည်။

"အမယ်လေး"

အမျိုးသမီးတစ်ဦး၏ထိတ်လန့်တကြား စူးစူးဝါးဝါးအော်သံကြီးထွက်လာ၏။

သူမသည် ကြောက်အားလန့်အားဖြင့် ပင့်ကူနက်ကြီးကိုခါထုတ်လိုက်ရာ...

ပင့်ကူနက်ကြီးသည်လွင့်ထွက်လာပြီး ကျင်းနန်အားရင်ဆိုင်နေသည့်ရဲမက်တစ်ဦး၏လည်ကုတ်ပေါ်သို့ ကျရောက်သွားပြန်လေသည်။

အဆိုပါရဲမက်မှာ မျက်လုံးပြူးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရဲမက်များလည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်ကုန်ကြ၏။ ယင်းတဒင်္ဂအချိန်လေးမှာပင်....

ကျင်းနန်သည် လေထဲပျံဝဲပြီး အဆိုပါရဲမက်၏ လည်ကုတ်ပေါ် ဓားဖြင့်ဝှေ့ပိုက်ခုတ်ချလိုက်လေသည်။

"ဝှစ်...."

အားလုံးပင် ထိတ်လန့်တကြားဖြစ်သွားကြကုန်သည်။

သို့သော် အများထင်မှတ်ထားသလို ကျင်းနန်က အဆိုပါရဲမက်ကိုတိုက်ခိုက်လိုက်ခြင်းမဟုတ်ပါ။

လည်ကုတ်ပေါ်မှပင့်ကူနက်ကို ခုတ်ပိုင်းချလိုက်ခြင်းသာဖြစ်ပေသည်။ သူ၏ဓားချက်က ချိန်သားကိုက်တိကျလှ၏။

ရဲမက်၏လည်ကုတ်ကိုထိမှန်ခြင်းမရှိဘဲ ပင့်ကူနက်ကြီးသည်သာ ထက်ပိုင်းပြတ်သွားလေသည်။

ကျင်းနန်သည် လေထဲတစ်ပတ်လည်ပြီး....

ကြောင်တစ်ကောင်အလား ပေါ့ပါးစွာ ကြမ်းပေါ်ပြန်ကျလာလေသည်။

အပြစ်မဲ့သူတစ်ယောက်... အကြောင်းမဲ့မသေစေလိုသောကြောင့် ကျင်းနန်က ယင်းသို့ကယ်တင်လိုက်ခြင်းဖြစ်သည်။



အကယ်၍ ကျန်ရဲမက်များကသဘောမပေါက်ဘဲ သူ့အားတိုက်ခိုက်ခဲ့လျှင် သူ့အဖို့သက်သက်မဲ့ဒုက္ခရောက်ရုံမျှသာရှိသည်။

ပင့်ကူနက်အန္တရာယ်ကြုံတွေ့နေရသော ရဲမက်ကိုလည်း ကယ်တင်နိုင်မည်မဟုတ်ပါ။

ခုတော့ ကံအားလျော်စွာ အသက်တစ်ချောင်းအား ကယ်တင်နိုင်ခဲ့ပြီဖြစ်သည်။

ရဲမက်များသည် အခြေအနေမှန်ကိုနားလည်သွားဟန်တူ၏။ ကျင်းနန်အား မည်သူကမျှရင်ဆိုင်ခြင်းမပြုကြတော့ပါ။

စေတနာရောင်ပြန်ဟပ်သည်ဟု ဆိုရမည်လား။

သို့မဟုတ်....

ကျင်းနန်၏တိကျသေချာလှသောဓားရေးကို အံ့သြထိတ်လန့်ကြ၍လားမသိ။

အားလုံးပင် ရင်ဆိုင်ခြင်းမပြုကြတော့ဘဲ မင်တက်မိနေကြကုန်၏။

ကျင်းနန်က အတွင်းဆောင်ထဲဝင်ကာ စုရှမ်းကို တစ်ချက်ငုံ့ကြည့်သည်။ စုရှမ်းလက်ထဲကိုင်လျက်ရှိသောအနီးထုပ်ထဲမှ အစက်ရောင်ပင့်ကူများ တလှုပ်လှုပ်ဖြင့်ထွက်လာသည်ကိုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းခြေဆယ်ကောင်ခန့်ရှိမည်ဟုထင်ရ၏။

ကျင်းနန်းက လက်ထဲမှဓားဖြင့်တစ်ကောင်ပြီးတစ်ကောင် သုတ်သင်ပစ်လိုက်လေသည်။

ထိုအချိန်မှာပင်....

နောက်ထပ်ရဲမက်တစ်စု အဆောင်ထဲ ရေးကြီးသုတ်ပျာပြေးဝင်လာကြပြန်သည်။

သူ လှည့်ကြည့်မိ၏။

အခြားသူများကို သူမသိသော်လည်း ရှေ့ဆုံးဦးဆောင်ပြေးဝင်လာသူကိုမူ....

သူ ကောင်းစွာမှတ်မိသည်။

ရင်ဘတ်၌ အဝတ်စည်းထားခြင်းကြောင့် ဒဏ်ရာမကျက်သေးကြောင်း သိသာ၏။

ထိုသူကား အခြားသူမဟုတ်ပါ။

ဓားသမားငါးဦးထဲမှ တစ်ဦးဖြစ်၏။

နေပြည်တော်သို့အလာလမ်းခရီးတွင် သူနှင့်အဆိပ်ကဝေခေါ် မိန်းကလေးတိုက်ခိုက်သည့်ဓားသမားတစ်စုကို ဦးဆောင်လာသူဖြစ်၏။



ထိုသူသည် အဆိပ်ကဝေ၏လက်ချက်ဖြင့်သေဆုံးခဲ့ပြီဟု သူထင်ခဲ့၏။

ယခုတော့ ထိုသူသေဆုံးခြင်းမရှိကြောင်းသိရ၏။

အသက်ပြင်းသည်ဟုဆိုရပေမည်။

ထိုသူသည်လည်း သူ့ကိုမြင်လျှင်မြင်ချင်းမှတ်မိသွား၏။

ပြေးလွှားလာရာမှ ထိတ်လန့်တကြားတုံ့ခနဲရပ်၏။

ထို့နောက် သူ့အားလက်ညှိုးထိုးပြကာ....

"သူပဲ... အဆိပ်ကဝေနဲ့ပေါင်းပြီး ကျုပ်ကိုလူတွေကို သတ်တာ"

ထိုစကားကြားသည့်အခါ သူနှင့်အတူပါလာသည့်အဖော်တို့ ဒေါသတကြီးဖြစ်ကုန်၏။

"ဒါဆို... ဘာလို့ကြည့်နေတာလဲ အလွတ်မပေးနဲ့ မိအောင်ဖမ်းကြ... သေဒဏ်ပေးရမယ်"

တစ်ဦးကဒေါသတကြီးပြော၍ ရှေ့သို့တိုးလာ၏။

ကျန်လူများလည်း ဓားကိုယ်စီဆွဲ၍ရှေ့သို့ချဉ်းကပ်လာ၏။

ကျင်းနန်းအဖို့ ဘေးကျပ်နံကျပ်ဖြစ်ရလေပြီ။

ထိုစဉ်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



စာစောကရပ်တန့်နေသည့်ရဲမက်များလည်း လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတော့သည်။

ကျင်းနန်အား...

အဆိပ်ကဝေမနှင့်တစ်ဖွဲ့တည်းဟု ထင်မှတ်သွားကြလေပြီ။

ကျင်းနန်အနေဖြင့် ၎င်းတို့အားအကျိုးအကြောင်းရှင်းပြရန် စိတ်ကူးမိသေးသည်။

သို့သော်....

သူ၏ရှင်းပြမှုကို မည်သူကယုံကြည်ပါမည်နည်း။

ကျင်းနန် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားရသည်။

ရဲမက်များကလည်း တဖြည်းဖြည်းဝိုင်းလာကြပြီဖြစ်သည်။

ရုတ်တရက် ဝင်၍မတိုက်ကြခြင်းမှာ ကျင်းနန်၏ဓားရေးကို မြင်ထားကြသဖြင့် အရမ်းကာရောမဝင်ရဲခြင်းဖြစ်သည်။

သို့သော်...

ကျင်းနန်ကိုမည်သည့်နည်းနှင့်မျှ အလွတ်ပေးမည့်ပုံမရှိပါ။

လေးဘက်လေးတန်မှ ဝိုင်းဆို့ထားကြပြီမဟုတ်ပါလား။

ကျင်းနန်ဘာလုပ်ရမည်နည်း။

သူ့အနေဖြင့် ထိုးဖောက်ထွက်မည်ဆိုလျှင်....



ကောင်းစွာ ထိုးဖောက်ထွက်သွားနိုင်ကြောင်း ကိုယ့်ကိုယ်ကိုယုံကြည်သည်။

သို့သော် တစ်ဖက်မှအတင်းတရကြမ်းဟန့်တားလာလျှင် အသက်ဆုံးရှုံးရမှုတို့ မလွဲမသွေဖြစ်လာနိုင်သည်။

ကျင်းနန် လူမသတ်လိုပါ။

မိမိကြောင့် တစ်စုံတစ်ယောက် အသက်သေရမည်ကို သူ့အဖြင့် လုံးဝမလိုလားပါ။

ထို့ကြောင့် ဘေးကျပ်နံကျပ်ဖြင့် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားရခြင်းပင်။

အေးဆေးစွာအဖမ်းခံလိုက်လျှင် ကောင်းမည်လော။

ဤသို့လည်းမဖြစ်ပြန်။

ယခုအချိန်အဖမ်းခံလိုက်လျှင် ရဲမက်မားကိုသတ်ဖြတ်မှုဖြင့် ချသေဒဏ်အပေးခံရမှာသေချာသည်။

အကောင်းဆုံးက ကဝေမကိုဖမ်း၍ ၎င်းတို့ထံအပ်ရန်ပင်ဖြစ်ပေသည်။

သို့ဆိုလျှင်....

ဤနေရာမှလွတ်အောင် ဦးစွာကြိုးစားဖို့လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်…

ဝိုင်းထားသည့်ရဲမက်များကြားမှ လွတ်အောင်လုပ်ဖို့ဆိုသည်မှာ အလွန်မရေရာမသေချာသည့်ကိစ္စဖြစ်၏။

ကဝေမကိုဖမ်းဆီးရန်အသာထား…

လောလောဆယ်တွင် မိမိကိုယ်တိုင် ရဲမက်များ၏အဖမ်းဆီးမခံရဖို့က ပို၍အရေးကြီးနေသည်။

မတတ်နိုင်ပါ။

အတင်းထိုးဖောက်ထွက်ရပေတော့မည်။

ယင်းသို့ဆုံးဖြတ်ပြီးသည်နှင့် ကျင်းနန်သည် လက်ထဲမှဓားကိုတစ်ချက်ဝှေ့လိုက်သည်။

ထိုအခါ…

"ဝှီး… "

"ဝှစ်… ဝှစ်… ဝှစ်"

ဓားကိုဝှေ့ယမ်းလျက် ဝိုင်းထားသည့်ရဲမက်များထံ တစ်ဟုန်ထိုးတိုးဝင်လိုက်၏။

ရဲမက်များ ထိတ်လန့်တကြားနောက်ဆုတ်သွားကြသည်။

ကျင်းနန်က ရှေ့တိုး၍ဓားကိုအဆက်မပြတ်ဝှေ့ယမ်းသည်။



"ဝှစ်… ဝှစ်… ဝှစ်"

ရဲမက်များသည် ကြောက်လန့်တကြားနှင့် ပျာပျာသလဲပင်ခုခံကာကွယ်လိုက်ကြ၏။

"ချွင်…"

"ချွင်… ချွင်"

ရဲမက်နှစ်ဦး၏လက်ထဲမှဓား လွင့်စင်ထွက်သွားသည်။

ကျန်ရဲမက်များကအရဲစွန့်၍ဝင်တိုက်သည်။

ကျင်းနန်က ၄င်းတို့၏တိုက်ခိုက်မှုကို လှည့်ပတ်ရှောင်တိမ်း၍အခန်းပြတင်းမှလှစ်ခနဲခုန်ထွက်သွားလေသည်။

"ဟင်…"

"ဟာ…"

"အို…"

ကျန်ခဲ့သည့်အစောင့်ရဲမက်များ တအံ့တဩဖြင့် လွှတ်ခနဲအော်ထွက်သွားကြကုန်လေ၏။

အကြောင်းမှာ…

ကျင်းနန်သည် မြေပေါ်ညင်သာစွာကျလာပြီးနောက်…

တစ်ဆက်တည်းမှာပင်…

www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ရပ်စာခန့်မြင့်သည့်အုတ်နံရံကို ကျားတစ်ကောင်ပမာ ခုန်တက်သွားလေသည်။

ဤမျှကိုယ်ဖော့ပညာကောင်းသည့်သိုင်းသမားမျိုးကို သူတို့အားလုံး မြင်တွေ့ဖူးဟန်မတူပါ။ ထို့ကြောင့် အားလုံးတအံ့တသြဖြင့် မင်တက်မိကုန်ကြခြင်းဖြစ်ပေတော့သည်။

***



## လူတစ်ကိုယ်တဝနှစ်ခု

ကျင်းနန်သည် နေပြည်တော်ရဲမက်များအလိုရှိသည့် တရားခံပြေးတစ်ဦးဖြစ်နေလေပြီ။ ထို့ကြောင့် ရဲမက်များသည် ကျင်းနန်ကို ဖမ်းမိရေးအတွက် အမဲလိုက်ခွေးပမာအနံ့ခံ၍ရှာဖွေလျက်ရှိသည်။

ထို့အတူ....

ကျင်းနန်ကလည်း အဆိပ်ကဝေမကို ခြေရာခံ၍လိုက်လံရှာဖွေလျက်ရှိ၏။

သို့ဖြစ်ရာ....

ကျင်းနန်သည် တစ်ချိန်တည်းမှာပင် သားကောင်ဖြစ်သလို မုဆိုးလည်းဖြစ်နေလေသည်။

တစ်နည်းအားဖြင့်....

ရှောင်ပုန်းသူဖြစ်သလို ရှာဖွေသူလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူသည် လုံခြုံစိတ်ချရသည့်တည်းခိုခန်းတစ်ခု၌ ရဲမက်များ၏ရန်မှလွတ်အောင်ပုန်းခိုလျက်ရှိသည်။

ယင်းသို့တည်းခိုရင်း ကဝေမ၏လှုပ်ရှားမှုကိုခြေရာခံလျက်ရှိသည်။ ကဝေမသည် နေပြည်တော်မှထွက်သွားဦးမည်မဟုတ်ဟု သူယူဆထားသည်။

ထို့ကြောင့် သူလည်း နေပြည်တော်မှထွက်သွားခြင်းမပြုဘဲ ရဲမက်တို့ကိုလည်းပတ်ရှောင်ရှားရင်း....

အခြားတစ်ဘက်၌ ကဝေမကိုခြေရာခံရှာဖွေလေသည်။

သို့သော် ရဲမက်များက သူ့ကိုအသည်းအသည်းရှာနေသဖြင့် သူသည် မြို့စွန်ရှိတည်းခိုဆောင်သို့ပြောင်းရွှေ့ခဲ့ရသည်။

ထိုနေရာက မြို့စွန်ဖြစ်သလိုချောင်လည်းကျသည်။

သူ့အဖို့ နှစ်ရက်သုံးရက်ခန့် စိတ်ချစွာ တည်းခိုနိုင်သည်ဟု တွက်ဆမိသဖြင့် ထိုတည်းခိုဆောင်၌ခဏခြေရာဖျောက်နေ၏။

ကဝေမကိုလည်း နေရာအနှံ့လိုက်၍ခြေရာမခံနိုင်တော့ပါ။

သူမကိုခြေရာခံ၍မရမီ ရဲမက်တို့နှင့်ရင်ဆိုင်တွေ့ရဖို့ကပို၍ သေချာနေသည်မဟုတ်ပါလား။

ထို့ကြောင့်....



ကျင်းနန်သည် အပြင်မထွက်ဘဲအခန်းထဲရှိ ကွပ်ပျစ်ပေါ်၌ လဲလျောင်း၍ အေးအေးလူလူနေခဲ့သည်။ သူ့ဘဝတစ်လျှောက်လုံး အေးအေးလူလူနေခဲ့ရသည်မရှိပါ။

ယခုမှ ဖိမ်ရှိရှိဖြင့်အနားယူနိုင်ခြင်းဖြစ်သည်။

သို့သော် ကံကြမ္မာကသူ့ကိုမျက်နှာသာပေးလိုဟန်မရှိပါ။

အနားယူရုံသာရှိသေးသည်။

အနောင့်အယှက်က မခေါ်ဘဲ ရတ်ခြည်းဝင်ရောက်လာ၏။

သူ၏အကြားအာရုံသို့ အမျိုးသမီးတစ်ဦး၏စကားသံကတိုး ဝင်လာခြင်းဖြစ်သည်။

"ကျင်းသူရဲကောင်းကြီးရယ်... ကျွန်မ ရှင့်ကိုအရမ်းသတိရမိတယ်ရှင့်"

အသံကတိုးတိတ်ညင်သာသော်လည်း ကျင်းနန် ကောင်းစွာ ကြားရသည်။

ဗလုံးဗထွေးမဟုတ်။

ပီပီသသကြားရခြင်းဖြစ်သည်။

ကြားရုံဖြင့်ပင် ထိုအသံရှင်မှာ မည်သူမည်ဝါဖြစ်ကြောင်း ခန်းခနဲသိရှိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကဝေမပင်မဟုတ်ပါလော...

ကျင်းနန်သည် လဲလျောင်းနေရာမှဆတ်ခနဲထ၍ အသံကြားရာတစ်ဘက်ခန်းဆီ ကမန်းကတန်းလာခဲ့သည်။

ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါ။

တံခါးကိုဝုန်းခနဲဖွင့်၍ အခန်းထဲသို့ပြေးဝင်လိုက်သည်။

"မင်း... ငါ့လက်ကပြေးလွတ်မယ်ထင်သလား"

စိတ်ထဲကရေရွတ်၍အခန်းထဲဝှေ့ကြည့်လိုက်သည်။

"ဟင်..."

ကျင်းနန်အံ့ဩသွားသည်။

အကြောင်းမှာ အခန်းထဲ၌ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေခြင်းကြောင့်ဖြစ်သည်။

သူသည် ထိုအခန်းမှအသံထွက်လာခြင်းဖြစ်ကြောင်းအသေအချာသိခဲ့သည်။

အသံကြားလျှင်ကြားချင်း ချက်ချင်းပြေးထွက်လာခဲ့၏။

သို့တိုင်အောင် အခန်းထဲရောက်သည့်အခါ လူရိပ်လူယောင်မျှပင် မတွေ့ရတော့ပါ။

မှောင်ရိပ်ခိုပြီးပုန်းနေရအောင်ကလည်း...



ပြတင်းပေါက်မှ ဝင်လာသောလရောင်ကြောင့် အခန်းတစ်ခုလုံးလင်းနေရာ မမြင်နိုင်စရာအကြောင်းမရှိပေ။

ကျင်းနန် အတော်ပင်မကျေမနပ်ဖြစ်သွားသည်။

အေးဆေးစွာအနားယူမည်ကြံကာမှ ကဝေမကြောင့်ပျက်စီးခဲ့ရပြန်ချေပြီ။

ကျင်းနန်သည် ပြတင်းပေါက်ဆီသို့လျှောက်သွားသည်။

အပြင်ဘက်ဆီသို့ တစ်ချက်အကဲခတ်လိုက်သည်။

ကဝေမသည် သူ့ကိုအသံပေး၍ ပြတင်းပေါက်မှခုန်ချသွားခြင်းပင်လော။

ကျင်းနန်သည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ခုန်ချ၏။

ထို့နောက် ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်သည်။

လူရိပ်လူယောင်မတွေ့ရ။

ခပ်လှမ်းလှမ်းတွင်မူ... မီးရောင်မှိန်မှိန်နှင့်လူနေအိမ်အချို့ရှိနေသည်။

အနီးပတ်ဝန်းကျင်တွင်မူ ပကတိငြိမ်သက်တိတ်ဆိတ်နေ၏။

မည်သည့်လှုပ်ရှားမှုမျှမရှိ။

မသင်္ကာဖွယ်ရာသဲလွန်စလည်း ရှာမတွေ့။

www.burmeseclassic.com

www.burmeseclassic.com



အသံကိုသာကြားရပြီး လူကိုရှာမတွေ့ခြင်းမှာ ထူးဆန်းလှသည်ဟုဆိုရပေတော့မည်။

အတောင်ပေါက်၍ မိုးပေါ်ပျံတက်ခြင်းလည်းမဖြစ်နိုင်။

မြေလျှိုးသွားခြင်းလည်းမဖြစ်နိုင်။

သို့ဆိုလျှင်… အသံရှင်ကဝေမ မည်သည့်နေရာသို့ရောက်ရှိသွားသနည်း။

ကျင်းနန် အတော်ပင်ဦးနှောက်ခြောက်သွားရသည်။

မည်သို့ပင်ဖြစ်စေ သူလိုလူတစ်ယောက်ကို လွတ်အောင်ရှောင်နိုင်ခြင်းအတွက်တော့ ချီးကျူးရပေမည်။

***



သူသည် တည်းခိုခန်းအနီးတစ်ဝိုက်ရှာဖွေကြည့်ရှုခဲ့၏။

မည်မျှရှာမတွေ့သည့်အဆုံး စိတ်လျှော့၍ တည်းခိုခန်းဆီပြန်လာခဲ့၏။

သို့သော် သူ့စိတ်ထဲ လုံးဝဘဝင်မကျနိုင်ပါ။

ထို့ကြောင့် ကိုယ့်အခန်းကိုယ်မပြန်သေးဘဲ အသံပေါ်လာရာအခန်းသို့ဝင်သွား၏။

မကျေမနပ်ဖြင့် ဒုတိယအကြိမ်ရှာဖွေပြန်၏။

ဘာမျှထူးခြားခြင်းမရှိပါ။

စောစောကရှာဖွေသည့်အတိုင်းပင် ဘာမျှမတွေ့ရဘဲရှိ၏။

သူသည် စိတ်ပျက်စွာဖြင့်အခန်းသို့ပြန်လာ၏။

အခန်းပြန်ရောက်တော့ ကွပ်ပျစ်ပေါ်သို့ခြေပစ်လက်ပစ်လှဲအိပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနားယူအိပ်နိုင်ခြင်းမရှိပါ။

အတွေးများက တောင်စဉ်ရေမရပျံ့လွင့်နေ၏။

ကလေးငယ်အား ရင်ခွင်ပိုက်ထားသည့်မိန်းကလေး…

ဓားသမားငါးဦးကို ရက်စက် စွာ ရင်ဆိုင်ခဲ့သည့်မိန်းမပျို…

ကလေးငယ်အားထုပ်ထားသည့်အဝတ်ထဲမှပင့်ကူများ…

ပြီးတော့…

ပင့်ကူနက်ကြောင့် မရှုမလှသေဆုံးခဲ့ကြသည့် စုရှမ်းနှင့် အမျိုးသမီးနှစ်ဦး….

အဖြစ်အပျက်ကား နားမလည်နိုင်အောင် ပဟေဠိဆန်လှတော့သည်။

အဆိပ်ကဝေမတဲ့။

သူမအား အဆိပ်ကဝေမဟုခေါ်ကြ၏။

သူမနှင့်ပတ်သက်၍စဉ်းစားမိတိုင်း သူ့မှာ ခေါင်းရှုပ်သွားရလေသည်။

ယခုလည်း သူ့အား အရှုးလုပ်၍ထွက်လာခဲ့ပြန်ချေပြီ။

သို့ပါလျက် အဘယ်ကြောင့် ဤနေရာသို့ပြန်လည်ပေါ်လာသနည်း။



ထို့ပြင် အသံသာပေးပြီး လူတော့အတွေ့မခံ။

ခြေရာပျောက်သွား၏။

အဘယ်ကြောင့် ဤသို့ပြုရပါသနည်း။

သူ မစဉ်းစားတတ်ပါ။

စဉ်းစားလျှင် ပို၍ဦးနှောက်ခြောက်ဖို့သာရှိ၏။

သို့သော် မတွေးဘဲလည်းမနေနိုင်။

တွေးမိပြန်တော့လည်း ဘဲဥအစရှာမရသလိုလုံးချာလိုက်နေပြန်သည်။

မည်မျှစိတ်ပျက်စရာကောင်းပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညအဖို့ သူအိပ်ပျော်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် အိပ်ရာပေါ်မှလူးလိမ့်ထ၏။

ဤတွင် တံခါးရွက် အတွင်း၌ကပ်ထားသောစာရွက်တိုလေး တစ်ရွက်ကို အမှတ်မထင်တွေ့ရ၏။

စောစောပိုင်းက ထိုနေရာ၌ဘာမျှမရှိပါ။

သူအပြင်ထွက်ပြီး အခန်းထဲပြန်ရောက်မှ ထိုစာရွက်ကိုမြင်ရ ခြင်းဖြစ်၏။

အပြင်သွားစဉ်က တစ်စုံတစ်ယောက်လာရောက်ကပ်သွား ခြင်းဖြစ်ပုံရ၏။

သူ စိတ်ဝင်စားသွား၏။

ထို့ကြောင့် ကွပ်ပျစ်ပေါ်မှဆင်းကာ တံခါးဆီသွား၏။

အနားရောက်၍သေချာကြည့်မှ စာရွက်ပေါ်၌စာလေး နှစ်



ကြောင်းရေးထားသည်ကိုတွေ့ရ၏။ သူစိတ်ဝင်တစားဖြင့် ကမန်း ကတန်းဖတ်ကြည့်၏။

"ရန်သူ့လက်ကလွတ်မြောက်အောင် ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

စာမှာ ထိုမျှသာဖြစ်သည်။

မည်သူမည်ဝါက ရေးသားခဲ့ကြောင်းသိရှိအောင် လက်မှတ် ရေးထိုးမထားပါ။

သို့သော် မည်သူကရေးသားထားခြင်းဖြစ်ကြောင်း ကျင်းနန် သိ၏။ ကလေးငယ်ကိုရင်ခွင်ပိုက်ပြီး သနားစရာဒုက္ခသည်အဖြစ် ဟန်ဆောင်ခဲ့သည့် အဆိပ်ကဝေမပင်မဟုတ်ပါလား။

နဂိုကတည်းက ခြောက်နေသောဦးနှောက်သည် ယခုမှပို၍ ခြောက်သွားရတော့သည်။

ထိုစာရွက်သည် အဘယ်ကြောင့် တံခါးရွက်အတွင်း၌ ရှိနေရ ပါသနည်း။

အဆိပ်ကဝေမသည် တံခါးအပြင်ဘက်၌ကပ်ထားလည်း ရ နိုင်ပါသည်။

အဘယ်ကြောင့် မိမိအား အပြင်သို့မျှားခေါ်ထုတ်ပြီးမှ လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကပ်ရပါသနည်း။

ဗိုလ်ဦးနောက်ခြောက်စရာကောင်းသည်ကား

သူ ဤနေရာ၌ရှိနေသည်ကို အဆိပ်ကဝေမကသိနေခြင်းပင်တည်း။

ယခုအတိုင်းဆိုလျှင် သူသည် အလင်းရောင်အောက်၌ရှိသူဖြစ်နေချေပြီ။

အဆိပ်ကဝေမကမူ မှောင်ထဲမှာဖြစ်၏။

မှောင်ထဲမှလူက အလင်းရောင်အောက်ရှိလူကို ကောင်းစွာမြင်တွေ့နေရသည်။

အလင်းရောင်အောက်မှလူကမူ မှောင်ထဲမှလူကို မြင်တွေ့နိုင်မည်မဟုတ်ပါ။

ကျင်းနန်၏လက်ရှိအနေအထားက ဤအတိုင်းဖြစ်နေပြီး

တစ်နည်းအားဖြင့်....

သူ့အသက်သည် အဆိပ်ကဝေမ၏လက်ထဲတွင်ရှိနေပြီဟုဆိုရပေတော့မည်။

သူမသာ ဆန္ဒရှိမည်ဆိုပါက... ကျင်းနန်အဖို့ အပြန်တစ်ဖက်မကသေဆုံးနေလောက်ချေပြီ။



နေပြည်တော်ရှိ ရဲမက်များကိုပင် ခြေရာဖျောက်နိုင်ခဲ့သော ကျင်းနန်သည် အဆိပ်ကဝေမကိုမူ လုံးဝခြေရာမဖျောက်နိုင်ခဲ့ချေတကား။

အမှန်တော့ သူသည် မှုဆိုးမဟုတ်တော့ပါ။

သားကောင်သာဖြစ်နေချေပြီ။

တွေးကြည့်တော့လည်း ရယ်ဖို့ပင် ကောင်းနေသေး၏။

သူကသာ အဆိပ်တဝေမကိုခြေရာခံ၍လိုက်ရှာနေ၏။

အဆိပ်ကဝေမက သူ့နောက်မှအရိပ်သဖွယ်ပါနေခဲ့သည်ကို သူ့မသိခဲ့ချေတကား။

***

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်၏သတင်းသည် ကျန်းဟူသိုင်းလောကသို့ တောမီး ပမာပျံ့နှံ့သွား၏။

ကျန်းဟူသိုင်းလောကသားများအားလုံး မခံမရပ်နိုင်အောင် ဖြစ်ကုန်ကြသည်။

ယင်းသို့ဖြစ်ရသည်မှာလည်း အကြောင်းရှိသည်။

ကျန်းဟူသိုင်းသမားများသည် ဖြောင့်မတ်တည်ကြည်သူ များအဖြစ် သိုင်းလောကအတွင်ထင်ရှား၏။

ကျန်းဟူသိုင်းသမားများသည် မည်သည့်ပြဿနာမဆို သိုင်းလောကထုံးတမ်းစဉ်လာအရသာ ဖြေရှင်းလေ့ရှိ၏။

မည်သည့်အခါမျှ ရန်သူကိုအကောက်ကြံလေ့မရှိ။

မကျေနပ်လျှင် ပြောင်ပြောင်တင်းတင်းစိန်ခေါ်၏။

ကျန်းဟူသိုင်းသမားများ အထူးအရေးထားစောင့်ထိန်းသည့် အရာမှာ မည်သည့်အခါမျှအဆိပ်လက်နက်မသုံးခြင်းပင်ဖြစ်သည်။



ယခုမူ....

ကျန်းဟူသိုင်းသမားဖြစ်သောကျင်းနန်သည် အဆိပ်လက် နက်သုံးသောမိန်းမပျိုတစ်ဦးနှင့်ပူးပေါင်း၍ နေပြည်တော်အထိပင် ဝင်၍ရမ်းကားနေပြီမဟုတ်ပါလား။

ဤသည်မှာ... ကျန်းဟူသိုင်းလောကသားများကို အကြီးအ ကျယ်သိက္ခာကျစေသည့်ကိစ္စပင်ဖြစ်၏။

ထို့ကြောင့် ကျန်းဟူသိုင်းသမားများသည် မိမိတို့၏ဂုဏ် သိက္ခာအတွက် ကျင်းနန်ကိုသုတ်သင်ပစ်ရန်ရှာဖွေကြတော့၏။

အခြားတစ်ဘက်တွင်လည်း နေပြည်တော်ရဲမက်များက ဝိုက်စိပ်တိုက်ရှာဖွေနေကြပြန်၏။

စုရှမ်းနှင့်မိသားစုကိုလုပ်ကြံခဲ့ခြင်းကြောင့် ကျင်းနန်နှင့်အ ဆိပ်ကဝေမကို တွေ့ရာသချိုင်းစားမဆိုင်းဘဲ သုတ်သင်ပစ်ရန် အမိန့် ချထား၏။

သို့ဖြစ်ရာ.... ကျင်းနန်မှာ မဆီမဆိုင်ဘဲ အန္တရာယ်ဝိုင်းခံ ရတော့သည်။

ဤကိစ္စကို မည်သို့ဖြေရှင်းရမည်နည်း။

ကလေးတစ်ဖက်နှင့် ဒုက္ခရောက်နေသည့်မိန်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်မိရာမှ မိမိကိုယ်တိုင်သနားစရာဖြစ်နေသည်ကို တွေးရင်း အတော်မကျေမနပ်ဖြစ်ရ၏။

တွေးလေတွေးလေ ဒေါသထွက်လေပင်။ အဆိပ်ကဝေမက သူ့ကိုကောင်းကောင်းကြီး လှည့်စားခဲ့သည်မဟုတ်ပါလား။

သူ့စိတ်အထိခိုက်ရဆုံးကား နယ်မြေခံကျန်းဟူအဖွဲ့၏အထင်လွဲမှားမှုခံရခြင်းပင်။

ပြဿနာအားလုံး၏အဓိကတရားခံမှာ အဆိပ်ကဝေမပင်ဖြစ်သည်။

သူမအား ကိုယ်တိုင်ဖမ်းပြီး အာဏာပိုင်များထံအပ်နိုင်ပါမှ ယခုကြုံတွေ့နေရသည့်ပြဿနာများကိုဖြေရှင်းနိုင်မည်ဖြစ်သည်။

သူ သက်ပြင်းချလိုက်၏။

ထို့နောက်... အခန်းထဲမှထွက်၍ အောက်ထပ်ရှိဧည့်ခန်းသို့ဆင်းလာခဲ့သည်။

ဧည့်ခန်း၌လူရှင်းသည်။

တည်းခိုခန်းစာရေးတစ်ဦးတည်းသာလျှင် စားပွဲတစ်လုံးတွင်ထိုင်နေသည်ကိုတွေ့ရ၏။ သူသည် ထိုလူထံလျှောက်သွား၏။

"ကျွန်တော် ဘာလုပ်ပေးရမလဲခင်ဗျာ"



အနားသို့ရောက်လာသည့်သူ့ကိုမော့ကြည့်ရင်း ထိုလူကမေးလာသည်။ သူက...

"ကျုပ်မေးစရာရှိလို့ပါ"

"ဟုတ်ကဲ့မေးပါခင်ဗျာ"

"စောစောက အမျိုးသမီးတစ်ယောက်ထွက်သွားတာများတွေ့မိလားဗျ"

ထိုလူမျက်မှောင်ကုတ်၏။

"အမျိုးသမီးတစ်ယောက်ဟုတ်လား"

"ဟုတ်တယ်... ကျုပ်အခန်းနဲ့ကပ်လျက်က"

သူ၏လေသံမှာဆတ်ဆတ်ဖြစ်သွားသည်။

ထိုလူ နားလည်သဘောပေါက်၏။

မိမိကသိလျက်နှင့်တမင် အကြောင်းရိုက်နေသည်ဟုထင်နေပုံရသည်။ ထို့ကြောင့် တောင်းပန်ဟန်နှင့်ပြန်ကြည့်၍...

"စိတ်မရှိပါနဲ့ဆရာ... ကျွန်တော် ဒီစားပွဲမှာ ညနေတည်းကထိုင်နေတာပါ၊ ဘယ်အမျိုးသမီးမှဝင်မလာသလို ထွက်သွားတာလဲမရှိပါဘူးခင်ဗျာ"

ထိုလူက အနည်းငယ်စဉ်းစားရင်း...

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး… အစ်ကိုကြီးရဲ့အခန်းက အမှတ်ငါးမဟုတ်လား"

သူခေါင်းညိတ်သည်။ ထိုလူက…

"ဒါဆို ကပ်လျက်အခန်းက အမှတ်လေးပဲ… အဲဒီအခန်းမှာ နေတာက သူဌေးသားလေးတစ်ယောက်ပါ၊ ချောတာမှမိန်းမချော ချောတာဗျ၊ အဲ သူကလွဲပြီး မိန်းမနဲ့တူတာဆိုလို့ ဒီမှာမရှိသေးပါဘူး ခင်ဗျာ"

သူလက်ကာပြသည်။

"ကဲပါ… ဒါထားပါတော့၊ အဲဒီသူဌေးသားရော"

"စောစောကလေးတင် ထွက်သွားပါတယ်… အစ်ကိုကြီးသိ လို့လားဟင်"

ထိုလူ၏အမေးကိုမဖြေဘဲ…

"သူဘယ်ထွက်သွားတာလဲ"

ထိုလူကခေါင်းခါသည်။

"ဘယ်သွားမယ်လို့တော့ ပြောမသွားပါဘူးခင်ဗျာ"

သူစိတ်ပျက်သွားသည်။ ယခုအတိုင်းဆိုလျှင် ကောက်ရိုးပုံ ထဲကျသွားသည့်အပ်ကိုရှာရသလိုဖြစ်ပြီမဟုတ်လား။

ကျင်းနန်ထွက်သွားရန်ပြင်သည်။



ဤတွင် တည်းခိုခန်းစာရေးကတစ်စုံတစ်ခုသတိရ၍…

"အဲ… တစ်ခုတော့ရှိတယ်အစ်ကိုကြီး"

ကျင်းနန်ကထွက်သွားရန်ပြင်ပြီးမှနောက်လှည့်ကာ…

"ဆိုပါဦး… ဘာများလဲ"

ထိုလူက…

"သူ တည်းခိုခန်းကထွက်ခါနီးမှာ ကျွန်တော့်ကိုတစ်ခုမေး သွားတယ်ဗျ"

ကျင်းနန်စိတ်ဝင်စားသွား၏။

"ဟုတ်လား… ဘာမေးသွားလဲ"

"ဂေဟာမယ်ဘယ်မှာရှိလဲတဲ့"

"အဲဒီတော့ ခင်ဗျားကဘယ်လိုညွှန်သလဲ"

"နတ်မိမယ်ဂေဟာကိုပေါ့"

ကျင်းနန် ဆက်မမေးတော့ပါ။ ချာခနဲလှည့်ပြီး တည်းခိုခန်းမှ ထွက်သွားခဲ့လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



## နတ်မိမယ်ဂေဟာ

နတ်မိမယ်....

နတ်မိမယ်သည် ဂေဟာတစ်ခု၏အမည်ဖြစ်ပြီး ညဥ့်ငှက်တို့ ပျော်စံရာအရပ်ဖြစ်သည်။ အဖော်မဲ့ယောကျ်ားသားများကို မိန်းမလှလေးများကစိတ်ပျော်ရွှင်အောင်ဧည့်ခံ၏။

အရက်သောက်ဖော်မရှိလျှင် ဝင်ထိုင်ပေးသည်။

ပျင်းလျှင် သီချင်းဆို၍ဖျော်ဖြေ၏။

အပြင်မှာစိတ်ညစ်လာသမျှ နတ်မိမယ်ဂေဟာသို့ရောက်လျှင် ပျော်ရွှင်လန်းဆန်းသွားသည်ဟုဆို၏။

အထီးကျန်သူများအဖော်မရှိ၍ပူစရာမလို။

နတ်မိမယ်ဂေဟာသို့ရောက်လျှင်....

အားလုံးအဆင်ပြေသွားမည်ဟုဆို၏။



လောင်းကစားဝါသနာပါသူများအတွက်လည်း သီးသန့်ဝိုင်းထားရှိပေးသည်ဟုဆို၏။

ယောကျ်ားသားတို့အတွက် လိုအပ်ချက်မှန်သမျှ နတ်မိမယ်မှာရနိုင်သည်ဟူသောဆိုရိုးစကားပင်....

ရေပန်းစားလျက်ရှိနေပေသည်။

ထိုနေရာကား... နေ့ဘက်တွင်တိတ်ဆိတ်ပြီး ညအခါမှသာ စိုပြည်စည်ကားလေ့ရှိသည်။

ဝတ်စုံဖြူနှင့်လူရွယ်တစ်ဦးသည် နတ်မိမယ်ဂေဟာဆီသို့ ဦးတည်လျှောက်လာနေသည်။

ဂေဟာအတွင်း၌ မီးရောင်များဖြင့်ထိန်လင်းလျက်ရှိရာ လမ်းမပေါ်သို့ပင် မီးရောင်တို့ဖြာကျနေ၏။

လူရွယ်သည် တစ်နယ်တစ်ကျေးမှဖြစ်ဟန်တူ၏။

နတ်မိမယ်ဂေဟာသို့ ဦးတည်လျှောက်လျက်ရှိသော်လည်း ဘယ်မှာရှိမှန်းသိပုံမပေါ်။

အဆောက်အအုံရှေ့ချိတ်ဆွဲထားသော နာမည်ဆိုင်းဘုတ်များကို တစ်ခုချင်းဖတ်၍ရှေ့ဆက်လျှောက်လာသည်။

အတန်ကြာလျှောက်မိသည့်အခါ....

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံတစ်ခုရှေ့သို့ရောက်ရှိလာ၏။

ဆိုင်းဘုတ်ကိုဖတ်ကြည့်လိုက်ရာ…

“နတ်မိမယ်”

အဆိုပါစာတမ်းကိုမြင်တွေ့သည်နှင့် ဝတ်စုံဖြူနှင့်လူရွယ် ကျေနပ်စွာပြုံးလိုက်၏။

ရယ်မောသံတို့က အဆောက်အအုံတွင်းမှလွင့်ပျံထွက်ပေါ်လာ၏။ ဝတ်စုံဖြူနှင့်လူရွယ် အဆောက်အအုံအတွင်းသို့ဝင်၏။

ဧည့်ခန်းမကြီး၌ ယောကျ်ားနှင့်မိန်းမတို့တရုန်းရုန်းရှုပ်ထွေးလျက်ရှိသည်။

စားပွဲဝိုင်း၌ဧည့်ခံနေသောမိန်းကလေးတို့၏ရယ်သံက ဟိုမှသည်မှထွက်ပေါ်လျက်ရှိ၏။ ဧည့်ခံစရာမရှိသေးသည့်မိန်းကလေးအချို့က ခန်းမကြီးထဲဝင်လာသည့်လူရွယ်ကိုတွေ့ရသောအခါ အပြေးအလွှားသွားရောက်ကြိုဆိုကြ၏။

“ကြွပါသခင်လေး… သခင်လေးအတွက် ကျွန်မတို့ဘာများစီစဉ်ပေးရမလဲဟင်”

လူရွယ်ကဘာမျှပြန်မပြော။

ခပ်တည်တည်ပင် ဝင်ရောက်သွား၏။



ထိုစဉ် အမျိုးသမီးတစ်ဦးအပြေးအလွှားရောက်ရှိလာပြီး…

“သခင်လေး အပေါ်ထပ်ကြွပါ”

သားနားသပ်ရပ်စွာဝတ်ထားသောလူရွယ်ကို အမျိုးသမီးကြီး အထင်ကြီးသွားပုံရ၏။

ထို့ကြောင့် အပေါ်ထပ်အဆောင်သို့ခေါ်သွားသည်။

ထိုအထပ်ကား ဧည့်ခံစရိတ်လွန်စွာကြီး၏။

ငွေကြေးချမ်းသာသူများမှအပ တော်ရုံတန်ရုံလူများ စိတ်မကူးဝံ့ကြပါ။

လူရွယ်မှာ ငွေသုံးနိုင်သူဖြစ်မည်ဟုအကဲခတ်မိသဖြင့် အမျိုးသမီးက ပျာပျာသလဲကြိုဆိုခေါ်ဆောင်သွားခြင်းဖြစ်၏။

အပေါ်ထပ်သို့ရောက်သည့်အခါ…

အမျိုးသမီးကြီးသည် မိန်းကလေးတစ်ဦးကိုခေါ်၍ သီးသန့်ခန်းတစ်ခန်းသို့ခေါ်၏။

သီးသန့်ခန်းတွင်း၌ မိန်းကလေးတစ်ဦးက လူကြီးတစ်ဦးကိုဧည့်ခံလျက်ရှိ၏။

အမျိုးသမီးကြီးက အခန်းတံခါးကိုတွန်းဖွင့်ရင်း…

“ကျင်းဝါ ဧည့်သည်အသစ်ရောက်လာလို့ထွက်ဧည့်ခံပါ”

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောပြီး တစ်ဆက်တည်းမှာပင် တစ်ပါတည်းခေါ်လာသည့်မိန်းကလေးအား....

"ကဲ ညည်းက ကျင်းဝါအစား လူစားလဲပြီးခည့်ခံလိုက်ပါ"

ဤအခန်းထဲမှလူကြီးက....

"ဟော့ဘယ်သူလဲ... ဘာတွေလာပြောနေတာလဲ"

မကျေမနပ်ဖြင့်ငေါက်ငမ်းခြင်းဖြစ်၏။

"ကျွန်မပါအစ်ကိုကြီး"

အမျိုးသမီးကြီးကပျာပျာသလဲပြန်ပြောသည်။

ကျင်းဝါအမည်ရှိမိန်းကလေး အခန်းတွင်းမှထွက်လာ၏။

လူကြီးတစ်ဦးကနောက်မှကပ်၍လိုက်လာပြီး....

"ဘာကိစ္စနဲ့လာတာလဲ"

အမျိုးသမီးကြီးကအားတုံ့အားနာဖြင့်ပြုံးပြရင်း....

"လူကြီးမင်းအတွက် အပြောင်းအလဲဖြစ်အောင် လူချင်းလဲပြီးခည့်ခံနိုင်းမလို့ပါရှင်"

"မလိုဘူး... ကျုပ်အတွက်ကျင်းဝါရှိရင်လုံလောက်ပြီ"

ပြောဆိုပြီး ကျင်းဝါ၏လက်ကိုဆွဲ၍အခန်းထဲပြန်လည်ခေါ်ဆောင်သွား၏။



တစ်ဆက်တည်းပင် တံခါးကိုလည်းဆောင့်ပိတ်၏။

သို့သော် တံခါးကပိတ်မသွားချေ။

ဝတ်စုံဖြူနှင့်လူရွယ် ရှေ့သို့ဖျတ်ခနဲရောက်လာပြီး တံခါးကိုတွန်းထား၍ဖြစ်သည်။

အခန်းထဲမှလူဒေါပွသွား၏။

သူ့ကိုကြည့်၍....

"မင်းဘာလုပ်တာလဲ... သေချင်လို့လား"

သူကပြုံး၏။

"ဒီစကားကကျုပ်မေးရမှာပါဗျာ"

ထိုလူပို၍ဒေါပွသွားကာ....

"အံမာ နို့နံ့မစင်သေးတဲ့ကောင်ကများ... ငါ့ကိုဘာများမှတ်နေလို့လဲ"

သူပခုံးတွန့်သည်။

"ကျုပ်က လူပေါလို့မှတ်တာပဲဗျ"

ထိုလူ စကားမပြောနိုင်တော့ပါ။ တံခါးဆွဲဖွင့်ပြီး လက်တစ်ချက်လှုပ်ရှား၏။ ဓားရောင်တစ်ချက်ပြိုးပြက်သွား၏။ ဒေါသတကြီးဖြင့်လူရွယ်ကိုတိုက်ခိုက်လိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူရွယ်ကသူ့ထက်ပိုလျင်၏။

ထိုလူ လက်လှုပ်သည်နှင့်နောက်သို့ခုန်ဆုတ်ပြီးဖြစ်၏။

ပျံလွှားတစ်ကောင်ပျံထွက်သွားသည်နှင့်ပင် တူနေသည်။

"ဝှီး...."

"ဝှစ်... ဝှစ်... ဝှစ်"

ထိုလူ၏ဓားသည် လေကိုခုတ်မိ၏။

"အမယ်လေး... လုပ်ကြပါဦး"

အမျိုးသမီးကြီးက ထိတ်လန့်တကြားအော်၍ အောက်ထပ်ပြေးဆင်းသွား၏။ အပေါ်ထပ်ရှိ အခြားအခန်းမှလူများသည်လည်း ပြူတစ်ပြူတစ်ဖြင့်ချောင်းကြည့်ကြကုန်၏။

လူထွားကြီးက ဘာကိုမှအရေးမစိုက်ဘဲ ဝတ်စုံဖြူနှင့်လူရွယ်ကိုသာသဲသဲမဲမဲတိုက်ခိုက်လျက်ရှိနေတော့၏။

***



လူထွားသည် ဒေါသတကြီးဖြင့် ဝတ်စုံဖြူနှင့်လူရွယ်ကို အတင်းတရကြမ်းတိုက်နေသည်။ လူရွယ်သည် လူထွားကြီး၏တိုက်ခိုက်မှုကို အသာအယာပင်ရှောင်တိမ်းလျက်ရှိသည်။

ထိုလူထွားကြီးသည် တိုက်ခိုက်နေရင်းမှ အဆင့်မြင့်သိုင်းသမားတစ်ဦးနှင့်ရင်ဆိုင်နေရကြောင်းနားလည်သွား၏။ ကျားမြီးတိုကိုဆွဲမိပြီဖြစ်ကြောင်းသိလိုက်သည်။

ထိုစဉ်မှာပင်....

"ခြွမ်း...."

လူရွယ်၏ဓားချက်ကြောင့် လူထွားကြီးဓား လွင့်စဉ်သွားလေသည်။ လွင့်ထွက်သွားသည့်ဓားကို လူရွယ်ကခြေဖြင့်ကော်ထုတ်လိုက်ရာ....

"ဝှီး...."

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်...."

ဓားသည် ထိုလူ၏ခြေနှစ်ဖက်ကြား ကြမ်းပြင်ပေါ်သို့စိုက်ဝင်သွားလေသည်။

လူထွားကြီးမှာမျက်စိမျက်နှာပျက်၍ ကိုယ့်ဓားကိုပင် ကိုယ်မယူနိုင်ဘဲထိတ်လန့်စွာဖြင့် လှေကားအတိုင်း ဒရောသောပါးဆင်းသွားလေ၏။

ထိုအခါမှ... ချောင်းကြည့်နေသူတို့ ကိုယ့်အခန်းကိုယ်ပြန်ဝင်ကြသည်။

လူရွယ်လည်း ကျင်းဝါအမည်ရှိမိန်းကလေးကိုခေါ်၍ အပေါ်ထပ်ထောင့်စွန်းရှိ အခန်းလွတ်ကိုခေါ်သွားသည်။

အခန်းရှိစားပွဲ၌ဝင်ထိုင်ရင်း....

"ကဲ... မင်းလဲ ထိုင်စမ်းပါဦး"

သူက အနီးရှိထိုင်ခုံကိုညွှန်ပြ၍ပြောသည်။

ကျင်းဝါမှာ စောစောကတိုက်ပွဲကြောင့် အကြောက်ပြေဟန်မရှိပါ။ ထိုင်ခုံ၌ မရဲတရဲ ဝင်ထိုင်၏။

ထိုစဉ်.... ဂေဟာရှင်အမျိုးသမီးသည် အရက်အိုးတင်သည့်လင်ဗန်းကိုယူ၍စားပွဲပေါ် တင်ပေး၏။



"ဒါအကောင်းဆုံးဝါးရွက်စိမ်းအရက်ပါ... နောက်ထပ် ဘာအလိုရှိပါသလဲ"

လူရွယ်ခေါင်းခါ၏။

"လိုမှမှာမယ်... ခုဘာမှမလိုသေးဘူး"

ပြောရင်း ငွေတုံးအချို့ထုတ်၍အမျိုးသမီးကိုပေး၏။

တန်ရာတန်ကြေးထက် ပို၍လားမသိ။

သူမ၏မျက်နှာဝင်းလက်၍ အကြိမ်ကြိမ်ဦးညွှတ်ပြီး....

"ကဲ... ကျင်းဝါ သခင်လေးကိုအကောင်းဆုံးဧည့်ခံနော်"

ပြောဆိုပြီး အခန်းထဲမှထွက်သွားလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



●

"မင်းနာမည်ကျင်းဝါနော်"

လူရွှယ်က မိန်းကလေးကိုစေ့စေ့ကြည့်ရင်းမေးသည်။

"ဟုတ်… ဟုတ်ပါတယ်ရှင်"

လူရွှယ်ပြုံးလိုက်သည်။

"ငါသိရသလောက် ကျင်းဝါဆိုတာ မင်းနာမည်ရင်းမဖြစ်နိုင်ဘူး"

ကျင်းဝါအမည်ရှိမိန်းကလေးမျက်လုံးပြူးသွားသည်။

လူရွှယ်၏အကြည့်ဒဏ်ကိုမခံနိုင်၍ခေါင်းငုံ့ရင်း….

"ဒါ… ဒါကတော့သခင်လေးရယ်၊ ဒီလိုနေရာမျိုးမှာအလုပ်လုပ်နေရတော့"

သူမ၏စကားမဆုံးမီ သူကကြားဖြတ်သည်။

"မင်းနာမည်ရင်းကဘယ်သူတဲ့လဲ"

သူမသည် ခေါင်းပြန်မော့ပြီး….



"ကျွန်မနာမည်ရင်းကိုသိရလို့လဲ ဘာထူးခြားမှာမို့လဲ"

လူရွှယ်ပြုံးလိုက်သည်။

"မင်းကို ဒီဘဝကလွတ်အောင်ကယ်ချင်လို့ပါ"

သူမသည် ထိုစကားကြောင့်အံ့အားသင့်မိပုံရ၏။

သူ့ကိုနားမလည်နိုင်ဟန်ဖြင့်ကြည့်၏။

ပြီးမှသက်ပြင်းမှျင်းမှျင်းချ၍….

"ကျေးဇူးတင်ပါတယ်ရှင်…. ဒါပေမဲ့ ကျွန်မဘဝကိုကျွန်မ မပိုင်တော့ပါဘူးရှင်"

သူကပြုံး၍….

"ဒီအတွက်မင်းဘာမှမပူနဲ့… ငါအားလုံးတာဝန်ယူတယ်"

"ဒါပေမဲ့… ကျွန်မ…."

သူက သူမ၏စကားကိုကြားဖြတ်၍….

"ဒါပေမဲ့လုပ်မနေနဲ့… ငါပြောတာသေချာနားထောင်"

သူသည် သူမ၏ပခုံးကိုကိုင်၍ဖွဲလှည့်ပြီး….

"ငါမင်းကိုမြင်မြင်ချင်းမေတ္တာရှိခဲ့တာပါ"

သူမမှာ ထိုစကားမျိုးရိုးနေဟန်ရှိသည်။

မရှိပြုံးပြုံးရင်း….

www.burmeseclassic.com

www.burmeseclassic.com



"ခုမြင်ခုကြိုက်... ဒီကလဲပြန်ရော မေ့သွားရောပေါ့"

လူရွယ်ကခေါင်းညိတ်၏။

ထို့နောက် မိန်းကလေးအားစေ့စေ့ကြည့်ကာ...

"ဟင့်အင်း...မင်းပြောသလိုမဟုတ်ဘူး။ ပထမတစ်ကြိမ် ငါ့သူငယ်ချင်းနဲ့ ဒီကိုလာတုန်းက မင်းကိုတွေ့ပြီး အဲဒီကတည်းက စွဲလန်းနေမိခဲ့တာပါ"

မိန်းကလေးက...

"သြော်... ဒါကြောင့် ရှင် ကျွန်မကိုတွေ့ဖို့ မရမကခေါ်ခဲ့တာကိုး"

"ဟုတ်တယ် မင်းတခြားဧည့်သည်နဲ့ရှိနေမှန်းသိလို့ မတန်မဆငွေပေးပြီး မရမကခေါ်ခိုင်းခဲ့တာပဲ၊ ကံကောင်းလို့ အဲဒီလူရဲ့ဖားချက်နဲ့မသေတာ"

မိန်းကလေးမှာ တစ်ချက်တွေဝေသွား၏။

လူရွယ်၏စကားက ရင်ထဲမှအမှန်တကယ်လှိုက်လှဲစွာပြောဆိုလိုက်သည့်စကားပေပဲလား။

သို့မဟုတ် လျှာအရိုးမရှိတိုင်း ပျော်စေပျက်စေ သက်သက်မဲ့ဟန်ဆောင်ပြောနေခြင်းကော မဖြစ်နိုင်ပေဘူးလား။



ဤသည်ကိုတော့ မိန်းကလေးအနေနှင့်ခွဲခြားမသိပါ။

မည်သို့ပင်ဖြစ်စေ...

သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းမည်ဆိုလျှင်တော့ စိတ်ဝင်စားမိသည်ကအမှန်ပါ။

"အစ်ကို... ကျွန်မကိုတကယ်မေတ္တာရှိတာလားဟင်"

သူမက မယုံမရဲဖြင့်မေးမိ၏။

လူရွယ်ကပြုံးပြီး...

"တကယ်ပေါ့... ဒါပေမဲ့ ဒီကျင်းဝါဆိုတဲ့နာမည်ကိုတော့ မခေါ်ချင်ဘူး၊ နာမည်ရင်းကိုပဲခေါ်ချင်တာ"

"ကျွန်မနာမည်စွေ့ဟော်ပါ... မျိုးရိုးစာလုံးကချိုပါ"

သည်တစ်ခါတော့... မိန်းကလေးကခပ်သွက်သွက်ပင် ပြောလေ၏။

"သြော်... မင်းရဲ့အဖေကချိုစွေကိုး"

"ဟုတ်ပါတယ်ရှင်"

သူမသည် မဆီမဆိုင်မေးခွန်းထုတ်သည့်လူရွယ်အား နားမလည်နိုင်အောင်ဖြစ်မိ၏။

ထိုစဉ်မှာပင်...

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း...."

တစ်စုံတစ်ယောက်က အခန်းတံခါးအား ဆောင့်ဖွင့်လိုက်သဖြင့် ဝုန်းခနဲပွင့်သွား၏။

တံခါးဝ၌ လူရိပ်တစ်ရိပ်ဘွားခနဲပေါ်လာ၏။

သူမသည် အခန်းတံခါး ရုတ်တရက်ပွင့်သွားသဖြင့် လန့်ဖျပ်ပြီး....

"အမယ်လေး"

ယောင်မှားအော်ပြီးထိုင်ရာမှထလိုက်၏။

ဝတ်စုံဖြူနှင့်လူကား ဘာမျှမဖြစ်သလိုအေးစက်စက်ရှိလေ၏။ နေရာမရွေ့အထိုင် မပျက်ဘဲ တံခါးဝသို့ခပ်အေးအေးပင် ကြည့်နေလေ၏။

တံခါးဝ၌ လူတစ်ယောက်မားမားမတ်မတ်ရပ်နေ၏။

ဝတ်စုံဖြူနှင့်လူရွယ်လို ချောမောခြင်းမရှိ။

ရုပ်ရည်ကြမ်းကြမ်းနှင့် လူလတ်ပိုင်းအရွယ်ရှိသူဖြစ်သည်။ ဖျင်ကြမ်းအင်္ကျီဝတ်ထား ပြီး ကျောချိုးရှည်တစ်လက်လွယ်ထား၏။

မြင်ရုံဖြင့်ပင် သိုင်းလောကသားတစ်ယောက်ဖြစ်မှန်းသိသာလှ၏။



ထိုလူက လူရွယ်အားစက်ဆုပ်စွာကြည့်ရင်း....

"ဘယ်နှယ့်လဲ အဆိပ်ကဝေမ... ဒီတစ်ခါ မင်း ငါ့လက်ထဲက ပြေးလို့လွတ်မယ်ထင်သလား"

လူရွယ်သည် တံခါးဝမှလူကိုခပ်အေးအေးပြုံးပြရင်း....

"ခင်ဗျား ဘာတွေလာပြောနေတာလဲ... လူမှားနေပြီထင်တယ်"

"ဟင်း... ဟင်း... တော်တော်လာတဲ့ မိန်းမလည်ပါလား၊ ဟေ့... ဒီမှာမင်းသူများကိုလှည့်စားလို့ရချင်ရမယ်၊ ဒါပေမဲ့ ငါ့ကိုတော့ လှည့်စားလို့ရမယ်မထင်နဲ့"

လူရွယ်သည် ခပ်အေးအေးထိုင်နေဆဲပင်ဖြစ်၏။

ထိုလူ၏စွပ်စွဲချက်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်မသွားပါ။'

"ခင်ဗျားပြောနေတာတွေ ကျုပ်ဘာမှနားမလည်ဘူး၊အခန်းတံခါးကိုခွင့်မတောင်းဘဲအတင်းဖွင့်တာဟာ ကျုပ်ကိုစော်ကားတာပဲ၊ ကျုပ်စိတ်မဆိုးခင် ခင်ဗျားအမြန်ထွက်သွားရင်ကောင်းမယ်"

လူရွယ်၏စကားသံက ခပ်အေးအေးပင်ဖြစ်၏။ သို့သော် ခြိမ်းခြောက်ခြင်းဖြစ်ကြောင်းသိသာ၏။

ထိုလူ ဘာမျှမပြောတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်ပြက်သလို လှစ်ခနဲလှုပ်ရှားလိုက်၏။

ဓားဆွဲထုတ်ပြီး လူရွယ်ထံ တစ်ဟုန်ထိုးတိုးဝင်သွားခြင်းဖြစ်၏။ လူရွယ်ကလည်းလျင်၏။ ထိုလူ၏ဓား ရောက်လာချိန်၌ လူရွယ်သည် မူလနေရာ၌ရှိမနေတော့ပါ။

လူရွယ်သည် ထုပ်တန်းပေါ်သို့ရောက်ရှိသွားပြီဖြစ်၏။

ထိုမှတစ်ဆင့် အခန်းအပြင်သို့ခုန်ထွက်လိုက်၏။

ဖွေ့ဟော်အမည်ရှိမိန်းကလေးမှာ ကြောက်အားလန့်အားနှင့် အခန်းထောင့်၌ကပ်ကာငေးကြောင်ကြည့်နေ၏။

ဓားသမားက လူရွယ်အားအလွတ်မပေးဘဲအခန်းအပြင်ခုန်၏။ ထွက်လိုက်၏။

နေ ထိုလူ အခန်းအပြင်ရောက်သည်နှင့်လူရိပ်တစ်ခုက ထိုလူ၏နောက်သို့ရောက်လာပြီး ကျောကို့ရိုက်ချလိုက်ရာ....

"ဝုန်း...."

ထိုလူသည် ဓားတခြားလူတခြားလွင့်စဉ်သွားလေတော့၏။

***



လူရွယ်သည် အခန်းထဲမှထွက်လာသည့်ဓားသမားအား လက်ဝါးဖြင့်ရိုက်လိုက်၏။

"ဝုန်း...."

ထိုလူလဲကျသွားချိန်မှာပင် လူရွယ်၏ရှေ့သို့ လူရိပ်တစ်ရိပ်ရောက်ရှိလာ၏။

ထိုလူရိပ်အားမြင်လိုက်သည်နှင့် လူရွယ်မှာကျက်ခနဲမျက်နှာတစ်ချက်ပျက်သွား၏။

အကြောင်းမှာ ထိုလူရိပ်သည် တစ်ကိုယ်တော်သိုင်းသမားကျင်းနန်ဖြစ်နေသောကြောင့်ပင်....

"ကျုပ်တို့ကိစ္စဝင်မပါနဲ့... ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး"

လူရွယ်ကလှမ်းပြောလိုက်ခြင်းဖြစ်၏။

ကျင်းနန်ကအေးစက်စွာပြုံးရင်း....

www.burmeseclassic.com



"မင်းဟန်ဆောင်မနေစမ်းပါနဲ့… မင်းဘယ်သူလဲဆိုတာ ငါ သိတယ်"

ဤတွင် လူရွယ်ကခေါင်းခါယမ်းပြီး….

"အင်း… ရှင်အေးအေးဆေးဆေးမနေချင်ဘူးတင်တယ်"

လူရွယ်သည် ဆက်၍ဟန်ဆောင်နေခြင်းမပြုတော့ပါ။

ကျင်းနန်ကိုစေ့စေ့ကြည့်ကာ….

"ကျွန်မသာရှင့်ကိုသတ်ချင်ရင် ရှင်သေတာကြာပြီရှင့်၊ ဘယ်နေရာမှာဖြစ်ဖြစ် ရှင့်ကိုသတ်ချင်ရင် ကျွန်မအတွက် လွယ်လွယ်လေးပဲ"

တကယ်တော့ အဆိုပါလူရွယ်သည် ယောက်ျားလေးတစ်ဦးမဟုတ်ပါ။ ယောက်ျားလေးအသွင်ဟန်ဆောင်ထားသော အဆိပ်ကဝေမ,သာဖြစ်ပေသည်။

ထိုအချိန်တွင် တိုက်ခိုက်သံကြောင့် အောက်ထပ်မှလူများအပေါ်သို့ရောက်လာပြီးစူးစမ်းကြကုန်သည်။

ထိုလူစုထဲတွင် ကျန်းဟူသိုင်းသမားများလည်းပါဝင်နေ၏

၎င်းတို့ရှေ့၌ ကျင်းနန်အနေဖြင့်အလျှော့ပေး၍မရပါ။

ယင်းအချိန်၌အလျှော့ပေးလိုက်လျှင်….



သူနှင့်အဆိပ်ကဝေမတို့ ပူးပေါင်းလှုပ်ရှားနေကြသည်ဟု ထင်မှတ်သွားကြမည်ဖြစ်သည်။

ထိုသို့ဖြစ်လာခဲ့ပါက သူနှင့်ကျန်းဟူသိုင်းသမားများအကြား တစ်သက်လုံးစေ့စပ်ညှိနှိုင်း၍ရတော့မည်မဟုတ်ပါ။

သူ့အား ရန်သူအဖြစ်သတ်မှတ်ပြီး ရှင်းလင်းသုတ်သင်ရန် ကြိုးစားလာကြတော့မှာသေချာနေပေပြီ။

ထို့ကြောင့်…. အဆိပ်ကဝေမကို သူ့အနေဖြင့် ရက်စက်ရပေတော့မည်။

"မင်း ငါ့ကိုလွယ်လွယ်နဲ့သတ်လို့ရမယ်ထင်ရင် စမ်းကြည့်လိုက်လေ"

ကျင်းနန်က အဆိပ်ကဝေမကိုပြောခြင်းဖြစ်၏။

အဆိပ်ကဝေမကမူ ရန်လိုသည့်ဟန်မရှိပါ။

"ရှင်ဟာကျွန်မရဲ့ရန်သူမဟုတ်လို့ ကျွန်မ ဒုက္ခမပေးချင်တာပါ။ ပြီးတော့ ရှင်ကျွန်မကိုကူညီခဲ့တဲ့ကျေးဇူးကလဲ ရှိနေတော့ ရှင့်ကိုပိုပြီးတော့တောင် ဒုက္ခမပေးချင်ဘူး"

ထိုစကားက ကျင်းနန်ကိုပို၍အခက်တွေ့သွားစေလေသည်။

နဂိုကမှ သူ့ကိုကဝေမနှင့်ပူးပေါင်းနေသည်ဟု….

www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲနေကြရာ ထိုစကားက အထင်လွဲမှုကိုပို၍ခိုင်မာအောင် သက်သေထူလိုက်သလိုဖြစ်နေတော့သည်။

"ဟော့… မင်းဟန်ဆောင်မန်ဆောင်နဲ့ သူ့ကိုတိုက်မလိုမလုပ်နဲ့၊ အကောင်းဆုံးက မင်းဒီကအမြန်ထွက်သွားပါ"

ဝိုင်းကြည့်နေသည့်သိုင်းသမားအုပ်စုမှတစ်ဦးက ရှေ့သို့ထွက်လာ၍အော်ပြောခြင်းဖြစ်၏။ ကျင်းနန်က….

"ဒါကျုပ်ကိစ္စ ခင်ဗျားတို့နဲ့ဘာမှမဆိုင်ဘူး"

"ကောင်းကောင်းမွန်မွန်ပြောမရရင် မင်းကိုပါရောပြီးရှင်းရလိမ့်မယ်"

သူတို့သည် ကဝေမကိုအလိုရှိနေကြောင်းသိသာလှ၏။

ထို့ကြောင့် ကျင်းနန်ကိုပထုတ်ရန်ကြိုးစားခြင်းဖြစ်၏။

ကျင်းနန်ကလက်မခံသဖြင့် သူတို့ဒေါပွကုန်၏။

"ဟုတ်တယ်… ဒီကောင် ကဝေမနဲ့ပတ်သက်တာ သေချာတယ်၊ ခုလဲ ကဝေမကိုအကာအကွယ်ပေးဖို့ဥာဏ်ဆင်နေတာ… သူ့ကိုပါအလွတ်မပေးနဲ့"

အသက်ကြီးကြီးသိုင်းသမားက မိမိနှင့်ပါလာသူတို့ကိုပြောလိုက်၏။



"ဟား… ဟား… ဟား"

ကျင်းနန်ကရယ်လိုက်၏။

ပြီးမှ….

"တစ်ကိုယ်တော်သိုင်းသမားဆိုတဲ့နာမည်က အလကားရတာမဟုတ်ဘူး… စမ်းကြည့်လိုက်လေ"

သိုင်းလောကထုံးစံအရ စိန်ခေါ်လျှင် ရှောင်ပြေးရိုးထုံးစံမရှိ။

ထို့ကြောင့်…. သိုင်းသမား(၃)ဦး ဓားကိုယ်စီနှင့် ရှေ့သို့ထွက်လာကြလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



"ယား…"

ဓားသမားသုံးဦး မာန်သွင်းအော်ဟစ်၍ ကျင်းနန်ကို တိုက်လာကြ၏။

"ဝှီး…"

"ဝှစ်…"

"ချွင်…"

ဓားသမားတစ်ဦး၏ဓား လက်ထဲမှလွတ်ကျ၏။ ကျင်းနန်၏အားပါသည့်ဓားချက်ကြောင့် ထိုလူ၏လက်တစ်ဖက် ကျဉ်သွား၏။ ထို့ကြောင့် လက်မှဓားလွတ်ကျသွားခြင်းဖြစ်သည်။

ကျန်ဓားသမားနှစ်ဦးက… ဘယ်ညာညှပ်၍ လျှပ်တစ်ပြက်တိုက်ခိုက်၏။

"အစ်ကို… သတိထား"



ကဝေမက စိုးရိမ်တကြီးဖြင့်အော်ပြောလိုက်သည်။ သို့သော် သူမ၏သတိပေးစကားကအပိုဖြစ်၏။

အကြောင်းမှာ…

ကျင်းနန်က နှစ်ဖက်ညှပ်၍ဝင်လာသည့်ဓားချက်ကို ရှောင်တိမ်းပြီးဖြစ်နေခြင်းကြောင့်ပင်။

ကဝေမကကျေနပ်ဟန်ဖြင့်…

"ရှင်တို့အားလုံး သူ့ကိုဝိုင်းတိုက်လဲမနိုင်ဘူး… ဖားတုလို့ ခရုမခုန်ချင်စမ်းပါနဲ့"

ကဝေမ၏လှောင်ပြောင်မှုကြောင့် သိုင်းသမားများ ပို၍ဒေါ်ပွသွားကြကုန်လေသည်။

သူမ၏စကားက သွေးခွဲစကား။

ကျန်းဟူသိုင်းသမားများ မခံမရပ်နိုင်ဖြစ်ကာ ကျင်းနန်အားဝိုင်း၍တိုက်ခိုက်လာကြတော့သည်။

အများနှင့်တစ်ယောက်ဖြစ်သော်လည်း ကျင်းနန်က ပေါ့ပါးသွက်လက်လှသည်။ ကျောက်တုံးကျောက်ဆောင်ကြား ပျံလွှားငှက်တစ်ကောင်ဖြတ်ကျော်ပျံသန်းသလိုထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲလှစ်ခနဲဝဲပျံရှောင်ထွက်သည်မှာကြည့်၍ပင် ကောင်းနေသေး၏။ ထိုစဉ်မှာပင်....

"အမယ်လေး"

ထိတ်လန့်တကြားအော်ဟစ်သံထွက်ပေါ်လာ၏။

ကျင်းနန်ထံမှမဟုတ်ပါ။

ထို့အတူ ကျွန်းဟူသိုင်းသမားများထံမှလည်းမဟုတ်ချေ။

အော်သံသည် ဝတ်စုံဖြူလူရွယ်နှင့်စွေ့ဟော်မိန်းမပျိုတို့ ရှိနေသည့်အခန်းမှထွက်ပေါ်လာခြင်းဖြစ်သည်။

အသံရှင်မှာ စွေ့ဟော်ဖြစ်၏။

ဝိုင်းအုံကြည့်နေသူထဲမှတစ်ဦးက ထိုအခန်းဆီသို့ကမန်းကတန်းပြေးကြည့်ရာ....

"အမယ်လေး... အား..."

ထိုလူ အခန်းတွင်းဝင်လိုက်ချိန်တွင် မျက်နှာကိုလက်ဝါး နှစ်ဖက်နှင့်အုပ်၍ ထိတ်လန့်စွာအော်ဟစ်လိုက်ခြင်းဖြစ်၏။

ချက်ချင်းပင် ကြမ်းပြင်ပေါ်လဲကျ၍ တစ်ချက်နှစ်ချက်လူးလွန့်ပြီးငြိမ်သက်သွားသည်။

အားလုံးအံ့သြကုန်ကြသည်။



ဘာတွေဖြစ်နေပြီနည်း။

စိတ်ဝင်တစားဖြင့် ဝိုင်း၍ကြည့်ကြသည်။

ထိုအခါ လဲကျသူ၏နဖူး၌ ပင့်ကူနက်တစ်ကောင်တလှုပ်လှုပ်သွားနေသည်ကိုတွေ့လိုက်ရသည်။

ကျွန်းဟူသိုင်းသမားများသည် ကျင်းနန်ကိုတိုက်ခိုက်ရန် မေ့သွားကြ၏။

လဲကျသေဆုံးသွားသူကို တစ်ချက်အကဲခတ်သည်။

ချက်ချင်း မဝင်ရဲသေး။

သေချာအကဲခတ်ပြီးမှ အခန်းထဲသို့သတိထား၍မရဲတရဲဝင်လိုက်ကြသည်။

အခန်းထောင့်၌ ပင့်ကူမျှင်တို့ကိုတွေ့ရသည်။

ကြမ်းပြင်တွင် စွေ့ဟော်လဲကျ၍သေနေသည်။

ဘာမျှမကြာသည့်အချိန်မှာပင် လူနှစ်ဦးသေခဲ့ရချေပြီ။

အခန်းထဲသို့ လူများထပ်မံရောက်ရှိလာပြီး ပင့်ကူနက်ရှိမရှိရှာဖွေနေကြသည်။

ဂေဟာတစ်ခုလုံးရှုပ်ထွေးကုန်တော့သည်။

ထိုအချိန်၌....

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဖြူဝတ်လူရွယ်အဖြစ်ဟန်ဆောင်ထားသည့် ကဝေမမှာ ပျောက်ချင်းမလှပျောက်ကွယ်သွားပြီဖြစ်သည်။

ကျင်းနန်လည်း ဤနေရာ၌ဆက်၍နေရန်မသင့်ကြောင်းနားလည်လိုက်သည်။

ထို့ကြောင့် လူအများရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူ၍ နီးရာအခန်းတစ်ခန်းသို့ဝင်၍ ပြတင်းပေါက်မှခုန်ချလိုက်လေသည်။

***



## နှောင်ဖွဲ့မေတ္တာ

---

အပြင်၌ လရောင်ရှိသော်လည်း မလင်းချင်းပါချေ။

ကျင်းနန်သည် ဂေဟာမှထွက်လာပြီးနောက်အဆိပ်ကဝေမကိုရှာခဲ့သေးသည်။

သူမ၏အရိပ်အရောင်ကိုပင် မမြင်ရဘဲရှိသည်။

သူမ,မည်သည့်နေရာသို့ရောက်ရှိသွားပြီနည်း။

သူမ,ရောက်လေရာအရပ်၌ လူတွေသေခဲ့ရသည်ချည်းဖြစ်၏။ သူမကိုလွှတ်ထား၍မဖြစ်။ သူမ၏လုပ်ရပ်များကို တတ်နိုင်သမျှဟန့်တားရပေမည်။

"မင်း ဘယ်လောက်ပြေးနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်ကစိတ်ထဲမှကြုံး၀ါး၍ လမ်းလေးအတိုင်းလျှောက်လာခဲ့သည်။

မျက်လုံးများကိုလည်း အနားမပေးခဲ့ပါ။

ရှေ့နောက်ဝဲယာမြင်နိုင်သမျှ အစွမ်းကုန်လေ့လာအကဲခတ်ခဲ့သည်။ တစ်နေရာအရောက်တွင် ရှေ့ခပ်လှမ်းလှမ်း၌ဝတ်စုံဖြူနှင့်လူရိပ်တစ်ခု လှစ်ခနဲလှုပ်ရှားသွားသည်ကိုမြင်တွေ့ရလေ၏။

ကျင်းနန် တွေဝေငေးငိုင်နေခြင်းမရှိပါ။

ချက်ချင်း အဖြူရောင်လူရိပ်ဆီသို့ပြေးသွားလေ၏။

သို့သော်... ပြေးနေရင်းမှပင် အဖြူရောင်လူရိပ်ကိုမျက်ခြည်ပြတ်သွား၏။

ကျင်းနန် မကျေမနပ်ဖြစ်သွားမိသည်။

သေချာဂရုစိုက်ကြည့်နေသည့်ကြားကပင် လူရိပ်သည် သူ့အားမျက်ခြည်ပြတ်သွားနိုင်ခဲ့သည်မဟုတ်ပါလား။

ကျင်းနန်သည် ပြေးရင်းလွှားရင်း ရှာဖွေရင်းဖြင့်ပင် မြို့ပြင်သို့ရောက်ရှိလာခဲ့၏။ အဖြူရောင်လူရိပ်ကိုမူ မတွေ့မြင်ရတော့ပေ။

ပိုးကောင်မွှားကောင်လေးများ၏ တကျီကျီအော်မြည်သံမှ လွှဲ၍ ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်နေ၏။



ကျင်းနန်သည် ပတ်ဝန်းကျင်၌ အဖြူရောင်လူရိပ်ကိုရှာဖွေကြည့်ရှုနေမိ၏။

ထိုစဉ်... သူ့နောက်ကျောဘက်မှ သစ်ကိုင်းခြောက်နင်းမိသံ ချွတ်ခနဲထွက်ပေါ်လာသည်။

ကျင်းနန် ဖျတ်ခနဲလှည့်ကြည့်မိလေ၏။

လူတစ်ယောက်....

သူရှာဖွေနေသောအဆိပ်ကဝေမ,မဟုတ်ပါ။

အသက်လေးဆယ်ခန့်ရှိသော လူကြီးတစ်ဦးသာဖြစ်၏။

သူ့ကိုရန်ပြုမည့်ဟန်မရှိ။

ခပ်အေးအေးပင် လှမ်းကြည့်ရင်း....

"ရှာမနေပါနဲ့တော့ကွာ မင်းလိုလူစားမျိုးက အဆိပ်ကဝေမကိုယှဉ်ပြိုင်ဖို့ကြိုးစားနေတာ ရယ်စရာကောင်းနေပြီကွ"

ထိုလူကြီးစကားကြောင့် ကျင်းနန်မှာ စပ်ဖြင်းဖြင်းခံစားလိုက်ရသည်။

"ခင်ဗျားဘယ်သူလဲ"

"ဟင်... မင်းငါ့ကိုတောင်မသိပါလား"

ထိုလူကြီးကအံ့သြဟန်ဖြင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှသက်ပြင်းချကာ....

"အင်း... မသိရင်သာနေရမယ်၊ နာမည်ကိုမကြားဘူးဘဲ နေမှာမဟုတ်ဘူး"

ကျင်းနန်မျက်မှောင်ကြုတ်ရင်း....

"နာမည်ပြောမှ ကြားဖူးတယ်... မကြားဖူးဘူးဆိုတာ သိရမှာပေါ့"

"အေး... ဒါဆိုလဲပြောရတာပေါ့ကွာ၊ ငါ့နာမည်ကမုယုံတဲ့"

"ဗျာ... မုယုံဟုတ်လား"

ကျင်းနန်စဉ်းစားကြည့်၏။

ပြီးမှ ခေါင်းခါသည်။

"အင်း... ဗဟုသုတနည်းတယ်ပြောရင်လဲခံရမှာပဲ၊ ဒီနာမည်ကိုရင်းရင်းနှီးနှီးမကြားဖူးဘူးဗျ"

မုယုံဆိုသူက....

"ဒါပေမဲ့ ကျန်းဟူသိုင်းလောကမှာ ငါ့ကိုမုယုံလို့မသိကြဘူးကွ၊ သူတို့သိတာက မသိတာမရှိတဲ့နတ်မျက်စိတဲ့၊ ဘာဖြစ်လို့လဲဆိုရင်သိုင်းလောကမှာရှိတဲ့လူတွေအကြောင်းကိုအနည်းနဲ့အများ သိရှိထားလို့ပဲကွ"



နတ်မျက်စိဟူသောအမည်ကို ကျင်းနန် တစ်စွန်းတစ်စကြားဖူးထားပေသည်။ သိုင်းလောကနှင့်ပတ်သက်၍ အပ်ကျသည်ကအစ သိရှိသည်ဟုနာမည်ကြီးနေသူဖြစ်၏။

"သြော်... လက်စသတ် ခင်ဗျားကနတ်မျက်စိကိုး၊ ကြားဖူးတာကြာပါပြီ၊ ခုမှပဲလူကိုမြင်ဖူးတော့တယ်၊ အတော်ပဲ ခင်ဗျားရဲ့နတ်မျက်စိဘယ်လောက်မှန်တယ်မမှန်ဘူးဆိုတာ စမ်းသပ်ခွင့်ရပြီပေါ့ဗျာ"

နတ်မျက်စိကသဘောကျစွာရယ်မောလေသည်။

"ဟား... ဟား... ဟား ငါကလဲ ဒါမျိုးမကြိုက်တာကွ၊ ကဲ မင်းဘာသိချင်တာလဲမေးစမ်း"

"ကောင်းပြီ... ဒါဆိုကျုပ်မေးမယ်... တစ်ကိုယ်တော် သိုင်းသမားကျင်းနန်အကြောင်း ခင်ဗျားသိသလောက်ပြောဗျာ"

နတ်မျက်စိကတစ်ချက်ရယ်ပြီး....

"မင်းက ငါ့ကိုတော်တော်အထင်သေးတာကိုးကွ... မင်းလိုနာမည်ကျော်တဲ့လူတစ်ယောက်ကို ငါမသိဘဲနေမလား"

"ဗျာ...."

"ဘာလဲ... မင်းကိုတစ်ကိုယ်တော်သိုင်းသမား ကျင်းနန်ဆိုတာ ငါသိနေတဲ့အတွက်အံ့သြသွားသလား"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်ခေါင်းညိတ်လိုက်သည်။

နတ်မျက်စိ ကျေနပ်သဘောကျသွားပုံရှိ၏။

"အေး... အဲဒီလိုမှပေါ့"

နတ်မျက်စိက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့်ပြောရာ....

ကျင်းနန်က....

"ကိုင်း... ဒါဖြင့်လဲ ကျုပ်အကြောင်းကိုပြောပါဦးဗျာ၊ ကျုပ်အကြောင်းကို ကျုပ်မသိတာတောင် ခင်ဗျားသိချင်သိနေမှာ"

"ဟဲ... ဟဲ... နတ်မျက်စိဆိုကတည်းက မသိတာ ဘယ်ရှိပါ့မလဲ"

"ဒါဖြင့်လဲပြောဗျာ... ကြားရတာပေါ့"

"ကြားချင်သပဆိုရင်လဲ ပြောရတာပေါ့... အဟမ်း"

ထိုလူက ချောင်းတစ်ချက်ဟန့်၍ ခံတွင်းရှင်းပြီး....

"မင်းနာမည် ကျင်းနန်ဆိုပေမဲ့ ကျန်းဟူသိုင်းလောကသားတွေက မင်းကိုတစ်ကိုယ်တော်သိုင်းသမားလို့ခေါ်ကြတယ်၊ ဝူလင်နယ်သိုင်းသမားတွေကတော့ မင်းကိုကရုဏာခါးသမားလို့ခေါ်တယ် ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ဘယ်သူ့ကိုမှ သွေးစွန်းအောင် မလုပ်ခဲ့လို့ပဲ"



နတ်မျက်စိသည် ကျင်းနန်ကိုစေ့စေ့ကြည့်လိုက်ပြီး...

"ဒါပေမဲ့ မင်းက အသက်ငယ်တော့ လူငယ်သဘာဝကို သိပ်နားမလည်ဘူး၊ အထူးသဖြင့် မိန်းကလေးတွေရဲ့ လှည့်ဖြားအသုံးချမှုကိုခံရလိမ့်မယ်"

"ဟာ... တော်ပြီ...တော်ပြီ၊ ဆက်မပြောပါနဲ့တော့ဗျာ"

ကျင်းနန် ကမန်းကတန်းဟန့်တားလိုက်၏။

သူ့အကြောင်းကို ထိုလူမည်မျှအထိသိထားမှန်းမသိ။

ကျင်းနန်အနည်းငယ်စဉ်းစား၍...

"ခင်ဗျား ကျုပ်အကြောင်းအတော်များများသိထားတယ်ဆိုတာလက်ခံပါပြီဗျာ၊ ဒါပေမဲ့ နောက်ထပ်တစ်ခုလောက်တော့ ကျုပ်သိချင်သေးတယ်"

ထိုလူကပြုံးရင်း....

"သြော်... မင်းက ငါ့ကိုထပ်ပြီးပညာစမ်းချင်တာကိုး၊ ရပါတယ်ကွာ၊ မေးပါ"

ကျင်းနန်က လက်နှစ်ဖက်ဆုပ်ကာ...

"ပညာစမ်းတာမဟုတ်ပါဘူးဗျာ... အခုဟာက ကျုပ်ငယ်တဲ့လူတစ်ယောက်အကြောင်းမေးချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကရယ်မောလိုက်၏။

ပြီးနောက် လက်သုံးချောင်းထောင်ပြကာ...

"တစ်ယောက်မဟုတ်ဘူး... နှစ်ယောက် သုံးယောက်ကိုလဲ မေးနိုင်တယ်၊ ဒါမှ ငါ့ကိုနုတ်မျက်စိလို့ ဘာကြောင့်ခေါ်ရသလဲဆိုတာ မင်းပိုပြီးသဘောပေါက်မှာ"

"ဒါဆိုကျုပ်မေးမယ်... အဆိပ်ကဝေမနဲ့ပတ်သက်ပြီး ကျုပ် သိချင်တယ်ဗျာ"

"အဆိပ်ကဝေမ ဟုတ်လား... အင်း... မင်းသိချင်ရင် ပြောပြရတာပေါ့"

ထိုလူက ယင်းသို့အစချီ၍ပြောပြလေသည်။

"တကယ်တော့ အဆိပ်ကဝေမဟာ ကျွန်းဟူသိုင်းလောက၊ ကမဟုတ်သလို ဂူလင်သိုင်းလောကထဲကလဲမဟုတ်ဘူးကွ၊ တစ်နည်း ပြောရရင် သူဟာသိုင်းလောကသားမဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ သူ့ရဲ့ သိုင်းပညာက အင်မတန်မှထိတ်လန့်စရာကောင်းတယ်၊ နောက်ပြီး သူဟာ လူအတော်များများကို သွေးအေးအေးနဲ့သတ်ဖြတ်ခဲ့သူ တစ်ယောက်လဲဖြစ်တယ်"

ထိုသို့ပြောနေစဉ်မှာပင်...



ထိုလူသည် မျက်နှာကွက်ခနဲပျက်သွားသည်။

ထိတ်လန့်တုန်လှုပ်ဟန်က သူ့မျက်နှာ၌ယှက်သမ်းလာ၏။

ထို့နောက် မျက်နှာကိုလက်ဖြင့်အုပ်ကာ...

"အ... အား"

သူသည် ကျယ်လောင်စွာအော်ဟစ်ပြီး အရုပ်ကြိုးပြတ်လဲ ကျသွားလေ၏။

ကျင်းနန်၏အာရုံခံစားမှုက ချက်ချင်းနိုးကြား၏။

ရုတ်ခြည်းပင် နောက်ဘက်သစ်ပင်အုပ်ဆီကြည့်လိုက်၏။

လှုရိပ်နှင့်အတူ စကားသံတစ်သံပါကြားလိုက်ရ၏။

"ဘာလုပ်နေတာလဲ ပြေးတော့လေ... ဟိုလူတွေလိုက်လာ နေကြပြီ"

စကားသံကြားလိုက်သည်နှင့် ချက်ချင်းမှတ်မိလိုက်သည်။

မမှတ်မိစရာအကြောင်းလည်းမရှိ။

ရက်သတ္တတစ်ပတ်ကျော်မျှ အတူသွား အတူလာနေခဲ့သည့် အဆိပ်ကဝေမ၏အသံပင်မဟုတ်ပါလား။

ကျင်းနန်သည် မြို့ဘက်ဆီသို့တစ်ချက်ကြည့်မိ၏။

မီးတုတ်ကိုယ်စီ ကိုင်ဆောင်သောလူအုပ်ကြီးတစ်အုပ်...

www.burmeseclassic.com

အုတ်အုတ်ကျက်ကျက်ဖြင့် မြို့ထဲမှထွက်လာသည်ကိုတွေ့ရ၏။

ကျင်းနန် ဘာမျှစဉ်းစားရာမလိုတော့။

မှောင်ရိပ်ထဲဝင်ပြီး ထိုနေရာမှဝေးနိုင်သမျှဝေးအောင် တစ်ချိုးတည်းပြေးလေတော့၏။

***



ဒီအရပ်သည် ဒေသကို ကျင်းနန်မကျွမ်းကျင်ပါ။ ညအမှောင်ထဲပြေးရသည့်အခါ ပို၍ဆိုးလေ၏။ ဘယ်ရောက်၍ဘယ်ပေါက်မှန်းမသိ။ ယင်းသို့ ယောင်ဝါးဝါးဖြစ်နေစဉ် အဖြူရောင်လူရိပ်ကို သူ့ရှေ့ခပ်လှမ်းလှမ်း၌မြင်ရ၏။

ကျင်းနန် သူ့နောက်ကိုပြေးလိုက်၏။

အဖြူရောင်လူရိပ်ကား ဝေးလိုက်နီးလိုက်ပျောက်လိုက် ပေါ်လိုက်ဖြစ်နေ၏။ ကျင်းနန် အံတင်းတင်းကြိတ်လိုက်၏။

သည်တစ်ကြိမ်တွင် အဖြူရောင်လူရိပ်ကိုမိအောင်ဖမ်းဖို့ ဆုံးဖြတ်ထား၏။ ထိုအချိန်တွင် မြို့ထဲမှမီးတုတ်ကိုယ်စီနှင့်ထွက်လာကြသည့်ရဲမက်တို့က စောစောက ကျင်းနန်ရှိခဲ့သည့်နေရာသို့ရောက်ရှိလာကြ၏။

သူတို့သည် ထိုပတ်ဝန်းကျင်၌လှည့်ပတ်ရှာဖွေရင်း...

"ဟင်... သည်မှာ အလောင်းတစ်လောင်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



အသံထွက်လာရာသို့ ရဲမက်များဝိုင်းအုံလာကြ၏။

"ဘယ်သူ့အလောင်းလဲ... ဖယ်ကြစမ်း... ငါကြည့်မယ်"

ခေါင်းဆောင်ဖြစ်သူထွက်လာပြီးစစ်ဆေးကြည့်ရာ....

"ဟင်... နတ်မျက်စိမှယုံပါလား"

ခေါင်းဆောင်က နောက်သို့ဆုတ်ကာ....

"ဟော့... အနားမကပ်ကြနဲ့... ပင့်ကူနက်ကြီး"

မုယုံ၏နဖူးပေါ်၌ ယခုအချိန်တိုင်အောင် ပင့်ကူနက်ကြီးက လှုပ်လှုပ်ရွရွရှိနေဆဲပင်မဟုတ်ပါလား။

***



ညသန်းခေါင်ယံပင်ကျော်လွန်ခဲ့ပြီဖြစ်၏။

ထိုအချိန်တွင် ကျင်းနန်သည် ကိုင်းပင်ရှည်ကြီးများပေါက်နေသည့်ကွင်းပြင်ဆီသို့ရောက်ရှိလာ၏။

သူသည် ယခုတစ်ကြိမ် အဖြူရောင်လူရိပ်ကိုမိခဲ့လေပြီ။

အဖြူရောင်လူရိပ်ကား အခြားလူမဟုတ်ပါ။ အဆိပ်ကဝေမပင်ဖြစ်ပါသည်။ ကျင်းနန်က သူမအား လိုက်၍မီလာခြင်းမှာလည်း ရှေ့မှသွားနေသော သူမ၏ခြေလှမ်းများက ရပ်တန့်သွားခြင်းကြောင့်ဖြစ်သည်။

ကျင်းနန်သည် သူမအနီးသို့အရမ်းမကပ်ရဲပါ။ သူမ၏ကိုယ်တွင် အဆိပ်ပြင်းသောပင့်ကူနက်များရှိနေသည်မဟုတ်ပါလား။

"ကဲ... ရှင်ကျွန်မကိုသတ်ချင်နေတာမဟုတ်လား။ သတ်ချင်ရင် သတ်လိုက်ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ကဝေမက ရယ်ရယ်ပြုံးပြုံးနှင့်ခပ်အေးအေးပင် ပြောလိုက်ခြင်းဖြစ်၏။

ကျင်းနန်မှာ သူမအားကြောင်၍ကြည့်ရင်း ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွား၏။

ခဏကြာမှ....

"ငါ မင်းကိုသတ်ဖို့ရည်ရွယ်ထားတာမှမဟုတ်ဘဲ"

ကျင်းနန်နှုတ်မှလွှတ်ခနဲထွက်သွားသည်။

အမှန်မှာ ထိုစကားက ဘယ်လိုထွက်သွားမှန်း သူကိုယ်သူပင် မသိလိုက်ချေ။

အဆိပ်ကဝေမက....

"ရှင် ကျွန်မကိုသုတ်သင်ချင်လို့ လိုက်လာခဲ့တာပဲရှင်၊ ဂေဟာမှာတုန်းကတောင် ရှင်ကျွန်မကိုတိုက်ဖို့ ကြိုးစားခဲ့သေးတာပဲ မဟုတ်လား။ ကဲပါ... ရှင်ကျွန်မကိုသုတ်သင်ဖို့ရည်ရွယ်ထားတဲ့အတိုင်း ဓားကိုသာထုတ်ပါတော့"

သူမက အေးစက်စွာပင်ပြောလိုက်ခြင်းဖြစ်၏။

ကျင်းနန်ကမူ လှုပ်လှုပ်ရှားရှားဖြစ်လျက်ရှိသည်။

ကိုယ့်ကိုယ်ကိုတည်ငြိမ်အောင်ထိန်းချုပ်ရင်း....



"မင်းပြောခဲ့သလိုပဲ ကျုပ်မင်းကိုသတ်ချင်ရင် အကြိမ်ပေါင်းမရေတွက်နိုင်အောင် အခွင့်အရေးရခဲ့တာပဲ၊ ဒါပေမဲ့ ကျုပ်လူသတ်သမားမဟုတ်ဘူး။ မင်းကလဲ ကျုပ်ကိုလူသတ်သမားဖြစ်အောင် မလုပ်နဲ့ပေါ့"

"ကျွန်မက ရှင်ကျွန်မကိုသတ်လိုက်ရင် အကောင်းဆုံးပဲလို့ထင်တယ်၊ ကဲ... ပြောပါဦး၊ ကျွန်မဘာတွေလုပ်ရင် ရှင်ကျွန်မကိုသတ်ချင်မှာပဲ"

"မင်း အဆိပ်ပင့်ကူတွေနဲ့ လူတွေကိုထပ်ပြီးဒုက္ခပေးရင် ကျုပ်မင်းကိုညှာမှာမဟုတ်ဘူး"

ထိုစကားကြားသည့်အခါ တည်ငြိမ်အေးစက်သောကဝေမမှာလှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ရှင်... ကျွန်မကလူတွေကိုဒုက္ခပေးတယ်ဟုတ်လား"

"ဟုတ်တယ်လေ... မင်းကြောင့် လူတွေအတော်များများ သေဆုံးခဲ့ကြရတာကျုပ်အမြင်ပဲ"

ကဝေမ ခေါင်းခါယမ်းလိုက်သည်။

"ရှင်ထင်တာတွေမှားနေပြီ... ကျွန်မက သူများကိုဒုက္ခပေးတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုကာကွယ်တာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား"

ကျောင်းနန်က သဘောကျစွာရယ်မောလေ၏။

"မင်း တော်တော်ရယ်စရာပြောတတ်တာပဲ၊ ကျုပ်မျက်စိနဲ့ မြင်တာကိုတောင် ဝါးလုံးကိုဝါးခြမ်းဖြစ်အောင် ပြောနေပါလား"

ကဝေမ သက်ပြင်းချလိုက်၏။

"ရှင်ပြောချင်သလိုပြောနိုင်ပါတယ်ရှင်... ဒါပေမဲ့ ကျွန်မ တစ်ခုတော့ပြောပါရစေ၊ တခြားလူကို ကျွန်မလိမ်ပြောချင်ပြောမယ်၊ ရှင့်ကိုတော့ ကျွန်မ မလိမ်ဘူး၊ ဒါကလဲ ကျွန်မ...."

ကဝေမသည် ရှေ့ဆက်ပြောရမည့်စကားအတွက် နှုတ်မရဲ ဟန်ဖြင့် တစ်ပိုင်းတစ်စရပ်လိုက်သည်။

ခဏကြာမှ စကားဆက်လေ၏။

"အမှန်အတိုင်းပြောရရင် ရှင်ဟာ ကျွန်မအတွက် အထင်ကြီး စရာ လေးစားစရာ အားကိုးစရာလူတစ်ဦးပါရှင်"

ကျောင်းနန်ဖျတ်ခနဲလှမ်းကြည့်ပြီး....

"ကျုပ်မှာဘာများအထင်ကြီးစရာရှိလို့လဲ"

"တကယ့်သိုင်းသမားစစ်စစ်ဆိုတာ လူမသတ်ဘူးလေ၊ အဲ ဒါဟာ အထင်ကြီးလေးစားစရာမဟုတ်လား"



ကျောင်းနန်က....

"အင်း... ကျုပ်ကသာ လူမသတ်ချင်တာ၊ ကျုပ်ကိုသတ်ချင် တဲ့လူတွေ အများကြီးဖြစ်နေပြီ"

"ဟင်း... ဟင်း... ရှင့်လိုလူကို ဘယ်သူသတ်နိုင်မှာမို့လဲ၊ အဲ... ကျွန်မကလွဲရင်ပေါ့လေ"

"ဪ... တခြားလူမသတ်နိုင်ပေမဲ့ မင်းက ငါ့ကိုသတ်နိုင် တယ်ပေါ့၊ အာဂမိန်းမပါလား"

"ကဲပါလေ... ဒါတွေထားလိုက်ပါ၊ လောလောဆယ် ကျွန်မ တို့ ခဏနားကြရင်ကောင်းမယ်"

ကဝေမသည် ပြောပြီးလှည့်ထွက်သွား၏။ ကျောင်းနန်သည် ဝေခွဲမရဟန်ဖြင့် ရပ်ကြည့်နေမိသည်။

ဤကိုင်းတောကြီး၌ မည်သည့်နေရာတွင်နားရမည်နည်း။

လူနေအိမ်ခြေရှိရာအရပ်နှင့်နီးသည်လည်းမဟုတ်။

"ရှင် ဘာတွေတွေးပြီးငိုင်နေတာလဲ"

ကျောင်းနန်သက်ပြင်းချမိသည်။

"အင်း... ဒီကိုင်းတောထဲမှာ မြွေပါးကင်းပါးအန္တရာယ်ရှိနိုင် တာကိုတွေးနေမိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကဝေမက ပြုံးလိုက်သည်။

"မပူစမ်းပါနဲ့ရှင်… ဒီနေရာကို ကျွန်မကျွမ်းပါတယ်၊ လာပါ"

ပြောပြီး ကဝေမဆက်၍သွား၏။

ကွင်းစပ်တွင် တောအုပ်ကလေးတစ်ခုရှိ၏။

ထိုနေရာသို့ သူမ,ဦးတည်လျှောက်သွား၏။

ကျင်းနန်သည် လိုက်လာခဲ့ရသော်လည်း ခပ်ရွံ့ရွံ့ပင်။

သည်မိန်းကလေး၏ကိုယ်ပေါ်တွင် အဆိပ်ပြင်းသော ပင့်ကူနက်တွေရှိနိုင်သည်မဟုတ်ပါလား။

သို့ရာတွင် တစ်ခုတော့ထူးဆန်းသည်ဟုဆိုရမည်။ ပင့်ကူနက်များသည် သူမအားအဘယ်ကြောင့်မကိုက်ရပါသနည်း။

ပင့်ကူများသည် သခင်နှင့်ရန်သူကိုခွဲခြားသိတတ်ကြောင်း ကျင်းနန်မကြားဘူးပါ။ ကျင်းနန်သည် တွေးရင်း ကဝေမအနီးသို့ ရောက်မှန်းမသိရောက်ရှိသွားသည်။

ကဝေမသည် မြက်ရိုင်းတောမှာပင် အေးအေးလူလူထိုင်ချလိုက်လေသည်။

ကျင်းနန် ရပ်မြဲရပ်နေရင်း…

"မင်း ဒီမှာညအိပ်မလို့လား"



ကဝေမကမော့ကြည့်ကာ…

"ဟုတ်တယ်လေ… ဒီမှာပဲအိပ်ရမှာပေါ့၊ ကဲပါ ထိုင်ပါဦးရှင်"

ပြောရင်း ကျင်းနန်ကိုလှမ်းဆွဲလိုက်၏။

သတိမထားမိသော ကျင်းနန်မှာ သူမ၏လှမ်းဆွဲမှုကြောင့် သူမ၏ကိုယ်ပေါ်လဲကျသွားသည်။

တစ်ယောက်နှင့်တစ်ယောက် ဟန်ချက်ထိန်းရင်းက အလိုအလျောက်ပင် ဖက်လိုက်ကြသလိုဖြစ်သွားလေ၏။

ကဝေမအနေနှင့် မည်သို့ခံစားရသည်မသိ။

ကျင်းနန်ကား ရင်ထဲတလှပ်လှပ်ခုန်ကာ နှစ်သစ်ကူးပွဲတော်ကျင်းပသလို ခံစားလိုက်ရလေသည်။ ပင့်ကူနက်အန္တရာယ်ကို သတိကြီးစွာထားနေရသော ကျင်းနန်သည် အတွေ့အထိကြောင့် အန္တရာယ်အားလုံးကိုမေ့လျော့သွားခဲ့ချေပြီ။

***

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်ဖွတ်ခနဲနိုးလာချိန်တွင် ရောင်နီပင်ထွန်းလာချေပြီ။ သူ့ရင်ဘတ်ပေါ် သိုင်းဖက်ထားသောအဆိပ်ကဝေ၏လက်ကို အသာဖယ်ရှားပြီး ကျင်းနန်ထထိုင်လိုက်၏။

သည်တော့မှ အဆိပ်ကဝေမလည်း မျက်လွှာကိုအသာဖွင့်ကာ ကျင်းနန်ကိုပြုံး၍ကြည့်၏။

"ဘယ်လိုလဲ... ရှင်နောင်တရသွားပြီလား"

ကျင်းနန်ခေါင်းခါလိုက်သည်။

"ကျုပ်ယောကျ်ားတစ်ယောက်ပါ... ကိုယ်လုပ်ခဲ့တဲ့ကိစ္စအတွက် မှားမှားမှန်မှန်တာဝန်ယူတယ်"

"ဒါပေမဲ့ ကျွန်မအတွက်နဲ့ ရှင်တစ်လောကလုံးရဲ့ရန်သူ ဖြစ်သွားလိမ့်မယ်"

"အမှန်တရားအတွက်ဆိုရင်... ကျုပ်ဘာမဆိုရင်ဆိုင်ဝံ့တယ်



လေ၊ ဒါပေမဲ့ မင်းဘယ်သူလဲဆိုတာတော့ ငါသိဖို့လိုတယ်၊ နောက်ပြီး မင်းရဲ့အကြောင်း... ဒါတွေကိုသိမှ ငါဘာဆက်လုပ်ရမယ်ဆိုတာ ဆုံးဖြတ်လို့ရမှာ"

"ကျွန်မအဆိပ်ကဝေမလေ"

"ဒီနာမည်ကိုမေးတာမဟုတ်ဘူး... နာမည်ရင်းသိချင်တာ"

"မုလိ"

"မင်းရဲ့နာမည်ရင်းကမုလိဟုတ်လား"

အဆိပ်ကဝေမကခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျွန်မနာမည်မုလိပါ"

"ဒါဖြင့် ဘာဖြစ်လို့အဆိပ်ကဝေမဖြစ်နေရတာလဲ"

"ကျွန်မရဲ့ပင့်ကူတွေကြောင့်ပါ"

သည်တော့မှ ကျင်းနန်လည်း ပင့်ကူနက်များကိုသတိရလာပြီးထိတ်ခနဲဖြစ်သွားမိ၏။

"ဒါနဲ့ ပင့်ကူတွေကော"

"ဘာပင့်ကူတွေလဲရှင့်"

ကဝေမက အမူအရာမပျက်ပြန်မေးရာ ကျင်းနန်မှာ မကျေမနပ်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်ပြီးဟန်ဆောင်မနေပါနဲ့၊ ဒီလိုသာ မလိမ့်တပတ်လုပ်နေရင် ကျုပ်မင်းရဲ့ပြဿနာကိုဘယ်လိုရှင်းနိုင်မှာလဲ"

"ဟင်း... ဟင်း... ဟင်း"

ကဝေမက ခပ်ညင်းညင်းရယ်လိုက်၏။

ပြီးမှ....

"ပင့်ကူနက်တွေကိုအကြောင်းပြပြီး... ရှင် ကျွန်မကိုစွန့်ပစ်တော့မယ်မဟုတ်လား"

"ကျုပ်မေးတာကိုဖြေပါ"

မုလိအမည်ရှိအဆိပ်ကဝေမကပြုံးပြရင်း....

"ကဲပါ... ဒါတွေထားပါ၊ ညီမတို့ စောစောကလို ပျော်ပျော်ရွှင်ရွှင်အေးအေးချမ်းချမ်းနေကြရအောင်လား"

ကျင်းနန်ခေါင်းခါလိုက်သည်။

"မဖြစ်ဘူးမုလိ မင်းအကြောင်းကိုကျုပ်သိရမှဖြစ်မှာ၊ ကျုပ်ကျေနပ်အောင်ရှင်းမပြနိုင်ရင် ကျုပ်မင်းကိုခေါ်သွားရလိမ့်မယ်"

မုလိက ကျင်းနန်ကိုမျက်လုံးအဝိုင်းသားဖြင့်ကြည့်ကာ...

"ဘယ်လို... ရှင်... ကျွန်မကိုခေါ်သွားမယ်ဟုတ်လား။ ရှင်ကျွန်မကိုအတည်တကျပေါင်းမဲ့သဘောလား"



ကျင်းနန်သက်ပြင်းချလိုက်သည်။

"မင်းကိုခေါ်ပြီး နေပြည်တော်ကရဲမက်တွေလက်ထဲအပ်မယ်လို့ပြောတာ"

မုလိကရယ်လိုက်သည်။

"ရှင် ကျွန်မကို ရဲမက်တွေလက်ထဲ တကယ်အပ်မှာလား"

"ဘာလဲ... ကျုပ်မင်းကိုမဖမ်းနိုင်ဘူးလို့ထင်နေသလား"

"ဒါက အကြောင်းရင်းမဟုတ်ပါဘူး"

"ဒါဖြင့် ဘာကအကြောင်းရင်းလဲ"

"ကျွန်မဒုက္ခရောက်အောင် ရှင်မလုပ်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါကအဓိကအကြောင်းရင်းပေါ့"

ညက လွန်ကျူးမှားယွင်းခဲ့မိသည်ကိုသတိရပြီး ကျင်းနန် ရှိန်းခနဲဖိန်းခနဲဖြစ်သွားသည်။

"ဘာပဲဖြစ်ဖြစ်ပါ... မင်း ဒီလိုသာ အဆိပ်ပင့်ကူတွေအသုံးပြုပြီးလူတွေကိုဒုက္ခပေးဦးမယ်ဆိုရင် မင်းကို ကျုပ်ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး"

"ဩော်... ရှင်က ကျွန်မရက်စက်တာကိုပဲမြင်တာပါ၊ ကျွန်မဘက်ကအရက်စက်ခံခဲ့ရတာကိုတော့ ရှင်မှမသိဘဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်သာ ကျွန်မနေရာကဝင်ပြီးခံစားကြည့်ရင် ကျွန်မရဲ့ ရက်စက်မှုဟာ နည်းတောင်နည်းတယ်လို့ထင်ဦးမှာ"

ကျင်းနန်မျက်မှောင်ကုတ်သွားသည်။

"ဘာလဲ… မင်းကအရက်စက်ခံရတယ်ဟုတ်လား၊ ပြောပါဦး… ဘယ်လိုများအရက်စက်ခံရတာလဲ"

မုလိ ရုတ်တရက် ဘာမျှပြန်မပြောနိုင်ချေ။

သူမ၏မျက်လုံးအိမ်၌ မျက်ရည်တို့ရစ်ဝဲလာသည်။

တစ်ခဏအကြာ၌ တဆတ်ဆတ်တုန်ယင်နေသည့်နှုတ်ခမ်းသည် တဖြည်းဖြည်းလှုပ်လာသည်။

"နှစ်တွေကြာခဲ့ပါပြီ… ဒါပေမဲ့ ကျွန်မရင်ထဲမှာတော့ မနေ့တစ်နေ့ကလိုပါပဲ"

မုလိက အတိတ်အကြောင်းတို့ကိုပြန်လည်၍မြင်ယောင်လာဟန်တူ၏။ ကြေကွဲဝမ်းနည်းရိပ်က သူမ၏မျက်နှာ၌ သိသာစွာထင်ဟပ်လာ၏။

"အမှန်ဆိုရင်… ဒီအကြောင်းတွေကို ကျွန်မမေ့ပစ်ချင်တာကြာပါပြီ၊ ဒါပေမဲ့ ဒီအကြောင်းတွေကအိပ်မက်ဆိုးတစ်ခုလိုကျွန်မကို အမြဲတမ်းခြောက်လှန့်နေတုန်းပါပဲ"



"မေ့ပစ်ဖို့ကြိုးစားလေ ပိုလို့သတိရလေပဲ၊ သတိရတာနဲ့ နာကျင်အခံရခက်တဲ့ဝေဒနာကို ကျွန်မခံစားရတယ်၊ သည်အကြောင်းတွေကို ကျွန်မဘယ်သူ့ကိုမှမပြောခဲ့ဘူး၊ ဒါပေမဲ့ ရှင့်ကိုတော့ ကျွန်မပြောပြပါ့မယ်"

ကျင်းနန်သည် သူမ ဆက်၍ပြောပြမည့်အကြောင်းအရာကို စိတ်ဝင်စားစွာပင် နားစွင့်နေလိုက်လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



## နှောင်းအတိတ်ကအိပ်မက်ဆိုး

မုလိသည် မိတဆိုးဖြစ်သည်။ ဖခင်နှင့်သာနေရသည်။ သူမ၊ ငယ်စဉ်ကလေးဘဝကပင် မိခင်ဖြစ်သူသည် လူ့လောကကြီးမှစွန့်ခွာသွားခဲ့၏။ ထို့ကြောင့် သူမသည် ဖခင်လက်ပေါ်၌ပင် ကြီးပြင်းခဲ့ရလေသည်။

ဖခင်ဖြစ်သူမှာ ဇနီးသည်သေဆုံးခြင်းကြောင့် စိတ်ထိခိုက်ကာ ယစ်ထုပ်ကြီးဘဝသို့ရောက်ရှိသွားခဲ့သည်။ နေ့ညမပြတ် အရက်အိုးနှင့်ခွာသည်မရှိတော့။

ထို့ကြောင့် အလုပ်အကိုင်ပျက်၍ စီးပွားပါပျက်ခဲ့ရ၏။

စုဆောင်းထားသည့်ပစ္စည်းလက်ကျန်တို့ကို တတိတိထုခွဲရောင်းချ၍ဟန်မပျက်နေထိုင်ရသည်။



မုလိအရွယ်ရောက်သည့်အခါ လူတိုင်းက နှစ်ခါပြန်လှည့်ကြည့်ရအောင်ချောမောလှပသည့် မိန်းမပျိုတစ်ဦးဖြစ်လာသည်။

သူမ၏အလှသည် သူမ၊နေထိုင်ရာမြို့၌သာမက ရွာနီးချုပ်စပ်ဝန်းကျင်သို့ပင် သတင်းပျံ့နှံ့သွားသည်။ သူမအား သဘောကျလက်ထပ်လိုသူများ ဝိုင်းဝိုင်းလည်လာသည်။

သို့သော် သူမသည် မည်သူ့ကိုမျှစိတ်ဝင်စားမှုမရှိပါ။ သူမစိတ်ဝင်စားသဘောကျသူမှာ သူမ၏ကစားဖော် ကစားဖက်ဖြစ်သူဖန်လုံသာဖြစ်သည်။

ဖန်လုံကလည်း သူမအားချစ်မြတ်နိုးသည်။

ဖန်လုံသည် သူဌေးသားတစ်ယောက်ဖြစ်သည်။ သို့သော် အခြေအနေနိမ့်ပါးသွားသည့်မုလိအပေါ် သဘောထားပြောင်းလဲခြင်းမရှိပေ။

သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက်သစ္စာရှိရှိဖြင့် ခိုင်မြဲစွာမေတ္တာမျှခဲ့ကြသည်။ သို့ရာတွင် အချစ်စစ် အချစ်မှန်တို့ မည်သည် ဘယ်အခါမျှဖြောင့်ဖြူးခြင်းမရှိဆိုသည့်စကားအတိုင်း သူတို့နှစ်ဦး၏အချစ်လမ်းခရီးကလည်း ဖြောင့်ဖြူးသာယာခဲ့ခြင်းမရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ မုလိကို မရမကစွဲလမ်းပိုးပန်းနေသူတို့တွင် နေပြည်တော်တပ်မှူးကြီးတစ်ဦး၏သား စုမိုလည်းတစ်ဦးအပါအဝင်ဖြစ်သည်။

စုမိုသည် မုလိကိုအလွတ်မပေး။

အခွင့်အရေးရသည်နှင့် မုလိထံချဉ်းကပ်၍ချစ်ရေးဆို၏။

မုလိကလည်း လိမ္မာစွာပင်ငြင်းပယ် ခဲ့သည်ချည်းဖြစ်သည်။

ထိုအကြောင်းကို ဖန်လုံသိရှိသည့်အခါ ရည်းစားလူလု အနှကျွဲခတ်ဆိုသလို လွန်စွာမခံမရပ်နိုင်ဖြစ်မိလေသည်။

သို့သော် စုမိုသည် ဖခင်၏အရှိန်အဝါနှင့် မာနထောင်လွှားနေရာ...

ဖန်လုံနှင့်ပြဿနာဖြစ်မည်ကို မုလိစိုးရိမ်မိသည်။

ထို့ကြောင့် အစစအရာရာသည်းခံရန် ဖန်လုံကိုတောင်းပန်ထားရလေသည်။ စုမိုကမူ မိမိနှင့်သာထိုက်တန်သည့် တော်ဝင်အလှပန်းကိုမှ ဖန်လုံက အားမနာလျှာမကျိုး စိတ်ကူးယဉ်အိပ်မက် မက်ရမည်လားဟု ဒေါသူပုန်ထ၍စားကြွမ်းကြိမ်းလျက်ရှိနေသည်။ ဖန်လုံမှာ မုလိ၏နှစ်သိမ့်မှုကြောင့် ကြိတ်မှိတ်သည်းခံ၍သာနေရလေသည်။

***



တစ်နေ့ ရှောင်နေသည့်ကြားမှပင် ပြဿနာကဖြစ်လာလေသည်။ မည်သို့ပင် ရှောင်ရှောင် ပြဿနာရှာသူကရှာပြီဆိုတော့ ဘာမှမတတ်နိုင်ပြီ။

ထိုနေ့က မုလိဈေးကပြန်လာချိန်ဖြစ်သည်။ လမ်းမအတိုင်း အေးဆေးစွာပြန်လာစဉ် နောက်ဘက်မှမြင်းခွာသံ ရုတ်တရက်ထွက်လာသည်ကိုကြားရသည်။

တစ်ဆက်တည်းမှာပင်....

"မုလိ"

ခေါ်သံကြောင့် မုလိလှည့်ကြည့်လိုက်မိသည်။

မြင်းတစ်ကောင်နှင့်လူရွယ်တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်မှလူရွယ်သည် ဟန်အပြည့်နှင့် ကြွားကြွားရွရွရှိလှပေ၏။

ထိုလူမှာ....

နေပြည်တော်တပ်မှူးကြီး၏သားစုမိုပင်တည်း။

စုမိုမှန်းသိသည်နှင့်မုလိက ဘာမျှပြန်မပြောဘဲ ကိုယ့်လမ်းကိုယ်ဆက်လျှောက်၏။

စုမိုကမြင်းပေါ်မှဆင်း၍ သူမနောက်သို့လိုက်လာပြီး....

"မုလိ... ငါမေးထားတဲ့ကိစ္စဖြေဦးလေ"

မုလိကလှည့်မကြည့်။

သွားမြဲတိုင်းသွား၍....

"ကျွန်မ ရှင်းရှင်းလေးဖြေပြီးပြီပဲ... ရှင်ပြောတာကို ကျွန်မ ဘာမှစိတ်မဝင်စားဘူး၊ စဉ်းလဲမစဉ်းစားဘူး"

စုမိုမျက်နှာမကျေမနပ်ဖြစ်သွား၏။

"ငါ့ပြောတာကို မင်းစိတ်မဝင်စားပေမဲ့ စိတ်ဝင်စားချင်တဲ့ လူ့ရဲ့စကားကိုတော့ မင်းခေါင်းထဲထည့်ထားတယ်ပေါ့"

မုလိစိတ်ရှုပ်လာဟန်တူ၏။

"ကျွန်မချက်ပြုတ်စရာရှိသေးတယ်...မနှောင့်ယှက်ပါနဲ့"



"ဒီမှာမုလိ... ငါဟာ ဖန်လုံထက် အစစအရာရာသာတယ်ဆိုတာ နားလည်စမ်းပါ"

သဲညိတစ်ကြိမ်တော့ ဘေးမှယဉ်၍လျှောက်လာသည့်စုမိုကို မုလိကြည့်လိုက်၏။

"ရှင် သူ့ကိုဆွဲမထည့်နဲ့... သူနဲ့ဘာမှမဆိုင်ဘူး"

ဤတွင် စုမိုသည် မုလိ၏လက်ကိုဆတ်ခနဲဖမ်းဆွဲကာ...

"သူနဲ့မဆိုင်ဘူးဆိုရင် နင်ဘာလို့နာရတာလဲ"

မုလိကလက်ကိုရုန်းဖယ်၍....

"ကျွန်မလက်ကိုလွှတ်ပါ"

သို့သော် စုမိုက မလွှတ်သည့်အပြင် တင်းကျပ်စွာဆုပ်ကိုင်လိုက်၏။

"မလွှတ်ဘူး... ငါမေးတာမဖြေရင် မလွှတ်ဘူး"

"ဘယ်နှစ်ခါပြောရမလဲ... ရှင့်ကို ကျွန်မလက်မခံနိုင်ဘူးလို့ ပြောပြီးပြီမဟုတ်လား"

"အို... ဒီလိုပြောလို့ဘယ်ရမလဲ... ငါ့ကိုလက်ခံနိုင်တယ်လို့ပဲ ကြားချင်တာ"

စုမိုမှာ ပြောလေကဲလေဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မုလိမှာ အကြောက်အကန်ရုန်းထွက်ဖို့ကြိုးစား၏။

"ဖယ်... ကျွန်မလက်ကိုလွှတ်"

"လွယ်ပါတယ် မုလိရယ်... ငါ့ကိုမေတ္တာရှိပါတယ်လို့ ပြောလိုက်... ချက်ချင်းလွှတ်လိုက်မယ်"

ထိုအချိန်မှာပင်....

"ဘယ်လိုလဲ... လမ်းလယ်ခေါင်မှာ မိန်းကလေးတစ်ဦးကို ဆွဲလားရမ်းလားလုပ်တာ မရှက်ဘူးလား"

စုမိုနှင့်မုလိတို့ ဆွဲလိုက်ရုန်းလိုက်ဖြစ်နေချိန်တွင် သူတို့နောက်မှ စကားသံတစ်သံထွက်ပေါ်လာခြင်းဖြစ်၏။

ထိုအသံကြောင့် နှစ်ယောက်လုံးကြည့်လိုက်မိ၏။ သူတို့ထံ ခပ်အေးအေးလာနေသူကိုတွေ့ရ၏။

သူကား ဖန်လုံတည်း။

ချစ်သူဖန်လုံကိုတွေ့လိုက်သည့်အခါ မုလိဝမ်းသာအားတက်ဖြစ်သွားလေ၏။

စုမိုမှာ မျက်နှာကြီးမည်းမှောင်သွားသည်။

"မိတ်ဆွေ... သူ့လက်ကိုလွှတ်လိုက်ပါ"

ဖန်လုံက တည်ငြိမ်သောလေသံဖြင့်ပြော၏။



စုမိုမှာ ဒေါသကြောင့်မျက်နှာကြီးနီရဲလာကာ...

"မလွှတ်ဘူးဆိုရင်ကော မင်းဘာလုပ်ချင်သလဲ"

ဖန်လုံသက်ပြင်းချ၏။

"ကျုပ် ခင်ဗျားနဲ့ရန်မဖြစ်ချင်ဘူးဗျာ"

"ရန်မဖြစ်ချင်ရင် ဝင်မရှုပ်နဲ့ပေါ့"

အခြေအနေမှာ အေးဆေးမည့်ပုံမပေါ်။

"ကျုပ် ရန်မဖြစ်ချင်လို့ သူ့ကိုလွှတ်ပေးဖို့မေတ္တာရပ်ခံနေတာပေါ့ဗျာ"

ဖန်လုံသည် ဒေါသထွက်မိသော်လည်း ပြဿနာမဖြစ်ချင်၍ တတ်နိုင်သမျှ စကားကို အချိုသာဆုံးဖြစ်အောင်ပြောနေခြင်းဖြစ်၏။ အကယ်၍ စုမိုသာ နေပြည်တော်တစ်မှူးကြီး၏သား မဟုတ်ခဲ့လျှင် ဖန်လုံအနေဖြင့် ဤမျှသည်းခံနေလိမ့်မည်မဟုတ်ပါ။

ဤမျှသည်းခံနေသည့်ကြားပင် စုမိုက...

"မုလိဟာ ငါရည်ရွယ်ထားတဲ့မိန်းကလေးကွ၊ သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ... မကြာခင်မှာ သူဟာ ငါ့ရဲ့အိမ်သူသက်ထားဖြစ်လာတော့မှာ၊ ဒါကြောင့် သူ့လက်ကိုဆွဲတာ ငါဘယ်သူ့ကိုဂရုစိုက်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်လုံမှာ မည်သို့မျှလက်ပိုက်ကြည့်နေနိုင်ခြင်းမရှိတော့ပါ။ မုလိ၏လက်ကိုကိုင်ထားသည့် စုမို၏လက်ချောင်းများကိုဖြုတ်ရန် ဟန်ပြင်လိုက်၏။ ဤတွင်....

"ခွိမ်း...."

စုမိုက ကျန်လက်တစ်ဖက်ဖြင့် ဓားကိုဆွဲထုတ်လိုက်သည်။

"မင်းသတ္တိရှိရင် ဓားထုတ်လိုက်ပါ"

ဖန်လုံမှာ သည်းခံနိုင်သောအတိုင်းအတာ ကုန်သွားပြီဖြစ်ပေသည်။

"ခွိမ်း...."

ဓားထုတ်၍ စုမိုအားတိုက်ခိုက်လိုက်လေတော့၏။

ထိုအချိန်တွင်... မုလိသည်ရုန်းကန်ရင်း စုမိုလက်မှလွတ်၍ အရှိန်ဖြင့်လဲကျသွား၏။ မုလိလွတ်သွားပြီဖြစ်သော်လည်း ဖန်လုံ အနေဖြင့်ရှောင်သွား၍မရတော့ပါ။

စုမိုက မုလိကိုတမင်လွှတ်ပြီး ဖန်လုံအားတရကြမ်းတိုက်ခိုက်လာခြင်းကြောင့်ဖြစ်၏။ သို့သော်... စုမိုသည် တပ်မှူးကြီး၏သား ဖြစ်သည့်တိုင်အပျော်အပါးအသောက်အစားဘက်တွင်သာ ကျင်လည်နေသဖြင့် သူ၏ဓားရေးသည် လွန်စွာညံ့ဖျင်းလှ၏။



ထို့ကြောင့် ဓားကွက်ငါးကွက်မပြည့်မီ‌‌င်—

"အား...."

"ခွိမ်း...."

စုမို၏လက်ကောက်ဝတ်မှ သွေးများစီးကျလာပြီး—

ကိုင်ထားသည့်ဓားလည်းလွတ်ကျသွား၏။

စုမိုအံကြိတ်လိုက်သည်။

"မင်းတစ်နေ့ ငါ့အကြောင်းသိရမယ်"

ခံပြင်းစွာပြော၍ စုမိုသည် သူ၏မြင်းဖြင့်ထိုနေရာမှထွက်ခွာသွားလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



ဖန်လုံသည် စုမိုကိုအနိုင်ရသော်လည်းစိတ်ထဲမပျော်ပါ။

ထို့အတူ မုလိလည်းစိတ်တထင့်ထင့်ဖြစ်နေ၏။

မည်သို့သော နောက်ဆက်တွဲပြဿနာများဖြစ်လာမည်ကို တွေးတောကာစိုးရိမ်ပူပန်နေမိကြ၏။

သို့သော် သူတို့စိုးရိမ်ပူပန်သလို ဘာပြဿနာမျှဖြစ်မလာချေ။ အချိန်များ တရွေ့ရွေ့ကုန်ဆုံး၍ ရက်ပေါင်းများစွာကြာမြင့်လာသည့်အခါ ဖန်လုံနှင့်မုလိတို့သည် ထိုကိစ္စကိုပင် မေ့လျော့စပြုလာကြလေသည်။

စုမိုကိုလည်း ထိုအချိန်မှစ၍ထပ်မံမြင်တွေ့ခြင်းမရှိပါ။

ထို့ကြောင့်....

ဖန်လုံနှင့်မုလိတို့သည် စုမိုလက်လျှော့သွားပြီဟု ထင်မှတ်ကာစိတ်အေးသွားကြလေသည်။



ယင်းသို့ဖြင့် အချိန်ကာလကြာသွားသည့်အခါ ဖန်လုံ၏မိဘများကမုလိနှင့်သဘောတူလှသည်မဟုတ်သော်လည်း မုလိ၏အနေအထိုင်ယဉ်ကျေးလိမ်မာမှု ဖန်လုံ၏မရမကပူဆာမှုတို့ကြောင့် ၎င်းတို့နှစ်ယောက်အားလက်ထပ်ပေးလိုက်ကြ၏။

သူတို့နှစ်ယောက် ဝမ်းသာပျော်ရွှင်မဆုံးဖြစ်သွား၏။

သူတို့၏မင်္ဂလာပွဲကား ဧည့်ပရိသတ်များဖြင့် အထူးပင် စည်ကားလှပေသည်။ ဧည့်သည်များကလည်း ညဉ့်နက်သည်အထိနေကြရာ မုလိမှာပင်ပန်းမှုဒဏ်ကိုမခံနိုင်တော့ပါ။

ဖန်လုံက သူငယ်ချင်းများကိုခြံဝအထိလိုက်ပို့ပေး၏။

မင်္ဂလာဦးညဖြစ်ရာ မုလိသည် ရှက်သလိုလိုဖြစ်နေ၏။

ဧည့်သည်ကိုပို့ပြီး ဖန်လုံပြန်ရောက်လာလျှင် မည်သို့မျက်နှာချင်းဆိုင်ရပါမည်နည်းဟုတွေးရင်း မုလိရင်ဖိုနေမိ၏။

ထိုစဉ်မှာပင်....

"ဝုန်း...."

အိမ်ရှေ့တံခါးမကြီးကိုအရှိန်ဖြင့် ဖွင့်လိုက်သံကြားရ၏။

ထို့နောက် ဆူဆူညံညံရုတ်ရုတ်သဲသဲအသံကိုကြားရ၏။

မုလိထိတ်ခနဲဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာတွေဖြစ်ကုန်ပါလိမ့်"

ညွှန့်သည်များ အရက်မူးမူးဖြင့်သောင်းကျန်းနေကြသည်ဟု ထင်မိ၏။

ထို့ကြောင့်... မုလိသည် အိပ်ခန်းထဲမှထွက်၍ညွှန့်ခန်းမဆီ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ ခန်းမကြီးအနီးသို့ရောက်သည့် အခါ မုလိမှာအံ့ဩထိတ်လန့်ပြီး မျက်လုံးများဝိုင်းစက်ပြူးကျယ်သွား ရလေတော့၏။

***



မြင်ကွင်းကား ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှတော့၏။

"ခြင်....."

"ခြမ်း....."

"အား....."

"ဝုန်း....."

လက်နက်မျိုးစုံနှင့်လူတစ်စု ခန်းမထဲ ရုတ်တရက်ဝင်လာပြီး တွေ့သမျှလူများကို တိုက်ခိုက်နေခြင်းဖြစ်သည်။ ကြေးစားလူသတ် သမားများဖြစ်ကြဟန်တူ၏။

လွန်စွာ သွေးအေးလှသည်။

လွန်စွာရက်စက်လှသည်။

လူ့အသက်ကို ကြက်ငှက်များသဖွယ်မှတ်ထင်နေကြရော သလားမသိ။

www.burmeseclassic.com

www.burmeseclassic.com



မုလိမှာ မျက်လုံးအဝိုင်းသားဖြင့်ငေးကြည့်မိ၏။

အော်ဟစ်ရန်ပင် အင်အားမရှိတော့ပါ။

တစ်ကိုယ်လုံးပျော့ခွေကာ မတ်မတ်ပင်ရပ်နိုင်စွမ်းမရှိ။

"ဝုန်း...."

ထိတ်လန့်တုန်လှုပ်မှုကြောင့်... အရုပ်ကြိုးပြတ်လဲကျကာ သတိမေ့သွားတော့သည်။

ထို့နောက် ဘာတွေဖြစ်ခဲ့သည်ကို သူမ မသိပါ။

သူမ ပြန်လည်သတိရလာသည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်ကိုသတိပြုမိသည်။

ပထမတွင် သူမသည် ကြောင်အမ်းအမ်းဖြစ်မိသည်။ ပြီးမှ အဖြစ်မှန်ကိုသတိရပြီး ထိတ်လန့်တကြားထလိုက်သည်။

ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်သည်။

"အမယ်လေး"

အထိတ်တလန့်အော်မိ၏။

အကြောင်းမှာ.... သူမသည် အတုံးအရုန်းလဲကျသေဆုံးနေသူများအားတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

"ဟင်... အစ်ကို... အစ်... အစ်ကိုဘယ်မှာလဲ"



ဖန်လုံကိုသတိရလာသည်နှင့်....

စိုးရိမ်စိတ်က သူမတစ်ကိုယ်လုံးပျံ့နှံ့သွားသည်။

ချက်ချင်းပင် ခန်းမဆောင်အနှံ့ရှာဖွေကြည့်သည်။

အသက်ရှင်သူဟူ၍ သူမတစ်ယောက်သာရှိပါတော့၏။

သူမသည် သေဆုံးသူများကိုစစ်ဆေးကြည့်ရှုရာ....

သူမ၏လက်ထပ်ပြီးကာစခင်ပွန်းသည် ဖန်လုံလည်းပါဝင် နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင်... အစ်ကို... အစ်ကို... ဖြစ်မှဖြစ်ရလေအစ်ကိုရယ်"

ကပျာကယာသွားရောက်ပွေ့ထူရင်း ဝမ်းနည်းကြေကွဲစွာ ရေရွတ်လိုက်မိသည်။ ဤတွင် ဖန်လုံမှာမသေသေးကြောင်းသိရ၏။

မျက်လုံးကို အားယူဖွင့်ကြည့်ရင်း နှုတ်ခမ်းတလှုပ်လှုပ်နှင့် စကားပြောရန် ကြိုးစားနေသည်ကိုတွေ့ရသည်။

"မု... မုလိ"

ဒဏ်ရာပြင်းထန်ပုံရသည်။

ဖန်လုံသည် စကားကိုကြိုးစား၍ပြောနေရသည်။

"အစ်ကို... အစ်ကို၊ ညီမ အစ်ကို့နားမှာရှိတယ်လေ"

ဖန်လုံကနှုတ်ခမ်းတလှုပ်လှုပ်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ငါ... ငါ့အတွက်သွေးကြွေးဆပ်"

စကားပင် ဆုံးအောင်မပြောနိုင်ပါ။

ဖုန်လုံခေါင်းငိုက်စိုက်ကျသွားသည်။

"ဟင်... အစ်ကို"

မည်မျှပင်ခေါ်ခေါ် ဖုန်လုံကား ပြန်ထူးနိုင်တော့မည်မဟုတ်တော့ပါ။

ထာဝရအိပ်စက်အနားယူသွားလေပြီ။

ကြေကွဲစွာငိုရှိုက်နေသည့်သူမ၏အသံက ညှော်ခန်းထဲ ပျံ့လွင့်လျက်ရှိသည်။

မင်္ဂလာဦးညသည် သူမ၏ခင်ပွန်းလောင်းသေဆုံးခဲ့၏။

ရိုးရိုးသားသားသေဆုံးခြင်းမဟုတ်။

သွေးသံရဲရဲနှင့်ရန်သူ၏လုပ်ကြံသတ်ဖြတ်မှုကို ခံလိုက်ရခြင်းဖြစ်သည်။

သူတစ်ယောက်တည်းမဟုတ်။

သူ့မိဘနှစ်ပါးလည်း ပါသည်။

ပြီးတော့....

ကလေးအရွယ်သာသာရှိသေးသော သူမ၏ညီမငယ်....



ထို့နောက် သူ၏အိမ်တော်မှအခြွေအရံများ....

မင်္ဂလာအခမ်းအနားသည် အမင်္ဂလာအဖြစ်သို့ မယုံကြည်နိုင်အောင် ပြောင်းလဲခဲ့ပြီဖြစ်သည်။ မည်မျှကြေကွဲနာကြည်းဖွယ်ကောင်းပါသနည်း။

သူမ၏နားထဲ၌ သွေးပျက်မခန်းအော်သံကိုကြားရဆဲ ဖြစ်သည်။ အထူးသဖြင့် သူမ၏ပေါင်းဖက်ခြင်းမပြုလိုက်ရသော ခင်ပွန်းသည်၏စကားသံက ယခုအထိတိုင်အောင် သူမ၏အကြားအာရုံထဲ၌ ပဲ့တင်ရိုက်ခတ်နေဆဲပင်....

"ငါ... ငါ့အတွက်သွေးကြွေးဆပ်"

***

www.burmeseclassic.com

www.burmeseclassic.com



## အဆိပ်ကာဝေမ

မုလိသည် ပါးပြင်ပေါ်စီးကျလာသောမျက်ရည်များကိုလက်ခုံဖြင့်သုတ်ပြီး....

"ကျွန်မအဖြစ်က ဒါပါပဲရှင်၊ အဲဒီအတွက် ကျွန်မကလက်တို့ပြန်တဲ့အခါ ရှင်ကရက်စက်တယ်လို့ပြောချင်တယ်"

သူမ၏အတိတ်ဇာတ်ကြောင်းကကြေကွဲစရာကောင်း၏။

သို့သော်....

သူမပြောသမျှအမှန်ချည်းဟုမည်သို့ယုံရမည်နည်း။

ကျင်းနုန်အနေဖြင့် မယုံတစ်ဝက်ယုံတစ်ဝက်သာ။

သူသည် အဆိပ်ကာဝေမမုလိ၏ လှည့်စားမှုကို ခံခဲ့ရပေါင်းများခဲ့ပြီမဟုတ်ပါလား။



ထို့ကြောင့် ယုံရခက်ခက်ဖြစ်သွားရခြင်းပင်။

"ဒါနဲ့ အခုဘယ်ကိုခရီးဆက်မလဲ"

ကိုင်းတောကြီးထဲ၌ ဆက်နေရန်မဖြစ်တော့သည်ကို သတိရမိသဖြင့် သူကမေးလိုက်ခြင်းဖြစ်၏။

"ကျွန်မ ရန်သူကိုလိုက်ရှာရဦးမယ်လေ"

သည်တစ်ကြိမ်တော့ သူမ၏အသံကပြောင်းလဲသွား၏။

ကြေကွဲဆွေးမြည့်သောအသံမဟုတ်တော့။

ဒေါသရိပ်လွှမ်းနေသောအသံမျိုး။

မျက်လုံးတို့ကလည်း မှိုင်းမနေတော့။

တောက်ပြောင်ဝင်းလက်လာ၏။

သားကောင်အနံ့ရသည့်ကျားရိုင်းတစ်ကောင်ပမာ အင်အားပြည့်လာ၏။

သူမျက်မှောင်ကုပ်ပြီး....

"ဟ မင်းရဲ့ရန်သူတွေကမကုန်နိုင်သေးဘူးလား... ဘယ်နှစ်ယောက်တောင်ကျန်နေလို့လဲ"

"အနည်းဆုံး သုံးယောက်ကျန်နေတယ်"

ကျင်းနုန်မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သုံးယောက်ဟုတ်လား"

"ဟုတ်တယ်... ဒါအနည်းဆုံးပဲ၊ ပိုချင်ပိုဦးမှာ"

သူစိတ်ပျက်စွာခေါင်းခါမိ၏။

"မင်း ဒီလိုမဆင်မခြင်လူတွေကိုဒုက္ခပေးနေဦးမယ်ဆိုရင် ကျုပ်လက်ပိုက်ကြည့်နေနိုင်မှာမဟုတ်ဘူး"

မုလိက ညှိုးမျက်ဝန်းဖြင့်ကျင်းနန်ကိုကြည့်၏။

"ဒါဆို ကျွန်မဘဝပျက်လောက်အောင် ဒုက္ခရောက်ခဲ့ရတာကိုတော့ ရှင်ကထည့်မတွက်ဘူးပေါ့ဟုတ်လား"

မုလိစကားကြောင့် သူက....

"ဘာပဲဖြစ်ဖြစ် မင်း သူများကိုဒုက္ခပေးနေတာ ရပ်တန်းကရပ်ပါ၊ အရင်ကဖြစ်ပျက်ခဲ့တာတွေနဲ့ပတ်သက်ပြီး ကျုပ်ယုံကြည်လက်ခံအောင်မင်းသက်သေပြပါ၊ ဒါဆို မင်းအတွက်တရားမျှတမှုရှိအောင် ကျုပ်ကိုယ်တိုင်ရှေ့ကရပ်မယ်"

သူထိုင်ရာမှထလိုက်၏။ ပြီးမှ စကားဆက်သည်။

"အဲဒီလိုမဟုတ်ဘဲ မင်း ကျုပ်ကိုသက်သက်မဲ့လှည့်စားနေတာဆိုရင်... ကျုပ်ကိုယ်တိုင်မင်းကိုဖမ်းပြီး နေပြည်တော်ရဲ့မက်တွေလက်ထဲအပ်မယ်"



မုလိက ထိုင်ရာမှမထဘဲမတုန်မလှုပ်ပင်ရှိ၏။

"ကျွန်မအကြောင်း ရှင့်ကိုပြောပြီးပြီပဲ၊ ဒါပေမဲ့ ရှင်မယုံဘူး အင်းလေ... ဒါကရှင့်သဘောပါ၊ ရှင်ကကျွန်မကိုအများမြင်သလို ရက်စက်ကြမ်းကြုတ်တဲ့မိန်းမလို့ပဲ မြင်နေတယ်မဟုတ်လား"

မုလိသည် မတုန်မလှုပ်ရှိနေသော်လည်း မျက်ဝန်းအိမ်၌မူ မျက်ရည်တို့ရစ်ဝဲနေ၏။

ကျင်းနန်သက်ပြင်းချသည်။

သူမနှင့်ပတ်သက်၍ ယခုအချိန်တိုင်အောင် စိတ်ထဲ၌မရှင်းမလင်းဖြစ်နေမိသည်မှာအမှန်ပင်။

သူမက ရက်စက်ကြမ်းကြုတ်သည့်လူသတ်သမားဖြစ်နေသလို သနားစရာကောင်းသောမိန်းကလေးတစ်ဦးလည်း ဖြစ်နေပြန်သည်။ ကျင်းနန်သည် သူမအားစက်ဆုပ်ရွံရှာမိသလို သနားကရုဏာလည်းသက်မိလေသည်။

ထို့ကြောင့်....

သူမနှင့်ပတ်သက်၍ သူ့အနေဖြင့် ယတိပြတ် ဆုံးဖြတ်ချက်မချနိုင်ဘဲဖြစ်နေရလေသည်။

ကျင်းနန်တွေဝေနေသည်ကိုကြည့်ရင်း သူမဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ရှင်သာ ကျွန်မနေရာမှာဆိုရင် ဘယ်လိုနေမလဲ၊ ယုန်တစ်ကောင်လိုငြိမ်ခံနေမှာလား… အဲဒီလောက်ထိသည်းခံနိုင်တဲ့အရည်အချင်း ကျွန်မမှာမရှိတာအမှန်ပါ"

သူ ဘာပြောရမှန်းမသိဖြစ်နေ၏။

မုလိက ရင်ထဲမျိုသိပ်ထားရသည့်စကားများကိုသွန်ချလိုက်သလိုဆက်ပြော၏။

"ကျွန်မယောက်ျားဟာ ရန်သူတွေရဲ့လုပ်ကြံမှုကိုခံခဲ့ရတာပါ။ ကျွန်မ ဘယ်လိုခံစားခဲ့ရမယ်ဆိုတာ ရှင်စဉ်းစားကြည့်ပါ။ ကျွန်မရဲ့မျှော်လင့်ချက်နဲ့ပျော်ရွှင်မှုဟာ အချိန်တိုလေးအတွင်းမှာ လုံးဝသုံးမရအောင်ပျက်စီးခဲ့ရတာပါရှင်"

ပြောရင်းမှ မျက်ရည်များကပါးပြင်ပေါ်စီးကျလာ၏။

မုလိက အံတင်းတင်းကြိတ်ပြီးစကားဆက်ပြန်သည်။

"ဒါကြောင့် ကျွန်မဟာ မိန်းကလေးတန်မဲ့သိုင်းပညာကိုအဆင်းရဲအပင်ပန်းခံပြီးသင်ယူခဲ့ရတာပဲ၊ ဒီလိုအဆင့်မျိုးရောက်လာဖို့ဘယ်လောက်ပင်ပန်းတယ်ဆိုတာ ရှင်နားလည်မှာပါ။ အဲဒီလိုသင်ယူပြီးမှ ကျွန်မယောက်ျားအတွက် သွေးကြွေးဆပ်တာပဲ၊ ကဲ… ပြောစမ်းပါဦး… ကျွန်မမှားသလား"



မုလိ၏မျက်ရည်လှိုင်းက အတော်ပင်ထိရောက်ပုံရ၏။

ကျင်းနန်မှာ မုလိအပေါ်ကရုဏာသက်မှုနှင့်အတူ ငေးငိုင်သွားရလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့....

သိုင်းပညာသင်ယူရသည်မှာ လွယ်သည်မဟုတ်ပေ။

နုနယ်သောမိန်းမသားတို့မဆိုထားဘိ။

ယောကျ်ားရင့်မာကြီးများပင် တော်ရုံတန်ရုံဇွဲနှင့် သင်ယူနိုင်မည်မဟုတ်ပါ။

နေ့ချင်းညချင်းတတ်မြောက်နိုင်သည့်ပညာလည်း မဟုတ်။

အချိန်များစွာပေးရသည်။

ဤမျှ စိတ်ရှည်လက်ရှည်ဖြင့် အဆင်းရဲ အပင်ပန်းခံသင်ယူခဲ့ခြင်းမှာ သာမန်စိတ်ဓာတ်နှင့်မဖြစ်နိုင်။

ကြံ့ခိုင်ရဲရင့်မှုနှင့်အတူ မဖြစ်မနေလုပ်ဆောင်လာခဲ့ခြင်းတို့ကြောင့်သာ ထိပ်တန်းသိုင်းသမားတစ်ဦး ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း ယုံမှားဖွယ်မရှိပေ။

*ပထမပိုင်းပြီး၏။*

*ဒု–ဓာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# အဆိပ်ကဝေ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



မုလိ၏နောက်ကြောင်းရာဇဝင်ကား…

ဝမ်းနည်းဖွယ် ခံပြင်းဒေါသထွက်ဖွယ်တို့ဖြင့် ပြွန်းတီးနေသည်ဟုဆိုနိုင်ပေသည်။ သို့သော် ကျင်းနန်အနေဖြင့် မုလိကိုအကြွင်းမဲ့ယုံကြည်ရန်ခက်နေ၏။

ယုံလွယ်လျှင်မိုက်မဲရာကျပေတော့မည်။

ဝေးရာသို့ ထွက်သွားရအောင်ကလည်း မမြင်ရသောနှောင်ကြိုးတစ်မျှင်ဖြင့် ချည်နှောင်ခံထားရသလိုရှိသည်။

ထို့ကြောင့် ကျင်းနန်မှာ ဗိုတုံချတုံဇဝေဇဝါဖြင့်ဘာတစ်ခုမျှ ယတိပြတ်ဆုံးဖြတ်ချက်မချနိုင်ဘဲရှိခဲ့ရသည်။

ဖြစ်ခဲ့သမျှကိုလည်း ရှင်းလင်းစွာသိချင်သေး၏။

"ဒါနဲ့… ကလေးအနှီးထုပ်ထဲမှာပင့်ကူတွေထည့်ပြီး မင်း ဘာဖြစ်လို့စုရှမ်းကိုလုပ်ကြံရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်က အမှတ်မထင်စကားအစ်ကြည့်၏။

ဤတွင်မုလိက....

"စုရှမ်းက အရင်ကတပ်မှူးကြီးတာဝန်ထမ်းလာတဲ့လူလေ၊ သူ့ရဲ့သိုင်းပညာက မခန့်မှန်းနိုင်အောင်မြင့်မားတယ်ရှင့်၊ ကျွန်မသာ ဒီလိုဉာဏ်မကူရင် သူ့ကိုလုပ်ကြံဖို့ဘယ်လွယ်လိမ့်မလဲရှင်"

"နေပါဦး... မင်းဘာကြောင့်သူ့ကိုလုပ်ကြံရတာလဲ"

"သူက လုပ်ကြံမှုမှာ ဟာကွက်မရှိအောင် ဦးဆောင်စီစဉ်ခဲ့တဲ့လူလေ၊ ဘုရင်မင်းမြတ်ပေးအပ်ထားတဲ့ရာထူးအာဏာကို အလွဲသုံးစားလုပ်ပြီး သူ့သားစုမာအတွက် လက်စားချေခဲ့တာပဲ"

"ဒါဖြင့် မင်းကိုကျူပ်တွေ့ခဲ့တဲ့ဝါးအိမ်ထဲကလူတွေကကော၊ အဲဒါလဲ မင်းလက်ချက်ပဲမဟုတ်လား"

"အင်း... ပြောရရင်တော့အရှည်ကြီးပဲရှင့်၊ မပြောဘဲနေရင်လဲ ရှင်ကျွန်မကို ယုံမှာမဟုတ်ဘူး။ အမှန်တော့... အဲဒီဝါးအိမ်ထဲက, ကလေးဟာ စုရှမ်းရဲ့မြေးပါပဲ၊ သူ့အဘိုးဆီအလာ ဝါးအိမ်ထဲ ခဏနားတုန်း ကျွန်မကိုယ်တိုင်လုပ်ကြံခဲ့တာပဲ"

ကျင်းနန် မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားသည်။



"မင်း ဘာဖြစ်လို့ဒီလိုလုပ်ရတာလဲ"

"ရှင် ဒီလိုမေးမဲ့အစား စုမာရဲ့အဖေစုရှမ်းက ဘာကြောင့် ကျွန်မတို့မိသားစုကို လုပ်ကြံခဲ့ရတယ်ဆိုတာ အရင်မေးဖို့ကောင်းတယ်ရှင့်၊ တကယ်လို့ ရန်ငြိုးရှိခဲ့တယ်ဆိုရင်လဲ ရန်ငြိုးရှိတဲ့လူနဲ့ပဲ ပြဿနာရှင်းသင့်တယ်မဟုတ်လား၊ အခုတော့ ကျွန်မရဲ့ခင်ပွန်းနဲ့ မိသားစုဟာ ဘုမသိဘမသိလုပ်ကြံခံခဲ့ရတယ်လေ"

ကျင်းနန် မျက်မှောင်ကြုတ်သွားကာ...

"မင်းစကားအရ အဲဒီမင်္ဂလာဦးညမှာ မင်းရဲ့ခင်ပွန်းအပါအဝင် မိသားစုကိုလုပ်ကြံသွားတော့ လူဘယ်နှစ်ဦးလဲ"

မုလိပန်းတွန့်လိုက်သည်။

"ဒါတော့ တိတိကျကျဘယ်ပြောတတ်မလဲ... ဘယ်သူတွေပါမှန်းတောင် မသိခဲ့ပါဘူး။ နောက်မှရန်သူတွေ ဘယ်သူလဲ... ဘယ်နှစ်ယောက်လဲဆိုတာ တဖြည်းဖြည်းချင်းခြေရာခံရခဲ့တာ"

"မင်းရဲ့ခင်ပွန်းကကော သူတို့ရန်ငြိုးထားလောက်စရာတခြားတစ်ခုခုများလုပ်မိခဲ့သလား"

www.burmeseclassic.com

www.burmeseclassic.com



မုလိသက်ပြင်းချသည်။

"ရှင်ကတော့ ကျွန်မကို လက်လွှတ်စပယ်ရမ်းကားတယ်လို့ ထင်မှာပဲ၊ တကယ်တော့ ကျွန်မလဲ သေချာစုံစမ်းခဲ့ပါတယ်၊ ဘယ်သူ့ဘက်က ဘယ်လောက်မှားခဲ့သလဲဆိုတာ စုံစမ်းနေတုန်းမှာပဲ...."

မုလိသည် ပြောရင်းရပ်သွားသည်။ တစ်ဆက်တည်းဆိုသလို ကျင်းနန်ကို ရုတ်တရက်တွန်းလှဲပစ်လိုက်၏။

"ဟင်... မင်း..."

ကျင်းနန်မှာ စိတ်ဝင်စားစွာနားထောင်နေစဉ် မုလိက လျှပ်တစ်ပြက်လှုပ်ရှားလိုက်သဖြင့် အငိုက်မိကာလဲကျသွား၏။

သူမ၏လှုပ်ရှားမှုကား လျှပ်စီးလက်သလိုမြန်လှ၏။

ကျင်းနန်မှာ ကိုယ့်မျက်စိကိုယ်မယုံနိုင်အောင်ဖြစ်ရ၏။

သူ့အနေဖြင့်... ခုခံကာကွယ်ချိန်ပင်မရလိုက်ဘဲဖြစ်သွားရသည်မဟုတ်ပါလား။

မုလိသည် သူ့ကိုတွန်းလှဲပြီးသည်နှင့်တစ်ပြိုက်နက် လေထဲခုန်တက်သွား၏။



ဓားရောင်များပြိုးပြက်ဝင်းလက်သွားပြီး...

"ဗိုး... ဗွစ်"

"အား..."

"အွန့်...."

ညည်းသံသဲ့သဲ့နှင့်အတူ လူနှစ်ဦး အရုပ်ကြိုးပြတ် လဲကျလာလေတော့သည်။ ကျင်းနန် ငေးကြောင်သွားရ၏။

အကယ်၍ သူ့ကိုသာ မုလိကတွန်းလှဲမပစ်ခဲ့လျှင် လဲကျသေဆုံးရမည့်သူသည် မိမိသာဖြစ်ကြောင်းနားလည်၏။

မုလိကား သွေးအေးအေးနှင့်ရက်စက်သလောက် ဓားစွမ်းကလည်း မယုံကြည်နိုင်အောင်ထက်မြက်လှချေသည်တကား။

***

www.burmeseclassic.com

www.burmeseclassic.com



“ရှင် ဘာငေးနေတာလဲ၊ သွားကြမယ်… ကျွန်မတို့ကို သူတို့ ဝိုင်းထားကြပြီရှင်”

ငေးကြောင်နေဆဲကျောင်းနန်ကို မုလိက အားမလိုအားမရလေသံဖြင့်လှမ်းပြောလိုက်ခြင်းဖြစ်၏။

သည်တော့မှ သူသတိဝင်လာပြီး ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်မိ၏။

မှန်ပါသည်။

ကွင်းစပ်သစ်ပင်အုပ်ကြားမှလှုပ်ရှားမှုအချို့ကို ရိပ်ခနဲမြင်တွေ့လိုက်ရ၏။

အတွေ့အကြုံအရ ခန့်မှန်းကြည့်ရာ အနည်းဆုံးရန်သူ ဆယ်ဦးခန့်ရှိမည်ဟုမှန်းဆမိသည်။ ထိုနေရာမှ မည်သို့ထွက်ခွာရမည်ကို တွေးနေစဉ်မှာပင်… လူတစ်စု သစ်ပင်အုပ်ကြားမှထွက်လာပြီး သူတို့အား ဝိုင်းရံလိုက်ကြလေတော့၏။



“ဟော… တစ်ယောက်မှမလွတ်စေနဲ့”

“ရှုပ်တယ်ဟေ့ တစ်ယောက်မှအရှင်မထားနဲ့ တစ်ခါတည်းသာရှင်းပစ်လိုက်”

အော်ဟစ်သံနှင့်အတူ ကျောင်းနန်တို့အားတရကြမ်းဝင်ရောက်တိုက်ခိုက်လာကြလေ၏။

“ဗိုး…”

“ဒုတ်… ဒုတ်… ဒုတ်”

“အား…”

“အင့်…”

“ဝုန်း…”

အော်ဟစ်ညည်းတွားသံများထွက်ပေါ်လာပြီး…

ရန်သူများ မုလိ၏သွက်လက်သောဓားချက်အောက်၌…

တစ်ယောက်ပြီးတစ်ယောက် အသက်ပျောက်ကုန်၏။

ကျောင်းနန်ကမူ ကိုယ့်ကိုယ်ကို ကာကွယ်ရုံမျှသာဖြစ်သည်။

ရန်သူဆုတ်သွားအောင် ခြောက်လှန့်ရုံမှအပ မည်သူ့ကိုမျှ အသက်ဆုံးအောင်မတိုက်ခိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မုလိမှုကား စားချက်တစ်ချက်ဆို,ဆိုသလောက် ပြင်းထန်ထိရောက်လှ၏။ သူမအားတိုက်ခိုက်ရန် ကြိုးစားသူမှန်သမျှ သိပ်ကြာကြာမတိုက်ရပါ။

'အား'... ခနဲအော်ပြီး အရုပ်ကြိုးပြတ်လဲကျသွားကြရသည်သာဖြစ်၏။

ကျင်းနန် မနေနိုင်တော့ပါ။

အကြောင်းမဲ့သွေးထွက်သံယိုဖြစ်သည်ကို သူမမြင်လို။

ထို့ကြောင့်....

"ခဏလောက်နေကြပါဦးဗျာ၊ ကိစ္စရှိရင် အေးဆေးဆွေးနွေးကြတာပေါ့၊ ခုလို ဓားနဲ့ဖြေရှင်းရင် အားလုံးသေကုန်လိမ့်မယ်"

"မလိုချင်ဘူး... ဆက်သာတိုက်"

တစ်ဖက်မှလူများသည် အခြေအနေမကောင်းမှန်းသိသည့်တိုင် လက်မလျှော့ပေ။

"မုလိရပ်လိုက်ပါ... ခုလိုသာဆက်တိုက်နေရင် မှားပြီးရင်းမှားလိမ့်မယ်"

ဟန့်တားသော်လည်း မုလိကလက်မခံ။



"ရပ်လို့ရမလားရှင့်... ကိုယ်ကမတိုက်ရင် သူတို့က ကိုယ့်ကို အမှုန့်ချေပစ်မှာပေါ့"

အကျိုးအကြောင်းမသိရဘဲတိုက်ခိုက်နေသည်က လွန်စွာအဓိပ္ပာယ်မဲ့လှသည်ဟု ကျင်းနန်ထင်၏။

သူ၏ဟန့်တားမှုကိုလည်း မည်သူကမျှလက်မခံ။

ယခုဆိုလျှင်....

မုလိ၏ဓားချက်ကြောင့် ရန်သူငါးဦးခန့်ကျဆုံးခဲ့၏။ သို့သော် ထိုလူတို့သည်အလျှော့မပေး ထွက်သွားမည့်ပုံမပေါ်။

သူတို့သည် ကျင်းနန်ထက် မုလိကိုပို၍သဲသဲမဲမဲတိုက်၏။ မုလိ၏သိုင်းပညာက သူတို့ထက်သာမှန်းမသိ၍မဟုတ်။ သိလျက်နှင့် မိုက်မဲစွာတိုက်နေကြခြင်းဖြစ်သည်။

ကျင်းနန်သည် အဓိပ္ပာယ်မဲ့တိုက်ခိုက်နေမှုကို မမြင်လိုပါ။

ထို့ကြောင့် သူအားတိုက်ခိုက်နေကြသည့် ရန်သူနှစ်ဦးကြားမှ ထိုးဖောက်ထွက်လာခဲ့လေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

"ဂျိမ်း….."

မြည်ဟည်းသံနှင့်အတူ လျှပ်စီးများဝင်းလက်သွား၏။

ထို့နောက် လေများဝေါခနဲတိုက်ခတ်လာသည်။

လေနှင့်အတူ မိုးသီးမိုးပေါက်တို့ပါလာ၏။

ထို့နောက်တွင်ကား သဲကြီးမဲကြီးမိုးရွာချလေတော့၏။

လေကလည်း တဝေါဝေါအော်မြည်တိုက်ခတ်လာ၏။

ကျင်းနန်သည် မိုးရွာထဲပြေးလွှားရင်း နားခိုစရာရှာ၏။

တဲအိမ်တစ်လုံးကိုမျှပင် မတွေ့ရပါ။

သူဆက်ပြေး၏။

အတန်ကြာပြေးမိသည့်အခါ ခပ်လှမ်းလှမ်း၌ရွာလေးတစ်ရွာကိုလှမ်းမြင်တွေ့လိုက်ရသည်။



ထို့ကြောင့် ရွာဆီသို့အားသွန်၍ပြေးလေ၏။

ရွာထိပ်သို့ရောက်သည့်အခါ အနီးဆုံးတဲအိမ်တစ်လုံးဆီ ပြေးကပ်ပြီးမိုးခို၏။

တဲထဲ၌ ဘာမျှမရှိ။

ကောက်ရိုးများသာရှိ၏။

မိုးက သည်းလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမည်းမှောင်သွားသည်။

နေဝင်ဖြိုးဖျအချိန်ရောက်သည့်နှင့်ပင် တူနေ၏။

ကျင်းနန်သည် တဲထဲဝင်ပြီး ကောက်ရိုးပုံပေါ် လှဲချ၏။

ခုမှစိတ်သက်သာရာရ သွားတော့သည်။

အေးဆေးအနားယူရတော့မည်ဟုထင်မိ၏။

အမှန်တော့…..

ဤတဲအတွင်း၌ သူမရောက်မီကပင် လူတစ်ဦးက အလျင်ရောက်ရှိနေပေသည်။ ထိုလူသည် တဲထဲဝင်ပြီးတံခါးပြန်ပိတ်ရန်ဟန်ပြင်လိုက်စဉ် ကျင်းနန်ပြေးလာသည်ကိုမြင်သဖြင့် တံခါးမပိတ်တော့ဘဲ တဲအတွင်းပိုင်းသို့ဝင်၍ပုန်းနေလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်ကမူ ထိုအဖြစ်ကိုလုံးဝသိရှိခဲ့ခြင်းမရှိ။

သို့သော်... ရင့်ကျက်သည့်အတွေ့အကြုံအရ တဲအတွင်းဝင်မိသည်နှင့် အန္တရာယ်အရိပ်အငွေ့ကိုအလို အလျောက်ပင် သိရှိလိုက်လေသည်။

လျှပ်စီးတစ်ချက် ဝင်းခနဲလင်းလက်သွားချိန်မှာပင် လူရိပ်တစ်ရိပ် လှစ်ခနဲလှုပ်ရှားလာသည်ကိုတွေ့လိုက်ရ၏။

တစ်ဆက်တည်းမှာပင် ဓားရောင်တစ်ချက် ပြိုးပြက်သွား၏။ ဓားထုတ်ရန် အချိန်မရတော့ပါ။ ထို့ကြောင့် ဓားအိမ်ဖြင့် ပင့်ခံပေးလိုက်သည်။

"ခြွမ်း..."

လက်မောင်းတစ်လျှောက်ကျဉ်ခနဲဖြစ်သွား၏။ တစ်ဖက်လူ၏သိုင်းပညာမှာ ပေါ့ပေါ့တန်တန်မဟုတ်ကြောင်း နားလည်သိရှိ၏။

သို့သော် အတွေ့အကြုံရင့်ကျက်သောကျင်းနန်က ဓားအိမ်ဖြင့် ပင့်တင်တွန်းထုတ်လိုက်ရာ ထိုလူဟန်ချက်ပျက်ပြီး ကောက်ရိုးပုံပေါ်လဲကျသွား၏။

ကျင်းနန်က ဓားကိုဓားအိမ်မှမထုတ်သေးပါ။



"ခင်ဗျားဘယ်သူလဲ... ဘာကြောင့်ကျုပ်ကိုရန်မူတာလဲ"

"ခင်ဗျား ကျန်းဟူသိုင်းသမားကျင်းနန်မဟုတ်လား"

ထိုလူ၏စကားသံအရ ဒဏ်ရာတစ်ခုခုရရှိထားဟန်တူသည်ဟု ကျင်းနန်တွေးမိ၏။

ထို့ကြောင့် အမေးကိုပြန်မဖြေဘဲ...

"ခင်ဗျားကြည့်ရတာ ဒဏ်ရာရထားသလိုပဲ"

"အင်း..."

ထိုလူက မဖြေချင်ဖြေချင် ဖြေ၏။

ထိုလူ၏အတွင်းအား ပညာအဆင့်နှင့်ဆိုလျှင် ကျင်းနန်က ဓားအိမ်နှင့်ပင့်တွန်းရုံဖြင့် လဲကျသွားစရာအကြောင်းမရှိပါ။

ထိုလူ လဲကျသွားခြင်းသည် အတွင်းအားကိုအသုံးမပြုနိုင်၍ဖြစ်ကြောင်းထင်ရှားနေသည်။

အတွင်းအားကို အသုံးမပြုခြင်းသည် အတွင်းဒဏ်ရာရ၍သာဖြစ်နိုင်၏။

သို့မဟုတ် အဆိပ်မိထားခြင်းဖြစ်နိုင်၏။

ထိုလူက သူ့ကိုကြည့်၍...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မေးတာကိုဖြေဦးလေ"

ကျင်းနန်က...

"ဘာကိုဖြေရမှာလဲ"

"ခင်ဗျား ကျန်းဟူသိုင်းသမားကျင်းနန်မဟုတ်လား"

ကျင်းနန် မျက်မှောင်ကုပ်သွားသည်။

ဘာကြောင့် မိမိ မည်သူမည်ဝါဖြစ်ကြောင်း အသည်းအသန် မေးနေရပါသနည်း။

ကျင်းနန်ကနားမလည်ဟန်ဖြင့် ထိုလူအားကြည့်ကာ...

"နေပါဦး... ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ဘယ်သူလဲ ဆိုတာကိုသိချင်ရတာလဲ"

ထိုလူက...

"ခင်ဗျား ကျင်းနန်ဟုတ်မဟုတ်ဆိုတာပဲ ကျုပ်သိချင်တယ်"

ကျင်းနန်ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်... ကျုပ်ကျင်းနန်ပါ၊ ခင်ဗျားကကော"

ထိုလူပြုံးသည်။

သို့သော် သူ့အပြုံးကလျှို့ဝှက်သယောင်ရှိ၏။



"ကျုပ်နာမည်ကမုကျင့်ပါ... မုယုံရဲ့ညီပဲ"

ကျင်းနန်မျက်မှောင်ကုတ်သွားသည်။

"မုယုံ... ဒီနာမည်ကြားဖူးသလိုပဲ"

"ကြားဖူးမှာပေါ့ ခင်ဗျားကိုယ်တိုင်အဆိပ်ကဝေမနဲ့ပေါင်းပြီး လုပ်ကြံခဲ့တဲ့နတ်မျက်စိမုယုံလေ"

ပြောပြောဆိုဆိုပင် မုကျင့်ဆိုသူသည် ကောက်ရိုးပုံပေါ်လဲ ကျနေရာမှ လျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။

ကျင်းနန်မှာ ထိတ်ခနဲဖြစ်သွားပြီး ကပျာကယာရှောင်လိုက် ရာ ကောက်ရိုးပုံပေါ်လဲကျသွား၏။

မုကျင့်ကအပေါ်မှမိုး၍ဓားဖြင့်ခုတ်ပိုင်းလိုက်၏။

"ထန်း...."

ကျင်းနန်ကဓားအိမ်ဖြင့်ပင့်ခံပြီး တွန်းထုတ်လိုက်ရာ မုကျင့် မှာလဲကျသွားပြန်လေ၏။ ကျင်းနန်ကထရပ်လိုက်ပြီး....

"ခင်ဗျား လှုပ်လှုပ်ရှားရှားမလုပ်ပါနဲ့၊ ခင်ဗျားကျုပ်ကိုရန်ရှာ ရင် ကျုပ်ကလဲ ကိုယ့်ကိုယ်ကိုကာကွယ်တဲ့အနေနဲ့ပြန်တိုက်ခိုက်ရမှာ ပဲ ခင်ဗျားဘာမှမလုပ်ရင် ကျုပ်လဲဘာမှလုပ်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မုကျင့်ကကျင်းနန်အားစွဲရှာစွာကြည့်ရင်း....

"ကျုပ်က ခင်ဗျားကိုကရုဏာဓားသမားဆိုပြီး လေးစားနေတာ... အခု ခင်ဗျားက ကဝေမရဲ့မာယာမှိုင်းမိပြီး ကျုပ်အစ်ကိုနတ်မျက်စိကိုလုပ်ကြံခဲ့တယ်၊ ခင်ဗျားဟာ သူတော်ကောင်းယောင်ဆောင်နေတဲ့လူလိမ်... လူသတ်သမား"

မုကျင့်မှာလွန်စွာခံပြင်းနာကြည်းနေပုံရသည်။

ကျင်းနန်က....

"ခင်ဗျားက ကျုပ်ကိုသက်သက်မဲ့အထင်လွဲနေတာပါဗျာ၊ ခင်ဗျားအစ်ကိုနတ်မျက်စိဟာ ကဝေမလက်ချက်နဲ့သေခဲ့ရတာပါ၊ ကျုပ်နဲ့ဘာမှမဆိုင်ပါဘူးဗျာ"

"ခင်ဗျား ဘာပဲပြောပြော သူနဲ့တပူးတွဲတွဲရှိနေတာက အကြီးတူဆိုတာထင်ရှားနေပြီပဲ"

ကျင်းနန်မှာမူ မည်သို့ရှင်းပြရမည်မသိဖြစ်နေ၏။

ကျန်းဟူနယ်မှသိုင်းသမားများကလည်း ဤသို့ပင်ထင်မြင်နေကြသည်မဟုတ်ပါလား။

"အေးဗျာ... အားလုံးကကျုပ်အပေါ်အထင်လွဲနေကြတာပဲ၊



အမှန်က ကဝေမနဲ့ကျုပ်ကဘာမှပတ်သက်မှုရှိခဲ့ကြတာမဟုတ်ပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ..."

ကျင်းနန်၏စကားမဆုံးမီမှာပင် မုကျင့်၏မျက်နှာ ရှုံ့မဲ့သွားသဖြင့်....

"ခင်ဗျားဘာဖြစ်တာလဲ"

"ကျုပ်ပင့်ကူနက်အကိုက်ခံထားရတယ်"

"ဗျာ... ပင့်ကူနက်ဟုတ်လား"

ကျင်းနန်အံ့သြသွားသည်။

ပင့်ကူနက်အကိုက်ခံရပါက အချိန်တိုအတွင်း အဆိပ်ပျံ့ပြီး သေဆုံးသွားရသည်ကို ကိုယ်တိုင်မြင်ဖူးခဲ့ပြီဖြစ်သည်။

သို့ပါလျက် .... မုကျင့်သည် အဘယ်ကြောင့် ယခုအချိန်တိုင်အောင်အသက်ရှင်နေရပါသနည်း။

"ပင့်ကူနက်ကိုက်တယ်ဆိုတာ တကယ်ကောဟုတ်ရဲ့လား"

"ဟာ... ကျုပ်ကခင်ဗျားကိုလိမ်ပြောရမှာလားဗျ... ဟောဒီမှာ"

မုကျင့်က ညာဘက်ပခုံးစွန်းကိုအင်္ကျီလှပ်၍ပြ၏။

www.burmeseclassic.com



ထိုနေရာ၌ အဝတ်ဖြင့် တင်းကျပ်စွာစည်းနှောင်ထားသည်ကိုတွေ့ရ၏။

"ဘယ်လိုဖြစ်ပြီး ပင့်ကူနက်အကိုက်ခံရတာလဲ"

မုကျင့်က....

"ကျုပ်နဲ့ကျုပ်လူတွေ ကဝေမကိုရှာတွေ့တော့ ဝိုင်းတိုက်ကြတယ်လေ၊ ဒီမိန်းမကအင်မတန်လျင်တာဗျ၊ သူ့ကိုဝိုင်းတိုက်နေတဲ့ကြားကခုန်ပျံရှောင်ရင်း ပင့်ကူနက်တွေကိုခါချလိုက်တာပဲ၊ ကျုပ်တို့လဲ တတ်နိုင်သမျှရှောင်တဲ့ကြားက ပခုံးစွန်းမှာအကိုက်ခံလိုက်ရတယ်၊ အဖော်နှစ်ယောက်ကတော့ ပင့်ကူနက်ကြောင့် အဲဒီမှာပဲ လဲကျသေဆုံးခဲ့ရတယ်၊ ကျုပ်နဲ့ကျန်တဲ့လူတွေခြေဦးတည့်ရာပြေးရင်း လူကွဲသွားကြတယ်လေ"

ကျင်းနန်က....

"ဒါပေမဲ့ ကျုပ်သိတာတော့ ပင့်ကူနက်အကိုက်ခံရတဲ့လူဟာ မရှိမဆိုင်းဝေဒနာခံစားရပြီး တစ်ခဏအတွင်းမှာပဲ သေဆုံးသွားကြရတယ်ဆိုပဲ"

ထိုလူက....



"ကျုပ်ကတော့... ကုသိုလ်ထူးတယ်ဆိုရမလားမသိဘူးဗျာ၊ အဆိပ်တွေ နှလုံးထဲအထိပျံ့မသွားအောင်ထိန်းထားနိုင်ရင် မသေဘူးလို့ ကျုပ်ကြားဖူးတယ်လေ၊ ဒါကြောင့် အဝတ်နဲ့ကျပ်စည်းပြီး အဆိပ်မပျံ့အောင်တားထားခဲ့တာပဲ၊ အား... ကျွတ်... ကျွတ်"

မည်းမှောင်ပင်တားတား အဆိပ်ကတော့ အနေးနဲ့အမြန်ပျံ့နိုင်သည်ကို ကျင်းနန်တွေးမိ၏။

ထို့ကြောင့် ရုတ်တရက်ဆုံးဖြတ်ချက်ချ၍ ဓားကိုဓားအိမ်ထဲမှ လျှပ်တစ်ပြက်ဆွဲထုတ်လိုက်၏။

တစ်ဆက်တည်းပင်....

"ရွှမ်း...."

"ဝုစ်...."

"အား...."

မုကျင့်ထံမှ နာကျင်စွာအော်သံထွက်လာ၏။

ကျင်းနန်က ပင့်ကူအကိုက်ခံရသည့်နေရာကိုကျွမ်းကျင်စွာ လှီးထုတ်လိုက်ခြင်းပင်ဖြစ်လေသည်။

ကျင်းနန်က မုကျင့်အားတောင်းပန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိပါနဲ့ ကျုပ်သာဒီလိုမလုပ်ရင် ခင်ဗျားတစ်ကိုယ်လုံး အဆိပ်ကတဖြည်းဖြည်းပျံ့ကုန်မှာ...."

မုကျင့်လည်းမချိပြုံးပြုံးကာ....

"ခင်ဗျားရဲ့စေတနာကို ကျုပ်နားလည်သဘောပေါက်ပါတယ်ဗျာ၊ ဒါပေမဲ့... အဆိပ်က ဘယ်အထိပျံ့နေမှန်းမသိဘူး။ ကျုပ်တော့ သည်တောင်ကကျော်မှကျော်နိုင်ပါ့မလားမသိပါဘူး"

ကျင်းနန်ကနှစ်သိမ့်အားပေးလိုက်သည်။

"သိပ်လဲမစိုးရိမ်ပါနဲ့... အဆိပ်ကကိုယ်ထဲအနှံ့ပျံ့နေပြီဆိုရင် ခင်ဗျား ခုလိုစကားပြောနိုင်မှာမဟုတ်ဘူး"

ပြောမည့်သာပြောလိုက်ရသည်။

ပင့်ကူနက်အဆိပ်နှင့်ပတ်သက်၍ သူကိုယ်တိုင်လည်း သေချာစွာသိရှိသည်မဟုတ်ပါ။

"ဒါနဲ့ ကျုပ်တစ်ခုမေးပါရစေ"

မုကျင့်ကစကားစလိုက်သဖြင့် ကျင်းနန်က....

"ဘာမေးမလို့လဲ၊ မေးပါ... ကျုပ်သိတာဆိုဖြေမှာပါ"

"ခင်ဗျားက မုလိနဲ့အချိန်အတော်ကြာ တပူးတွဲတွဲနေခဲ့တာ



တောင် ပင့်ကူနက်နဲ့ပတ်သက်ပြီးဘာမှမသိခဲ့ဘူးလားဗျာ"

ကျင်းနန်သက်ပြင်းချလိုက်သည်။

"အင်း... အမှန်အတိုင်းပြောရရင် သူ့ကို အဆိပ်ကဝေမှန်း ကျုပ်သိခဲ့တာမဟုတ်ဘူးဗျ"

မုကျင့်အံ့ဩသွားသည်။

ကျင်းနန်က စကားဆက်လိုက်သည်။

"ဒုက္ခရောက်နေတဲ့လူလို့ထင်ပြီး လမ်းတစ်လျှောက်ကူညီစောင့်ရှောက်ခဲ့တာ နောက်ကျမှ အဆိပ်ကဝေမှန်း ကျုပ်သိလိုက်ရတာပါ။ ဒါကြောင့် သူအသုံးပြုတဲ့ပင့်ကူနက်အကြောင်းကို ကျုပ်ဘာမှမသိခဲ့ရတာပါ"

"ခုဆိုရင် သူဘယ်သူလဲဆိုတာ ခင်ဗျားသိပြီပဲ... ဘာဖြစ်လို့ဆက်ပြီး သူနဲ့တွဲနေရတာလဲ"

နားမလည်နိုင်ဟန်ဖြင့် မုကျင့်ကမေးသည်။

ကျင်းနန်ပြန်မဖြေနိုင်။

မုကျင့်ကဆက်ပြောသည်။

"ခုဆိုရင် ကျန်းဟူသိုင်းလောကမှာ ခင်ဗျားကိုနာမည်ပျက်

www.burmeseclassic.com

www.burmeseclassic.com



တရင်းသွင်းထားကြပြီဗျ၊ ခင်ဗျားကို ဘယ်သူမှယုံကြည်လေးစားကြမှာမဟုတ်တော့ဘူး”

ကျောင်းနန်သက်ပြင်းချလိုက်သည်။

“အင်း... ခက်တာက ကျုပ်ဟာလူပြောသူပြောနဲ့ ဇဝေဇဝါဖြစ်တတ်တဲ့လူမဟုတ်ဘူး။ အကျိုးသင့်အကြောင်းသင့် သေချာမသိရဘဲ လူတစ်ယောက်ကိုလူဆိုးအဖြစ်သတ်မှတ်ဖို့ခက်တယ်၊ ဒါကြောင့် ခင်ဗျားကိုပဲပြန်မေးပါရစေ”

မကျင့်က လိုလိုလားလားပင် ခေါင်းညိတ်လိုက်၏။

“မေးပါဗျာ... မေးပါ”

“ခင်ဗျားအပါအဝင် ကျန်ဟူသိုင်းသမားတွေက သူ့ကို ဘာဖြစ်လို့ သဲသဲမဲမဲသုတ်သင်ချင်ရတာလဲ”

မကျင့်သည် ကျောင်းနန်၏အမေးကြောင့် အံ့သြသွားဟန်ရှိ၏။

“ဗျာ... ခင်ဗျား ဒါကိုတောင်မသိဘူးဟုတ်လား”

“မသိလို့ပေါ့ဗျာ... သိရင်လေကုန်ခံပြီးမေးနေမလားဗျ”

သူက စိတ်တိုတိုနှင့်ပြန်ပြောလိုက်ခြင်းဖြစ်၏။

ထိုအခါမှမကျင့်က....



“သူ့ကို သိုင်းလောကသားတွေသုတ်သင်ပစ်ချင်တာက တခြားကြောင့်မဟုတ်ဘူးဗျ.... သူဟာ သိုင်းသမားအတော်များများကို အကြောင်းမဲ့သတ်ဖြတ်ခဲ့လို့ပဲ၊ အထူးသဖြင့်.... ကျန်းဟူသိုင်းသမားအတော်များများ သူ့လက်ချက်နဲ့သေကုန်ကြရတယ်လေ”

ကျောင်းနန်မျက်မှောင်ကုပ်သွား၏။

“သူ ဘာဖြစ်လို့ ခုလိုလုပ်ရတာလဲ၊ ခင်ဗျားသိလား”

“ကျုပ်ပြောပြီးပြီပဲ... သူဟာ အရူးတစ်ယောက်လို တွေ့တဲ့လူတိုင်းကို ရန်ရှာနေတာပဲ၊ ဒါကြောင့် ကျုပ်တို့တစ်တွေ သူ့ကိုရမ်းကားချင်တိုင်း ရမ်းကားလို့မရအောင်လိုက်တားနေကြရတာပဲ”

“မဟုတ်သေးဘူးဗျ... အကြောင်းတစ်ခုခုတော့ရှိရမယ်၊ တကယ်လို့ သူဟာရူးနေတာမှန်ရင် သူ့သိုင်းပညာဟာ ခုလောက်အဆင့်မမြင့်နိုင်ဘူး၊ ခုလိုလဲအကင်းမပါးနိုင်ဘူးဗျ”

မကျင့်မကျေမနပ်ဖြစ်သွားပုံရ၏။

“ဘာလဲ ခင်ဗျားကကျုပ်ပြောတာမယုံလို့ သူ့ဘက်ကရှေ့နေလိုက်နေတာလား”

“ကျုပ် ဒီသဘောမျိုးပြောတာမဟုတ်ပါဘူး၊ ဘယ်ကိစ္စမျိုး

www.burmeseclassic.com

www.burmeseclassic.com



မဆိုအကြောင်းရင်းတစ်ခုခုတော့ ရှိရမယ်မဟုတ်လား၊ ဒါကြောင့် ကျုပ်လဲတိကျသေချာတဲ့အဖြစ်မှန်ကိုသိရအောင်စုံစမ်းနေတာပါ"

မုကျင့်သက်ပြင်းချသည်။

"အဲဒါခက်တာပေါ့ဗျာ... သူဟာ ကျုပ်အစ်ကိုနတ်မျက်စိကို နှုတ်ဝိတ်လိုက်ပြီလေ၊ တကယ်လို့ ကျုပ်အစ်ကိုသာရှိမယ်ဆိုရင် သူနဲ့ ပတ်သက်ပြီးတစ်ချို့တစ်ဝက်တော့သိရမှာပဲဗျ"

"ဟုတ်တယ်... ကျုပ်ခင်ဗျားအစ်ကိုနဲ့တွေ့တုန်းကလဲ သူ့အကြောင်းသိရတော့မယ့်ဆဲဆဲမှာနှုတ်ပိတ်ခံရတာပဲဗျ၊ အကြောင်းမသိတဲ့လူတွေက ခင်ဗျားအစ်ကိုနှုတ်ပိတ်ခံရတဲ့ကိစ္စမှာ ကျုပ်ပယောဂပါတယ်လို့အထင်လွဲခဲ့ကြသေးတယ်"

မုကျင့်က....

"ကျုပ်ကိုယ်တိုင်တောင် ခင်ဗျားအပေါ်အထင်လွဲခဲ့သေးတာပဲဗျာ"

"ဒါနဲ့ ခင်ဗျားရော သူနဲ့ပတ်သက်ပြီး နည်းနည်းလေးမှမသိဘူးလား"

"အင်း... နည်းနည်းပါးပါးလောက်တော့ ကြားဖူးပါတယ်"



"အေးဗျာ... လုံးဝမသိတာထက်စာရင် အဲဒီနည်းနည်းကိုပဲ သိရရင်မဆိုးပါဘူး"

ဤတွင် မုကျင့်က....

"ကျုပ်သိသလောက်ကတော့ သည်လိုဗျ... အဆိပ်ကဝေမဆိုတာ ပင့်ကူတစ်မျိုးရဲ့နာမည်ပဲ၊ ဖိုမသဘာဝမိတ်လိုက်ပြီးတဲ့အခါ ပင့်ကူမဟာ မိတ်လိုက်ခဲ့တဲ့ပင့်ကူအထီးကို ကိုက်သတ်ပစ်တယ်၊ ဒါကြောင့် အဆိပ်ကဝေမလို့နာမည်ပေးထားတာပဲ၊ ဒါကို အကြောင်းပြုပြီး ကျန်းဟူသိုင်းသမားတွေက သည်မိန်းမကို အဆိပ်ကဝေမလို့ခေါ်ကြတာဆိုပဲ"

မုကျင့်၏စကားအရ ကျင်းနန်ပင် ကျောချမ်းသွားမိသည်။ တစ်ခုသောည ကိုင်းတောကြီးထဲ၌ သူနှင့်အဆိပ်ကဝေမခေါ် မုလိတို့ ချစ်ကျွမ်းဝင်မိခဲ့ကြသည်မဟုတ်ပါလား။

***

www.burmeseclassic.com

www.burmeseclassic.com



မုလိကာ... အမှန်ပင် ယုံစားရခက်သည့်မိန်းမပျိုတစ်ဦးဖြစ်ပေသည်။ သူမသည် မုရုံပြောသလို လူစားမျိုးဖြစ်နေမည်လော။

သို့မဟုတ်...

သူမကိုယ်တိုင်ပြောပြခဲ့သလို အနိုင်ကျင့်စော်ကားခံခဲ့ရသော မိန်းမပျိုတစ်ဦးဖြစ်နေမည်လော။

ကျင်းနန် ဝေခွဲဆုံးဖြတ်နိုင်စွမ်းမရှိတော့ပါ။

"ခုပဲကြည့်လေ... ခင်ဗျားကိုယ်တိုင် သူ့ကွန်ယက်ထဲက မရုန်းနိုင်တော့ဘူးမဟုတ်လား၊ တကယ်တော့ သူ့အလှက သူ့ရဲ့ရက်စက်ကြမ်းကြုတ်မှုကိုဖုံးကွယ်ထားတာပဲဗျ"

မုကျင့်က ဆက်၍ပြောလိုက်ရာ ကျင်းနန်မှာ ဆတ်ခနဲတုန်လှုပ်သွားရလေသည်။



ထို့အတူ မုကျင့်လည်းတုန်လှုပ်သွားသည်။

သို့သော် သူတုန်လှုပ်သွားရခြင်းကပင့်ကူနက်အဆိပ်ကြောင့်ဖြစ်ပါသည်။

"ကျုပ်... ကျုပ် အခြေအနေမကောင်းတော့ဘူးထင်တယ်"

မုကျင့်ကစိုးရိမ်သံနှင့်ပြော၏။

ကျင်းနန်က...

"ခင်ဗျားထင်သလို မဖြစ်နိုင်ပါဘူးဗျာ... သိပ်လဲ စိုးရိမ်မနေမိပါနဲ့"

မုကျင့်သည် တစ်စုံတစ်ခုကို ရုတ်တရက်သတိရကာ...

"ဟာ... ကျုပ်လဲထူပူနေတာနဲ့ ခုမှသတိရတယ်"

"ဘာများလဲဗျ"

ကျင်းနန်က အလောတကြီးပြန်မေး၏။

"ဒီလိုလေဗျာ... ပင့်ကူနက်အဆိပ်ဟာ တစ်ညအတွင်းသရင်သေ မသေခဲ့ရင်တောင် သုံးရက်ထက်ပိုမခံဘူးတဲ့၊ အဲဒီသုံးရက်အတွင်း အဆိပ်ကဝေမဆီကဖြေဆေးရရင်တော့ မသေနိုင်ဘူးပေါ့လော၊ ဒါပေမဲ့ အဆိပ်ဖြေဆေးကလဲ..."

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးမီ....

"ရှူး..."

ကျင်းနန်က သတိပေးဟန့်တားလိုက်သဖြင့်....

"ဘာဖြစ်လို့လဲ"

မုကျင့်ကပြန်မေးသည်။

ကျင်းနန်ကလေသံဖြင့်....

"တစ်ယောက်ယောက်လာနေသလိုပဲဗျ... ကျုပ်တို့ အထဲဝင်ပုန်းနေကြရအောင်"

ပြောရင်း ကျင်းနန်သည် မုကျင့်ကိုတွဲ၍ တဲနောက်ခန်းသို့ ခေါ်သွားလေသည်။

အပြင်ဘက်တွင်ကား မိုးကရွာနေဆဲ....

***



## တစ်ငွေ့တိုးရန်ပြီး

---

တဲအိမ်ဆီသို့ တစ်စုံတစ်ယောက်ချဉ်းကပ်လာနေသည်မှာ သေချာလှ၏။

ထိုလူမည်သူနည်း။

ကျင်းနန်နှင့်မုကျင့်တို့သည် အခန်းထောင့်ကောက်ရိုးပုံဘေး မှောင်ရိပ်ထဲ၌ပုန်းနေလိုက်ကြ၏။

အသက်ကိုပင် ရဲရဲမရှူဝံ့ကြ။

မကြာမီ တဲအိမ်ထဲသို့လူတစ်ယောက်ဝင်လာ၏။

ဝင်လာသူကို သူတို့သေချာမမြင်တွေ့ရပါ။

ထိုလူသည်... ကိုယ်ပေါ်မှမိုးရေများကိုသပ်ချရင်း အခန်းကို တစ်ချက်ဝေ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်သံကိုကြားမိဟန်တူ၏။

"ဘယ်သူလဲ"

လှမ်းမေးရင်း ဓားကိုပါဆွဲထုတ်၏။ သို့သော် ပြန်ဖြေသံကို မကြားရသလို လှုပ်ရှားမှုကိုလည်းမတွေ့ရသဖြင့် အသာငြိမ်၍ အကဲခတ်ပြန်၏။

ပုန်းအောင်းနေသည့်ကျင်းနန်မှာ အသံကြားရသည်နှင့် ရင်ထဲတစ်ချက်လှုပ်ရှားသွား၏။

ဝမ်းသာသလိုလည်း ဖြစ်သွားသည်။

မုကျင့်ကား ထိုအသံကြောင့် အကြီးအကျယ်မျက်စိမျက်နှာပျက်သွားသည်။ ကြောက်လန့်မှုကြောင့် တစ်ကိုယ်လုံးပင် တုန်ယင်လာ၏။ ထိုလူသည် ခဏငြိမ်၍နားစွင့်နေပြီးမှ အတွင်းပိုင်းသို့ ဆက်ဝင်လာ၏။

သတိတော့ မလစ်ပါ။

အစစအရာရာသတိရှိဟန်တူသည်။

အခန်းလယ်သို့ရောက်သည့်အခါ....

"အထဲကဘယ်သူလဲ"



ထပ်မေးလိုက်ပြန်သည်။

အတွင်း၌ပုန်းနေသူရှိကြောင်း သိ၍လော။

သို့မဟုတ် အထင်နှင့်မှန်းဆပြီး တမင်အသံပြုလိုက်ခြင်းပင်လော။ ထိုလူကိုယ်တိုင်သာ သိပေလိမ့်မည်။

မုကျင့်ကား အသံနှင့်နီးကပ်လာသည်ကိုသိရှိရ၍ အသွားများ ပင်ဆတ်ဆတ်တုန်လာ၏။

ကျင်းနန်က ဘာကြောင့်မှန်းမသိ။

ထိုအသံရှင်နှင့် မမျှော်လင့်ဘဲပြန်လည်ဆုံစည်းရခြင်းကြောင့် ဝမ်းသာပျော်ရွှင်သွားသလိုခံစားရသည်။

"မင်း... မုလိမဟုတ်လား"

မေးရင်းလှမ်းအထွက်....

"ဝိုး... ဝှစ်"

လေထုကိုထိုးဖြတ်လာသောဓားသံ ရုတ်တရက် ထွက်ပေါ်လာ၏။

"အို...."

လွှတ်ခနဲရေရွတ်သံနှင့်အတူ....

www.burmeseclassic.com

www.burmeseclassic.com



မုလိသည် ချက်ချင်းပင်တိုက်ခိုက်မှုကိုရုပ်သိမ်းသည်။

အကြောင်းမှာ...

သူမအား မုလိဟူ၍သိသူမှာ ကျင်းနန်တစ်ဦးတည်းရှိနေ သောကြောင့်ပင်။

အခြားသိုင်းသမားတို့ကမူ သူမအား အဆိပ်ကဝေဟူ၍သာ သိထားကြသည်မဟုတ်ပါလား။

***



"ဟင်... ရှင်ပါလား"

မုလိသည် ကျင်းနန်ကိုမြင်ရသည့်အခါ ဝမ်းသာသွားပုံရ၏။

"တို့နှစ်ယောက် ထပ်ဆုံကြပြန်ပြီနော်"

"ရှင် ဘာဖြစ်လို့ သည်ထဲဝင်ပုန်းနေရတာလဲ"

သူမ၏စကားသံက သံသယရောယှက်နေ၏။

ကျင်းနန်ကပြုံးပြရင်း...

"ပုန်းနေတာမဟုတ်ပါဘူး... မိုးဝင်ခိုနေတာပါ၊ ဒါနဲ့ဟိုလူတွေကော"

မုလိ မဲ့ပြုံးပြုံးလိုက်သည်။

"သေတဲ့လူသေ... ပြေးတဲ့လူပြေးနဲ့ တစ်ယောက်မှမရှိဘူး"

ကျင်းနန်က စိတ်မကောင်းဟန်ဖြင့်သက်ပြင်းချရင်း...

"မင်းကိုထိထိရောက်ရောက်မကူညီနိုင်ခဲ့တာ စိတ်မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အို… ကိစ္စမရှိပါဘူးရှင်၊ သည်ကိစ္စက ကျွန်မကိစ္စပဲ၊ ကျွန်မကိုယ်တိုင်ရှင်းနိုင်ပါတယ်လေ"

"ဒါနဲ့ အဲသည်လူတွေကဘယ်သူတွေလဲ"

"ဒါတွေသိစရာမလိုပါဘူးရှင်… ကျွန်မသွားမဲ့လမ်းကို စိတ်ဆို့နှောင့်ယှက်သူမှန်သမျှ ရှင်းပစ်ရမှာပဲ"

ထိုစကားကြောင့်… အတွင်း၌ပုန်းနေသည့်မုကျင့်မှာ ကျောချမ်းသွားမိလေသည်။ ဘယ်အချိန်ရောက်ရှိလာမည်မသိရသည့် အန္တရာယ်ကိုတွေး၍ ဇောချွေးများပင်ပြန်လာမိ၏။

မုလိထံမှစကားသံထပ်မံထွက်ပေါ်လာပြန်၏။

"ဒါနဲ့ ရှင့်ကိုသူတို့ဒုက္ခပေးသွားသေးလား"

ကျင်းနန်သည် မုကျင့်ကိုဖျတ်ခနဲသတိရမိ၏။

မုကျင့်သည် ပင့်ကူကိုက်ခံရပြီး အသက်အန္တရာယ်နှင့်ကြုံတွေ့နေရသည်မဟုတ်ပါလား။

သူ့အသက်ကိုကယ်နိုင်ရန်မှာ မုလိထံမှအဆိပ်ဖြေဆေးရှိမှ အဆင်ပြေနိုင်မည်ဖြစ်သည်။

အကြံတစ်ခုက သူ့ခေါင်းထဲလက်ခနဲပေါ်လာသည်။



"အင်း… သည်လူတွေက ကျုပ်ကိုတော့ဒုက္ခပေးမသွားပါဘူး။ ဒါပေမဲ့… မင်းအမှတ်မထင်ပေးခဲ့တဲ့ဒုက္ခကိုတော့ ကျုပ်ကောင်းကောင်းကြီးခံစားနေရပါပြီ"

"ရှင်… ကျွန်မပေးတဲ့ဒုက္ခဟုတ်လား"

မုလိ အံ့သြသွားပုံရသည်။

ကျင်းနန်လည်း စိတ်ထဲတထင့်ထင့်ဖြစ်နေမိ၏။

သူမျှော်လင့်သလိုဖြစ်လာနိုင်ပါ့မလား။

"ရှင်ပြောတာ ကျွန်မနားမလည်နိုင်အောင်ပဲ"

"ဒီလိုပါ… မင်း တမင်လုပ်တာမဟုတ်မှန်း ကျုပ်သိပါတယ်၊ ဒါပေမဲ့ မင်းပစ်လိုက်တဲ့ပင့်ကူတစ်ကောင်ဟာ ကျုပ်ပခုံးပေါ် ကျလာခဲ့တယ်လေ"

"ရှင်…"

မုလိမျက်လုံးပြူးသွားပြီး…

"ဒါ… ဒါဆို ရှင်အကိုက်ခံရတယ်ပေါ့"

ကျင်းနန်သည် မိမိအကြံအောင်ဖို့ မျှော်လင့်ချက်ရှိလာပြီဖြစ်ကြောင်းနားလည်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျက်နှာရှုံ့ပြီးတစ်ချက်ညည်း၍…

"ဟုတ်တယ်… အား… ကျွတ်… ကျွတ်"

သူမသည် နားမလည်နိုင်ဟန်ဖြင့်ကျင်းနန်ကိုကြည့်ရင်း…

"မဟုတ်သေးဘူးထင်တယ်… တကယ်သာ အကိုက်ခံရရင် ရှင် ဒီလိုနေနိုင်မှာမဟုတ်ဘူး"

ကျင်းနန်ထိတ်ခနဲဖြစ်သွားသည်။

သူမ သိသယဝင်သွားလေပြီလား။

"ကျုပ်… ကျုပ်သည်လိုနေနိုင်တာပင့်ကူနက်အကြောင်း သိသင့်သလောက်သိထားလို့ပါ။ ဒါကြောင့် အကိုက်ခံရမှန်းသိသိချင်း ဒဏ်ရာကိုခွဲစိတ်ပြီး အဆိပ်တွေကိုစုပ်ထုတ်ခဲ့တယ်လေ၊ ပြီးတော့ အဆိပ်မပျံ့အောင်ဒဏ်ရာကိုကျပ်စည်းခဲ့ရတာပေါ့"

"ပြစမ်းပါဦး… ရှင့်ဒဏ်ရာ"

သူမက လက်လှမ်းလိုက်ရာ…

"အား… မထိနဲ့နာတယ်"

သူမျက်နှာရှုံ့မဲ့ရင်း ပြောသည်။ မရှိသောသောဒဏ်ရာကို မည်သို့ပြနိုင်မည်နည်း။



"ရှင့်ဒဏ်ရာကိုမသိဘဲ ကျွန်မကဘယ်လိုကုနိုင်မှာလဲရှင်"

"ဘယ်လို… မင်း… မင်းကုနိုင်တယ်ဟုတ်လား"

ကျင်းနန်ကအားတက်သရောမေးမိ၏။

သူမကပြုံးရင်း…

"ဒီပင့်ကူတွေက ကျွန်မမွေးထားတာပဲရှင်၊ သူတို့ကိုဘယ်လိုထိန်းကျောင်းရမယ်၊ ဘယ်လိုကာကွယ်ရမယ်ဆိုတာ ကျွန်မ မသိဘဲနေပါ့မလား"

အတွင်းခန်းထဲရှိမှကျင့်သည် ကျင်းနန်ကမိမိအတွက် အဆိပ်ဖြေဆေးလိမ်ညာတောင်းနေမှန်းသိ၏။ ကျင်းနန်၏စိတ်ထားမွန်မြတ်မှုကို စိတ်ထဲမှကျိတ်၍ချီးကျူးနေမိတော့၏။

ကျင်းနန်အနေဖြင့် အဆိပ်ဖြေဆေးကိုတစ်ပတ်ရိုက် တောင်းယူ၍ရရှိနိုင်ပါမည်လော။

***

www.burmeseclassic.com

www.burmeseclassic.com



"အဆိပ်တွေစုပ်ထုတ်လိုက်လို့စိုးရိမ်စရာ မလိုတော့ဘူး မဟုတ်လား"

သူက သွေးတိုးစမ်းသလိုမေးလိုက်ရာ သူမကခေါင်းခါ၍....

"ဘယ်ဟုတ်မလဲရှင်... ပင့်ကူနက်အဆိပ်က ရှင်ထင်တာထက်ဆိုးတယ်ရှင့်၊ ကျွန်မဆီကဖြေဆေးမသုံးဘဲနဲ့ ရှင်အသက်ရှင်ဖို့ စိတ်မကူးနဲ့"

"ဘာ သည်ထိအောင် ပြင်းသလား၊ ဒါဆိုလဲ ကျုပ်ကိုဖြေဆေးပေးပါလား"

မုလိမှဖြုံးဖြုံးရင်း....

"သည်လိုလွယ်လွယ်နဲ့ဘယ်ရမလဲ"

သူက မုလိကိုစိုက်ကြည့်ပြီး....

"ဒါဆို ကျုပ်သေသွားတာကိုမင်းကြည့်နိုင်တယ်ပေါ့"



"ကြည့်တော့ ဘယ်ကြည့်ရက်ပါ့မလဲရှင်... ဒါပေမဲ့ ရှင်ဘက်က ကတိတစ်ခုတော့ပေးမှဖြစ်မှာ"

သူမျက်မှောင်ကုတ်သွား၏။

"ကတိပေးရမယ်ဟုတ်လား... ဘာကတိလဲ"

သူမက သူ့အားစေ့စေ့ကြည့်၏။ ပြီးမှ....

"ရှင် ကျွန်မနောက်ကိုလိုက်ရလိမ့်မယ်"

"မင်းနောက်ကိုလိုက်ရမယ်... ဘယ်အထိလိုက်ရမှာလဲ"

"မိုးအဆုံးမြေအနှံ့ပေါ့ရှင်"

ကျင်းနန်သည် ကတိတစ်လုံးကိုလွယ်လွယ်မပေးတတ်သလို ပေးပြီးသားကတိကိုလည်း ဖျက်တတ်သူမဟုတ်ရာ ရုတ်တရက် ဘာပြောရမှန်းမသိအောင်ဖြစ်သွားရသည်။

ကတိဆိုသည်မှာ ပေးပြီးလျှင်တည်မှကောင်း၏။

"မင်းနောက်ကိုလိုက်ပါပြီတဲ့ မင်းက ခုလိုပဲ လူတွေကိုဆက်ပြီး ဒုက္ခပေးနေဦးမှာလား"

သည်တစ်ကြိမ်တွင်တော့ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိသူမှာ မုလိဖြစ်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျင်းနန်ကိုလည်း အတူခေါ်သွားလို၏။

သူမ၏ရန်သူကိုလည်းရှင်းလင်းရန်ရှိသေးသည်။ ထိုနှစ်ခုအနက် တစ်ခုကိုသာရွေးချယ်နိုင်နေပြီမဟုတ်ပါလား။

သူမအနေဖြင့် မည်သည့်အရာကိုစွန့်လွှတ်ရမည်နည်း။

သူမသည် အခြားသူများကိုလိမ်ချင်လိမ်မည်။

ကျင်းနန်ကိုမူ လိမ်လည်လိုစိတ်မရှိသည်ကအမှန်ပင်။

ပြီးမှ....

"ကျွန်မ ဘယ်သူ့ကိုမှဒုက္ခမပေးတော့ဘူးဆိုရင် ရှင် ကျွန်မနဲ့လိုက်မှာလား"

သူကခပ်ပြတ်ပြတ်ပင်အဖြေပေးသည်။

"ဒါဆိုရင် ငါငြင်းစရာမရှိပါဘူး"

မုလီ သက်ပြင်းမှျင်းမှျင်းချသည်။

"ကျွန်မသိပါတယ်လေ... အမှန်အတိုင်းပြောရရင် ရှင့်ကိုမလှည့်စားချင်ဘူး၊ ကျွန်မမှာ ကျူပင်ခုတ်ကျူငုတ် မကျန်အောင် ရှင်းရမဲ့တာဝန်ရှိသေးတယ်ရှင့်၊ ဒါကြောင့် မလွဲသာမရှောင်သာ တိုက်ခိုက်မှုတွေကတော့ရှိနေဦးမှာပဲ"



ထိုစကားကြားသည့်အခါ ကျင်းနန်ခေါင်းခါလိုက်၏။

"မဖြစ်ဘူး... မဖြစ်ဘူး၊ မင်းနဲ့အတူလိုက်ပြီး မင်း သူများကိုလိုက်ဒုက္ခပေးနေတာ ငါမမြင်ချင်ဘူး"

အတွင်းခန်းမှငြိမ်သက်စွာ နားထောင်နေသည့်မုကျင့်မှာ ကျင်းနန်ကိုအတော်ပင် အားမလိုအားမရဖြစ်သွားသည်။

ကြိတ်၍လည်း အပြစ်တင်မိ၏။

တကယ်ဆိုလျှင် အဆိပ်ကဝေမတောင်းသည့်ကတိကို ပေးပြီး အဆိပ်ဖြေဆေးကိုရယူလိုက်ရုံသာရှိ၏။

နောက်ပိုင်းကိစ္စအတွက် ဘာမျှအလေးထားစရာမလို။

အဆိပ်ကဝေမလိုမိန်းမရိုင်းနှင့်ပတ်သက်၍ ဘာကတိသစ္စာမျှစောင့်ထိန်းရန်မလို။

အရေးအကြီးဆုံးမှာ.... လောလောဆယ်ဖြေဆေးရဖို့သာ အဓိကမဟုတ်ပါလား။

"တောက်... သည်လောက်တောင် ရိုးအရသလားဗျာ"

မုကျင့်၏စိတ်ထဲမှ အားမလိုအားမရကြိတ်၍ရေရွတ်မိ၏။

***

www.burmeseclassic.com

www.burmeseclassic.com



မုရုံတစ်ယောက်မရိုးမရွဖြစ်နေစဉ်မှာပင် ကျင်းနန်၏စကားသံထွက်ပေါ်လာသည်။

ထို့ကြောင့် အသာငြိမ်ပြီး နားစွင့်လိုက်ပြန်သည်။

ကျင်းနန်က....

"ကျန်းဟူသိုင်းသမားတွေက မင်းကို တွေ့ရာသချိုင်းမား မဆိုင်းဖြစ်နေကြပြီ... ဝူလင်သိုင်းသမားတွေကလဲ မင်းကိုအလွတ်ပေးမှာမဟုတ်တော့ဘူး"

မုကျင့်စိတ်ပျက်သွား၏။

အရေးကြီးသောဖြေဆေးကို မတောင်းတဲ့ ဘာတွေလျှောက်ပြောနေရပါလိမ့်ဟု မုကျင့် အားမလို အားမရဖြစ်မိ၏။

မုလိ၏စကားသံထွက်ပေါ်လာသည်။



"ဘယ်သူတွေ ဘာပဲလုပ်ချင်လုပ်ချင် ဂရုမစိုက်ဘူး၊ ကျွန်မလမ်း ကျွန်မလျှောက်ရမှာပဲ... ရှေ့မှာ တောင်ကြီးကာနေဦးတော့ ကျော်မသွားဘူး၊ ဖြိုသွားမယ်"

မုလိကား အာဂမိန်းမပျိုတစ်ဦးပင်ဖြစ်ပေတော့၏။

သက်သက်မဲ့ ကြုံးဝါးနေခြင်းမဟုတ်။

ပြောသည့်အတိုင်း တကယ်လုပ်မည့်သူဖြစ်ကြောင်း ယုံမှားဖွယ်မရှိပေ။ ကျင်းနန် သက်ပြင်းချလိုက်သည်။

"မင်းတစ်ယောက်တည်းအတွက်တော့ ဟုတ်မှာပေါ့၊ ဒါပေမဲ့ မင်းနဲ့တူလိုက်ရမဲ့ကျုပ်အတွက်လဲ ထည့်စဉ်းစားဖို့လိုတာပေါ့"

ထိုစကားကြားသည့်အခါ မုလိက ကျင်းနန်ကိုကြည့်လိုက်သည်။ ထို့နောက် ရယ်လိုက်ပြီး...

"ဟင်း... ဟင်း... ဟင်း... ကြံကြံဖန်ဖန်ရှင်၊ ရှင်က သူတို့ကို ကြောက်နေရသေးသလား၊ ဘယ်သူ့ကိုမှမမှုလို့ တစ်ကိုယ်တော်ကျင်လည်နေတဲ့ရှင့်လိုလူက ဒီစကားမျိုးပြောတာ ရယ်စရာကောင်းမနေဘူးလားရှင့်"

သူခေါင်းခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အတွက်အဓိကမဟုတ်ပါဘူး၊ မင်းအတွက်စိုးရိမ်လို့ ပြောနေတာပါ"

မုလိကပြုံးလိုက်သည်။

"ကျွန်မအတွက် စိုးရိမ်စိတ်ရှိတာကိုသိရလို့ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မအတွက်ကတော့မစိုးရိမ်ပါနဲ့"

ကျင်းနန်ကမုလိကိုကြည့်ပြီး....

"တစ်ခုတော့မင်းကိုသတိပေးချင်တယ်"

"ဘာများပါလိမ့်"

"ကျုပ်ရေ့မှာအကြောင်းမဲ့သတ်ဖြတ်တာကို ကျုပ်အနေနဲ့ လက်ပိုက်ကြည့်နေနိုင်မှာမဟုတ်ဘူး"

မုလိ၏မျက်နှာ ရုတ်ခြည်းပင်ခက်ထန်သွား၏။

သို့သော် ချက်ချင်းပင်စိတ်ကိုထိန်းပြီး....

"ကျွန်မ ရှင့်အပေါ်အစစအရာရာသက်ညှာခဲ့သလို စေတနာလဲထားခဲ့တယ်၊ သည်ကြားထဲကမှ ရှင်ဟာသူများတွေလို ကျွန်မအပေါ် သဘောထားရင် ကျွန်မကလဲ ဝမ်းနည်းစွာနဲ့ပြန်ပြောရမှာပဲ"

မုလိကစကားကိုရပ်ပြီး ကျင်းနန်အားကြည့်လိုက်သည်။



ပြီးမှ....

"ကျွန်မကတော့ ကျွန်မရဲ့ရန်သူမှန်သမျှ တစ်ဦးမကျန်ရှင်းပစ်ဖို့ ဆုံးဖြတ်ထားတယ်၊ အဲဒီအတွက် ဘယ်သူမှ ကျွန်မကိုတားလို့မရဘူး၊ ရှင်လဲ ကျွန်မကိုတားလို့မရဘူးဆိုတာ နားလည်ထားစေချင်တယ်"

မုလိ၏စကားကြောင့် ကျင်းနန်၏ရင်ထဲ ခဲနှင့်အဆွဲခံရသလို လေးလံလာသည်။

နုနယ်ချောမောလှပသော မိန်းမပျိုတစ်ယောက်၏အပြုံးအတေး အာဃာတတရားကား ထုထည်ကြီးမားလွန်းလေစွတကား။

ကျင်းနန်သည် မုလိအား ဥယျာဉ်ထဲမှပန်းတစ်ပွင့်လို လန်းဆန်းလှပစွာဖူးပွင့်နေသည်ကိုသာမြင်တွေ့လိုသည်။

သွေးညှီးနံ့ ရောပြွန်းသောခရီးကြမ်း၌ ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်းရမ်းနေသောလူရမ်းကားတစ်ယောက်အနေဖြင့် အမှန်ပင် မမြင်တွေ့လိုပါ။

သို့သော် မုလိကား အပြုံးအတေးကြီးလှ၏။

အာဃာတတရားကြီးမားလှ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမအား မည်သို့မျှဖျောင်းဖျနားချ၍ရမည်မဟုတ်ကြောင်း ကျင်းနန်နားလည်နေမိသည်။

မိုးပေါ်ကသိကြားမင်းဆင်းတားလျှင်ပင် သူမအားဟန့်တား၍ရမည်မထင်။

ကျင်းနန်သည် စိတ်မချမ်းမြေ့စွာဖြင့်အက်ပြင်းတစ်ချက်ခပ်မှုင်းမှုင်းချလိုက်မိလေသည်။

"မင်း... မင်း ဘာဖြစ်လို့ သည်လောက်တောင်အပြိုးကြီးနေတာလဲကွာ... ငါ့ကိုတောင် ရန်သူစာရင်းထဲသွင်းချင်နေပြီပေါ့... ဟုတ်လား"

မချိတင်ကဲလေသံဖြင့် ကျင်းနန်ကပြောလိုက်၏။

မုလိလည်း စိတ်မသက်မသာဖြစ်သွားပုံရသည်။

"ကျွန်မ ရှင့်ကိုအကြောင်းစုံပြောပြပြီးပြီပဲရှင်၊ ဒါပေမဲ့ ရှင်က ကျွန်မပြောတာကိုမယုံဘဲ သူများစကားကိုသာယုံနေတော့မခက်ဘူးလားရှင်"

မုလိ၏စကားကိုကြားရပြန်တော့ ကျင်းနန်တွေဝေရပြန်၏။ မည်သို့ဆုံးဖြတ်ရမှန်းမသိနိုင်အောင် ဖြစ်သွားရသည်။



သို့သော် လောလောဆယ်ဖြေဆေးရဖို့ အရေးကြီးသည်ကို သတိရလိုက်ရာ...

"မင်း ငါ့အတွက်ဖြေဆေးမပေးတော့ဘူးလား"

မုလိကပခုံးတွန့်လိုက်ပြီး...

"ရှင့်ကိုကျွန်မပြောပြီးပြီပဲ... ကျွန်မနဲ့အတူလိုက်မယ်ဆိုရင် ဖြေဆေးပေးမယ်... မလိုက်ရင်တော့ ကျွန်မလဲ ဘာမှမတတ်နိုင်ဘူး၊ ရှင့်ရဲ့ကံပဲ"

ကျင်းနန်အတွက် ရွေးချယ်စရာလမ်းမရှိတော့ပါ။ မုကျင့်၏ အသက်အားကယ်တင်ရန်အတွက် လမ်းတစ်လမ်းတည်းသာရှိသည်။

အခြားရွေးစရာလမ်းမရှိပါ။

ထို့ကြောင့် စိတ်မသက်မသာနှင့်ခေါင်းညိတ်ကာ...

"ကောင်းပြီလေ ငါမင်းနဲ့လိုက်မယ်၊ ဒါပေမဲ့ ဖြေဆေးတော့ ချက်ချင်းပေးရမှာနော်"

မုလိလည်း စကားမပြောတော့ပါ။

အထုပ်ကလေးတစ်ထုပ်ထုတ်ပြီး...

"ကဲ... ရော့ ရှင်လိုချင်တဲ့ဖြေဆေး"

www.burmeseclassic.com

www.burmeseclassic.com



သူက ဖြေဆေးထုပ်လေးအားဖမ်းယူလိုက်သည်။

အဆိပ်ဖြေဆေးတော့ရပေပြီ။

ဒါပေမဲ့ မုကျင့်လက်ထဲရောက်အောင် မည်သို့ပေးရပါမည်နည်း။ ကျင်းနန်အပြေးအလွှားစဉ်းစားလိုက်၏။

မုလိကအကင်းပါးသည်။

မုလိမသိအောင် ပေးနိုင်မှဖြစ်မည်။

သို့မဟုတ်ပါက မလိုအပ်ဘဲ ပြဿနာရှုပ်လာနိုင်သည်။

ထိုစဉ်... လေပြင်းတစ်ချက်တိုက်ခတ်ရာ ပွင့်နေသည့်တဲအိမ်တံခါးဝုန်းခနဲပိတ်သွားသည်။

မုလိလည်း ယောင်ယမ်း၍နောက်လှည့်ကြည့်လိုက်၏။

အခွင့်ကောင်းစောင့်နေသည့်ကျင်းနန်သည် ရရှိလာသည့်အခွင့်အရေးကိုလျှပ်တစ်ပြက်ပင် အသုံးချလိုက်သည်။

ဆေးထုပ်အား အခန်းတွင်းရှိမုကျင့်ထံပစ်ပေးလိုက်၏။

အခြေအနေအားအကဲခတ်နေသောမုကျင့်ကလည်း ပစ်ပေးသည့်ဖြေဆေးထုပ်ကိုဆတ်ခနဲဖမ်းယူလိုက်သည်။

ထိုအချိန်မှာပင်....



ကျင်းနန်ကကျယ်လောင်စွာချောင်းဆိုးလိုက်၏။

အကြောင်းမှာ... မုလိသည် လွန်စွာပါးနပ်သည်။

မိမိတို့၏လှုပ်ရှားမှုကိုသတိပြုမိသွားနိုင်သောကြောင့် ယင်းသို့ချောင်းဆိုးပြကာ အာရုံပြောင်းပေးလိုက်ခြင်းဖြစ်သည်။ မုလိ သူ့ဘက်လှည့်လာသည့်အခါ ကျင်းနန်က ယခုပင် ဖြေဆေးသောက်ပြီးသလိုဟန်ဆောင်လိုက်သည်။

"ရှင်ဖြေဆေးသောက်ပြီးပြီလား"

"အင်း...."

"ဒါဆိုကျွန်မတို့သွားကြမယ်"

"ဟာ... မိုးတွေဒီလောက်ရွာနေတာ ဘယ်ကိုသွားမလို့လဲ"

မုလိကအလိုမကျဟန်ဖြင့် ကျင်းနန်အားကြည့်လိုက်၏။

"ဘယ်လိုလဲ ဖြေဆေးသောက်ပြီးပြီဆိုတော့ ဘာမှရစ်ကိစ်စရာမလိုဘူးဆိုတဲ့သဘောလား"

ကျင်းနန် ခေါင်းခါလိုက်၏။

"မင်းကွာ... သံသယစိတ်တွေများလှချည်လား ကျုပ်က ဒီသဘောမျိုးနဲ့ပြောတာမဟုတ်ပါဘူး၊ မိုးတွေသည်းနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ကျောင်းနန်အနေဖြင့် သူမနောက်သို့မလိုက်လိုပါ။

သူမသည် ရောက်ရာအရပ်၌သူတစ်ပါးကိုဒုက္ခပေးလိမ့်မည်ဟုယုံကြည်ထားမိသောကြောင့်ဖြစ်သည်။

သူကိုယ်တိုင်လည်း မတရားမှုကိုလက်ပိုက်ကြည့်မနေနိုင်။ ထို့ကြောင့် သူမနှင့်ထိပ်တိုက်တွေ့မှာသေချာနေသည်။ သူသည် မုလိ၏အပြုအမူကိုသဘောမကျသော်လည်း သူမအပေါ်သံယောဇဉ်ရှိနေပြီကို ကိုယ့်ကိုယ်ကိုနားလည်၏။ တတ်နိုင်သမျှအချိန်ဆွဲပြီး သူမအား လူကောင်းဖြစ်လာအောင် စည်းရုံးချင်သည်။

ထိုစဉ် မုလိက သူ့လက်ကိုလှမ်းဆွဲကာ...

"ကဲပါ... မိုးရွာလဲ်ဘာထူးမှာမို့လဲ၊ လာစမ်းပါရှင်"

မုလိက အတင်းခေါ်သဖြင့် ကျောင်းနန်မှာမလိုက်ချင်လိုက်ချင်ယက်ကန်ယက်ကန်ပါသွားလေသည်။

***



စိတ်ရောကိုယ်ပါ ကျဉ်းကျပ်နေသော မှုကျင့်တစ်ယောက်ယခုမှအသက်ရှဲရှဲရှူနိုင်တော့သည်။ မုလိနှင့်ကျောင်းနန်တို့ထွက်သွားကြပြီမဟုတ်ပါလား။

ထို့ကြောင့်... ဟောက်ရိုးပုံအတွင်းပုန်းရာမှထွက်ကာ သက်တောင့်သက်သာထိုင်ချလိုက်သည်။

ကျောင်းနန်ပစ်ပေးခဲ့သည့်အဆိပ်ဖြေဆေးကုပ်အားဖွင့်၍ တစ်ဂျိုက်တည်းမော့လိုက်သည်။ ပြီးမှ ကောက်ရိုးပုံပေါ် ခြေပစ်လက်ပစ်လှဲချလေ၏။

စိတ်ထဲက ကျောင်းနန်အားကျေးဇူးတင်မိသည်။

အနောက်က နေထွက်ချင်သာထွက်မည်။

မုလိလိုမိန်းမရိုင်းထံမှဖြေဆေးရဖို့ဆိုသည်မှာ လုံးဝဖြစ်နိုင်မည်မဟုတ်ချေ။

ကျောင်းနန်ဖြစ်နေ၍သာ ဖြေဆေးရရှိခြင်းဖြစ်သည်။

ယင်းသို့ ဖြေဆေးအား တွန့်တိုခြင်းမရှိ အလွယ်တကူပေးလိုက်၍ခြင်းကား သူမသည် ကျောင်းနန်အပေါ်ချစ်ခင်နေခြင်းကြောင့်ဖြစ်ကြောင်း အထူးပင်သိသာထင်ရှားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုကျင့်သည် ကောက်ရိုးပုံပေါ်၌ ခြေပစ်လက်ပစ်အိပ်ရင်း တောင်တွေးမြောက်တွေးတွေးနေမိခြင်းဖြစ်သည်။

တစ်ကိုယ်လုံးတစစ်စစ်နှင့်နာလာ၏။ ကျင်းနန် ဓားနှင့်လှီးထုတ်ခြင်းကြောင့် နာသည့်ဒဏ်ရာက အနာရှိရာဝန်းကျင်တစ်ဝိုက်သာ နာကျင်သည်။

ယခုနာကျင်ကိုက်ခဲမှုအား တစ်ကိုယ်လုံးနေရာအနှံ့ဖြစ်နေသည်။ နှုတ်ခမ်းများခြောက်ကာ လျှာလည်းထုံကျင်လာ၏။

တစ်ခုခုတော့လွဲမှားနေပြီ။

တစ်ကိုယ်လုံးပူလာသဖြင့် အိပ်နေ၍မရတော့ပါ။

မိုးရေထဲပြေးထွက်ခဲ့၏။

ယခုအချိန်၌ အခြားအန္တရာယ်ကိုဂရုမစိုက်နိုင်တော့ပါ။

အဆိပ်ကဝေမကာသူ့ကိုမြင်ပြီး သတ်ချင်လည်းသတ်ပေစေတော့။ လောလောဆယ်တွင်ကား... တစ်ကိုယ်လုံးခံစားနေရသည့် ဝေဒနာသက်သာဖို့ပဲဖြစ်သည်။

သို့ရာတွင်... အံ့ဩစရာကောင်းသည်မှာ မိုးရေနှင့်ထိကာမှ ဝေဒနာကပို၍ဆိုးလာခြင်းပင်။



ဝေဒနာကိုမခံနိုင်တော့သဖြင့်. အသံကုန်အော်လိုက်မိ၏။ သို့သော် အသံပင်မထွက်တော့ပါ။

"ဝုန်း..."

အရုပ်ကြိုးပြတ်လဲကျပြီး ရွှံ့ညွန်ထဲလူးလှိမ့်လျက်ရှိသည်။

ထို့နောက်... တဖြည်းဖြည်းငြိမ်သက်သွားကာ လုံးဝလှုပ်ရှားနိုင်ခြင်းမရှိတော့ပေ။

ပါးစပ်ထဲမှစီးကျလာသောသွေးများကညှိမည်းကာ မိုးရေနှင့်ရောယှက်စီးဆင်းသွားလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



## နှုတ်ဆက်ခွဲခွာ

မိုးရေကြောင့် အေးစက်မှုဒဏ်ကိုခံစားရလေ၏။

ရင်ထဲ၌လည်း အေးသွား၏။

ကျင်းနန်သည် သေအံ့ဆဲဆဲလူတစ်ယောက်ကိုကယ်တင်နိုင်လိုက်ခြင်းကြောင့် အကျေနပ်ကြီးကျေနပ်လျက်ရှိတော့သည်။

အမှန်တော့ ကျင်းနန်သည် မုကျင့်အားအဆိပ်ဖြေဆေးပေးနိုင်ခဲ့ပြီဟုထင်မှတ်ယုံကြည်ပြီး ကျေနပ်ခဲ့ခြင်းသာဖြစ်ပေသည်။

အကယ်၍... မုလိထံမှရခဲ့သောဆေးမှာ ဖြေဆေးမဟုတ်ဘဲ အဆိပ်အား အလျင်အမြန်ပျံ့နှံ့စေသည့်ဆေးဖြစ်ကြောင်းသာသိရှိရလျှင် ကျင်းနန်အနေဖြင့် ယခုကဲ့သို့ဝမ်းသာနိုင်ပါမည်လော။



မုလိကမူ ကလေးတစ်ယောက်ပမာ ပမ်းသာရွှင်ပျကျက်ရှိနေပေသည်။ မိုးရေထဲလျှောက်နေရသည်ကိုပင် လရောင်အောက်၌လျှောက်ရသလိုထင်မှတ်နေဟန်ရှိသည်။

"တို့ ဘယ်သွားကြမှာလဲ"

အတန်ကြာအောင် ခြေဦးတည့်ရာသွားနေသဖြင့် ကျင်းနန်ကမေးလိုက်ခြင်းဖြစ်သည်။

မုလိကပြုံးပြရင်း...

"ရှင် ကျွန်မနဲ့လိုက်မယ်လို့ ကတိပေးထားပြီးပြီမဟုတ်လား။ ကျွန်မဘယ်သွားသွား လိုက်ခဲ့ပေါ့ရှင်"

မုလိကားပျော်နေ၏။ သူမ၏မျက်နှာတွင် အပြုံးပန်းဝေလာသည်။ ကျင်းနန်ခေါင်းခါသည်။

"မဟုတ်သေးဘူးလေ... မိုးထဲရေထဲ ခုလိုကြာရှည်သွားလာရင် အအေးမိပြီးဒုက္ခရောက်ကုန်မှာပေါ့"

မုလိအပြုံးမပျက်ပါ။

"စိတ်မပူပါနဲ့ရှင်... ဟိုရှေ့မှာ ရေပ်အိုလေးတစ်လုံးရှိတယ်၊ အဲဒီကျမှအနားယူကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မုလိ၏ပုံပြန်ကား တက်ကြွလျက်ရှိလေသည်။ ကျင်းနန်မှာ မိုးထဲရေထဲ တကောက်ကောက်လိုက်ရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်လာသည်။

မကြာမီ ရှေ့ခပ်လှမ်းလှမ်း၌ ဇရပ်ပျက်တစ်ဆောင်အားမြင်ရ၏။ သူတို့နှစ်ယောက် အဆိုပါဇရပ်ပျက်လေးဆီသို့ ခပ်သုတ်သုတ် ပြေးသွားကြသည်။

မိုးကားရွာနေဆဲ။

လေကလည်းထန်နေဆဲ။

***



ဇရပ်ဆီသို့ရောက်လာသည့်အခါ... ကိုယ်ပေါ်မှရေများကို သပ်ချလိုက်ကြ၏။ မုလိကရေများကိုခါချရင်း ဇရပ်အလယ်ဆင့်သို့ တက်သွား၏။

ကျင်းနန်ကအင်္ကျီကိုချွတ်ပြီးရေညှစ်ချသည်။

"ရှင့်ဒဏ်ရာဘယ့်နှယ်နေသေးလဲ၊ သက်သာသွားပြီလား"

မုလိလှမ်းမေးမှ သူသတိရပြီးအင်္ကျီကိုကပျာကယာပြန်ဝတ်လိုက်၏။ ပခုံး၌ပင့်ကူကိုက်သည့်ဒဏ်ရာကိုမတွေ့လျှင် အလိမ်ပေါ်ကုန်တော့မည်မဟုတ်ပါလား။

"မင်းစောစောကမမေးဘဲ ခုမှဘာ့လို့မေးတာလဲ"

သူက ခပ်တည်တည်ပြောရင်း ဇရပ်အလယ်ဆင့်သို့တက်လာခဲ့၏။ မုလိကပြုံးပြရင်း...,

"စောစောကမေးလဲ ဘာထူးမှာလဲ၊ အရှိုးဖြစ်မနေဘူးလား"

သူမ၏စကားကို သူနားမလည်သလိုဖြစ်သွားသည်။ အင်္ကျီကိုဆွဲလှန်ပြီး ဒဏ်ရာကြည့်မည်စိုးသဖြင့် ခပ်တင်းတင်းပြင်ဝတ်ထားလိုက်၏။ ထိုစဉ်မှာပင်....

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်တကြားအော်လိုက်သည့်အသံက မိုးသံလေသံကြားမှထိုးဖောက်ပျံ့လွင့်လာ၏။ မုလိသည် အနားမှကပ်ပြီးအော်သည့်ကျင်းနန်၏အသံကိုကြားဟန်မတူ။

သို့မဟုတ် မကြားချင်ဟန်ဆောင်နေခြင်းလည်းဖြစ်နိုင်၏။

သူမသည် သဲကြီးမဲကြီးရွာနေသည့်မိုးကို ခပ်အေးအေးပင်မော့ကြည့်လျက်ရှိ၏။

"မုလိ… မုလိ… လုပ်ပါဦး… ဒီမှာပင့်ကူကြီး"

အော်သာအော်ရသည်။

သူ မလှုပ်ရဲချေ။

လှုပ်သည်နှင့် ပင့်ကူကကိုက်တော့မည်မှာသေချာ၏။

ပခုံးပေါ်မှပင့်ကူကိုကြည့်၍ ဇောချွေးပြန်နေမိသည်။

အတန်ကြာမှ မုလိကသူ့ကိုကြည့်ပြီး…

"ရှင် ဘာဖြစ်နေတာလဲဟင်"

မေးပုံကလွန်စွာအေးစက်လှသည်။ သူ့အဖို့ သေရေးရှင်ရေးတမျှဖြစ်ချိန်တွင် သူမသည် ဘာမှမဖြစ်ဟန်ဖြင့်အေးစက်စက်နိုင်လှချေသည်တကား။



သူ့စိတ်ထဲထင်ထားသည်မှာ ပခုံးပေါ်မှပင့်ကူနက်ကိုမြင်လျှင် သူမသည် ထိတ်ထိတ်ပျာပျာဖြစ်ကာ အလျင်အမြန်ဖယ်ရှားပေးလိမ့်မည်ဟုမျှော်လင့်ထင်မှတ်ထားခဲ့၏။

ယခုမူ သူမသည် ဘာမျှအရေးမကြီးဟန်ဖြစ်နေသည်။

ပင့်ကူနက်ကိုဖယ်ရှားခြင်းမပြုဘဲ ကျင်းနန်နှင့်မျက်နှာချင်းဆိုင်ရပ်၍…

"ရှင်ဟာ အင်မတန်ရိုးသားတဲ့လူဆိုပြီး ကျွန်မကိုညာဖို့ကြိုးအားခဲ့တယ်"

ကျင်းနန်သည် သူမ၏စကားကိုနားမဝင်ပါ။ စိတ်လည်းမဝင်အားချေ။ လောလောဆယ် ပခုံးပေါ်မှပင့်ကူနက်ကိုအမြန်ဆုံးဖယ်ရှားပေးဖို့သာစိတ်ဝင်စား၏။

"ပြောစရာရှိရင် နောက်မှပြောပါမုလိ၊ အခုလောလောဆယ်ပင့်ကူကိုဖယ်ပေးပါ"

သူမ ပြုံး၏။

"ဘာလဲ… ရှင်သိပ်ကြောက်နေသလား၊ ရှင်သူ့ကိုသွားမပြော
သူကလဲရှင့်ကိုမကိုက်ပါဘူးရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူ့အထိတ်တလန့်ဖြစ်နေသည်ကိုမြင်သည့်တိုင် တစ်ချက်လေးမျှစိုးရိမ်ပူပန်ခြင်းမရှိခဲ့ပေ။ လှုပ်လှုပ်ရွရွဖြစ်ဖို့နေနေသာ ရယ်ပင်ရယ်လိုက်သေး၏။

သူ့ရင်ထဲ၌ စိုးရိမ်စိတ်များဝင်လာမိ၏။

သူမသည် မိမိအဆိပ်ဖြေဆေးညာတောင်းသည်ကိုသိ၍ ယခုကဲ့သို့သုတ်သင်ပစ်ရန်ဆုံးဖြတ်လိုက်ပြီလော။

ကျင်းနန် ဘာလုပ်ရမှန်းမသိအောင်ဖြစ်မိသည်။

လှုပ်လည်းမလှုပ်ရဲ။

လှုပ်သည်နှင့်ပင့်ကူက ကိုက်မည်မှာသေချာ၏။ ထို့ကြောင့် ကျင်းနန်မှာ ဘေးကျပ်နံကျပ်ဖြစ်ကာ ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားရခြင်းပင်။

ဤအခ်တိုင်းဆိုပါက...

မုလိပြုသမျှ လည်စင်းခံရတော့မည့်အနေအထားပင်။

သို့သော် အခြေအနေမှာ သူထင်သလိုဖြစ်မလာချေ။ မုလိက သူ့ပခုံးပေါ်ရှိပင့်ကူရှေ့၌ လက်ညှိုးကလေးထောက်ပေးလိုက်ရာ ပင့်ကူသည် သူမ၏လက်ညှိုးပေါ်တရွရွတွယ်တက်လာ၏။



ကျင်းနန်မှာကြည့်ရင်း အသည်းတယားယားဖြစ်ရ၏။

ထူးဆန်းသည်ကား ပင့်ကူသည် သူမအား လုံးဝမကိုက်သည့်အပြင် သူမသဘောကိုပင် နားလည်နေဟန်ရှိသည်။

မျက်လှည့်ပြလိုက်သလား ထင်မှတ်ရသည်။ မုလိ၏လက်ညှိုးပေါ် ကူးပြောင်းရောက်ရှိသွားသည့်ပင့်ကူသည် မျက်စိတစ်မှိတ်အတွင်းမှာပင် ပျောက်ကွယ်သွားလေ၏။ သူမ၏လက်၌ ဘာမျှရှိမနေပါ။ သူမက သူ့ကိုပြုံး၍ကြည့်ရင်း....

"ရှင်သိပ်ကြောက်သွားသလားဟင်... ကျွန်မ ရှင့်ကို ကျီစားတာလွဲနဲ့သွားရင် တောင်းပန်ပါတယ်ရှင်"

ကျင်းနန်မှာ အမှန်ပင် ထိတ်လန့်ခဲ့ရသည်။ အကြီးအကျယ်သည်း ဒေါသထွက်မိ၏။ ပင့်ကူနှင့်ကျီစယ်ခြင်းသည် လုပ်ကောင်းသောကိစ္စမဟုတ်ပါ။ တစ်စုံတစ်ခုမှားယွင်းခဲ့လျှင် အသက်ပါသွားနိုင်သည်မဟုတ်ပါလား။ ထို့ကြောင့်ဒေါပွမိခြင်း ဖြစ်သည်။

သို့သော် ရွှန်းလဲ့သော သူမ၏မျက်ဝန်းအကြည့်နှင့် ရင်ဆိုင်မိုက်ရသည့်အခါ ရင်ထဲ၌ဖြစ်တည်နေသောဒေါသအစိုင်အခဲများ ဆလိုအလျောက်ပင် လျော့ကျသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... ပင့်ကူမကိုက်လို့ ရှင်အံ့ဩနေသလား"

တဒင်္ဂငေးငိုင်သွားသည့်ကျင်းနန့်အားကြည့်ရင်း မုလိက မေးလိုက်သည်။ သည်တော့မှ သူသတိပြန်ဝင်လာကာ...

"ဟုတ်တယ်... ကျူပ်ကိုလဲမကိုက်ဘူး... မင်းကိုလဲ မကိုက်ဘူး။ သေချာလေ့ကျင့်ထားလို့ နားလည်နေပုံမျိုးပဲ"

သူမ ပြုံးသည်။

"ရှင်ထင်တာ မမှားဘူး... ဒီကောင်တွေကို လိုအပ်သလိုသုံးလို့ရအောင် ကျွန်မ အပင်ပန်းခံလေ့ကျင့်ထားရတာပါရှင်"

သူ ဘဝင်မကျနိုင်သလိုဖြစ်မိ၏။

"မင်းကိုယ်စား လူသတ်ဖို့ စနစ်တကျလေ့ကျင့်ခဲ့တယ်ဆိုပါတော့"

သူမ ခေါင်းခါသည်။

"ဒီသဘောမျိုးမဟုတ်ပါဘူးရှင်... ကိုယ့်ကိုယ်ကို ကာကွယ်ဖို့နဲ့ ရန်သူကိုရင်ဆိုင်ဖို့ပါရှင်"

"ဘာပဲဖြစ်ဖြစ် ဒီလိုလုပ်တာ အင်မတန်ရက်စက်ရာရောက်နေတယ်"



ကျင်းနန့်သည် မိန်းကလေး၏နောက်မှလိုက်လာခဲ့ရင်း တစ်[illegible] ရွာတစ်ရွာ၌ ကြားခဲ့ရသည့်အကြောင်းများကို ပြန်သတိရလာသည်။

ထိုစဉ်က သူသည် အရေးတကြီးဖြင့်ခရီးထွက်ခဲ့ခြင်းပင်။ မရပ်မနားခရီးနှင်ခဲ့ခြင်းကြောင့်... လွန်စွာဆာလောင်လာသည့်အခါ သူသည် အနီးဆုံးရွာတစ်ရွာသို့ဝင်၍ ဖုတ်ပူမီးတိုက်စားသောက်ခဲ့ရသည်။

ယင်းသို့စားသောက်နေစဉ် သူ့နောက် စားပွဲမှ စကားသံကို [illegible]နားစွင့်ခြင်းမဟုတ်ဘဲ ကြားသိနေခဲ့သည်။

"ရက်စက်တာတော့ကမ်းကုန်ပဲဗျို့... တစ်ယောက်မကျန်အကုန်ရှင်းပစ်တာပဲ"

ဤတွင် အခြားတစ်ယောက်က...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ဟိုကဝေမပဲ နေမှာပေါ့"

အခြားတစ်ယောက်က....

"ဘာကြောင့် သူပဲလို့ခင်ဗျားကပြောနိုင်ရတာလဲ"

"ဒီလောက်ရက်စက်မှတော့ ကဝေမကလွဲပြီး ဘယ်သူဖြ

နိုင်မှာလဲဗျာ"

"နေပါဦး ကဝေမဆိုတာဘယ်သူလဲဗျ... ခင်ဗျားသိလား

"ဟာ... မသိပါဘူးဗျာ၊ ကြားဖူးတာပါ"

အခြားတစ်ယောက်က....

"ကျုပ်လဲ သူ့အကြောင်းကြားဖူးတယ်ဗျ၊ အင်မတန်ချော

မိန်းကလေးတဲ့ဗျ"

"ဟင်... ဒီလောက်ချောလှတဲ့မိန်းကလေးက မယုံနိုင်အော

ရက်စက်ပါ့မလား"

အဆိုပါ လူတစ်စု၏စကားကို ကျင်းနန်စိတ်ဝင်စားမိ၏။

သို့သော် အချိန်မရသဖြင့်မစုံစမ်းနိုင်ဘဲ ရေးကြီးသုတ်ပျာဖြ

ခရီးဆက်ခဲ့ရ၏။ ယခု ထိုအမည်ကိုထပ်၍ကြားရပြန်ပြီ။

ကလေးငယ်နှင့်မိန်းမပျိုကို စားသမားငါးဦးက ကဝေမ

ခေါ်ခဲ့သည်မဟုတ်ပါလား။



"မင်းလုပ်ချင်တာ ကျုပ်တားလို့ရမှာမှမဟုတ်ဘူးလား၊ တားလို့မရတဲ့ အတူတူ တားဖို့လဲစိတ်မကူးပါဘူး။ မင်းပြောတဲ့လူနှစ်ယောက် နာမည်တစ်ခါမှမကြားဖူးလို့ မေးမိတာပါ"

သူမ ခဏငိုင်သွား၏။ သူမသည် တတ်နိုင်သမျှ ကျင်းနန်နှင့်ဆန့်ကျင်ဖက်မဖြစ်ချင်သည်ကအမှန်ပါ။

သို့ရာတွင် ကိုယ့်ကြောင်းနှင့်ကိုယ် မဟုတ်ပါလား။

သူမသည် လွန်စွာအငြိုးကြီးသူဖြစ်သည်။ ရန်သူကိုမည်သည့်နည်းနှင့်မျှ အလွတ်ပေးမည့်သူမဟုတ်။ ကျင်းနန်သည် ကျန်းဟူလိုဒေသမျိုး၌ကြီးပြင်းခဲ့သူဖြစ်၏။

ကျန်းဟူဒေသဆိုသည်ကလည်း သိုင်းသမားအများဆုံးထွက်ပေါ်ရာအရပ်ဖြစ်၏။ သိုင်းပညာအားကိုးနှင့် သေရဲသတ်ရဲသူများလွန်စွာပေါလှသည်။ သို့တိုင်အောင် မုလိကဲ့သို့ ရန်ငြိုးကြီးပြီး ရက်စက်ကြမ်းကြုတ်သူမျိုး တွေ့ဖူးခြင်းမရှိပေ။

သူမသာ ပြုပြင်ပြောင်းလဲမှုမရှိခဲ့လျှင် တစ်နေ့နေ့၌ လူအများ၏ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် မရှုမလှသေရမည်မှာ မုချဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့် မည်မျှပင် အခွင့်အခမ်းအစရှိစေကာမူ သူမထက်ပို၍အခွင့်အစရှိသူပေါ်လာမည်သာဖြစ်၏။

ထိုအခါ သူမသည် ယခုကဲ့သို့အောင်ပွဲခံနိုင်ပါဦးမည်လော။

ကျင်းနန်အနေဖြင့်မူ မည်သူ့ကိုမျှအသက်မဆုံးရှုံးစေလို။

လူတွေအားလုံး အကြင်နာတရားဖြင့် သည်းခံခွင့်လွှတ်နိုင်ကြလျှင် လောကကြီးသည် မည်မျှအေးချမ်းလိုက်မည်နည်း။

ယခုမူ... အမုန်းတရားများနှင့် ရန်ငြိုးတွေသာ ပြည့်နှက်နေချေသည်တကား။

မုလိသည် ငြိမ်သက်သားကောင်းနေသည့်ကျင်းနန်ကို တစ်ချက်ကြည့်ပြီး...

"ဘယ်လိုလဲ... ရှင့်ကြည့်ရတာ ကျွန်မနောက်ကို မလွှဲသာမရှောင်သာလိုက်နေရပုံပဲ၊ ဖြစ်နိုင်ရင်လမ်းခွဲထွက်ဖို့စိတ်ကူးနေတယ်မဟုတ်လား"

သူမကား အကင်းလည်းပါးလှ၏။

သူ၏စိတ်ခံစားမှုကိုမြင်တွေ့ဟန်ဖြင့်ပြောချသည်။

သူကလည်းဟန်ဆောင်မနေနိုင်ပါ။



"အင်း... ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ဟုတ်တယ်လို့ပဲပြောရမှာပဲ၊ မင်းနဲ့ကျုပ်ကယုံကြည်ချက်ချင်းမတူသလို ရည်ရွယ်ချက်ချင်းလဲမတူကြဘူး၊ ကျုပ်ကစကားနည်းရန်စဲဖြစ်ချင်တဲ့လူ၊ မင်းကပြဿနာကိုမီးခွက်ထွန်းပြီးရှာချင်တဲ့လူ၊ ခံယူချက်ခြင်းကတခြားစီပဲ"

ကျင်းနန်က စကားကိုခဏနားပြီးမုလိအားကြည့်၏။

ပြီးမှ စကားဆက်သည်။

"ခံယူချက်မတူတဲ့လူနှစ်ယောက် အတူလက်တွဲနေရင် စိတ်ဆင်းရဲရုံပဲရှိမယ်၊ ဒါကြောင့် တို့လမ်းခွဲကြတာ အကောင်းဆုံးဖြစ်မယ်လို့ကျုပ်ထင်တယ်"

သူမ မဲ့ပြုံးပြုံးသည်။

"ရှင် သည်စကားပြောမယ်ဆိုတာစကတည်းက မျှော်လင့်ပြီးသားပါ၊ ဒါပေမဲ့ ရှင့်ကိုသဘောကျတယ်"

သူပခုံးတွန့်သည်။

"ဒါပေမဲ့ ကျုပ်တို့နှစ်ယောက်ကမတူညီတဲ့အရပ်ကို ဦးတည်လျှောက်နေကြတယ်လေ၊ မင်းလျှောက်တဲ့လမ်းကို ကျုပ်မလိုက်နိုင်သလို ကျုပ်လျှောက်တဲ့လမ်းကို မင်းမလိုက်နိုင်ဘူး၊ ဒါကြောင့်... ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



လမ်း ကိုယ်လျှောက်တာအကောင်းဆုံးပဲ"

သူမကရိုဝေစွာကြည့်၏။

ပြီးမှသက်ပြင်းမှျင်းမှျင်းချ၍....

"ဒါဆို ရှင်ခွဲသွားတော့မှာပေါ့"

"သည်နည်းပဲရှိတယ်လေ မင်းကျူပ်အပေါ် နားလည်နိုင်မယ်လို့မျှော်လင့်ပါတယ်"

သူမကားငေးငိုင်နေဆဲဖြစ်သည်။ သွားပါဟုမပြောသလို နေပါဟုလည်းမတားပါ။ ကျင်းနန်ကိုယ်တိုင်လည်းခွဲထွက်မည်ဟုဆုံးဖြတ်ပြီးခါမှ တကယ်တမ်းခွဲရတော့မည်ဆိုသောအခါ ဘာကြောင့်မှန်းမသိစိတ်လေးနေ၏။

သူမကိုစွန့်ပစ်ခဲ့ရန် အင်အားမရှိသလိုဖြစ်နေမိသည်။

သို့သော် မိမိရှေ့၌ထင်သလို ရမ်းကားမှုကိုလက်ပိုက်ကြည့်နေနိုင်ပါမည်နည်း။

သူမအပေါ် သံယောဇဉ်တွယ်မိသည့်တိုင် တစ်လမ်းတည်းသွားရန်မဖြစ်နိုင်တော့ပြီ။

ထို့ကြောင့် စိတ်ကိုတင်း၍ကျောခိုင်းလိုက်၏။



ခြေလှမ်းလှမ်းရသည်ကပင် ပင်ပန်းလှ၏။

ကျောက်တုံးဆွဲထားသလို လေးလံလွန်းလှ၏။

"အစ်ကို"

ဇရပ်အိုလေး၏အောက်အဆင့် လှေကားထစ်နင်းမိချိန်တွင် မုလိထံမှစကားသံထွက်လာ၏။

စကားသံကဆို့နင့်နေ၏။

ကျင်းနန်သည် ရပ်၍လှည့်ကြည့်မိ၏။

"မင်း... မင်း... ဘာပြောမလို့လဲ၊ ရည်ရွယ်ချက်တွေစွန့်ပြီလို့ပြောမလို့လား"

မျှော်လင့်တကြီးဖြင့် စိတ်လှုပ်ရှားစွာမေးမိသည်။

သို့သော်.... မုလိ၏တုံ့ပြန်မှုက သူ့မျှော်လင့်ချက်ကို အရည်ပျော်သွားစေ၏။

မုလိအသာအယာခေါင်းခါ၏။

သူ့စိတ်ပျက်သွားပြီး....

"ဒါဖြင့် ဘာပြောမလို့လဲ"

မုလိကသူ့အားစူးစူးစိုက်စိုက်ကြည့်၍....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကိုသဘောကျတယ်၊ ပြီးတော့... ပြီးတော့..."

သူမ၏အသံကတိုးတိမ်သွားသည်။

ကျင်းနန်လည်း... မျှော်လင့်ချက်ကင်းမဲ့စွာဖြင့်ပင် ဇရပ်အိုမှ တစ်လှမ်းချင်းလှမ်းထွက်သည်။

မိုးကားရွာနေဆဲပင်။

***



မခွဲချင်၍သာ ကျောခိုင်းထွက်လာခဲ့ရသည်။ ကျင်းနန်၏စိတ် အစဉ်က မုလိထံမှကျန်ခဲ့၏။ အေးမြသောမိုးရေစက်များက ပူလောင်သည့် သူ၏ရင်ကိုဖျန်းပက်အေးမြနိုင်စွမ်းမရှိပေ။

သူသည် မုလိအပေါ်အမှန်ပင်သံယောဇဉ်တွယ်မိ၏။

ထိုအတူ သူမကလည်း မိမိအပေါ်သံယောဇဉ်ရှိလိမ့်မည်ဟု ယုံကြည်၏။ ခြေလှမ်းတို့က တစ်လှမ်းချင်းလှမ်းရင်း ဝေးရာသို့ထွက်သွားနေသည့်တိုင် သူ့စိတ်ကနောက်ပြန်လှည့်ပြီး မုလိထံ တရွေ့ရွေ့ သွားနေသည်။ လူနှင့်စိတ်ကား ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက်ရှိနေချေသည်တကား။

***

www.burmeseclassic.com

www.burmeseclassic.com



## စားခွက်ရာလက်ယှိုမိခြင်း

ကျန့်ကျိုးမြို့ ....

စည်ကားလှသောမြို့တစ်မြို့ဖြစ်သည်။

ထိုမြို့သို့ ကျင်းနန်ရောက်ရှိလာ၏။

သူသည် မုလိနှင့်လမ်းခွဲပြီးနောက် နေရာအနှံ့သွားလာပြီးမှ အဆိုပါမြို့သို့ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် မြို့လယ်လမ်းအတိုင်းလျှောက်လာ၏။

စားသောက်ဆိုင်များကိုမြင်ရမှ ဗိုက်ဆာနေပြီကိုသတိပြုမိသည်။ ဆိုင်အားကြည့်လိုက်ရာ စားသောက်သူများဖြင့်စည်ကားရှုပ်ထွေးနေသည်ကိုတွေ့ရ၏။ ထို့ကြောင့် ဆက်လျှောက်ရင်း ဆိုင်များကိုကြည့်ပြန်၏။



ဆိုင်နှစ်ဆိုင်ကျော်ပြီးနောက် တတိယမြောက်ဆိုင်သို့ဝင်ရောက်ခဲ့သည်။ ဆိုင်ထဲ၌လူရှင်းလောက်သည်ဟုထင်ပြီး ဝင်လာခြင်းဖြစ်၏။

သို့သော် ဆိုင်ထဲရောက်သည့်အခါ သူထင်သလိုလူရှင်းမနေပါ။ ထိုင်ခုံပြည့်စားသောက်နေသည်။ သူစိတ်ပျက်သွားသည်။

သို့ရာတွင် ဆိုင်ထဲဝင်ပြီးခါမှပြန်မထွက်လိုသဖြင့်နေရာလွတ်တစ်နေရာစာအတွက် ဆိုင်ထဲဝှေ၍အကဲခတ်သည်။

ဤတွင် ဆိုင်ထောင့်တစ်နေရာရှိစားပွဲမှလူတစ်ဦးကသူ့အားလက်ယပ်ခေါ်နေသည်ကိုတွေ့သည်။ တစ်စုံတစ်ယောက်ကခေါ်၍နေရာပေးခြင်းဖြစ်ကြောင်းသဘောပေါက်သည်။

ထို့ကြောင့်... ကျင်းနန်သည် ထိုလူထိုင်နေသည့်စားပွဲရှိရာသို့လျှောက်သွားလေသည်။

"မိတ်ဆွေ ခင်ဗျားအတွက် အနှောင့်အယှက်မဖြစ်ရင် ဒီမှာထိုင်နိုင်ပါတယ်ဗျာ"

ထိုလူမှာ ကျင်းနန်နှင့် အသက်အရွယ်မတိမ်းမယိမ်းရှိသည့်လူရွယ်တစ်ယောက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျင်းနန်မသိပါ။

ထိုလူ၏စားပွဲကား လူနှစ်ဦးစာဖြစ်၏။ သူတစ်ဦးတည်းသာ ရှိသဖြင့် တစ်နေရာစာလွတ်နေ၏။ ကျင်းနန်အနေဖြင့်လည်း အခြား တစ်နေရာလှည့်ပတ်မရှာနိုင်တော့ပါ။

ဆာလည်းဆာနေပြီဖြစ်ရာ...

ထိုလူပေးသည့်နေရာမှပင် ဝင်ထိုင်လိုက်သည်။

မျက်နှာချင်းဆိုင်ထိုင်မိသည်နှင့်ထိုလူကစကားစ၏။

"မိတ်ဆွေကြည့်ရတာ ခရီးဆက်ရဦးမယ်ထင်တယ်"

ထိုလူသည် သူ့အားမြို့ခံမဟုတ်မှန်းရိပ်မိပုံရ၏။ သူကထိုလူ စပ်စုသည်ထင်သဖြင့် သိပ်စကားမပြောချင်ဟန်ဖြင့်ခေါင်းခါပြ၏။

ထိုစဉ် ဆိုင်လုလင်ရောက်လာပြီး...

"ဘာများ သုံးဆောင်ချင်ပါသလဲခင်ဗျာ"

သူက အရက်တစ်အိုးနှင့်စားစရာအချို့မှာသည်။

ဆိုင်လုလင်ပြန်အထွက်တွင် ထိုလူက ကမန်းကတမ်းအော် ပြောလိုက်သည်။

"ဒီကမိတ်ဆွေအတွက် ကျသလောက်ကျုပ်ရှင်းမယ်"



ဤတွင် ကျင်းနန်လည်းမနေသာတော့ဘဲ...

"အို... မဟုတ်တာပဲဗျာ၊ ကျုပ်ဘာသာကျုပ်ပဲရှင်းပါ့မယ်၊ ခင်ဗျားရဲ့စေတနာကိုကျေးဇူးတင်ပါတယ်ဗျာ"

"ဟာ... အားနာစရာမလိုပါဘူးဗျာ၊ ဘယ်လောက်မှကုန်ကျ မှာမှမဟုတ်ဘဲ၊ မိတ်ဖြစ်ဆွေဖြစ်သဘောပါ'

ထိုစဉ် ဆိုင်လုလင်ပြန်ရောက်ရှိလာ၏။ စားသောက်ဖွယ် အချို့နှင့်အရက်လာချပေးသည်။ ထိုလူက အရက်အိုးမပြီး ကျင်းနန် အတွက်အရက်ငှဲ့ပေး၏။ ထိုလူ၏အပြုအမူက လွန်စွာဖော်ရွေပြီး ဧည့် ဝတ်ကျေပွန်လှသည်။

ကျင်းနန်နှုတ်ဆိတ်မနေနိုင်ပါ။

"ဒါနဲ့ မိတ်ဆွေနာမည်ကဘယ်လိုခေါ်ပါသလဲ"

"ကျုပ်နာမည်ကုလင်ပါ"

ကုလင်ဆိုသူက မဆိုင်းမတွပင်ပြန်ပြောသည်။

ပြီးမှကျင်းနန်ကိုကြည့်၍...

"ရိုင်းတယ်လို့တော့မထင်ပါနဲ့ဗျာ... မိတ်ဆွေရဲ့နာမည်ကော သိရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်... ကျုပ်ကကျင်းနန်ပါ"

"ဗျာ... ကျင်းနန်ဟုတ်လား၊ ဒါ ဒါဆို တစ်ကိုယ်တော်သိုင်းသမားပေ့ါ"

သူပြုံး၏။ ထို့နောက် အသာအယာခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်... တစ်ကိုယ်တော်သိုင်းသမားကျင်းနန်ပါ"

ကုလင်သည် သူ၏အမည်ကိုကြားဖူးထားဟန်တူ၏။

သူသည် ဝမ်းသာအားရဖြစ်သွားဟန်ဖြင့်....

"ဝမ်းသာလိုက်တာဗျာ... နာမည်သာကြားဖူးတာ... ခုမှပဲလူချင်းတွေ့ဖူးတယ်"

ကျင်းနန်က ဘာမျှမပြောဘဲ အရက်တစ်ခွက်မော့သောက်လိုက်သည်။ ကုလင်ကသူ့ကိုအကဲခတ်ပြီး....

"ဒါနဲ့စောစောက ခင်ဗျားခရီးဆက်ဦးမှာလား၊ မေးတော့ခေါင်းခါပြတယ်နော်"

သူခေါင်းညိတ်ပြ၏။ ကုလင်က....

"ဒါဆို ဒီမြို့မှာတည်းမယ်ဆိုပါတော့"

သူမျက်မှောင်ကုပ်သွား၏။



"ဘာလို့လဲ... ဒီမြို့မှာ မတည်းစေချင်လို့လား"

ကုလင် ပျာပျာသလဲဖြစ်သွား၍....

"ဟာ... မဟုတ်ပါဘူး၊ မိတ်ဆွေလက်ခံမယ်ဆိုရင် ကျုပ်အိမ်မှာတည်းဖို့ဖိတ်ချင်လို့ပါ"

သူက ကုလင်ကိုလှမ်းကြည့်သည်။

"နေပါဦး... ခင်ဗျားက တစ်ယောက်တည်း နေတာလား၊ မိသားစုနဲ့နေတာလား"

"တစ်ယောက်တည်းလဲမဟုတ်ဘူး... မိသားစုနဲ့လဲမဟုတ်ဘူး"

ကုလင်၏စကားကြောင့် သူကြောင်အမ်းအမ်းဖြစ်မိ၏။

"ဗျာ... ခင်ဗျားစကားကဘယ်လိုပါလိမ့်"

ကုလင်ကပြုံးလိုက်ပြီး....

"ဒီလိုပါ... ကျုပ်က အဖေနဲ့နေတာပါ၊ သားအဖနှစ်ဦးပဲရှိတယ်လေ"

"ဩော်... ဖအေတစ်ခု သားတစ်ခုကိုး၊ ဒါနဲ့မိတ်ဆွေရဲ့အရေး ဘယ်သူများလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အဖေက ကုချန့်ပါ"

ကုချန်ဟူသည့်အမည်ကိုကြားရသည့်အခါ ကျင်းနန်၏ မျက်နှာ၌ ထူးခြားသည့်အရိပ်အယောင်များ ရုတ်ခြည်းယှက်သမ်းသွားသည်။ သို့သော် တစ်ခဏအတွင်း ပြန်လည်ပျောက်ကွယ်သွားသဖြင့် ကုလင်သတိပြုမိခြင်းမရှိပါ။ သူက ပြုံးပြရင်း...

"ကျုပ်လိုက်လို့ဖြစ်ပါ့မလား... တော်ကြာ ခင်ဗျားအဖေ"

သူ၏စကားမဆုံးမီ ကုလင်ကကြားဖြတ်၍...

"ဟာ... ဒီအတွက် ဘာမှမပူပါနဲ့ဗျာ၊ ကျုပ်မိတ်ဆွေဆိုရင် ဖေဖေကလဲ သူ့မိတ်ဆွေလိုသဘောထားပါတယ်"

"အင်း... ဒါဆိုရင်တော့ မိတ်ဆွေရဲ့အိမ်ကိုပဲလိုက်ပြီး တည်းခိုရတော့မှာပေါ့ဗျာ"

"ဝမ်းသာလိုက်တာဗျာ"

ကုလင်သည် ကျင်းနန်က သူ၏ဖိတ်ခေါ်မှုကိုလက်ခံသည့်အတွက် လွန်စွာဝမ်းသာကျေနပ်သွား၏။

***



ကျုန့်ကျိုးမြို့ပြင်ခပ်လှမ်းလှမ်းတွင် တောင်ကုန်းငယ်တစ်ခုရှိသည်။ ထိုတောင်ကုန်းပေါ်၌ ခန့်ညားထည်ဝါသောအိမ်ကြီးတစ်ဆောင်ရှိသည်။

ထိုအိမ်အသည်ကား ကျင်းနန်ကိုဖိတ်ခေါ်လာသည့်ကုလင်၏အိမ်တော်ပင်ဖြစ်သည်။ အမှန်တော့ ကျင်းနန်သည် အဆိုပါအိမ်သို့လိုက်ပါတည်းခိုရန်ရည်ရွယ်ချက်မရှိခဲ့ပါ။

သူသည် အဆိပ်ကဝေမမုလိနှင့်လမ်းခွဲထွက်လာပြီးနောက် သူကိုယ်သူဘာလုပ်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေခဲ့သည်။

နောက်မှ မုလိပြောခဲ့သည့်စကားကိုပြန်အမှတ်ရမိ၏။

သူမသည် အနည်းဆုံး လူနှစ်ယောက်ကိုလုပ်ကြံရှင်းလင်းရည်ဆိုသောစကားဖြစ်၏။ အဆိုပါလူနှစ်ယောက်၏အမည်မှာကုချန်နှင့်ဖုန်ရှိဖြစ်ကြောင်း သူသိခဲ့သည်။

ကျင်းနန်သည် သူမအပေါ်သံယောဇဉ်ဖြစ်မိသည့်တိုင် သူမဆင်တိုင်းကြံနေမှုကို လုံးဝနှစ်မြို့ခြင်းမရှိခဲ့ပါ။

လူအများအားဒုက္ခပေးနေသည်ကိုရပ်ဆိုင်းပစ်ရန် အမျိုးမျိုးပြောဆိုဖျောင်းဖျနားချ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် သူမသည် လုံးဝစွန့်ပယ်ခြင်းမရှိခဲ့ပေ။

စွန့်ပယ်ခြင်းမပြုရုံသာမက ကုချွန်နှင့်ဖုန်ရိတို့ကိုမြေလှန်ရှာပြီးသုတ်သင်မည်ဟုဆိုခဲ့၏။

ထို့ကြောင့် ကျင်းနန်သည် မိုက်မဲမှုကိုဖက်တွယ်နေဆဲဖြစ်သည့်မုလိအားစွန့်ခွာလာခဲ့ခြင်းဖြစ်သည်။

ပထမတွင်... သူမနှင့်ဝေးရာသို့ထွက်သွားမည်ဟုစိတ်ကူးမိသေး၏။

သို့သော်... ထိုသို့ပြုလုပ်ခြင်းသည် သူမအားထင်သလို ရမ်းကားနိုင်အောင်ခွင့်ပြုလိုက်သလိုဖြစ်သွားနိုင်၏။

သူမ ဘာလုပ်မည်ကိုသိလျက်နှင့်ဥပက္ခာပြုကျောခိုင်းနေလျှင် မိမိလောက်တာဝန်မဲ့သူရှိနိုင်ပါမည်လော။

ယင်းသို့တွေးမိသည်နှင့် ကျင်းနန်သည် မုလိထင်တိုင်းလုပ်မရအောင်တားဆီးကာကွယ်ရမည်ဟုဆုံးဖြတ်၏။

သို့ဖြင့်....

သူသည် မုလိ၏ပစ်မှတ်ဖြစ်သည့် ကုချွန်နှင့်ဖုန်ရိကို ရှာပုံတော်ဖွင့်ခဲ့လေသည်။



ကျန့်ကျိုးမြို့ရောက်မှ ကုလင်နှင့်တွေ့ပြီး ကုချွန်၏အိမ်တော်သို့ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ကုချွန်၏အိမ်တော်သည် ကြီးကျယ်ခမ်းနားလှ၏။

သို့သော် လူများများမရှိပါ။

အိမ်ပိုင်ရှင်ကုချွန်လည်းမရှိပါ။

ခရီးထွက်နေသည်ဟုသိရ၏။

သို့ဆိုလျှင် မိမိ ဤနေရာသို့ရောက်ရှိလာခြင်းသည် ဘာမျှအဓိပ္ပာယ်မရှိသလိုဖြစ်နေလေပြီ။

ချက်ချင်းပြန်ထွက်သွားရအောင်ကလည်း မသင့်ပါ။

ကုလင်က သူ့အားအခန်းတစ်ခန်းစီစဉ်ပေးပြီး အနားယူရန်ပြောပြီး ပြန်လည်ထွက်သွား၏။ ကျင်းနန်က အခန်းပြတင်းပေါက်ဆီလျှောက်သွား၍ ပြင်ပရှုခင်းတို့ကိုငေးကြည့်မိ၏။

ခြံဝင်းထောင့်၌ဝါးရုံပင်များရှိနေပြီး လေယူရာယိမ်းနွဲ့နေကြသည်။ ဤတွင် ထူးခြားမှုတစ်ခုကို ကျင်းနန်၏စူးရှသည့်မျက်လုံးများက ရိပ်ခနဲတွေ့မြင်သတိပြုသည်။

ဝါးရုံပင်များကြား လူရိပ်အချို့လှုပ်ရှားသွားခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန့်မျက်မှောင်ကြုတ်သွား၏။

သူရောက်စက အိမ်ခြံဝင်းအတွင်းမှာရော အိမ်ထဲမှာပါ လူများများစားစားမတွေ့ခဲ့ရပါ။

ယခု ထိုလူများ ဘယ်ကထွက်လာကြသနည်း။

ထို့ပြင် ထိုလူတို့၏လှုပ်ရှားမှုကလည်း မသင်္ကာဖွယ်ရာပင်။

မိမိတစ်ပတ်ရိုက်ခံရပြီလော။

ကျင်းနန့်စိတ်ထဲ စနိုးစနောင့်ဖြစ်လာ၏။

ဤအိမ်သို့လိုက်မိသည်မှာ မှားများမှားနေလေပြီလော။

✳✳✳



ည....

တစ်အိမ်သားလုံး အိပ်မောကျဟန်တူ၏။

လူသံသူသံလုံးဝမကြားရဘဲ တိတ်ဆိတ်နေသည်။

ကျင်းနန် အိပ်ရာထဲသာဝင်ခဲ့ရသော်လည်း အိပ်မပျော်ပါ။ စိတ်ချလက်ချအိပ်စက်ရအောင်ကလည်း စိတ်မဖြောင့်နိုင်ဘဲရှိနေ၏။

ထို့ကြောင့် အိပ်ရာမှထ၍ ပြတင်းပေါက်ဆီလျှောက်၏။ တံခါးကိုအသာလှပ်ပြီး အပြင်သို့အကဲခတ်ကြည့်၏။ အပြင်တွင် မှောင်မိုက်နေ၏။ ပိုးမွှားကောင်လေးများ၏အသံမှလွဲ၍ ထူးခြားသည့်အသံများကိုမကြားရပါ။

အရာအားလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သို့သော် ဘာကြောင့်မှန်းမသိ သူ၏စိတ်ထဲ၌သင်္ကာမကင်းဖြစ်မိ၏။ ဘာကို သင်္ကာမကင်းဖြစ်နေမှန်း သူကိုယ်တိုင်မသိပါ။ ယင်းသို့ မအောင်မကျ ဖြစ်နေရသည်ကို သူ မကျေနပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သံသယရှင်းအောင်လုပ်မည်ဟုဆုံးဖြတ်၏။

ပြတင်းပေါက်မှခွာပြီး အခန်းအပြင်သို့အသာထွက်၏။

"သခင်ကြီး အိပ်သွားပြီလား"

ရုတ်တရက် ထွက်ပေါ်လာသည့်စကားသံတစ်သံကြောင့် ကျင်းနန် မှောင်ရိပ်ထဲကျောကပ်၍အသာနားစွင့်လိုက်၏။

"မအိပ်သေးဘူးကွ"

"အပြင်မှာရော ဘာထူးခြားလဲ"

"တို့လူတွေပဲရှိနေတာ... ဘာမှထူးခြားမှုမရှိဘူး"

"ဟိုလူရော"

ထိုစကားသည် မိမိအားရည်ညွှန်း၍မေးခြင်းဖြစ်သည်ကို သူသိ၏။

"ခုလောက်ဆို အိပ်နေရောပေါ့"

စကားသံ ခေတ္တရပ်သွားသည်။ အတန်ကြာမှ....

"သခင်ကြီးကတော့ သူ့သားကို အတော်လေးမကျေမနပ်ဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ"



"ဒီအချိန်မျိုးမှာမှ လူစိမ်းဧည့်သည်ကို ညအိပ်ခေါ်လာရပါ့မလားဆိုပြီး မကျေမနပ်ဖြစ်နေတာပေါ့"

"ဒါနဲ့ အဲ့ဒီဧည့်သည်ကနာမည်ကြီးသိုင်းသမားဆို"

"အေး... ဒါကြောင့်လဲ သခင်ကြီးက စိတ်အနှောင့်အယှက်ဖြစ်နေရတာပေါ့"

"ကဲ... ကဲ... စကားကောင်းနေလို့မဖြစ်သေးဘူး၊ ကိုယ့်တာဝန် ကိုယ်ကျေအောင်လုပ်မှ နို့မို့ရင် အကြိမ်းအမောင်းခံနေရဦးမယ်"

စကားသံတိတ်သွား၏။ ညင်သာသောခြေသံသည် တဖြည်းဖြည်းဝေး၍ပျောက်သွား၏။

ထိုလူနှစ်ဦးသည် အစောင့်များဖြစ်ဟန်တူ၏။ ၎င်းတို့၏စကားအရ ဤအိမ်ကြီး၌ အန္တရာယ်တစ်ခုခုကျရောက်လာမည့်အခြေအနေမျိုးပင်ဖြစ်သည်။

မည်သို့သောအန္တရာယ်မျိုးပါနည်း။

အဆိပ်ကဝေမ မုလိ၏အန္တရာယ်လော သို့မဟုတ် အခြားတစ်စုံတစ်ခုသောအန္တရာယ်လော။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ ဘာတစ်ခုမျှသဲကွဲရှင်းလင်းခြင်းမရှိပါ။

ကိုစဥ် ပျော့ပါးညင်သာသောခြေသံတစ်သံ ထွက်ပေါ်လာသည်ကိုကြားရ၏။ သာမန်လူအနေနှင့် လုံးဝကြားနိုင်မည်မဟုတ်သည့်ခြေသံဖြစ်သည်။

အကြားအာရုံကို အထူးတလည်လေ့ကျင့်ထားသောကျင်းနန်သာ သတိပြုမိခြင်းဖြစ်၏။

ခြေသံထွက်ပေါ်လာရာသို့ ကမန်းကတမ်းကြည့်မိ၏။

ရိပ်ခနဲသာမြင်ရပြီး ပြန်ပျောက်သွားသည်။

မျက်တောင်တစ်ခတ်စာလောက်သာ မြင်ရခြင်းဖြစ်ရာ ထိုလူရိပ်၏ကိုယ်ဖော့ပညာမှာ အံ့မခန်းလောက်ဖွယ်ဟုဆိုရပေတော့မည်။

***



လူရိပ်သည် လျှပ်စီးတစ်ချက်လက်သလို ရိပ်ခနဲမြင်တွေ့ရပြီးပျောက်သွား၏။ ကျင်းနန် တွေဝေခြင်းမရှိပါ။

ချက်ချင်းပင် လူရိပ်နောက်သို့ပြေးလိုက်၏။

သို့သော် လူရိပ်ကား....

မယုံကြည်နိုင်အောင်မြန်ဆန်လှသည်။

လူရိပ်ကို အရိပ်အယောင်မျှပင်မမြင်ရတော့ပါ။

တစ်အိမ်လုံးမီးငြိမ်းထားသဖြင့်'မှောင်နေသော်လည်း မှောင်ထဲကျင့်သားရပြီးဖြစ်သော ကျင်းနန်အဖို့အခက်အခဲသိပ်မရှိလှပါ။

သူ့မျက်လုံးက ကြောင်မျက်လုံးဖြစ်၏။

မှောင်ထဲကွင်ပင်ဖြစ်သည့်တိုင် ကောင်းစွာမြင်ရ၏။

ပီပီပြင်ပြင်မဟုတ်သော်လည်း မည်သည့်အရာဆိုသည်ကိုခွဲခြားသိနိုင်သည်။

ထို့ကြောင့် စည်ခန်းကျယ်ကိုဖြတ်ကျော်လိုက်ပါက ဝရံတာဆီသို့ရောက်ရှိသွားနိုင်ကြောင်းသိရှိ၏။

လူရိပ်သည် ဝရံတာမှတစ်ဆင့်အိမ်ပြင်သို့ထွက်သွားပြီဖြစ်၍ သူသည်ဧည့်ခန်းကျယ်ကိုဖြတ်၍ဝရံတာဆီပြေးသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝရံတာအရောက်၌ တစ်စုံတစ်ခုကိုအမှတ်မထင်ဝင်တိုက်မိ၏။ အရှိန်လွန်လဲကျမသွားစေရန် ကိုယ့်ကိုယ်ကို ဟန်ချက်ညီအောင် ထိန်းလိုက်ရ၏။

တိုက်မိသောအရာကိုကြည့်မိတော့ လူတစ်ယောက်မှောက်လျက်လဲနေခြင်းဖြစ်၏။

စမ်းသပ်ကြည့်ရာ အသက်မရှူတော့ပါ။

နှလုံးလည်းမခုန် သွေးလည်းမတိုးတော့။

စမ်းသည့်လက်တွင် စေးထန်သောအရည်များပေကျံကုန်၏။ သွေးများဖြစ်ကြောင်းသိသာသည်။

ပေနေသောလက်ကိုယောင်ပြီးအကျႌနှင့်သုတ်မိသည်။

သူ၏ဦးနှောက်ကအပြေးအလွှားတွေးမိသည်။

ထိုလူသည် ရိုးရိုးသေခြင်းမဟုတ်...

လုပ်ကြံခံရခြင်းပင်။

လုပ်ကြံခံရသည့်အချိန်မှာ မိမိလူရိပ်ကိုမတွေ့မီကဖြစ်မည်ဟုခန့်မှန်းမိ၏။ ကျင်းနန်သည်အလောင်းကိုစစ်ဆေးနေရာမှချက်ချင်းထရပ်လိုက်၏။



လောလောဆယ်၌ အလောင်းနှင့်အတူ သူ့အားတစ်စုံတစ်ယောက်ကတွေ့သွားပါကဖြေရှင်းရခက်ပေမည်။

ထို့ကြောင့် ဤနေရာမှအမြန်ထွက်မှဖြစ်မည်ဟု နားလည်လိုက်သည်။ သို့သော် ယင်းသို့နားလည်ချိန်မှာပင် လူသံသူသံနှင့်မီးရောင်များထွက်ပေါ်လာ၏။

ကျင်းနန်ထိတ်ခနဲဖြစ်သွားသည်။

ရှေ့ဘက်မှလူတစ်စုလာနေ၏။ နောက်ဆုတ်ပြေးရန် ကြည့်လိုက်တော့လည်း လူတစ်စုမီးတုတ်ကိုယ်စီနှင့်ပြေးလာ၏။

ကျင်းနန်အဖို့ ရှေ့တိုးလည်းခက် နောက်ဆုတ်လည်းအခက် အကြီးအကျယ်ဒုက္ခရောက်သွားရတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



အစောင့်များ ကျင်းနန်ကိုဝိုင်းမိသွားကြပြီဖြစ်သည်။

သူတို့ကိုထိုးဖောက်ထွက်ပြေးပါကရ၏။

သို့သော် လူသတ်တရားခံအဖြစ် မိမိအားတစ်ထစ်ချမှတ်ယူနိုင်သည်ကိုတွေးမိ၍ထွက်မပြေးပါချေ။

"ကျုပ်ထင်တဲ့အတိုင်းပဲ... ဒီလူဟာ လူကောင်းမဟုတ်ဘူးဆိုတာကျုပ်ပြောခဲ့သားပဲ"

ကျင်းနန်ကိုဝိုင်းထားသည့်လူစုထဲမှတစ်ဦးက မဲ့၍ပြောခြင်းဖြစ်၏။ ထိုလူစုထဲမှလူကြီးတစ်ဦးရှေ့တိုးလာပြီး....

"မင်းကိုဘယ်သူခိုင်းတာလဲ... ပြောစမ်း"

ကျင်းနန်၏မျက်နှာရှေ့ကို ဓားကြီးဝင့်၍မေးခြင်းဖြစ်သည်။

ကျင်းနန်က....

"ကျုပ်လူသတ်သမားမဟုတ်ဘူး"



"ဘာကွ... လက်ဆုပ်လက်ကိုင်မိနေတာတောင် ငြင်းချင်သေးလို့လား"

ထိုစဉ်....

"ဘာတွေဖြစ်နေတာလဲ"

မေးသံနှင့်အတူ ကုလင်ရောက်လာ၏။ သူသည် ကျင်းနန်အားအစောင့်တို့ကဝိုင်းထားသည်ကိုတွေ့ရ၍ အံ့အားသင့်သွား၏။

"ဟင်... ခင်ဗျားဘယ်လို..."

ကုလင်၏စကားမဆုံးမီပင် ဓားဓားက ကျင်းနန်ကိုမေးခဲ့သောလူကြီးက ကုလင်အနီးလျှောက်လာပြီးမန်းကိုပုတ်၏။

"ငါ့သား... မင်းကအသက်လဲငယ် အတွေ့အကြုံကလဲ နည်းတော့ ဝံပုလွေကိုသိုးငယ်ထင်ပြီး အိမ်ပေါ်ခေါ်လာခဲ့တာ ငါသတိရှိလို့ပေါ့၊ နို့မို့ရင် အသက်နဲ့ခန္ဓာအိုးစားကွဲနေလောက်ပြီ"

စင်စစ် ထိုလူကြီးကား ကုလင်၏ဖခင်ကုချုန်ပင်တည်း။

ကျင်းနန်ကလည်း ထိုလူသည် ကုချုန်မှန်းသိသည်နှင့်....

"ခင်ဗျားကုချုန်မဟုတ်လား"

ဟုမေး၏။

www.burmeseclassic.com



ကုချန်မျက်မှောင်ကြုတ်၏။

"မင်းငါ့ကိုသိလို့လား... မင်းဘယ်သူလဲ"

သူပြန်မဖြေမီ ကုလင်ကကြားဖြတ်၍...

"ဖေဖေ သူကကျွန်းဟူနယ်က တစ်ကိုယ်တော်သိုင်းသမား ကျင်းနန်လေ"

ကုချန်သည် နားမလည်ဟန်ဖြင့် ကျင်းနန်ကိုကြည့်ရင်း...

"နေပါဦး မင်းလိုလူကဘာဖြစ်လို့ဟိုမိန်းမကိုကူညီရတာလဲ"

ကျင်းနန်ခေါင်းခါသည်။

"ကျုပ်ကူညီနေတာမဟုတ်ပါဘူး... တကယ်တော့ ကျုပ်က ဦးကိုကူညီဖို့ရောက်လာတာပါ"

"ဟေ... မင်းကငါ့ကိုကူညီဖို့ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဆိုပါဦး... ဘာကူညီဖို့လဲ"

"စောစောကပြောတဲ့ဟိုမိန်းမ... အဲ... အဆိပ်ကဝေမက ဦးကိုလုပ်ကြံဖို့..."

သူ၏စကားပင်မဆုံးသေးပါ။



ဝိုင်းထားသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ကုချန်လည်း စကားကိုဆုံးအောင်နားမထောင်တော့ဘဲ...

"ဟား... ဟား... ဟား"

အားရပါးရရယ်ပြီး...

"မင်းက အဲသည်မိန်းမရဲ့ လူဆိုတာငါအစောကြီးကတည်းက သိပြီးသားပါ... ခုတော့ပိုသေချာသွားတာပေါ့"

"ဟာ... မဟုတ်..."

ကျင်းနန်ဖြေရှင်းရန်ပင် အခွင့်အရေးမရတော့ပါ။

လူအုပ်ကြီးထဲမှတစ်ယောက်က ဓားကိုဝှေ့ယမ်းရင်း ခုန်ပျံဝင်ရောက်လာလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



"ယား...."

"မလွတ်စေနဲ့"

"ချွမ်း...."

လူသုံးလေးယောက်က ပြာသံပေးအော်ဟစ်ရင်း ကျင်းနန် အားဝင်ရောက်တိုက်ခိုက်ကြသည်။ ဓားရောင်များ ပြိုးပြက်လင်းလက် သွားသည်။

ကျင်းနန်ကဓားထုတ်ပြီး ခုခံကာကွယ်လိုက်သည်။

ကုချန်၏လူများကအမဲဖျက်သလိုဝိုင်းတိုက်သည်။

ကျင်းနန်မှာ.... အများနှင့်တစ်ယောက်ဖြစ်သော်လည်း ထိုး ဖောက်ထွက်ရန် မကြိုးစားပါ။

ထိုလူများသည် အထင်မှားတိုက်ခိုက်ကြခြင်းဖြစ်၍ ကျင်းနန် အနေဖြင့် ၎င်းတို့အားထိခိုက်သေကြေစေလိုသောဆန္ဒမရှိပါ။



ကိုယ့်ကိုယ်သာလုံခြုံအောင်အဓိကထားပြီး ကာကွယ်တိုက် ခိုက်ခြင်းဖြစ်သည်။ ထိုလူများသည် သူ့အားလူသေအလောင်းနှင့်အ တူတွေ့ရှိမှက အဆိပ်ကဝေမနှင့်ဆက်စပ်နေကြောင်းပါသိရှိသွား သဖြင့် ယခုကဲ့သို့သဲကြီးမဲကြီးတိုက်ခိုက်ကြခြင်းဖြစ်သည်။

ကျင်းနန်မှာ ထိုးဖောက်ထွက်သွားနိုင်သော်လည်း အသေ အပျောက်ရှိမည်ကိုမလိုလား၍တစ်ကြောင်း....

မိမိအား ပို၍အထင်မှားမည်ကိုမလိုလား၍တစ်ကြောင်း....

ထိုအကြောင်းကြောင့် ထိခိုက်သေကြေမှုမရှိအောင် သတိ ထား၍ခုခံတိုက်ခိုက်ရင်း....

"ကျုပ်စကားကိုနားထောင်ကြပါဦးဗျာ"

လှုပ်ရှားတိုက်ခိုက်မှုများ ခေတ္တရပ်ဆိုင်းသွား၏။

လုံးဝရပ်ဆိုင်းခြင်းတော့မဟုတ်ပါ။

အချိန်မရွေး ပြန်လည်လှုပ်ရှားနိုင်ရန် အသင့်အနေအထား ဖြင့်ခေတ္တရပ်ဆိုင်းသွားခြင်းသာဖြစ်သည်။

"ဘာပြောမလို့လဲ... ပြော... မြန်မြန်ပြော"

ကုချန်ကစိတ်မရှည်နိုင်ဟန်ဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနန်က....

"ကျုပ် အဆိပ်ကဝေမနဲ့အခိုက်အတန့်တွဲမိတာမှန်ပါတယ်၊ ဒါပေမဲ့...."

"ဒါပေမဲ့တွေလုပ်မနေနဲ့... အဆိပ်ကဝေမနဲ့တွဲခဲ့တာ ဝန်ခံမှတော့ ဘာမှဆက်ပြောစရာမလိုတော့ဘူး"

ထိုစကားနှင့်အတူ ကုချန်နှင့်သူ၏လူများ ထပ်မံတိုက်ခိုက်ကြပြန်၏။ ကုချန်မှာ သူနှင့်ဘာမှုမသက်ဆိုင်သည့်အလားတိုက်ပွဲကို ငေးကြည့်လျက်ရှိသည်။

အများနှင့်တစ်ယောက်တိုက်ပွဲမှာ တဖြည်းဖြည်းပြင်းထန်စပြုလာလေတော့၏။

***



"ချွမ်း...."

"ချွမ်း...."

ကျောင်းနန်၏ဓားသည် မီးရောင်ကြား၌ လင်းခနဲလက်ခနဲ ဖြစ်သွားသည်။ ကုချန်၏လူများသည် မည်သည့်ဓားချက်ကိုကာကွယ်ရမှန်းမသိအောင်ဖြစ်ကုန်ကြ၏။

ကျောင်းနန်၏ဓားချက်များကလည်း မိုးသီးမိုးပေါက်များပမာ နေရာအနှံ့ဖြန့်ကြက်လျက်ရှိသည်။

သို့သော် ကျောင်းနန်သည် ၎င်းတို့အား တကယ်တိုက်ခိုက်ခြင်းမပြုဘဲ တမင်သက်သက်အလှပြကစားနေခြင်းသာဖြစ်ကြောင်း ၎င်းတို့အားလုံးသဘောပေါက်သွားကြသည်။

ကုချန်ကိုယ်တိုင်လည်း နားလည်သည်။

ကျောင်းနန်သည် အများနှင့်တစ်ယောက်တိုက်ခိုက်ရသည့်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာရာတေးသမားဟုကျော်ကြားသူပီပီသွေးထွက်သံယိုမဖြစ်အောင် လှုပ်ရှားသွားသည်မှာ အမှန်ပင်ချီးကျူးဖွယ်ရာဖြစ်သည်။

သို့သော်... ကုချန်သည် ကိုယ့်လူကိုယ်ပို၍အားမလိုအားမရ ဖြစ်မိသည်။ သူ၏လူများသည် သိုင်းလောကတွင်အဆင့်ရှိသည့်သိုင်းသမားချည်းသာဖြစ်သည်။

အဆင့်ရှိသောသိုင်းသမားအများကြီးက ကျင်းနန်ကိုဟန့်တားနိုင်စွမ်းမရှိကြသည်မှာ အမှန်ပင် ခံပြင်းဖွယ်ရာကောင်းလှတော့သည်။

ကျင်းနန်ကပဲတော်လွန်း၍လား....

မိမိ၏လူများကပဲညံ့လွန်း၍လားဆိုသည်ကို ကုချန်ဝေခွဲမရနိုင်တော့ပါ။

အထူးသဖြင့် ကုချန်၏လူများသည် ဝူးလင်သိုင်းသမားများဖြစ်ကြ၏။ ဝူးလင်သိုင်းသမားများသည် ကျန်းဟူသိုင်းသမားကျင်းနန့်အကြောင်းကိုကောင်းစွာသိထားကြသူများဖြစ်၏။

ကျင်းနန်၏သိုင်းပညာအဆင့် မည်မျှရှိသည်။ မည်မျှအထိ ပိုင်နိုင်တတ်ကျွမ်းသည်ကိုသူတို့သိသည်။



မိမိပြိုင်ဘက်အထာကို... ကောင်းစွာသိနေကြပါလျက် နိုင်အောင်မတိုက်ခိုက်နိုင်ခြင်းသည်စိတ်ပျက်ဖွယ်ရာပင် မဟုတ်ပါလား။

ယခုလည်း သူ၏လူများသည် ကျင်းနန်အနီးသို့တစ်ဦးတစ်လေမျှပင် မကပ်နိုင်ကြပေ။

ကျင်းနန်က ၎င်းတို့အားဝေ့ကြည့်ပြီး...

"မိတ်ဆွေများခင်ဗျာ... ကျုပ်ပြောတာကိုတစ်ချက်လောက် ကျေးဇူးပြုပြီးနားထောင်ပေးပါ"

ကုချန်၏လူများငြိမ်သွား၏။ ကျင်းနန်ပြောမည့်စကားကို နားစွင့်နေဟန်ရှိ၏။

ကျင်းနန်ကခံတွင်းတစ်ချက်ရှင်းပြီး...

"ကျုပ်ဟာ ကျန်းဟူသိုင်းသမားကျင်းနန်ပါ၊ ဘယ်တော့မဆို တစ်ယောက်တည်းလှုပ်ရှားတတ်တာ အားလုံးအသိပါ၊ ဒါကြောင့်လဲ တစ်ကိုယ်တော်သိုင်းသမားဆိုပြီး သိုင်းလောကတစ်ခုလုံးက အသိအမှတ်ပြုထားပါတယ်၊ အဲဒီလိုလူမျိုးတစ်ယောက်ဟာ သူတစ်ပါးသြဇာခံဖြစ်နိုင်မလားဆိုတာ မိတ်ဆွေများစဉ်းစားကြည့်ကြစေလိုပါတယ်"

ငြိမ်နေကြသူများလှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် တီးတိုးပေဖန်သံများထွက်ပေါ်လာ၏။ သူက ထိုလူတို့အားငေ့ကြည့်ပြီးစကားဆက်ပြန်သည်။

"အမှန်တော့ ကျုပ်ဒီကိုရောက်လာတာ ဟောဒီစံအိမ်တော်ပိုင်ရှင်ကုချွန်အတွက် တမင်သက်သက်ရောက်လာခဲ့ရတာပါ"

ကုချွန်မျက်မှောင်ကြုတ်သွားသည်။

"ဘာ... ငါ့အတွက်ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ အဆိပ်ကဝေမရဲ့လတ်တလောပစ်မှတ်က ခင်ဗျားဖြစ်နေလို့ပဲ၊ ဒါကြောင့်... သူ ခင်ဗျားဆီရောက်မလာခင် ကျုပ်ကကြိုတင်ကာကွယ်ပေးဖို့ရောက်လာတာပါ၊ အဲဒါကိုမှ ခင်ဗျားတို့မယုံရင်...."

သူ၏စကားမဆုံးမှာပင်....

"အား...."

အပြင်ဘက်မှ စူးရှသောအော်သံတစ်သံ ရုတ်တရက်ထွက်ပေါ်လာလေတော့သည်။

***



"အား...."

ရုတ်တရက် စူးရှသောအသံကြောင့် အားလုံးထိတ်ခနဲဖြစ်သွားကြသည်။ ကျင်းနန်လည်း ပြောလက်စ,စကားအား ဆက်မပြောနိုင်တော့။

အသံထွက်လာရာဆီသို့ သုတ်ခနဲပြေးထွက်သွား၏။

ထိုအခါမှပင် ကုချွန်အပါအဝင် ကျန်လူများ သတိဝင်လာပြီးနောက်မှကပျာကယာပြေးလိုက်ကြသည်။

ခြံဝင်းမြက်ခင်းတစ်နေရာတွင် ကုချွန်၏အစောင့်သိုင်းသမားများတစ်ယောက်မကျန် သေဆုံးနေသည်ကိုတွေ့လိုက်ရ၏။

ထိုအစောင့်၏နဖူးပေါ်တွင် ပင့်ကူနက်ကြီးတစ်ကောင်....

မည်သူ့လက်ချက်ဆိုသည်ကို ဗေဒင်ဆရာမေးနေစရာပင်မလိုတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကဝေမမှလိမ့်လွဲ၍မည်သူဖြစ်နိုင်ပါသနည်း။

ကျင်းနန့်သည် ပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့၍အကဲခတ်၏။

ထို့နောက် ခြံဝင်းမှထွက်၍ တောင်ဆင်းလမ်းအတိုင်းပြေးထွက်၏။ သူပြေးသွားသည်ကိုမြင်တွေ့ရသည့်အခါ ကုချန်သည် မကျေမနပ်ဖြစ်သွားကာ....

"ဟာ... ဟေ့... ဟေ့... ဟိုကောင်၊ ဒါကိုအကြောင်းပြပြီး ထွက်ပြေးသွားပြီး ဘာလုပ်နေကြတာလဲ၊ လိုက်ကြစမ်း... မိအောင်ဖမ်းခဲ့ကြ"

ကုချန်က သူ၏လူများကိုအော်ဟစ်အမိန့်ပေးလိုက်ခြင်းဖြစ်သည်။ သို့သော် သူခေါ်ထားသည့်အစောင့်သိုင်းသမားများမှာ ဂူးလင်သိုင်းသမားများဖြစ်သည်။ ကျင်းနန့်အကြောင်းကို ကောင်းကောင်းကြီးသိထားကြသူများလည်းဖြစ်သည်။

ထို့ကြောင့် ကုချန်အမိန့်ပေးသလို ကျင်းနန့်နောက်သို့ပြေးလိုက်ကြခြင်းမရှိပေ။

ဂူးလင်သိုင်းသမားတစ်ယောက်က....

"လိုက်လဲအပိုပဲ... တကယ်လို့ သူသာတကယ်ထွက်ပြေးချင်တယ်ဆိုရင် စောစောက ကျူပ်တို့ဝိုင်းတိုက်ကတည်းကပြေးခဲ့ပြီးပြီပဲ စိတ်ချပါ၊ သူထွက်မပြေးပါဘူး... ပြန်လာပါလိမ့်မယ်"

ဂူးလင်သိုင်းသမားများသည် ကျင်းနန့်အကြောင်း ကောင်းစွာသိထားသူများဖြစ်ရာ ကုချန်လည်းဘာမှမပြောတော့ဘဲ အခြေအနေကိုစောင့်ကြည့်ရန်ဆုံးဖြတ်လိုက်သည်။

အမှန်တော့... ဂူးလင်သိုင်းသမားများသည် မိမိအား ကာကွယ်စောင့်ရှောက်လိုခြင်းထက် အဆိပ်ကဝေမှုလိကိုလက်ရဖမ်းဆီးလိုခြင်းက ပို၍အလေးသာနေသည်ကို ကုချန်ကောင်းစွာသဘောပေါက်နားလည်မိပေသည်။

ယခုဆိုလျှင်... အစောင့်၏နဖူးပေါ်မှပင့်ကူနက်အားတွေ့ရခြင်းအားဖြင့် အဆိပ်ကဝေမ၏လက်ချက်မှန်း သံသယရှိဖွယ်မလိုပြီ။ ပင့်ကူနက်နှင့်အဆိပ်ကဝေကား ခွဲခြား၍ရသည်မဟုတ်ပေ။

ပင့်ကူနက်ကိုမြင်သည်နှင့်အဆိပ်ကဝေမလည်း မုချရောက်ရှိနေပြီဟုဆိုနိုင်သည်။

ဤသို့ဆိုလျှင်.... သူထွက်ပြေးသွားခြင်းသည် အကြောင်းမဲ့မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကုချန်နှင့်ကုလန်၏တပည့်များ ကျင်းနန်အပေါ်အနည်းငယ်နားလည်စပြုလာသည်။

ထိုစဉ်မှာပင်....

'အား...'

အိမ်တော်ကြီးထဲမှ ကျယ်လောင်သောအော်သံကြီးထွက်ပေါ်လာ၏။ ကုချန်နှင့်သိုင်းသမားအားလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကြကုန်၏။

တောင်ဆင်းလမ်းအား လှမ်းကြည့်နေရာမှ စံအိမ်တော်သို့ ကမန်းကတမ်းပြန်ပြေးခဲ့ကြလေ၏။

***



အိမ်တော်ထဲမှကျယ်လောင်စွာ ထွက်ပေါ်လာသော အသံသည် မည်သူ၏အသံနည်း။

ကုချန်နှင့်သိုင်းသမားအားလုံး အိမ်ပြင်ခြံဝင်းထဲသို့ ရောက်နေ၏။ စောစောပိုင်းက အိမ်ထဲတွင် ကျင်းနန်နှင့်တိုက်ခိုက်နေစဉ်က ကုလင်ရောက်လာခဲ့၏။

သူသည် ဟန့်တားခြင်းမပြုသလို ဝင်ကူခြင်းလည်းမရှိဘဲ ခပ်ကြောင်ကြောင်ရပ်ကြည့်နေ၏။ ခြံဝင်းထဲမှအော်သံကြောင့် သူတို့အားလုံးအပြင်သို့ပြေးထွက်ကြသည့်အခါ ကုလင်လိုက်လာခြင်းမရှိခဲ့။

သူသည် အိမ်ထဲမှာပင် ကျန်ရစ်ခဲ့သည်။ သို့ဆိုလျှင် အိမ်ထဲမှထိတ်လန့်တကြား ကျယ်လောင်စွာ အော်လိုက်သူမှာ ကုလင်မှလွဲ၍ မည်သူဖြစ်နိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့တွေးမိသည်နှင့် ကုချွန်၏ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားသည်။ စိုးရိမ်တကြီးဖြင့် အိမ်ထဲသို့ပျာယီးပျာယာပြေးသွား၏။

သူ၏တပည့်များနှင့်ပုလင်သိုင်းသမားများလည်း ကုချွန်နှင့်အတူ ပြေးဝင်ကာ ရှာဖွေကြည့်သည်။ တစ်ခန်းဝင် တစ်ခန်းထွက်နေရာအားလုံးလူစုခွဲ၍ရှာဖွေကြည့်၏။

သို့သော် မည်သူ့ကိုမျှမတွေ့ရပေ။ ကုလင်ကိုလည်းရှာမတွေ့။ ဘာတွေဖြစ်ကုန်ပြီနည်း။

မိမိတို့ပဲနားကြားမှားလေရော့သလား။ နားကြားမှားလျှင်လည်း တစ်ယောက်တစ်လေသာဖြစ်နိုင်ပေမည်။ လူတစ်ပြုံကြီး နားကြားမှားခြင်းတော့ မဖြစ်နိုင်ဟန်မကောင်းချေ။

သို့ဆိုလျှင် အော်လိုက်သည့်အသံရှင် ဘယ်မှာနည်း။

ဖုတ်ပူမီးတိုက်ဖြင့် ယောက်ယက်ခတ်အောင်ရှာဖွေကြ၏။

ထိုစဉ် ရှာဖွေနေသူထဲမှတစ်ဦးက....

"ဟာ... ဟိုမှာ ဟိုမှာ ကြည့်စမ်းပါဦး"

ထိတ်ထိတ်ပျာပျာအော်ပြောသည့်အသံကြောင့် ကျန်လူများက ထိုလူအားလှမ်းကြည့်ကြသည်။



ထိုလူက အပေါ်ကိုလက်ညှိုးထိုးပြရင်း...

"ဟို... ဟိုမှာ..."

ကုချွန်နှင့်အခြားသိုင်းသမားများ သုတ်သီးသုတ်ပျာရောက်ရှိလာပြီး ထိုလူပြရာသို့ကြည့်လိုက်ကြသည်။ ဤတွင်...

"ဟာ..."

"ဟင်..."

"အို..."

အားလုံးလိုလို၏နှုတ်ဖျားမှ အံ့သြထိတ်လန့်စွာရေရွတ်လိုက်သည့်အသံများ ဟိုမှသည်မှထွက်လာ၏။

သူတို့မြင်လိုက်ရသည့်အရာကား ခေါင်မိုးမျက်နှာကြက်တန်း၌ ကြိုးတစ်ချောင်းနှင့် တွဲလောင်းကြီးကျနေသောလူတစ်ဦး...

ထိုလူကား ကုချွန်၏တစ်ဦးတည်းသောသား ကုလင်ပင်တည်း။

***

www.burmeseclassic.com

www.burmeseclassic.com



ကုချွန်သည် လုံးဝမမျှော်လင့် မထင်မှတ်သော မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသားဖြစ်ကာကြက်သေသေသွားလေသည်။

ခဏကြာမှသတိပြန်ဝင်လာပြီး....

"သူ့ကိုမြန်မြန်ကြိုးဖြေပြီးအောက်ကိုချစမ်း"

ကုချွန်က အော်ပြောသည်။

ဂူးလင်သိုင်းသမားတစ်ယောက်က....

"အင်း...သေနေလောက်ပါပြီဗျာ၊ ပင့်ကူနက်ကိုက်မှတော့ မသေဘူးဆိုတာ ရှိမှမရှိဘဲ"

"ဟုတ်တယ်... သတိလဲထားကြဦး။ မတော်လို့ ပင့်ကူနက် ခုန်ချလာရင် မသာတွေဖြစ်ကုန်မယ်"

ထိုစဉ် တံခါးဝမှလူရိပ်တစ်ရိပ်ရောက်ရှိလာပြီး....



ထုတ်တန်းပေါ်ရောက်သွားသည်။

လူရိပ်လှုပ်ရှားမှုက လျှပ်စီးလက်သလိုလျင်မြန်လွန်းလှ၏။

သဲကွဲစွာမသိရသေးခင်မှာ တွဲလောင်းကျနေသည့်ကုလင် ပျောက်သွားပြီး....

လူရိပ်နှစ်ခုပူး၍ ကြမ်းပြင်ပေါ်ကျလာလေသည်။

ထိုအခါမှ အောက်သို့ကျလာသောလူရိပ်နှစ်ခုမှာကုလင်နှင့် ကျင်းနန်တို့ဖြစ်ကြောင်းသိလိုက်ရပေသည်။

ကျင်းနန်သည် ကုလင်အား ကြမ်းပြင်ပေါ်အသာချပြီး တုပ်နှောင်ထားသည့်ကြိုးများကိုဖြေပေး၏။ ကုချွန်၏လူများက ကြိုးဖြေပေးသည့်ကျင်းနန်အနီးသို့ဝိုင်းလာသည်။

သို့သော် သူတို့သည် ကျင်းနန်အား ရန်သူအဖြစ်သတ်မှတ်အားကြပုံမရတော့ပါ။

လိုအပ်ပါက ကူညီရန်လာခြင်းသာဖြစ်သည်။

"ဟာ... သူ့ရဲ့ကိုယ်ပေါ်မှာ ပင့်ကူနက်ကြီးတစ်ကောင်...."

လူတစ်ဦးက ကျင်းနန်၏လည်ကုပ်ကိုညွှန်ပြရင်း ထိတ်လန့်တကြားထအော်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်… အနီးအနားၗရှိနေသူများ ထိတ်ထိတ်ပျာပျာဖြစ်ကာနောက်ဆုတ်သွားကြကုန်သည်။

သူတို့သည် ကျင်းနန်အတွက်စိုးရိမ်သွား၏။

သို့သော် ဘာလုပ်ကြရမှန်းမသိဘဲဖြစ်နေ၏။

ကျင်းနန်လည်း အော်သံကြားမှ လည်ကုပ်၌တလှုပ်လှုပ်ဖြစ်နေသည်ကို သတိပြုမိလိုက်တော့သည်။

***



ငွေဆံထိုးရှင်

ကျင်းနန် တုတ်တုတ်မျှမလှုပ်ရဲတော့။

ကုလင်အား တုပ်နှောင်ထားသောကြိုးများကိုဖြေရင်း တန်းတန်းရပ်ထားရသည်။ လှုပ်လိုက်သည်နှင့် အသက်ပျောက်သွားမှာသေချာနေသည်မဟုတ်လား။

လူအားလုံးသည် နောက်သို့ဆုတ်ပြီး အခြေအနေကို ရင်တထိတ်ထိတ်ဖြင့်ကြည့်နေကြသည်။

ထိုအချိန်မှာပင်…

ပင့်ကူနက်သည် ကျင်းနန်၏လည်ကုပ်မှ တလှုပ်လှုပ်ရွေ့လျားပြီး လက်မောင်းပေါ်ဆင်းလာသည်။

ကျင်းနန်မှာ အသက်ပင်ရဲရဲမရှူရဲဘဲငြိမ်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းရှိလူအားလုံးသည် အသက်ရှုရန်ပင်မေ့လျော့နေကြသည့်အလား မလှုပ်မယှက်ရှိနေကြသည်။

ကျင်းနန့်သည် အဆိပ်ကဝေမက ပင့်ကူနက်အားပြန်လည်သိမ်းယူခဲ့ပုံကိုသတိရလိုက်သည်။ ထို့ကြောင့် ပခုံးပေါ်ဆင်းလာသည့်ပင့်ကူနက်ရှေ့တွင် လက်ညှိုးလေးထောက်ပေးလိုက်သည်။

ပင့်ကူနက်ကလက်ပေါ်တက်လာသည်။

သူသည် မုလိထံမှမှတ်သားခဲ့သည့်ပင့်ကူဖမ်းနည်းအားပထမဆုံးအကြိမ်စမ်းသပ်လိုက်ခြင်းဖြစ်သည်။ သူ၏စမ်းသပ်မှုကမျှော်လင့်ထားသည်ထက် ပို၍အောင်မြင်သွားသည်။

ကျင်းနန့်က လက်ကိုကြမ်းပြင်ပေါ်ထောက်၏။

ပင့်ကူနက်က လက်မှတစ်ဆင့် ကြမ်းပြင်ပေါ်ဆင်းသွားလေသည်။ ထိုအခါမှပင် အောင့်ထားရသောအသက်ကို တဝကြီးရှူနိုင်ပေတော့၏။

သို့သော်... ပြဿနာတစ်ခုကိုရှင်းမိရုံမျှသာ ရှိသေးသည်။ နောက်ပြဿနာတစ်ခုက ကောက်ကာငင်ကာတက်လာပြန်သည်။

ယင်းပြဿနာကား....



"သြော်... လက်စသတ်တော့ မင်းကအဆိပ်ကဝေမရဲ့တိတ်တိတ်ပုန်းယောကျ်ားပဲကိုး"

ဝိုင်းကြည့်နေကြသောဝိုင်းသမားများထဲမှ....

အသက်ကြီးကြီးဝူးလင်သိုင်းသမားက လက်ညှိုးထိုး၍ပြောလိုက်ခြင်းဖြစ်၏။

ထိုစကားကြောင့် ကျင်းနန့်ဒေါပွသွားပြီး....

"ခင်ဗျားဘာစကားပြောတာလဲ"

"ဘာပြောရမှာလဲကွ... မှန်တဲ့အတိုင်းပြောနေတာ၊ မင်းနဲ့ကဝေမပတ်သက်မှုရှိနေလို့သာ ပင့်ကူနက်ကိုဘယ်လိုတိန်းချုပ်ရမယ်ဆိုတာ မင်းနားလည်နေတာပေါ့"

ဤတွင် အခြားတစ်ယောက်ကလည်း....

"ဟုတ်တယ်... ပင့်ကူနက်က သူ့လဲမကိုက်ဘူး"

ဝူးလင်သိုင်းသမားများသည် ကျင်းနန့်အပေါ်သံသယဝင်သွားကြချေပြီ။

ယခုမှ ကျင်းနန့်အတွက်အခက်ဖြစ်ရတော့သည်။

မည်သို့ရှင်းပြရမှန်းမသိအောင်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်ကိုယ်တိုင်ကလည်း ပင့်ကူနက်က သူ့အားအဘယ့်

ကြောင့်မကိုက်သည်ကို နားမလည်နိုင်အောင်ဖြစ်သွားရ၏။

ပင့်ကူနက်က သူ့အားမကိုက်သည့်ပြင် သံခင်တစ်ယောက်

လို ကျိုးနွံစွာဆင်းသွားခဲ့သည့်မဟုတ်ပါလား။

"ကဲ... မင်းဘာပြောင်ဦးမလဲ"

ထိုလူကား ငူးလင်သိုင်းသခားကျူးလန်ဖြစ်သည်။

သူသည် ကျင်းနန်အပေါ် မနာလိုသူဖြစ်သည်။

သိုင်းလောကပြဿနာတစ်ခုနှင့်ပတ်သက်၍...

ကျင်းနန်နှင့်ကျူးလန်တို့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံခဲ့ဖူး

သည်။ ထိုစဉ်က ကျူးလန်အရှုံးပေးခဲ့ရပြီး လူပုံအလည်၌အရှက်ရ

ဖူးသည်။

ထိုကိစ္စကို... ကုလင်ကအငြိုးထားပြီး အခွင့်သာသည့်အ

လက်စားချေရန်တေးမှတ်ထားရ၏။

ယခု အခွင့်ကောင်းတစ်ခုရလေပြီ။

သူ၏စွပ်စွဲချက်ကြောင့် ကျင်းနန်အပေါ် နားလည်သဘော

ပေါက်ထားကြသောငူးလင်သိုင်းသမားများ ဇဝေဇဝါဖြစ်လာကြ



ကျင်းနန်သည် ကုလင့်စွပ်စွဲသလိုကဝေမနှင့်တိတ်တိတ်ပုန်း

ငြိစွန်းနေပါသလော။

အကယ်၍ ကင်းကင်းရှင်းရှင်းရှိသည်ဆိုလျှင် ကျင်းနန်သည်

ပင့်ကူနက်အားအဘယ်ကြောင့်ထိန်းကြောင်းနိုင်ခဲ့ပါသနည်း။

ကျင်းနန်အတွက် လွန်စွာဖြေရှင်းရခက်သောပြဿနာတစ်

ရပ်ပင်ဖြစ်ပေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



ကုလင်၏စွပ်စွဲချက် ထိရောက်သွားသည်ဟုဆိုရပေမည်။ စကတည်းက သက်မကင်းဖြစ်နေသောကုချွန်က....

"ကဲ... မင်းဘာပြောချင်သေးလဲ၊ မင်းရဲ့လုပ်ရပ်က မင်းဘာကောင်လဲဆိုတာသက်သေပြနေပြီပဲ၊ မင်းဟာ ငါ့ကိုကူညီသလို ဟန်ဆောင်ပြီး နောက်ကွယ်ကနေ ကဝေမလှုပ်ရှားလို့ရအောင်ဖန်တီးပေးနေတာမဟုတ်လား"

ကုချွန်၏စကားက ယုတ္တိယုတ္တာခိုင်လုံသလိုဖြစ်နေရာ သိုင်းသမားအများစုမှာပို၍တွေဝေကုန်ကြလေ၏။

သူတို့သိရှိထားသောကျင်းနန်သည် ယခင်ကကဲ့သို့မဟုတ်တော့ဘဲ အကြီးအကျယ်ပြောင်းလဲသွားလေပြီလား။

ဝူးလင်သိုင်းသမားများ သူ့အပေါ်သံသယဝင်လာ၏။ သို့သော်....



ဝူးလင်သိုင်းသမားထဲမှ လို့စန်အမည်ရှိလူကြီးတစ်ယောက်ကစဉ်းစားချင့်ချိန်ရင်း....

"ခဏနေကြပါဦးဗျာ... ထင်တာရမ်းပြောနေရင် အချိန်ကုန်ပြီးပြဿနာပိုရှုပ်တာပဲရှိမယ်၊ ကဝေမက သူ့ကိုသဘောကျပြီး ပင်ကူဖမ်းတဲ့ပညာသင်ပေးတာကော မဖြစ်နိုင်ဘူးလား၊ ဒါကြောင့် ဒီကိစ္စကိုလွယ်လွယ်နဲ့ကောက်ချက်မချကြပါနဲ့"

လို့စန်စကားက ကျင်းနန်အား အနည်းငယ်အသက်ရှူချောင်သွားစေ၏။ သို့သော်...

"ဘာပဲဖြစ်ဖြစ်...ဒီကောင့်ကိုတော့ ဖမ်းပြီးသေချာစစ်ဆေးမှာပဲ"

ကျူးလန်ကအလျှော့မပေးဘဲပြော၏။ ကုချွန်ကလည်း...

"ဟုတ်တယ်... ဒီကောင်ကိုဖမ်းရမယ်၊ သူ့ကြောင့် ငါ့သားသေခဲ့ရတာ"

"ဒီကောင်စောစောက ကျုပ်တို့ကိုအာရုံပြောင်းအောင်လုပ်ခဲ့တာဗျ၊ ကျုပ်တို့အာရုံပြောင်းသွားတဲ့အချိန်မှာ သူလုပ်ချင်ရာလုပ်သွားခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျူးလန်ကဖြည့်စွက်ပြောလိုက်ရာ...

"ဟုတ်တယ်... ခင်ဗျားပြောတာမှန်တယ်"

ကုချန်ကထောက်ခံလိုက်ခြင်းဖြစ်၏။

ကျူးလန်နှင့်ကုချန်ကား အတိုင်အဖောက်ညီလျက်ရှိနေ တော့၏။ ကျင်းနန်မှာ ဖြေရှင်း၍မရနိုင်လောက်အောင် အကျပ်ရိုက် သွားရလေ၏။

ကုချန်မှာ သားသေဆုံးသွားရသဖြင့် အကြီးအကျယ်ဒေါ သွက်ကာ သူ၏လူများနှင့်အတူ ကျင်းနန်ကိုတိုက်ခိုက်လေတော့၏

ဒေါသကြောင့် ကုချန်၏ဓားချက်များက လွန်စွာပြင်းထ နေပေသည်။ တကယ်တော့... ကုချန်ကား နှယ်နှယ်ရရသိုင်းသမ တစ်ဦးမဟုတ်ချေ။

သူ၏သိုင်းပညာက လွန်စွာအဆင့်မြင့်လှကြောင်း တက တမ်းရင်ဆိုင်ရသည့်အခါမှကျင်းနန်သိရှိရတော့သည်။

ယခုအချိန်၌... ကုချန်သည် ချင့်ချိန်တွေးဆ၍ တာဝန်ဒေ တိုက်ခိုက်နေခြင်းမဟုတ်တော့ပါ။

ရှိသမျှပညာကုန်ထုတ်၍ တိုက်ခိုက်လိုက်ခြင်းဖြစ်၏။



ထို့ကြောင့် ကျင်းနန်မှာ ဗျာပျာသလဲဖြင့် ခုခံကာကွယ်နေရ လေတော့သည်။

သူ့အတွက် တစ်ခုကံကောင်းသည်မှာ လို့စန်နှင့်သိုင်းသမား အချို့ကဝင်မတိုက်ကြခြင်းဖြစ်သည်။

အကယ်၍ သူတို့အားလုံးသာ မညှာတမ်းဝင်ရောက်တိုက် ခိုက်ကြမည်ဆိုလျှင် ကျင်းနန်အနေဖြင့် မည်သို့မျှခံနိုင်မည်မဟုတ်ပါ။

သူသည် ကုချန်တစ်ယောက်တည်းကိုပင် မနည်းရင်ဆိုင်နေ ရရာ အားလုံးသာပါဝင်တိုက်ခိုက်လာလျှင် သူဘာများတတ်နိုင်တော့ မည်နည်း။

***

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနန်အား မနားတမ်း တရကြမ်းတိုက်နေသူမှာ ကုချုန် ဖြစ်သည်။ ကျန်လူအားလုံးမှာ မည်သည့်ဘက်ကရပ်တည်ရမည်ကို ဝေခွဲမရနိုင်ဘဲရှိနေကြလေသည်။

ကုချုန်ဘက်မှာကြည့်လျှင်လည်းမှန်နေ၏။

ကျောင်းနန်ဘက်မှကြည့်လျှင်လည်း သူ၏အစဉ်အလာအရ သူ တစ်ဦး..ခံဟုသတ်မှတ်ရန်ခက်နေပြန်၏။

အခြင့် ဘာလုပ်ရမှန်းမသိဘဲတိုက်ပွဲကိုသာငေးကြောင် တမ်းရင်ဆိုလသည်။

ခြေအနေတွင် ကြမ်းပြင်ပေါ်ချထားသောပင့်ကူနက် တိုက်ခိုသတိမပြုမိကြတော့ပေ။

ထို့ကြောင့်....



တလှုပ်လှုပ်ဖြင့်ထုပ်တန်းပေါ်ကျလာသည့်အခါမှ တွေ့မြင် မိလိုက်ကြပြီး....

"ဟာ...ပင့်ကူနက်"

ထိတ်လန့်တကြားရေရွတ်ကာ နောက်သို့ဆုတ်ကုန်ကြ၏။

ထိုစဉ်မှာပင်....

"ဝှစ်...."

လေတိုးသံသဲ့သဲ့နှင့်အတူ ငွေရောင်အလင်းတန်းတစ်ချက် ရုတ်တရက်လင်းလက်သွား၏။ ငွေဆံထိုးတစ်ချောင်း လေထုကိုထိုးခွဲ စ်လွင့်လာခြင်းပင်တည်း။

ငွေဆံထိုးသည် လေထဲတွဲလျောင်းကျနေသောပင့်ကူနက် ကိုထိုးဖောက်ကာ တိုင်တစ်တိုင်၌စိုက်ဝင်သွား၏။

ပင့်ကူသည်လည်း ငွေဆံထိုးနှင့်အတူ တိုင်ဟွင်ကပ်လျက် ၏။ ရုတ်ခြည်းဖြစ်ပျက်သွားသောဖြစ်ရပ်ကြောင့် ငေးကြည့်သူများ အားသင့်ကုန်ကြလေသည်။ ...ငံစိုက်ဝင်

ကုချုန်နှင့်ကျောင်းနန်တို့ကား ထိုဖြစ်ရပ်ကိုမသိ[ သဲသဲမဲမဲတိုက်ခိုက်ကြဆဲဖြစ်၏။ ...ဲ့ပြီး....

www.burmeseclassic.com

www.burmeseclassic.com



လို့စန်သည် တိုက်ခိုက်မှုကိုစိတ်မဝင်စားနိုင်တော့ပါ။

တိုင်၌စိုက်ဝင်နေသောငွေဆံထိုးကိုအကြီးအကျယ် စိတ်ဝင်စားသွားသည်။ ငွေဆံထိုးသည် ပင့်ကူကိုထိုးဖောက်လျက်သား တိုင်၌စိုက်ဝင်နေခြင်းဖြစ်သည်။

လို့စန်သည် ငွေဆံထိုးကိုသေချာကြည့်ရှုလိုက်ပြီးနောက် ချက်ချင်းပင် ကုချွန်ဘက်လှည့်ကာ....

"ကုချွန်... ခင်ဗျားရပ်လိုက်တော့၊ ကျင်းနန် မင်းလဲ ဆောက် ဆုတ်လိုက်"

လို့စန်၏ပျာပျာသလဲ လှမ်းအော်ဟန့်တားမှုကြောင့် ကုချွန်သည် တိုက်ခိုက်ရာမှရပ်လိုက်ပြီး....

"ခင်ဗျားဘာဖြစ်လို့တားရတာလဲဗျ"

မကျေမနပ်ဖြင့်လှမ်းမေးလိုက်၏။

လို့စန်က တိုင်တွင်စိုက်ဝင်နေသောဆံထိုးကိုညွှန်ပြကာ....

လာကြည့်ဦး... ပင့်ကူမှာအဆိပ်မရှိဘူးဗျ၊ ဒါကြောင့် တိုက်ခိုက်သ လင်မသေနိုင်ဘူး။ အကြောက်လွန်ပြီး မေ့နေတာပဲ

ထို့ပြေ



"ဗျာ... ကျုပ်သားမသေဘူးဟုတ်လား"

"ဟုတ်တယ် ဒီမှာကြည့်လေ၊ ပင့်ကူကိုစိုက်ဝင်နေတဲ့ဆံထိုး ာအရောင်မှပြောင်းမသွားဘဲ၊ ဒါကြောင့် ဒီပင့်ကူမှာအဆိပ်မရှိတာ သေချာတာပေါ့"

မှန်ပါသည်။ အဆိပ်မရှိသောပင့်ကူနက်ကိုက်ရုံဖြင့် မည်သို့ သနိုင်ပါမည်နည်း။

ကုချွန်မှာ မျှော်လင့်ချက်များဝင်လာသဖြင့် အကြီးအကျယ် မ်းသာသွား၏။

ကျင်းနန်ကိုပင် အရေးမစိုက်နိုင်တော့ဘဲ... လဲကျနေသည့် ုလင်ထံပျာပျာသလဲပြေးသွားလေ၏။

ကျန်လူများလည်း... စိတ်ဝင်တစားဖြင့် ကုလင်အနီးဝိုင်းအုံ ောက်ရှိလာကြလေ၏။

လို့စန်က လူအုပ်ထဲတိုးဝင်၍ သူ၏ထင်မြင်ချက်ကို အားလုံး အောင်ရှင်းပြလိုက်၏။ သူ့လက်ထဲ၌ စောစောက တိုင်တွင်စိုက်ဝင် သည့်ငွေဆံထိုးပါလာ၏။

ငွေဆံထိုးကိုအားလုံးမြင်သာအောင် မြှောက်ပြလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ပင့်ကူနက်မှာသာအဆိပ်ရှိနေရင် ပင့်ကူကိုထိုးစိုက်ခဲ့တဲ့ဒီငွေဆံထိုးဟာ မည်းညစ်သွားမှာပေါ့"

"ခု ဒီမှာမြင်တဲ့အတိုင်းပဲ ဆံထိုးဟာ လုံးဝအရောင်ပြောင်းမသွားဘူး၊ ဒါကြောင့် ပင့်ကူမှာအဆိပ်မရှိဘူးဆိုတာထင်ရှားနေပြီ"

ဤတွင် လူအုပ်ထဲမှခပ်အအ,ရှိဟန်တူသူက....

"ဒါဆို ကုလင်ဘာလို့သေရတာလဲ"

"ဟာ... မသေနိုင်ပါဘူး၊ လန့်ပြီးသတိလစ်တာနေမှာပါ"

မှန်သည်။ ကုလင်သည် ပင့်ကူအကြောင်းသိရှိထားဟန်တူသည်။ ထို့ကြောင့်... ပင့်ကူကိုမြင်သည်နှင့် ကိုယ့်ကိုယ်ကိုသေပြီဟုထင်ကာ အကြောက်လွန်ပြီးမေ့သွားခြင်းဖြစ်သည်။

ကုလင်ကိုပွေ့ချီ၍ ဝိုင်းဝန်းပြုစုသည့်အခါ လှိုင်စန်ပြောသလိုသတိလစ်နေရာမှပြန်လည်၍သတိဝင်လာ၏။

ထိုအခါမှ ကုချွန်လည်းသောကအပူလုံးကျသွားပြီး မျက်နှာတွင်ပြုံးယောင်သမ်းလေတော့၏။

"ဒါနဲ့ ဒီဆံထိုးကဘယ်သူပစ်လိုက်တာလဲ"

ကုလန်က ဟိုဟိုသည်သည်ကြည့်၍မေးလိုက်၏။



ထိုအခါမှ ကျန်လူများလည်း ဆံထိုးပိုင်ရှင်ကိုသတိရလာကြကုန်၏။ ဆံထိုးပိုင်ရှင်မည်သူနည်း။

ဆံထိုးကိုင်ဆောင်သူမှာအမျိုးသမီးသာဖြစ်၏။

သို့သော် အခန်းထဲ၌အမျိုးသမီးမရှိ....

သို့ဆိုလျှင် ထိုဆံထိုးသည် မည်သည့်နေရာမှထွက်ပေါ်လာခဲ့ရပါသနည်း။

※※※

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်သည်ဟုဆိုရမည်လားမသိ။

ပင့်ကူနှင့်ပတ်သက်၍ ကျင်းနန်အပေါ်အထင်မြင်မှားနေချိန်တွင် အဆိုပါငွေဆံထိုးထွက်ပေါ်လာခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့်... ယခုရှိနေသည့်ပင့်ကူသည် အဆိပ်ရှိသည့်ပင့်ကူမဟုတ်ကြောင်း အားလုံးသိအောင် သက်သေပြလိုက်ခြင်းဖြစ်၏။

ဤသက်သေပြချက်တစ်ခုတည်းဖြင့်ပင်... ကျင်းနန်အပေါ်သံသယဝင်နေသည်ကိုချေဖျက်နိုင်ပြီဖြစ်၏။

ကျင်းနန်မှာအတော်ပင်အံ့သြလျက်ရှိနေလေ၏။

ဝေးကွာသည့်အရပ်မှပစ်မှတ်ကို....

လွန်စွာသေးငယ်သည့်ဆံထိုးဖြင့်....



ထိမှန်အောင်ပစ်ခတ်နိုင်ခြင်းသည် သာမန်ပညာရပ် မဖြစ်နိုင်ပါ။ အလွန်အဆင့်မြင့်သည့်သိုင်းပညာကို တတ်မြောက်ထားသူမှသာဖြစ်နိုင်ပေမည်။

ထို့ပြင် ပစ်လိုက်သည့်အရာကလည်းဆံထိုးဖြစ်ရာပစ်လိုက်သူမှာအမျိုးသမီးသာဖြစ်ကြောင်းကောက်ချက်ချနိုင်၏။

သို့ဆိုလျှင် ထွေထွေထူးထူးစဉ်းစားရန်မလိုပါ။

သေချာပါ၏။

ကဝေမမှလွဲ၍မည်သူဖြစ်နိုင်ပါမည်နည်း။

ကျင်းနန်က လွှတ်ခနဲပြောမိမလိုဖြစ်ပြီးမှ ကမန်းကတမ်းပါးစပ်ပြန်ပိတ်လိုက်ရသည်။ အကြောင်းမှာ... ကဝေမသည် ဤအိမ်၌တစ်နေရာ၌ရှိရမည်ဟုတွေးမိခြင်းကြောင့်ဖြစ်သည်။

ဝရံတာအဝ၌ ပင့်ကူအကိုက်ခံရပြီးသေနေသည့်အလောင်းကိုမြင်ရတည်းက ကဝေမရှိနေပြီဖြစ်ကြောင်းကျင်းနန်သိ၏။

သို့သော် လုပ်ကြံပြီးသည်နှင့် ထွက်ခွာသွားပြီဟုထင်မိ၏။

ထိုအချိန်မှာပင် ကုချန်နှင့်သူ၏လူများကကျင်းနန်ကိုလူသတ်တရားခံဟုထင်ပြီးဝိုင်း၍တိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကိုဖြေရှင်းရန်ကြိုးစားနေချိန်မှာပင်....

ခြံထဲ၌ အစောင့်တစ်ဦးထပ်၍လုပ်ကြံခံရပြန်၏။

ထိုကိစ္စကိုဖြေရှင်း၍မပြီးမီ အိမ်ထဲ၌ကုလင်ကိုကြိုးတုပ်၍ ထုပ်တန်း၌ချိတ်ဆွဲထားခဲ့ပြန်၏။

မုလီသည် အဘယ်ကြောင့် ဤသို့ပြုလုပ်သည်ကို ကျင်းနန်နားမလည်နိုင်အောင်ဖြစ်ရ၏။

ယခုလည်း ပင့်ကူနှင့်ပတ်သက်၍ ကျင်းနန်အပေါ်သက်မကောင်းဖြစ်ကြရာ မုလီကဆံထိုးနှင့်ဖြေရှင်းခဲ့ပြန်၏။

ဘာကြောင့်လဲ။ အဖြေကရှင်း၏။

မုလီသည် ရက်စက်ကြမ်းကြုတ်သည့် လူသတ်ကောင် တစ်ဦးဖြစ်သော်လည်း ကျင်းနန်အပေါ်၌မူ လွန်စွာသံယောဇဉ်ကြီးလှသည်ဟုဆိုရပေမည်။

ကျင်းနန်ဒုက္ခဖြစ်မည်ကို မလိုလားခြင်းကြောင့် သူမသည် ဤအိမ်မှမခွာဘဲကပ်နေခြင်းဖြစ်ဟန်တူ၏။

ထိုအချက်တို့က ကျင်းနန်၏စိတ်ထဲမှဆက်စပ်၍တွေးမိခြင်းသာဖြစ်၏။



အခြားသူတို့အနေဖြင့် ထိုသို့တွေးမိကြမည်မဟုတ်။

ထိုအချိန်၌ သတိလစ်နေသည့်ကုလင်မှာ ထ၍ပင် ထိုင်နိုင်ပြီဖြစ်သည်။ သူသည် ဟိုကြည့်သည်ကြည့်ဖြင့် ဇဝေဇဝါဖြစ်နေ၏။

ဖခင်ဖြစ်သူကုချုန်ကမူ သားဖြစ်သူ သတိပြန်ရလာသည်ကိုမြင်သဖြင့် လွန်စွာဝမ်းသာအားရဖြစ်လျက်ရှိ၏။

ကျင်းနန်အပေါ်တွင်လည်း ရန်လိုခြင်းမရှိတော့။

ကျင်းနန်အပေါ်သံသယဝင်ကြသူတို့လည်း ယခုအခါ အမြင်ရှင်းသွားကြပြီဖြစ်၏။ ထို့ကြောင့်... အခန်းထဲရှိသိုင်းသမားတို့သည် ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်ရန်အလျှိုလျှိုထွက်သွားကြ၏။

နောက်ဆုံးတွင် အခန်းထဲ၌ ကုချုန်တို့သားအဖနှင့်ကျင်းနန်တို့သာကျန်ခဲ့တော့သည်။

***

www.burmeseclassic.com



အခန်းထဲရှိသိုင်းသမားအားလုံး ထွက်သွားကြပြီဖြစ်၏။

သူတို့သည် လုံခြုံရေးအတွက် အချို့ကကင်းစောင့်ရန်ထွက်သွားခြင်းဖြစ်၏။

အချို့ကမူ ဆံထိုးရှင်ကိုရှာရန်ဖြစ်၏။

ထို့ကြောင့် အခန်းထဲ၌ ကုချန်ဝို့သားအဖနှင့် ကျင်းနန်သာ ကျန်ခဲ့၏။

"ကဲ... ငါ့သား ဘယ်လိုဖြစ်တယ်ဆိုတာ အဖေ့ကိုပြောပြပါဦး"

ကုချန်ကမေးလိုက်၏။

ကျင်းနန်ကလည်း....

"ဟုတ်ပါတယ်... ဘယ်လိုဖြစ်တယ်ဆိုတာပြောပြမှ ကျွန်တော်တို့လဲ အဖြစ်မှန်ကိုတွက်ဆလို့ရမှာ"



ကုလင်ခေါင်းညိတ်လိုက်၏။ ထို့နောက် သူကြုံခဲ့ရသည့်အဖြစ်အပျက်ကိုပြန်လည်ပြောပြလိုက်လေ၏။

***

ကုလင်သည် သိုင်းသမားတစ်ဦးမဟုတ်ပါ။

သို့သော် သိုင်းသမားများကိုအားကျသူဖြစ်၏။

အထူးသဖြင့်... ကျန်းဟူနယ်၌ကျော်ကြားသည့်တစ်ကိုယ်တော်သိုင်းသမားကိုပို၍အားကျ၏။

တစ်ကိုယ်တော်သိုင်းသမားကျင်းနန်သည် ထိပ်တန်းသိုင်းသမားတစ်ဦးဖြစ်ပြီး သိုင်းပညာဖြင့် အများအကျိုးကိုဆောင်ရွက်နေသူဖြစ်သည်။

မည်မျှဆိုးသွမ်းရက်စက်သည့်ဒုစရိုက်သမားဖြစ်စေ။

ကိစ္စဟုံးအဆုံးစီရင်ခြင်းမရှိပါ။

တတ်နိုင်သမျှ ဖျောင်းဖျ၍ အမြင်မှန်ရလာစေရန်ကြိုးစား၏။ ထို့ကြောင့် သူ့ကိုကရုဏာစားသမားဟု အမွန်းတင်ကြခြင်းဖြစ်သသည်။ ကုလင်သည် အထက်ပါအတိုင်းကြားဖူးသဖြင့် ကျင်းနန်အပေါ် လွန်စွာလေးစားခင်မင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်နှင့်မိတ်ဆွေဖြစ်ခွင့်ရလျှင် လွန်စွာကောင်းမည်ဟု မကြာခဏဆိုသလိုပင် စိတ်ကူးယဉ်ခဲ့ဖူးသည်။

ယင်းသို့မျှော်လင့်တောင့်တချိန်မှာပင်...

ကံအားလျော်စွာ လူတစ်ဦးနှင့်မိတ်ဖွဲ့မိသည်။

ထိုလူမှာ သူ လွန်စွာအားကျလေးစားသည့် တစ်ကိုယ်တော် သိုင်းသမားကျင်းနန်ဖြစ်နေလေသည်။

သို့ဖြင့် သူသည် ဝမ်းသာစွာပင် အိမ်၌တည်းခိုရန်ဖိတ်ခေါ်ခဲ့လေ၏။ သို့ရာတွင်... ဖခင်ဖြစ်သူက သူစိမ်းဧည့်သည်ပါလာသည်ကိုဘဝင်မကျဟန်နှင့် တဖျစ်တောက်တောက်ပြောဆိုခြင်းကြောင့် ကျင်းနန်ကို ဖခင်နှင့်မိတ်ဆက်မပေးခဲ့။

ဖခင်ဖြစ်သူ ခရီးသွားနေသည်ဟုသာ ကြည့်ကောင်းအောင် လှည့်ပတ်ပြောဆိုခဲ့သည်။ ထိုည၌ ဆူဆူညံညံအသံများ ထွက်လာသဖြင့် ကုလင်အိပ်နေရာမှလန့်နိုးလာ၏။

အသံလာရာသို့ထွက်ကြည့်လိုက်ရာ ကျင်းနန်နှင့်ဖခင်ဖြစ်သူတို့ပြဿနာတက်နေသည်ကိုတွေ့ရသည်။

ကုလင် ကြောင်စီစီဖြစ်သွားသည်။



ကျင်းနန်မှာ သူခေါ်လာသည့်ဧည့်သည်ဖြစ်သည်။

တစ်ဘက်ကလည်း သူ့ဖခင်ဖြစ်နေသည်။

ဘယ်လိုဖြစ်၍ပြဿနာတက်ကြသည်ကို သူ မသိရပါ။

ပြဿနာကြားထဲဝင်မေးရန်လည်း ခက်နေသည်။

ထို့ကြောင့်... ဘယ်လိုဖြေရှင်းရမည်မသိဘဲ ကြောင်စီစီနှင့် ငေးကြည့်နေရသည်။

ထိုစဉ် အပြင်ဘက်ခြံဝင်းထဲမှအသံတစ်သံထွက်လာသဖြင့် ကျင်းနန်ပြေးထွက်သွားသည်။

ဖခင်နှင့် ကျန်သိုင်းသမားများလည်း ရှေ့ဆင့်နောက်ဆင့် ပြေးလိုက်သွားကြသည်။

ကုလင်မှာ ဘာတွေဖြစ်နေမှန်းမသိချေ။

ထို့ကြောင့် အခြေအနေလိုက်ကြည့်ရန် နောက်မှလိုက်သွားလေသည်။ ယင်းအခိုက်တွင်... အနက်ရောင်ဝတ်နှင့်လူရိပ်တစ်ခုက ခေါင်မိုးမျက်နှာကျက်မှတစ်ဆင့် သူ့နောက်ကျောဆီသို့ရိပ်ခနဲကျလာလေသည်။

သူကလှည့်၍ခုခံရန်ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်.... အနက်ရောင်ဝတ်ဆင်ထားသူက သူ့ထက်ပို၍ လျင်မြန်နေသည်။

သူ့ကို လျှပ်တစ်ပြက်ဖမ်းချုပ်လိုက်သည်။

လွန်စွာပိရိသေသပ်လှ၏။ သာမန်သိုင်းသမားမဟုတ်မှန်း ကုလင်သိလိုက်၏။

ထို့ပြင်.... ဝတ်စုံနက်လူ၏အငွေ့အသက်မှာ နူးညံ့သိမ်မွေ့လှသဖြင့် အမျိုးသမီးတစ်ဦးဖြစ်ကြောင်းသိရှိလိုက်သည်။

သူမ မည်သို့လှုပ်ရှားလိုက်သည်မသိ။

ပင့်ကူနက်တစ်ကောင် သူ့နဖူးပေါ်ကျလာသည်။

ကုလင်မှာထိတ်လန့်သွားပြီး မျက်လုံးများပြူးကျယ်သွားရ၏။ ဝတ်စုံနက်နှင့်လူက....

"မင်းမလှုပ်နဲ့နော်... ဒီပင့်ကူ ဘယ်လောက်အထိ အဆိပ်ပြင်းတယ်ဆိုတာသိတယ်မဟုတ်လား။ လှုပ်တာနဲ့ပင့်ကူကကိုက်မှာပဲ၊ ပင့်ကူကိုက်ရင်သေပြီသာမှတ်တော့"

ကုလင်မှာ တုတ်တုတ်မျှမလှုပ်ရဲချေ။

ဝတ်စုံနက်နှင့်လူက သူ့ကိုကြိုးနှင့်တုပ်နှောင်လိုက်သည်။



ထို့နောက် ကြိုးစကိုထုပ်တန်းပေါ်တင်၍ သူ့ကိုဆွဲတင်လိုက်၏။ ကုလင်မှာ ကြိုးတန်းလန်းနှင့်လေထဲ၌တွဲလောင်းဖြစ်နေ၏။

"ကဲ... မင်းငြိမ်ငြိမ်လေးသာနေပေတော့... နို့မို့ရင် သေပြီလို့သာမှတ်လိုက်တော့"

ဝတ်စုံနက်နှင့်လူက ယင်းသို့ပြောပြီးနောက် ညွှန့်ခန်းဆီသို့ ခပ်အေးအေးပင်ထွက်ခွာသွားလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



"ပင့်ကူကြီးက ငြိမ်ငြိမ်မနေဘဲ တလှုပ်လှုပ်နဲ့ မျက်နှာပေါ် ရောက်လာတော့ ကျွန်တော်လဲ ကြောက်ပြီး အော်လိုက်မိတာပေါ့၊ အဲဒီနောက် ကျွန်တော်ဘာမှမသိတော့ဘူး"

ကုလင်က သူ၏စကားအဆုံးသတ်ချိန်တွင် အစောင့်သိုင်းသမားအချို့ အခန်းတွင်းသို့ပြန်ဝင်လာကြသည်။

ကုချန်၏တပည့်များဖြစ်ဟန်တူပါသည်။

ကုချန်က ၎င်းတို့အားလှမ်းကြည့်ကာ...

"ဟေ့... ဘယ်လိုလဲ၊ ငွေဆံထိုးရှင်ကိုရှာလို့တွေ့ရဲ့လား"

အစောင့်တစ်ယောက်ကခေါင်းခါပြသည်။

"မတွေ့သေးပါဘူးသခင်ကြီး၊ ကျွန်တော်တို့ရှာတုန်းပဲ"

ထိုစဉ်မှာပင်... ပျာယီးပျာယာပြောလိုက်သည့်အသံတစ်သံထွက်ပေါ်လာ၏။



"တွေ့ပြီဟေ့...တွေ့ပြီ၊ ဒီမှာ... ဒီမှာ"

ထိုအသံကြောင့် ကျင်းနန်ထိတ်ခနဲဖြစ်သွား၏။

အဆိပ်ကဝေမကိုတွေ့သွားပြီလော။

ကျင်းနန် ချက်ချင်းအခန်းတွင်းမှပြေးထွက်၏။

သိုင်းသမားအချို့စုရုံးရာနေရာသို့ရောက်သည့်အခါ...

"ဘယ်မှာလဲဟေ့...ဘယ်မှာလဲ"

ဟုအလောတကြီးမေးသည်။

အစောင့်တစ်ဦးက နံရံကိုညွှန်ပြသည်။

သည်တော့မှ အဆိပ်ကဝေမကို တကယ်တွေ့ခြင်းမဟုတ်ကြောင်းသိရကာ ကျင်းနန်စိတ်အေးသွားရသည်။

သူသည် မုလိ၏လုပ်ရပ်ကိုမနှစ်မြို့သော်လည်း မုလိဒုက္ခရောက်သွားမည်ကိုတော့ အမှန်ပင်မမြင်တွေ့လိုချေ။

ထိုအချိန်မှာပင် ကုချန်တို့သားအဖနှင့် ကုလန်တို့လည်း အပြေးအလွှားရောက်ရှိလာကြသည်။ သူတို့သည် အစောင့်ညွှန်ပြသည့်နံရံကိုမော့ကြည့်သည်။

နံရံတွင် စာတစ်ကြောင်းရေးထားသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါစာမှာ....

"သုံးရက်အတွင်း သင့်အသက်ကိုယူမယ်"

စာကိုဖတ်မိသည်နှင့် သံသယဝင်စရာမလိုပါ။

မုလိ၏စာမှန်း ကျင်းနန်သိသည်။

"တောက်...."

ကုချန်ထံမှတက်ခေါက်သံပေါ်လာသည်။

ဓားရိုးကိုတင်းကျပ်စွာဆုပ်ကိုင်ပြီး....

"အေး ဘယ်သူက ဘယ်သူ့အသက်ကိုယူမလဲဆိုတာကြည့်သေးတာပေါ့"

ကုချန်က ကြုံးဝါးလိုက်သည်။

ထို့အတူ ကျင်းနန်လည်းမုလိ၏လုပ်ရပ်ကို မကျေမနပ်ဖြစ်မိသည်။ မုလိက ပြောင်ပြောင်တင်းတင်းပင် စိန်ခေါ်လိုက်ပြီမဟုတ်ပါလား။ ကျူးလန်ကကုချန်အနီးလာပြီး....

"ကုချန်...ကျုပ်တို့ဘာလုပ်ကြမလဲ"

ကုချန်ကနှုတ်ခမ်းမဲ့ကာ....

"လာစမ်းပါစေဗျာ...ကျုပ်ကလဲတွေ့ချင်နေတာ"



"ဟုတ်တယ် ကျုပ်တို့လဲတွေ့ချင်နေတာ၊ ဒါကြောင့် ခင်ဗျားဆီကို ခုလိုတစ်စုတဝေးကြီးလာကြတာပေါ့"

ဝူးလင်သိုင်းသမားများကိုယ်စား ကျူးလန်ကပြောလိုက်ခြင်းဖြစ်သည်။ ကျင်းနန်ဘာမျှဝင်မပြောပါ။

စိတ်ထဲ မကျေမနပ်ဖြစ်နေသည့်ကြားမှ မုလိအတွက်မဆီမဆိုင်စိုးရိမ်ပူပန်မိလိုက်သေးသည်။

***

www.burmeseclassic.com

www.burmeseclassic.com



ကုချွန်၏စံအိမ်သည် ယခုအခါ အစောင့်အကြပ်များပို၍ထူ ထပ်လာသည်။ နေ့ကောညပါ အလှည့်ကျကင်းချထား၏။

တောင်ကုန်းအောက်ခြေမှသည် အိမ်တော်ဆီအထိ နေရာ လွတ်မရှိအောင် အစောင့်များရှိနေသည်။

ကုချွန်သည် ကျူးလန်၏အကူအညီဖြင့် ဂူးလင်သိုင်းသမား များကိုထပ်မံခေါ်ယူအင်အားဖြည့်ထားရာ ကုချွန်၏စံအိမ်တော်ကြီး မှာ ရဲတိုက်ကြီးတစ်ခုနှင့်တူနေပေတော့၏။

စံအိမ်တော်ရှိသိုင်းသမားများအားလုံးသည် ကဝေမမုလီ ရောက်လာမည့်အချိန်ကိုစောင့်ဆိုင်းလျက်ရှိကြသည်။ သူတို့အားလုံး ၏စိတ်ထဲ၌ ကဝေမသည် ကုချွန်အားလုပ်ကြံရန်အတွက် အမျိုးမျိုး လှည့်ပတ်အကြံထုတ်နေလိမ့်မည်ဟု ယူဆထားကြ၏။

ကျင်းနန်ကမူ ဤသို့မထင်ချေ။



သူမသည် ကုချွန်အားရက်ချိန်းပေးပြီး အေးအေးလူလူထိုင် စောင့်နေမည့်သူမဟုတ်ပေ။

ကျင်းနန်သည် မုလီပြောခဲ့သည့်စကားကို အမှတ်ထင်ထင် ပြန်လည်သတိရနေ၏။

သူမသည် အနည်းဆုံး လူနှစ်ယောက်ကိုထပ်မံသုတ်သင် ပစ်ဦးမည်ဟုပြောခဲ့သည်မဟုတ်ပါလား။

ထိုလူနှစ်ယောက်ကား အခြားသူမဟုတ်။

ကုချွန်နှင့်ဖုန်ရိတို့ဖြစ်ကြသည်။

သူမသည် ကုချွန်အားသုတ်သင်မည့်ရက်ကို ကြိုတင်သတိ ပေးခဲ့ပြီးဖြစ်သည်။ သို့ဆိုလျှင်... ထိုရက်မတိုင်မီ သူမဘယ်ကိုသွား၍ ဘာလုပ်မည်နည်း။

အဖြေကရှင်းရှင်းလေးပင်။

သူမသည် ဖုန်ရိထံမှချသွားပေလိမ့်မည်။

ဖုန်ရိကိုရှင်းလင်းပြီးမှ ကုချွန်ထံရောက်လာဖို့များသည်။

သို့ဆိုလျှင်... သုံးရက်မတိုင်မီကြားရက်များ၌ သူမ၏ခြေလှမ်း သည် ဖုန်ရိဆီသို့သာဦးတည်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးမိသည်နှင့် ကျင်းနန်သည် ကုချန်၏အိမ်တော်မှ ထွက်ခွာသွားရန်ဆုံးဖြတ်လိုက်၏။

သို့သော်... ဖုန်ရိဘယ်မှာရှိသည်ကို သူမသိပါ။

မေးပါများစကားရဟုဆို၏။

သွားပါများလျှင် ခရီးရောက်ပေလိမ့်မည်။

ထိုစကားကိုလက်ကိုင်ပြုပြီး ကျင်းနန်လှုပ်ရှားရပေမည်။

***



ကုချန်၏စံအိမ်တော်သည် ကျန့်ကျိုးမြို့ပြင် အတော်လှမ်းလှမ်း၌တည်ရှိနေသည်။ ထို့ကြောင့် စံအိမ်တော်မှ မိုးမလင်းမီထွက်လာသော ကျင်းနန်သည် ကျန့်ကျိုးမြို့ထဲရောက်သည့်အခါ မိုးလင်းစပြုနေပြီဖြစ်၏။

သို့သော် အိမ်အတော်များများမှာတံခါးမဖွင့်ကြသေး။

အိပ်ကောင်းတုန်းရှိကြဟန်တူသည်။

လမ်းပေါ်၌ လူအသွားအလာမရှိသေး။

ကျင်းနန်သည် ထွက်သာထွက်လာခဲ့ရ၏။

ဘယ်သွား၍ဘာလုပ်ရမှန်းမသိပေ။

သူခြေလှမ်းကမြို့လယ်သို့ဦးတည်နေ၏။

သူသည် လျှောက်နေရင်းမှရပ်လိုက်သည်။

သူ၏အာရုံခံစားမှုအရ....

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှ တစ်စုံတစ်ယောက်လိုက်ပါနေကြောင်းသိလိုက်၏။ ထို့ကြောင့် လှမ်းနေသောခြေလှမ်းရပ်ပစ်လိုက်ခြင်းဖြစ်၏။

သို့သော်... သူ့အမူအရာက ခပ်အေးအေးပင်ဖြစ်သည်

ပြီးမှ နောက်ပြန်လှည့်ပြီး လာလမ်းအတိုင်းပြန်လျှောက်၏

လမ်းဘေး သစ်ပင်စုစုကလေးများရှိသည့်နေရာအရော တွင် ကျင်းနန်လှုပ်ရှားလိုက်၏။ သူ၏ခန္ဓာကိုယ် လေထဲမြောက်တ သွားပြီး သစ်ပင်စုစုကလေးနောက်သို့ကျရောက်သွား၏။

"ဟိတ်... ခင်ဗျားဘယ်သူလဲ"

သူထင်သည့်အတိုင်းပင် သစ်ပင်စုစုကလေး၏နောက်တွ လူတစ်ယောက်ပုန်းခိုနေ၏။

သူသည် သူ့နောက်သို့ ကျင်းနန်ရုတ်တရက်ရောက်ရှိလာ ပြီးလှမ်းမေးခံလိုက်ရသဖြင့် ထိတ်ခနဲလန့်ဖျပ်ကာ နောက်လှည့်ကြည့် လိုက်သည်။

ထိုအခါမှ... ပုန်းကွယ်ချောင်းမြောင်းနေသူကို ကျင်း သေချာမြင်တွေ့လိုက်ရတော့သည်။

ထိုသူကား...



"လို့စန်"

လို့စန်ကပြုံးပြရင်း...

"ဟုတ်ပါတယ်... ကျုပ်ပါဗျာ"

ကျင်းနန်မျက်မှောင်ကြုတ်သွားကာ...

"ခင်ဗျားကျုပ်ကိုနောက်ယောင်ခံလိုက်နေတာလား"

"အင်း ဘယ်လိုပြောရမှန်းတောင်မသိဘူး၊ ဒီလိုဗျ ခင်ဗျား ...ကိုလိုက်ချင်လို့ တမင်ကိုလိုက်လာခဲ့တာပါ"

"ဗျာ... တမင်လိုက်လာတာဟုတ်လား၊ ဘာကိစ္စရှိလို့လဲ"

လို့စန်က...

"ကျုပ်က ခင်ဗျားအကြောင်းကိုကောင်းကောင်းကြီး ကြား ...ထားတဲ့လူပါ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်ယုံတယ်၊ ခင်ဗျား အခုလို ...ချုန်အိမ်ကထွက်လာတာအကြောင်းရှိမယ်၊ လိုအပ်ရင် ကူညီချင်လို့ ...လိုက်လာတာပါ"

ကုချုန်အိမ်မှာကတည်းက လို့စန်သည် မိမိဘက်မှဖေးမရပ် ...တည်ခဲ့သည်ကိုကျင်းနန်သိခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ခေါင်းညိတ်လက်ခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ… လိုက်ချင်ရင်လိုက်ခဲ့ပေါ့ဗျာ"

ပြောပြီးနောက် ကျင်းနန့်သည်ယမ်းပေါ်တက်ကာမြို့လယ်ပိုင်းသို့ဦးတည်လျှောက်သွားလေ၏။

လို့စန့်ကလေးမှယှဉ်လျှောက်လာရင်း…

"ခင်ဗျား ဘာဖြစ်လို့ ကျွန်ုပ်အိမ်ကတိတ်တိတ်ကလေးထွက်လာရတာလဲ"

ကျင်းနန့်သက်ပြင်းချကာ…

"အင်း… အမှန်အတိုင်းပြောရရင် ကဝေမကြောင့် ဘယ်သူကိုမှမသေစေချင်လို့ပါ"

"ဒါဆို ခင်ဗျားကပေမကိုရှာဖို့ ထွက်လာတာပေါ့"

"မဟုတ်ပါဘူး ကဝေမသုတ်သင်ဖို့ရာဖေသံပေးထားတဲ့လူ"

လို့စန့် မျက်မှောင်ကြုတ်သွား၏။

"ကဝေမရာဇသံပေးထားဟာ ကျွန်ုပ်မဟုတ်လားဗျ"

"သူတစ်ယောက်တည်းရာဇသံပေးတာမဟုတ်ဘူး နောက်တစ်ယောက်ရှိသေးတယ်"

"ဗျာ… နောက်တစ်ယောက်ရှိသေးတယ်မဟုတ်လား"



"ဟုတ်တယ်… ကျွန်ုပ်ကိုမရှင်းခင် အဲဒီလူကိုအရင်ရှင်းလိမ့်မယ်လို့ကျုပ်ယုံကြည်တယ်၊ ဒါကြောင့် သူ့ကိုရှာဖို့ထွက်လာခဲ့တာပဲ"

"ဒါဖြင့် အဲဒီလူဘယ်သူလဲ… ဘယ်ကလဲ"

"အဲဒီလူကတော့ဖုန်ရှီလိုကဲ့လူပဲဗျ၊ ဘယ်ကလဲဆိုတာကော့ကျုပ်မသိဘူး"

လို့စန့်စဉ်းစားကြည့်သည်။

"အင်း… ဒီနာမည်ကို ကြားတော့ကြားဖူးသလိုပဲ၊ ဒါပေမဲ့ ဘယ်မှာကြားဖူးမှန်းမမှတ်မိဘူး"

"ဒါဆိုလဲ သွားရင်းလာရင်းစဉ်းစားကြည့်စမ်းပါဗျာ… ကျုပ်တို့အတွက်အချိန်သိပ်မရဘူး၊ ကဝေမ လက်ဦးသွားမှာစိုးရတယ်"

"စိတ်ချပါဗျာ ကျုပ်အတတ်နိုင်ဆုံးသတိရအောင် ပြန်စဉ်းစားကြည့်လိုက်ဦးမယ်"

ထို့နောက် လို့စန့်နှုတ်ဆိတ်သွား၏။

အသည်းအသန် စဉ်းစားနေဟန်ရှိလေသည်။

တွေးရင်းလျှောက်ခဲ့ကြရာ မိုးစင်စင်လင်းသွား၏။

လို့စန့်က….

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… မိုးလဲလင်းပြီ၊ ကျုပ်တို့တစ်ခုခုဝင်စားရအောင်… စားရင်းသောက်ရင်း စဉ်းစားတိုင်ပင်ကြတာပေါ့"

စားသောက်ဆိုင်ကိုညွှန်ပြရင်း လို့စန်ကပြောလိုက်၏။

"အင်း…ကောင်းသားပဲ"

သို့ဖြင့်… နှစ်ယောက်သား စားသောက်ဆိုင်ထဲဝင်လိုက်ကြလေတော့သည်။

***



စားသောက်ဆိုင်ထဲ၌ လူစည်ကားနေပြီဖြစ်သည်။

နေရာကျယ်ဝန်းသဖြင့်… ကျင်းနန်တို့သည် လွတ်နေသောစားပွဲကိုအလွယ်တကူပင်တွေ့ပြီး ဝင်ထိုင်လိုက်ကြသည်။

"ဒါနဲ့ ခင်ဗျားရှာမယ့်လူက ဘယ်မှာရှိတယ်ဆိုတာ သတင်းရထားသလား"

လို့စန်က စားသောက်ဖွယ်ရာများကို မှာကြားပြီးနောက် ကျင်းနန်ကိုကောက်ကာငင်ကာမေးလိုက်၏။

ကျင်းနန် ခေါင်းခါယမ်းလိုက်၏။

"ဘယ်မှာနေမှန်းတောင် မသိတာဗျာ"

"ဒါဆို ခင်ဗျားသူ့ကိုဘယ်လိုရှာမလဲ"

"သည်လိုပဲ ဟိုမေးသည်မေးနဲ့ရှာရမှာပေါ့"

လို့စန် အတော်ပင်စိတ်ပျက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စားပွဲထိုးက စားသောက်ဖွယ်ရာများကိုလာရောက်ချ ပေးသဖြင့် နှစ်ယောက်သားဆာဆာနှင့်စားလိုက်ကြ၏။

ဗိုက်ထဲအစာတော်တော်များများဝင်သွားမှ....

"ခင်ဗျားကိုအကြံတစ်ခုပေးချင်တယ်"

လို့စန်းစကားကြောင့်ကျင်းနန်က....

"ဘာများလဲဗျ"

"ဒီလိုလေ... ခင်ဗျားပြောတဲ့ဖုန်ရိကို ဒီပုံစံအတိုင်းရှာနေရင် ဘယ်လိုမှတွေ့ဖို့မလွယ်ဘူး၊ သူ့ကိုအချိန်မီမရှာနိုင်ရင် ကျုပ်တို့ခုလို ထွက်လာတာဘာအဓိပ္ပာယ်မှရှိမှာမဟုတ်တော့ဘူး"

မှန်ပါသည်။ သုံးရက်မတိုင်မီဖုန်ရိကိုတွေ့မှဖြစ်မည်။

ယခုအတိုင်းဆိုပါက ယုန်တောင်ပြေး ခွေးမြောက်လိုက် ဆိုသလို ရှာလေဝေးလေဖြစ်သွားနိုင်၏။

"ဒါကြောင့်.... ကျုပ်တို့ အရင်ဆုံးကပ္ပိယကြီးကျင့်ချောင်ကို သွားရှာရင်ကောင်းမယ်"

လို့စန်း၏စကားကြောင့် ကျင်းနန်မှာကြောင်အမ်းအမ်းဖြစ် သွား၏။



"သူ့ကိုရှာပြီးဘာလုပ်ရမှာလဲဗျ"

"သူက ကျုပ်တို့တွေ့ချင်တဲ့လူကို သိချင်သိနိုင်တယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ကပ္ပိယကြီးက သိုင်းလောကမှာကျင်လည်နေ တဲ့လူအတော်များများကိုသိနေလို့ပဲ"

ကျင်းနန်အနည်းငယ်စဉ်းစားလိုက်၏။ ပြီးမှ....

"အင်း... ဘယ်သွားပြီးရှာရမှန်းမသိတဲ့အတူတူ သဲလွန်စရ လို့ရြား သူ့ကိုသွားတွေ့တာကောင်းပါတယ်လေ၊ ဒါနဲ့သူက ဘယ်မှာ ရှိနေတာလဲ"

"ဝူစန်တောင်မှာလေ... ဝေးတယ်လို့မဆိုနိုင်ပေမဲ့ နီးတယ် လို့လဲပြောလို့မရဘူး"

"အင်း ဒါဆိုရင်တော့ ခြေလျင်သွားရင် ခရီးတွင်မှာမဟုတ် ဘူး၊ မြင်းဝယ်စီးသွားရအောင်"

"ဒါဆိုအကောင်းဆုံးပဲပေါ့ဗျာ"

***

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်မြုပ်နေသူ

ဂူစန်တောင်....

ဂူစန်တောင်သည် အတော်ပင်မြင့်မားသောတောင်တစ်လုံးဖြစ်သည်။ တောင်ပေါ်တွင် ရှေးနှစ်ပေါင်းများစွာက ဆောက်လုပ်ထားသော ဘုံကျောင်းကြီးတစ်ကျောင်းရှိသည်။

သို့သော်....

တောင်ပေါ်တက်ရာလမ်းသည် အကွေ့အကောက်မတ်စောက်ကြမ်းတမ်းလှသဖြင့် တော်ရုံတန်ရုံကိစ္စဖြင့် တောင်ပေါ်တက်ခြင်းမရှိကြပေ။ ထို့ကြောင့် ဘုံကျောင်းကြီးသည် ပြုပြင်မွမ်းမံသူမရှိဘဲ တစ်စတစ်စယိုယွင်းလာခဲ့ရာ ယခုဆိုလျှင် ဘုံကျောင်းပျက်ကြီးတစ်ခုဖြစ်နေပေပြီ။



လမ်းရှိကြောင်း သိသာသည်ဆိုရုံမျှသာရှိပေတော့သည်။

ထိုလမ်းသည်လည်း သုံးမရတော့ပါ။ ချုံနွယ်ပိတ်ပေါင်းနှင့်ပျောက်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်ဖြစ်နေ၏။

ထို့ကြောင့် သေရေးရှင်ရေးကိစ္စမဟုတ်ဘဲနှင့်.... မည်သူမျှတောင်ပေါ်သို့ အကြောင်းမဲ့အပင်ပန်းခံတက်ရောက်မှုမရှိတော့ခြင်းပင်ဖြစ်ပေသည်။

သို့သော်... ယနေ့တွင်ကား ထူးထူးခြားခြားပင် တောင်ပေါ်သို့တက်နေသူတစ်ဦးကိုတွေ့ရသည်။

ပို၍ထူးခြားသည်မှာ....

တောင်ပေါ်တက်နေသူသည် ယောကျ်ားသားတစ်ဦးမဟုတ်ဘဲအမျိုးသမီးတစ်ဦးဖြစ်နေခြင်းပင်။

နုနယ်ချောမောလှပသောမိန်းမပျိုဖြစ်သည်။

ကြံ့ခိုင်သန်မာသောယောကျ်ားတို့ပင် တောင်ပေါ်သို့ တက်လေ့မရှိဘဲ နုနယ်လှပသောမိန်းမပျိုတစ်ဦးကတက်ရောက်သည်မှာထူးဆန်းလွန်းသည်ဟုဆိုရမလိုဖြစ်နေသည်။

သို့သော် သူမ၏လှုပ်ရှားမှုကဖျတ်လတ်သွက်လက်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းခက်ခဲသည်ဆိုသောတောင်တက်လမ်းက သူမအတွက် ပန်းခင်းလမ်းဟုဆိုရလောက်အောင် သက်သောင့်သက်သာ တက်သွားသည်ကိုတွေ့ရ၏။

ထို့ကြောင့် အဆိုပါမိန်းမပျိုသည် အဆင့်မြင့်သိုင်းပညာရှင်ဖြစ်မည်ဟု အလွယ်တကူပင်ခန့်မှန်း၍ရလေသည်။

သူမသည် တောင်ပေါ်ရောက်သည်နှင့် ဘုံကျောင်းပျက်ကြီးဆီ ဦးတည်လျှောက်သွားသည်။

သူမသည် ဘုံကျောင်းပျက်ထဲမဝင်သေးဘဲ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ဘုံကျောင်းပတ်ဝန်းကျင်တွင် သန့်ရှင်းနေသည်ကိုတွေ့ရသဖြင့် တောင်ပေါ်၌လူရှိကြောင်းသေချာသွား၏။

မိန်းမပျို ကျေနပ်ဝမ်းသာသွားပုံရသည်။

တစ်ချက်ပြုံးပြီး ဘုံကျောင်းတွင်းသို့ဝင်လိုက်၏။

ဘုံကျောင်းတွင်းရှိကွက်လပ်တွင် တံမြက်စည်းလှဲနေသူတစ်ဦးကိုတွေ့ရ၏။ ထိုလူကိုကြည့်ရသည်မှာ ကျောင်းစောင့်ဖြစ်ဟန်တူသည်။



သူမက ထိုလူထံလျှောက်သွားသည်။

ထိုလူသည် တံမြက်စည်းလှဲနေရာမှ မိန်းမပျိုတစ်ဦးဝင်လာသည်ကိုတွေ့ရ၍ အံ့အားသင့်သွားပုံရလေသည်။

မိန်းမပျိုကိုမျက်လုံးပြူးကြီးဖြင့်ကြည့်ရင်း....

"ဘာကိစ္စများရှိလို့လဲ"

သူမကအေးစက်စက်လေသံဖြင့်....

"ကပ္ပိယကြီးကျိချောင်ကိုတွေ့ချင်လို့ပါ"

"မရှိပါဘူး... တောင်အောက်ကိုကိစ္စတစ်ခုနဲ့ ဆင်းသွားပါတယ်"

"ဘယ်အချိန်ပြန်ရောက်မလဲ"

"ဒါတော့မသိပါဘူးဗျာ"

"သိတဲ့လူဘယ်သူရှိလဲ"

ကျောင်းစောင့်စိတ်တိုသွားဟန်တူ၏။

"နေပါဦး... မင်းကရော ဘာကိစ္စနဲ့တောင်ပေါ်လာရတာလဲ၊ ကပ္ပိယကြီးနဲ့ရောဘယ်လိုပတ်သက်နေလို့လဲ"

သူမကသက်ပြင်းမှုင်းမှုင်းချ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း.. ရှင့်ပြောလဲဘာထူးမှာလဲ၊ အပိုပဲပေါ့"

ပြောရင်းလျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။

ကျောင်းစောင့်မှာ ဘာဖြစ်သွားမှန်းပင်သိပုံမရပါ။

"အင့်...."

မသဲမကွဲညည်းညူသံနှင့်အတူ အရုပ်ကြိုးပြတ်လဲကျသွား လေတော့၏။

***



ဘုံကျောင်းအစောင့်သည် မလှုပ်မယှက်လဲကျနေသည်။ အသက်ပင်ရှိတော့ဟန်မတူပါ။ မိန်းမပျိုကား ဘာမျှခံစားရပုံမရှိ။ အေးဆေးလွန်းလှ၏။ သွေးအေးအေးနှင့်ရက်စက်သူဖြစ်သည်။

သူမကား အခြားသူမဟုတ်ပါ။ ရက်စက်မှုသရုပ်ဆောင်အားသောအဆိပ်ကဝေမ မုလိပင်တည်း။

သူမသည် တောင်ပေါ်၌ ကပ္ပိယကြီးကိုချောင်ရှိနေကြောင်း တိကျနိုင်မာစွာသိရှိထားပြီးဖြစ်၏။ ထို့ကြောင့် တောင်ပေါ်ရောက်အောင်တက်ပြီးလာရခြင်းဖြစ်၏။ ကျောင်းစောင့်ကမရှိဟုငြင်း၏။ မုလိဒေါပွသွား၏။ ထို့ကြောင့် စိတ်မထိန်းနိုင်ဘဲ လျှပ်တစ်ပြက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ အစောင့်မှာ ဘုမသိဘမသိဖြင့် လဲကျသေဆုံးသွားရှာလေသည်။ မုလိ၏စိတ်ထဲ၌ မည်သို့မျှခံစားရပုံမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လျှောက်ရမည့်လမ်းခရီး၌တွေ့သမျှအနှောင့်အယှက်အဟန့်အတားများကိုရှင်းသွားရန် ပိုင်းဖြတ်ထားပုံရသည်။

သူမသည် ဘုံကျောင်းခန်းမထဲခပ်အေးအေးဝင်သွား၏။ထို့နောက် နေရာလပ်မကျန်ရှာဖွေသည်။ လူရိပ်လူယောင်မျှပင်မ တွေ့ရချေ။ ပို၍စိတ်တိုသွားသည်။ ဘယ်မှာမှရှာမရသည့်အဆုံး ကြမ်းခင်းများကို နေရာလပ်မကျန်ထုရိုက်ကြည့်၏။

မြေအောက်လှိုဏ်ခန်း ရှိမရှိစမ်းသပ်ခြင်းဖြစ်သည်။

သို့သော် မြေအောက်ခန်းရှိသည့်ပုံမတွေ့ရပါ။ မူလ လွန်စွာခံပြင်းသွားလေသည်။ ကပ္ပိယကျိုချောင်သည် ဤတောင်ပေါ်၌ရှိနေကြောင်းသေချာစုံစမ်းသိရှိခဲ့ပြီးဖြစ်သည်။

သို့သော် လုံးဝရှာမတွေ့ဘဲဖြစ်နေ၏။ ရှာမတွေ့လေ ပို၍မကျေနပ်ဖြစ်ကာ ဒေါသချောင်းချောင်းထွက်လာလေဖြစ်သည်။

မည်သို့ဖြစ်စေ ကျိုချောင်သည် ဤနေရာ၌ အမှန်တကယ်ရှိနေကြောင်း သူမအနိုင်အမာယုံကြည်၏။

ထို့ကြောင့် မတွေ့တွေ့အောင်ရှာရန်ဆုံးဖြတ်လိုက်သည်။

***



တောင်ပေါ်တက်ရာလမ်းသည် ပြေပြစ်ချောမောခြင်းမရှိပါ။ အကွေ့အကောက်အနိမ့်အမြင့်များ၏။

လမ်းတစ်လျှောက် ကုန်းတက်ကုန်းဆင်း ချုံနွယ်ပိတ်ပေါင်းနှင့်ပွန်းတီးနေသည်။

တောင်ပေါ်တက်ရသည်မှာ နည်းနည်းမျှမသက်သာ။

"ခင်ဗျား ကျုပ်ကို ဘာလို့များ ဒီလိုနေရာမျိုးကိုခေါ်လာရတာလဲဗျာ"

ကျင်းနန်ကမျက်နှာကြီးရှုံ့မဲ့ရင်း လို့စန်ကိုမေး၏။

လို့စန်က....

"တောင်ပေါ်ဘုံကျောင်းမှာ... ကပ္ပိယကြီးကျိုချောင်ရှိတယ်လေဗျာ"

သူမျက်မှောင်ကြုတ်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးဗျ… အဲဒီကပ္ပိယက ကျုပ်ရှာနေတဲ့ဖုန်ရိ ဘယ်မှာရှိတယ်ဆိုတာတကယ်ပြောပြနိုင်လို့လား"

လို့စန်ကမြုံးသည်။

"ပြောပြနိုင်ရုံတင်ဘယ်ကမလဲဗျာ… ခင်ဗျားရှေ့အရောက် အကောင်လိုက်ဆွဲထုတ်ပြနိုင်တယ်ဗျ"

"ဗျာ… အကောင်လိုက်ဆွဲထုတ်ပြနိုင်တယ်ဟုတ်လား၊ ဘာလဲ… ဖုန်ရိကိုသူကဖမ်းထားလို့လား"

"မဟုတ်ပါဘူးဗျာ ခင်ဗျားသိပ်တွေ့ချင်တဲ့ဖုန်ရိဟာ ကပ္ပိယကိုချောင်ဖြစ်နေလို့ပါ"

ကျင်းနန်မှာ အံ့အားသင့်ပြီးပါးစပ်အဟောင်းသားဖြစ်သွားရလေတော့၏။ ပြီးမှ….

"ဟာ… ခင်ဗျားကဟုတ်ရောဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့… အဆိပ်ကဝေမ သုတ်သင်မယ်ဆိုတဲ့ ဖုန်ရိဟာသူပဲပေါ့"

"နေပါဦး… ဒီလောက် သေချာပြောနိုင်အောင် ခင်ဗျားက ဘယ်လိုလုပ်သိနေတာလဲ"



"အင်း… ပြောရရင်တော့နည်းနည်းရှည်မယ်"

"ကိစ္စမရှိဘူး… ရှင်းလင်းအောင်သိရရင်တော်ပြီ"

"ဒီလိုဗျ… ကျုပ်နဲ့ကိုချောင်ဟာ ဘာသာရေးပွဲတစ်ခုမှာသိခဲ့ကြရတာ၊ အဲဒီပွဲကိုအကြောင်းပြုပြီး သူနဲ့ကျုပ် ရက်အတော်လေးကြာအောင်ထိတွေ့ဆက်ဆံခဲ့ဖူးတယ်လေ၊ အဲသည်အခါမှာ သူဟာ တစ်ခုခုကိုကြောက်လန့်ပြီး ဖုံးကွယ်သလိုလုပ်နေတာကို ကျုပ်သတိထားမိတယ်၊ သူ့ကိုလဲ သက်မကင်းဖြစ်လာတယ်ဆိုပါတော့၊ ဒါနဲ့ ကျုပ်လဲ သူ့အကြောင်းတိတ်တဆိတ်စုံစမ်းခဲ့တယ်"

လို့စန်က စကားဖြတ်ပြီးခေတ္တနားလိုက်၏။

"နောက်ဆုံးတော့ ကိုချောင်ဆိုတာ သူ့နာမည်ရင်းမဟုတ်မှန်းသိခဲ့ရတယ်၊ နာမည်ရင်းကဖုန်ရိတဲ့၊ ကျုပ်ကလဲ သိချင်တာရှိရင် ငြိမ်မနေတတ်တော့ မေးမိတယ်လေ၊ ဒါပေမဲ့ သူက ပြန်မဖြေရှာပါဘူး၊ ကျုပ်ကိုပါရှောင်သွားတော့တာပဲ… နောက်တော့ သည်တောင်ပေါ်ကဘုံကျောင်းမှာ ကပ္ပိယလုပ်နေတယ်ဆိုတဲ့ သတင်းကြားရတယ်"

လို့စန်၏စကားအဆုံးတွင် ကျင်းနန်က….

www.burmeseclassic.com

www.burmeseclassic.com



"အင်း... သူ့အကြောင်းက စိတ်ဝင်စားစရာပဲ၊ ဒါပေမဲ့ လောလောဆယ် သူ့အသက်ကိုအချိန်မီကယ်ဖို့က ပိုအရေးကြီးတယ်၊ ကဲ... ခပ်သုတ်သုတ်ခရီးဆက်ကြရအောင်ဗျာ"

ပြောပြောဆိုဆိုပင်... နှစ်ယောက်သားတောင်ပေါ်သို့ ခရီးဆက်ခဲ့ကြလေ၏။

***



ကျင်းနန်နှင့်လိုဖန်တို့တောင်ပေါ်ရောက်ခဲ့ကြပြီဖြစ်၏။

သူတို့နှစ်ယောက်သည် ဘုံကျောင်းရှိရာသို့ဦးတည်၍ ခပ်သွက်သွက်ပင် လျှောက်ခဲ့ကြလေသည်။

ကျောင်းဝင်းထဲဝင်မိသည်အထိ လူရိပ်လူယောင် လုံးဝမတွေ့ရဘဲရှိနေလေသည်။ လှုသံသူ့သံလည်းမကြားရ၊ သစ်ပင်များကိုလေတိုးသံအသံသာကြားရသည်။

ကျင်းနန်တို့နှစ်ဦး စိုးရိမ်စိတ်များဝင်လာသည်။

သူတို့၏ရင့်ကျက်သောအတွေ့အကြုံများအရ တစ်ခုခုလွဲချော်နေမှုရှိနေပြီဖြစ်ကြောင်း အလိုလိုသိရှိလိုက်ကြသည်။

သိပ်မကြာလှပါ။ ကျောင်းဝင်းကွက်လပ်၌ လူတစ်ယောက်လဲကျနေသည်ကိုတွေ့မြင်လိုက်ရသည်။ ကပျာကယာသွားရောက်စမ်းဆေးကြည့်ရာ အသက်မရှိတော့ကြောင်းသိရ၏။

www.burmeseclassic.com

www.burmeseclassic.com



လို့စန်က ခေါးရိုးကိုတင်းကျပ်စွာဆုပ်ကိုင်မိပြီး....

"တောက်... ဟိုမိန်းမရိုင်း ကျုပ်တို့ထက် ခြေတစ်လှမ်းဦး သွားပြန်ပြီဗျို့"

ကျင်းနန်လည်း မကျေမနပ်ဖြစ်မိ၏။

အဆိပ်ကဝေမ မုလိသည် အဘယ်ကြောင့် အပြစ်မဲ့သူတို့ကိုဒုက္ခပေးနေရပါသနည်း။

သူမ၏ဦးနှောက်အား ပုံမှန်အနေအထားတွင်ရှိပါသေး၏လော။

ကရုဏာဒေါသောနှင့်မုလိအပေါ် မကျေမနပ်ဖြစ်မိခြင်းဖြစ်သည်။ သူတို့သည် ချက်ချင်းပင်နေရာအနှံ့လိုက်ရှာကြ၏။

သို့သော် ထူးခြားမှုဟူ၍ဘာမှုမတွေ့ရပေ။

ခြေရာလည်းပျောက် ရေလည်းနောက်ပြီဟုဆိုရမည်လား မသိတော့ပါ။

သူတို့အခက်ကြုံသွားရ၏။

သို့ရာတွင်.... သူတို့သည် အလွယ်တကူလက်လျှော့တတ်သူများမဟုတ်။



ဘုံကျောင်းအတွင်းအပြင် နေရာလပ်မကျန် စိတ်ရှည်လက်ရှည်ရှာဖွေကြ၏။

လို့စန်သည် ဟိုကြည့်သည်ကြည့်ရှာဖွေရင်း ဘုံကျောင်းတစ်နေရာသို့အကြည့်ရောက်သွားပြီး....

"ဟော... ဟိုမှာကြည့်စမ်းပါဦး"

လို့စန်၏စကားကြောင့် ကျင်းနန်လှမ်းကြည့်မိသည်။

ဘာမှုမတွေ့သဖြင့်....

"ဘာလဲဗျ"

"ဟိုမှာလေ"

လို့စန်ကဘုံကျောင်းတစ်နေရာကိုလက်ညှိုးညွှန်ပြ၏။

ထိုအခါမှ ကျောင်းနံရံ၌ချိတ်ဆွဲထားသည့်ဆိုင်းဘုတ်တစ်ခုကိုတွေ့မြင်သတိပြုမိလိုက်သည်။

"ခဝါချရိပ်သာ"

လို့စန်ကစာတန်းကိုကြည့်ရင်း....

"ဒီစာတန်းကိုကြည့်ခြင်းအားဖြင့် ဖန်ရိဟာသူ့ရဲ့အတိတ်ဘဝကိုခဝါချပြီဆိုတဲ့အဓိပ္ပာယ်ပဲ၊ သူဟာ အတိတ်ဖြစ်ရပ်တစ်ခုကို

www.burmeseclassic.com



နောင်တရပြီး သူ့ဘဝကို သည်မှာအေးအေးလူလူလာပြီး ဇာတ်မြှုပ်နေတဲ့သဘောပဲ”

ကျင်းနန်က....

“ဒါဆို သူဒီမှာပဲရှိရမှာပေါ့၊ ဘာဖြစ်လို့ပျောက်နေပါလိမ့်”

“ဟုတ်တယ် ဟိုမိန်းမလက်ဦးသွားတယ်ဆိုရင် အလောင်းတော့တွေ့ရမှာပေါ့”

နှစ်ဦးသား မကျေမနပ်ဖြင့်ထပ်ရှာကြပြန်၏။

သို့တိုင်အောင် မုလီကိုသော်လည်းကောင်း...

ကျိချောင်ခေါ် ဖုန်ရိကိုသော်လည်းကောင်း...

အရိပ်အယောင်မျှပင်မတွေ့ရချေ။

ဖုန်ရိသေသွားပြီလော။

သို့ဆိုလျှင် အလောင်းတော့ရှိနေရပေပြီ။ အလောင်းကိုရှာမတွေ့သဖြင့် ဖုန်ရိအသက်ရှင်နေသေးသည်ဟု ယူဆရမလိုဖြစ်၏။ လူသတ်သမားရန်မှ တိမ်းရှောင်သွားသဖြင့် မတွေ့ရခြင်းလော။

သူတို့နှစ်ဦး အမျိုးမျိုးအဖုံဖုံတွေးတောစဉ်းစားရင်း အဖြေရှာကြည့်၏။



သို့သော် ဘာတစ်ခုမျှရေရေရာရာမရှိချေ။

နောက်ဆုံး စိတ်မသက်မသာနှင့်လက်လျှော့လိုက်ရ၏။

“ကဲ... ကျုပ်တို့ သည်မှာသည်လိုနေလို့တော့မဖြစ်ဘူး၊ အကြောင်းလဲထူးလာမှာမဟုတ်ဘူး”

ကျင်းနန်ကပြောလိုက်ရာလို့စန်ကလည်း....

“ဟုတ်တယ်... ကျုပ်တို့ တောင်အောက်ကိုပြန်ဆင်းပြီးရှာမှဆင်တယ်”

ယင်းသို့ဖြင့်... နှစ်ဦးသား တောင်အောက်သို့ပြန်ဆင်းခဲ့ကြလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်နှင့် လို့စန်တို့သည် တောင်အောက်သို့မနားတမ်းပင် ဆင်းခဲ့ကြ၏။ တောင်ခြေရောက်တော့ စိမ်းလန်းသောမြက်ခင်းပြင်ကြောင့် ပင်ပန်းသမျှ အနည်းငယ်တော့အမောပြေသွား၏။

မြက်ခင်းပြင်တစ်နေရာ၌.... နွားကျောင်းနေသော နွားကျောင်းသားတစ်စုကိုတွေ့ရ၏။

နွားကျောင်းသားများရှိရာသစ်ပင်အောက်သို့ ကျင်းနန်နှင့် လို့စန်တို့ရောက်ရှိသွားသည်။

လို့စန်က နွားကျောင်းသားတို့ကိုကြည့်လိုက်ပြီး....

"မင်းတို့ထဲက တစ်ယောက်ယောက်များ ဟိုတောင်ပေါ်က ဆင်းလာတဲ့ကပ္ပိယကြီးကိုမြင်မိသလားကွ"

ဤတွင် ၄-၅ယောက်မျှရှိသော နွားကျောင်းသားများထဲမှ တစ်ယောက်က....



"ကျွန်တော်တွေ့လိုက်ပါတယ်"

လို့စန်နှင့်ကျင်းနန်တို့အားတက်သွားကြ၏။

"ဟေ... ဟုတ်လား၊ ဒါဆို သူဘယ်ဘက်ကိုထွက်သွားလဲ"

"ဒါတော့မသိပါဘူးဗျာ၊ ဒါပေမဲ့ ကို့ချွန်းတောင် ဘယ်မှာရှိသလဲလို့မေးသွားပါတယ်"

"ဟုတ်ရဲ့လားကွာ"

ကျင်းနန်က သေချာအောင်မေး၏။ နွားကျောင်းသားက...

"သေချာပါတယ်ဗျာ... ကပ္ပိယကြီးမေးတုန်းက သူတောင် အနားမှာရှိပါသေးတယ်"

နံဘေးမှနွားကျောင်းသားကို သက်သေထူပြီးပြော၏။

ထိုနွားကျောင်းသားကလည်း ခေါင်းညိတ်ပြရင်း....

"ဟုတ်တယ်ဗျ... ကပ္ပိယကြီးထွက်သွားပြီး တအောင့် အကြာမှာ မိန်းမတစ်ယောက်တောင်ရောက်လာသေးတယ်"

ကျင်းနန် မျက်လုံးပြူးသွား၏။

"ဟေ... မိန်းမတစ်ယောက် ထပ်ရောက်လာသေးတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ နွားကျောင်းသားကခေါင်းညိတ်၏။

"ဟုတ်ပါတယ်ခင်ဗျာ အဲဒီမိန်းမက တောင်ပေါ်က ရေကြီး သုတ်ပျာဆင်းလာတာ ကျွန်တော်တို့ကိုတွေ့တော့ ကပ္ပိယကြီးကို မြင်လိုက်ကြသလားလို့တောင် မေးပါတယ်"

"ဒါနဲ့ မင်းတို့ကရော ပြောပြသလား"

"သူကြည့်ရတာ ကပ္ပိယကြီးကိုအရေးတကြီးလိုက်ရှာနေတဲ့ ပုံပဲဗျ၊ ဒါကြောင့် ကျွန်တော်ပြောပြလိုက်တယ်"

"အေးကွာ… ကျေးဇူးပဲ"

ကျင်းနန်ကလို့စန်ကိုမျက်ရိပ်ပြပြီး…

"ကဲ… ကျုပ်တို့လဲသွားကြစို့"

ထို့နောက် နွားကျောင်းသားများကိုနှုတ်ဆက်ပြီး ထို နေရာမှအပြေးတစ်ပိုင်းဖြင့်ထွက်ခဲ့ကြ၏။ သူတို့နှစ်ယောက်ကား အဆိပ်ကဝေမမုလီထက် ခြေတစ်လှမ်းနောက်ကျပြီ နောက်ကျနေ ချေသည်တကား။

***



## တတ်မြှပ်သူ၏နောက်ကြောင်းပြန်

ကိုချွန်တောင်…

လွန်စွာမြင့်မားလှသောတောင်တစ်လုံးဖြစ်သည်။

မိုးထိတောင်ဟုပင် တင်စားခေါ်ဝေါ်ခြင်းခံရသော တောင် တစ်လုံးဖြစ်သည်။ တောင်ခါးပန်းတစ်လျှောက် မြူများဝေ့ဆိုင်းနေ ၏။ တိမ်တွေက တောင်ကိုပတ်၍လွင့်မျောနေ၏။ တောင်ထွတ်၏ အရှေ့ဘက်တစ်နေရာတွင် သဘာဝကျောက်လိုဏ်ဂူကြီးတစ်လုံးရှိ သည်။ ထိုလိုဏ်ဂူတွင် ဆံပင်နှင့်မုတ်ဆိတ်မွေးများ ဖွေးဖွေးဖြူ နေသည့်အဘိုးအိုတစ်ဦးနေထိုင်၏။

ထိုအဘိုးအို၏အမည်ကို မည်သူမျှမသိရှိကြပါချေ။ ထိုပြင် အဘိုးအိုကိုမြင်ဖူးတွေ့ဖူးသူလည်း လွန်စွာနည်းပါးလှ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သို့ သစ်ခုတ်ဝါးခုတ်ရောက်လာသူ အနည်းငယ်သာ ကံအားလျော်စွာမြင်တွေ့ဖူးကြခြင်းဖြစ်သည်။

သူတို့က အဘိုးအိုကို လူထူးလူဆန်းအဘိုးအိုဟုသာ ထင်မြင်ယူဆသတ်မှတ်ကြ၏။

အကြောင်းမှာ ကိုချန်တောင်ထွတ်သည် တစ်နှစ်ပတ်လုံး အရိုးကွဲမတတ်အေးစိမ့်နေတတ်၏။

တစ်ခါတစ်ရံရောက်ရှိလာသူများပင် ကြာကြာမနေနိုင်။

အဘိုးအိုကား... ပြင်းထန်ဆိုးရွားလှသောအအေးဒဏ်ကို လုံးဝမမှုဘဲအေးချမ်းစွာနေထိုင်နိုင်၏။ ထို့ပြင် အဘိုးအိုဆီသို့ မည်သူမျှရောက်ရှိမလာသလို အဘိုးအိုကလည်း တောင်ထိပ်၌နှစ်ကြာရှည်စွာ တစ်ကိုယ်တည်းနေခဲ့သည်။

ထို့ကြောင့်... အဘိုးအိုကို လူထူးဆန်းအဘိုးအိုဟုနာမည်ပေးထားခြင်းဖြစ်သည်။

တောင်ထိပ်၌ အဘိုးအိုနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ သို့တိုင်အောင်... အဘိုးအိုထံသို့ မည်သူတစ်ဦးတစ်ယောက်မျှရောက်ရှိလာသည်ကိုမတွေ့ရချေ။



သို့သော် မကြာမီအချိန်ကမူ အဘိုးအိုရှိရာတောင်ထိပ်သို့ လူတစ်ဦးဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာလေသည်။

ထိုလူတောင်ပေါ်တက်သွားသည်ကို သစ်ခုတ်သမားများ မြင်တွေ့ခဲ့ရ၏။ ပြန်ဆင်းလာသည်ကိုမူ မမြင်တွေ့ရချေ။

ထို့ကြောင့် တောင်ထိပ်ရှိအဘိုးအိုထံ လူတစ်ဦးတက်သွားပြီး ပြန်ဆင်းမလာသည့်သတင်းက ကိုချန်တောင်ဝန်းကျင်တစ်ဝိုက်ရှိ ကျေးရွာများဆီသို့တောမီးပမာပျံ့သွားလေသည်။

သို့သော်... တောင်ပေါ်တက်သွားသူမှာ ဝူစန်တောင်ပေါ်ရှိ ရှေးဟောင်းဘုံကျောင်းမှ ကပ္ပိယကြီးကိုချောင်ဖြစ်သည်ကို မည်သူမျှ မသိရှိခဲ့ပါချေ။ ထိုအချိန်၌ ကျင်းနန်နှင့်လို့စန်တို့သည် ကိုချန်တောင်ဆီသို့ဦးတည်၍ခရီးနှင်လာကြ၏။ သူတို့နှစ်ဦး ယင်းသို့ခရီးနှင်လာချိန်၌ မုလိကကိုချန်တောင်ထိပ်ပေါ်သို့ရောက်ရှိနေပြီဖြစ်သည်။

သို့သော် ကျင်းနန်နှင့်လို့စန်တို့မသိကြပါ။ သူတို့သည်ကိုချန်တောင်ပေါ်သို့အမြန်ရောက်ရှိရန်သာ စိတ်စောလျက်ရှိကာ ခပ်သုတ်သုတ်ခရီးနှင်လျက်ရှိကြသည်။

***

www.burmeseclassic.com

www.burmeseclassic.com



လူထူးဆန်းအဘိုးအိုသည် တောင်ပေါ်၌နေခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ ထိုမျှနှစ်ပေါင်းကြာအောင်နေခဲ့သည့်တိုင်မည်သူတစ်ဦးတစ်ယောက်မျှ သူ့ထံရောက်ရှိမလာပေ။

မကြာမီရက်ပိုင်းကမူ ကပ္ပိယကျော်ချောင်ရုတ်တရက်သူ့ထံသို့ရောက်ရှိလာသည်။ ကျော်ချောင်လိုဏ်ဂူထဲဝင်လိုက်သည့်အခါတည်ငြိမ်အေးဆေးစွာတရားထိုင်နေသည့်အဘိုးအိုကိုတွေ့လိုက်ရ၏။ အဘိုးအိုကိုမြင်သည်နှင့် ကျော်ချောင်၏ရင်ထဲမှအပူမီးရုတ်တရက်အေးငြိမ်းသွားသည်ဟုထင်မှတ်ခံစားလိုက်ရသည်။

"ကျွန်တော့်မှာ သောကအပူမီးတွေဝိုင်းပြီး ဆောက်တည်ရာမရဖြစ်နေလို့ အဘိုးရဲ့အရိပ်ကိုခိုလှုံဖို့ရောက်လာတာပါ။ ကျွန်တော့်ကို အဘိုးကလွဲပြီးဘယ်သူမှမကယ်နိုင်တော့ပါဘူးခင်ဗျာ"

နောင်တရသည့်လေသံနှင့် အဘိုးအိုကို တိုင်တည်၍ပြောလိုက်သည်။ အဘိုးအိုကား တုတ်တုတ်မျှမလှုပ်ချေ။ မျက်လုံးပိတ်၍ကျောက်ရုပ်ပမာငြိမ်သက်စွာထိုင်လျက်ရှိနေ၏။

မည်သို့ပင်ဖြစ်စေ... အဘိုးအိုဆီရောက်လာပြီဖြစ်ရာ ကိုယ့်ကိုယ်ကို အသက်အန္တရာယ်မှလွတ်မြောက်ခဲ့ပြီဟု....



သူ့ကိုယ်သူ အပြည့်အဝယုံကြည်သွားလေသည်။

တကယ်တမ်းအားဖြင့်လည်း သူ့အသက်ကိုကယ်နိုင်သူမှာ လူထူးဆန်းအဘိုးအိုသာရှိသည်မဟုတ်ပါလား။

သူသည် သူ၏အသက်အန္တရာယ်ကြောင့် ဝူစန်တောင်ရှိ ဘုံကျောင်း၌ခြေရာဖျောက်၍ရှောင်နေခဲ့သည်။ သို့တိုင်အောင် ရန်သူကသူ့ကိုခြေရာခံ၍လိုက်လာသဖြင့် သူသည် အူယားဖားယားနှင့်ရှောင်တိမ်းထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

သူ့ကိုကယ်တင်နိုင်သူမှာ လူထူးဆန်းအဘိုးအိုတစ်ဦးသာရှိကြောင်းသိရသဖြင့် အဘိုးအိုရှိရာ ကိုချုန်တောင်သို့စုံစမ်းမေးမြန်း၍အပြေးအလွှားရောက်လာခြင်းဖြစ်သည်။

ရန်သူကလည်း သူ့ကိုအလွတ်မပေး။ ဆက်၍ခြေရာခံလိုက်လာပြန်၏။ မည်သို့ပင်ဖြစ်စေ.... ခုတော့ လူထူးဆန်းအဘိုးအိုဆီရောက်ရှိလာပြီဖြစ်ရာ ကျော်ချောင်အနေဖြင့် ဘာမျှစိုးရိမ်ထိတ်လန့်မှုမရှိတော့ပြီ။

အဘိုးအိုက မှိတ်ထားသောမျက်လုံးကိုအသာဖွင့်ကြည့်ရာအားကိုးတကြီးရောက်လာသောကျော်ချောင်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း... မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးဆိုတဲ့ စကားဟာ တယ်မှန်ပါလား"

အဘိုးအို၏စကားကိုစောဒကတက်ဖွယ်ရာမရှိပေ။

အကြောင်းမှာ... သူကိုယ်တိုင်က မကောင်းမှုကျူးလွန်ခဲ့ဖူး သောကြောင့်ပင်မဟုတ်ပါလား။

သူ့ရန်သူသည်မိန်းမသားပင်ဖြစ်လင့်ကစား ရန်ငြိုးကြီးလွန်း လှ၏။ ရန်ကြွေးကိုမချေရသမျှ ဘဝအဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်သွားမည့်သဘောရှိသည်။

တစ်ချိန်က မိမိပြုသမျှနုခဲ့ရသောရန်သူသည် ယခုအခါ အ ကြီးအကျယ်ပြောင်းလဲသွားခဲ့ပြီ။ ယခုအချိန်၌ မိမိသည်သာ ရန်သူ ပြုသမျှနုရတော့မည့်အခြေအနေသို့ရောက်နေလေပြီ။

ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ဆိုသည့်အဖြစ်မျိုးပင်...

"မှန်ပါတယ်ဘိုးဘိုး... ကျွန်တော်ဟာ မသိတတ်ခင်က မ ကောင်းမှုတစ်ခုကို ရက်ရက်စက်စက်ပြုကျင့်ခဲ့မိပါတယ်၊ ခုချိန်မှာ နောင်တ,တရားရပြီး ကောင်းမှုတွေကိုသာလုပ်ဆောင်နေပြီဖြစ် တယ်၊ ဟိုတုန်းကမှားခဲ့တာကိုလဲ ဝန်ချတောင်းပန်ပါတယ်ဘိုးဘိုး"



လူထူးလူဆန်းအဘိုးအိုက လေးလေးပင်ပင်သက်ပြင်းချ၏။

"အင်း... လူတစ်ဦးဟာ မဆင်မခြင်အမှားလုပ်မိပြီဆိုရင် ဒီအမှားကဖြစ်ခဲ့တဲ့အရိုန်နဲ့အတူကျန်မနေခဲ့ဘူး၊ ကာလဝိပါက်နောက် ပိုးတက်ခိုသကဲ့သို့ ကိုယ်ပြုခဲ့တဲ့အမှားဟာ အနှေးနဲ့အမြန်ကိုယ့်ဆီ ပြန်ရောက်လာတတ်တာမှုချပဲ"

ကျော်ချောင်သည် အဘိုးအို၏စကားကိုနားထောင်ရင်း ဒု တိတ်ဖြစ်ရပ်များကိုစိတ်ကူးအမြင်၌တရေးရေးမြင်ယောင်လာလေ၏။

*＊*

ကျော်ချောင် သို့မဟုတ် ဖုန်ရိုး...

သူသည် မည်သူကအကူအညီတောင်းခံလာသည်ဖြစ်စေ မညည်းမညူစိတ်ပါလက်ပါကူညီတတ်သူဖြစ်၏။

ထို့ကြောင့် သူ့အားလူအများကချစ်ခင်လေးစား၏။

သို့သော် သူသည် ဇနီးနှင့်သမီးအတွက် ဆင်းရဲပင်ပန်းကြီး စွာလုပ်ကိုင်ကျွေးမွေးရှာ၏။

မိအိုဖအိုကိုလည်း ပြုစုစောင့်ရှောက်ရ၏။ အရေးထဲမှာခင် ကြီးသည် နာတာရှည်ရောဂါသည်ဖြစ်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် စားဖို့သောက်ဖို့သာမက မိခင်ကြီးအတွက်ဆေးကုသရန်အတွက်ပါရှာဖွေရရာ မည်သည့်အခါမျှငွေရေးကြေးရေးအဆင်ပြေသည်ဟူ၍မရှိပေ။

သူ့အားခင်မင်သူအချို့က ပေးကမ်းထောက်ပံ့ကြသော်လည်း သူ့အဖို့မှာ ဆင့်ပါးစပ်နှမ်းပက်သလိုဖြစ်နေသည်။ သို့ဖြစ်ရာ သူသည်နေ့စဉ်နှင့်အမျှဆိုသလို ငွေရှိရေးအတွက်သာလုံးပမ်းနေရ၏။ ဆင်းရဲကျပ်တည်းမှုဒဏ်ကိုမခံနိုင်သည့်အဆုံး ဇနီးဖြစ်သူသည် သမီးကိုလက်ဆွဲကာအိမ်ပေါ်မှဆင်းသွား၏။

သူသည် ဇနီးဖြစ်သူ၏အပြုအမူကြောင့် မိန်းမများသည် သစ္စာမရှိအကျင့်စာရိတ္တပျက်ယွင်းဖောက်ပြန်သူဟုမှတ်ယူကာ မိန်းမဆိုလျှင်ခါးသီးစွာမုန်းသွားသည်။

ဤသည်ကပင် သူ၏ဘဝကိုတစ်မျိုးတစ်ဖုံပြောင်းလဲပစ်ရန် အစပျိုးခြင်းဖြစ်ပေသည်။ သူသည် ဇနီးနှင့်သမီးမရှိတော့သဖြင့် အနေအထိုင်ဗရမ်းဗတာဖြစ်လာ၏။

စီးပွားရေးနှင့်အိမ်ထောင်ရေး မပြေလည်မှုကြောင့် ထွက်ပေါက်ရှာသည့်အနေဖြင့်အရက်သောက်စပြုလာ၏။



မပြေလည်သောဘဝကြောင့် သောကကြီးကိုမေ့ပျောက်ချင်လာ၏။ သူ့တော်ချင်းချင်း သတင်းလှေ့ရှေ့ဆိုသလို အရက်သမားဖြစ်လာသည့်အခါ အရက်သမားမိတ်ဆွေများရှိလာသည်။

အရက်သမားအချင်းချင်းပေါင်းဖက်မိသည့်အခါတွင် ပတ်ဝန်းကျင်ကိုအရေးမစိုက်နိုင်တော့ပြီ။ စိတ်မထင်လျှင်ရန်ဖြစ်၏။ စိတ်ပျော်လျှင်ရမ်းကား၏။ သို့ဖြင့် လူအများ၏ဂုဏ်ခင်လေးစားမှုကိုခံခဲ့ရသောသူသည် ယခုအခါ လူတကာအော်ကြောလန့်ဖြစ်လာ၏။ လူ့ဘဝကလည်း ဆန်းကြယ်လှသည်။ သူသည် ပတ်ဝန်းကျင်၏ဝိုင်းပန်းပစ်ပယ်မှုကိုခံရသည့်အခါ ပို၍အရွဲ့တိုက်ချင်လာ၏။

ပို၍မိုက်ပြဲဆိုးပြလာသည်။ မိဘများ၏ဆုံးမမှုကိုပင် နားမဝင်တော့ပြီ။ သူ့ဘေးရှိ မိတ်ဆွေအပေါင်းအသင်းများကလည်း အရက်သမားနှင့်လူဆိုးလူမိုက်များချည်းသာဖြစ်ရာ...

မီးလောင်ရာလေပင့်ဆိုသလို သူ့အားဝိုင်း၍မြှောက်ပင့်ကြ၏။ နောက်ဆုံး၌... သူသည် နာမည်ကြီးခိုးသားဓားပြများနှင့်ပေါင်းဖက်မိလေတော့သည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကုချွန်ဆိုသူသည် သူ့ထံရောက်လာပြီး အလုပ်ကြီးအကိုင်ကြီးတစ်ခုရှိကြောင်းပြောပြသည်။ ထိုအလုပ်မှာ မင်္ဂလာဆောင်တစ်ခုကိုဝင်ရောက်စီးနင်းတိုက်ခိုက်ရန်ဖြစ်သည်။

ရန်ငြိုးရှိသူတစ်ဦးက ထိုမင်္ဂလာပွဲကိုတိုက်ခိုက်ဖျက်ဆီးခိုင်းခြင်းဖြစ်၍ ငွေကြေးအမြောက်အမြားရရှိမည်ဖြစ်ကြောင်း ထို့ကြောင့် လာရောက်စည်းရုံးခေါ်ဆောင်ခြင်းဖြစ်သည်ဟုပြောလေသည်။

လောကတွင် ငွေရှိမှတင့်တယ်သည်ဟူသော အတွေးမျိုးခေါင်းထဲ၌စွဲနေသောကြောင့် သူလက်ခံသဘောတူလေ၏။

လုပ်သင့်မသင့်.... တရားသည် မတရားသည် ဘာမျှထည့်မစဉ်းစား။ ငွေရဖို့တစ်ခုတည်းသာကြည့်၏။

သို့ဖြင့် မင်္ဂလာပွဲည မှာပင် အရက်သောက်ရဲဆေးတင်ပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ကြတော့၏။ မင်္ဂလာဦးညကား ငရဲပွက်သလိုကျွက်ကျွက်ညံသွား၏။ လုံးဝမမျှော်လင့်မထင်မှတ်ဘဲ စီးနင်းတိုက်ခိုက်ခံရသဖြင့် မည်သူမျှခုခံကာကွယ်နိုင်ခြင်းမရှိကြပေ။ လူစိတ်ကင်းပျောက်နေသူများ၏လက်ချက်ဖြင့် အတုံးအရုန်းဖြစ်ကြ၏။

သူသည် တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့်တွေ့သမျှ အဖိုးတန်



ပစ္စည်းအကုန်သိမ်းကျုံးယူ၏။ ကုချွန်လည်းထိုနည်းနှင်နှင်ပင်။

သို့ဖြင့် အခန်းတစ်ခန်းသို့ရောက်သွားသည့်အခါ အသက်မသေဘဲကျန်နေပြီး အလွန်ကြောက်နေသည့်သတို့သမီးကိုတွေ့မြင်လိုက်ရတော့၏။ ဤတွင် သူသည် မိမိအားတစ်ကိုယ်ကောင်းဆန်စွာစွန့်ပစ်သွားသည့်ဇနီးသည်၏မျက်နှာကိုမြင်ယောင်မိသည်။

မိန်းမများကိုမုန်းတီးသည့်စိတ်က ရင်ထဲ၌လှိုင်းတံပိုးထကြွလာ၏။ ထို့အတူ ကုချွန်သည်လည်း သားကောင်တွေ့သောကျားဆိုးကြီးပမာဝင်းလက်တောက်ပသွား၏။ နှစ်ယောက်စလုံး အသိဉာဏ်ကင်းပျောက်ကာ မုန်ယိုနေသောဆင်ပမာ ထိန်းမနိုင်သိမ်းမရဖြစ်သွား၏။ သတို့သမီး၏တုန်လှုပ်ချောက်ချားစွာ စူးစူးဝါးဝါးအော်ဟစ်လိုက်သောအသံက မင်္ဂလာဦးညကျင်းပရာ နေအိမ်ဂေဟာတစ်ခုလုံးပဲ့တင်ရိုက်သွားသည်။ သို့ရာတွင် သူမ၏သနားစဖွယ်အော်သံကို မည်သူမျှကြားနိုင်စွမ်းမရှိပါချေတကား။

***

www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထားတက်သူများအဖွဲ့ သ် အချိန်သည်ကုန်မှန်းမသိကုန်ဆုံးသွားခဲ့သည်။ ဖုန်ရိုသည် မင်္ဂလာပွဲမှ လှယက်ရရှိခဲ့သည့် ဥစ္စာပစ္စည်းများဖြင့် လူတစ်လုံးသူတစ်လုံးဖြစ်လာခဲ့သည်။

သို့သော် လူမိုက်နှင့်ငွေအတူမနေဆိုသောစကားအတိုင်း မကြာမီမှာပင် ရှိသမျှပစ္စည်းအားလုံးကုန်ဆုံးသွား၏။ မိဘနှစ်ပါးလည်း ရေ့ဆင့်နောက်ဆင့်ကွယ်လွန်သွား၏။ ဖုန်ရိုမှာ အထီးကျန်ဘဝဖြင့်ဆင်းရဲတွင်းနက်မြနက်ခဲ့ရပြန်လေသည်။

ထိုအချိန်မှာပင် သတင်းဆိုးများ ဘစ်ခုပြီးတစ်ခုဆက်တိုက်ဆိုသလိုသူ့ထံရောက်လာ၏။ တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းလှသောသတင်းဆိုးများပင်ဖြစ်သည်။

ထိုသတင်းများကား မင်္ဂလာပွဲကိုဝင်ရောက်တိုက်ခိုက် စီးနင်းခဲ့စဉ်က ပါဝင်ခဲ့သူများတစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံရခြင်းပင်တည်း။

စုရှမ်းသည် သားအတွက်အငြိုးအတေးကြီးစွာဖြင့် လက်စားချေရန်စီမံဖန်တီးခဲ့သူမဟုတ်ပါလား။

ထို့ကြောင့် သူလည်း မကောင်းမှုဒဏ်မှပြေးမလွတ်ခဲ့ချေ။



ပထမတွင်ဖုန်ရိုသည် မိမိတို့အားလုပ်ကြံနေသူ မည်သူမည်ဝါမှန်းမသိခဲ့။ မည်သည့်ရန်ငြိုးဖြင့် မိမိတို့အားလုပ်ကြံနေမှန်းလည်းမသိ။ စုရှမ်းလုပ်ကြံခံရမှ မိမိတို့အား အရိပ်ပမာတကောက်ကောက် လိုက်၍ရှင်းလင်းသုတ်သင်နေသူမှာ မိမိတို့မတရားပြုကျင့်ပြီး သေပြီထင်ကာပစ်ထားခဲ့သောသတို့သမီးမှန်းသိရှိရတော့၏။

ဖုန်ရိုအတော်ပင် ထိတ်လန့်သွားမိ၏။ ယခုအတိုင်းဆိုလျှင် သူမသည် မည်သူ့ကိုမျှအလွတ်ပေးမည်မဟုတ်တော့။ မိမိအလှည့် ဘယ်တော့ရောက်လာမည်ဆိုသည်ကိုသာစောင့်နေရပေတော့မည်။

ထိတ်လန့်တုန်လှုပ်ခြင်းနှင့်အတူ မိမိပြုမိသောမကောင်းမှုအတွက် အကြီးအကျယ်နောင်တရလာမိ၏။ သို့သော် နောင်တဆိုသည့်အတိုင်း နောင်မှတရခြင်းဖြစ်ရာ ဘာမျှမတတ်နိုင်ချေ။

နောက်ဆုံး၌ ယင်းသို့ဇာတ်မြှုပ်နေလိုက်ခြင်းဖြင့် မကောင်းမှုအားလုံးကြေပျက်သွားနိုင်ပါမည်လော။

***

www.burmeseclassic.com

www.burmeseclassic.com



## ဆိတ်ကွယ်ရာမရှိ

---

အဆိပ်ကဝေ သို့မဟုတ် သတို့သမီးလေးမှုလီ....

လောက၌ ဘာကြောင့်အသက်ရှင်ကျန်ရစ်နေရပါလိမ့်ဟု ယူကြုံးမရဖြစ်ပြီး လူ့လောကကြီးမှအပြီးအပိုင်ထွက်ခွာရန်အမျိုးမျိုး ကြံစည်ကြိုးစားခဲ့သည်။ သို့သော် လောကသဘာဝတရားကား လွန်စွာဆန်းကျယ်လွန်းလှချေသည်။ ဖြစ်ချင်တိုင်းဖြစ်မလာနိုင်သလို ဖြစ်ချင်သည့်ကိစ္စလည်း ဆိုင်းမဆင့်ဗုံမဆင့်ဖြစ်လာတတ်ချေသည်။

သေက်မရောက်သက်မပျောက်ခဲ့သောမှုလီသည် ကြေကွဲနာကြည်းဖွယ်ဖြစ်ရပ်ကိုမမေ့နိုင်မပျောက်နိုင်ဘဲ ရင်၌ဖြစ်တည် နေ့လန်းနေခဲ့ရာ ကြာသော် ထိုဖြစ်ရပ်များသည် ဒေါသအစိုင်အခဲအဖြစ် တစ်စထတစ်စကြီးထွားလာရလေ၏။



ဤတွင် သူမသည်ကိုယ့်ကိုယ်ကို သေ၍မဖြစ်သေးကြောင်း နားလည်လာ၏။ အကြောင်းမဲ့ ရမ်းကားစော်ကားသွားသူတစ်စုကို တူညီသောတုံ့ပြန်မှုပေးဆပ်ရဦးမည်မဟုတ်ပါလား။

၎င်းတို့အား ပြီးပြီးပျောက်ပျောက်သဘောထားပြီး ဖြစ်သမျှအကြောင်းအကောင်းချည်းဟု သဘောမထားတော့ပါ။

မတူညီသောတုံ့ပြန်မှုကို ၎င်းတို့အားလုံးရရှိခံစားစေရမည်ဟု သူမခိုင်မာစွာသန္နိဋ္ဌာန်ချလိုက်သည်။ ၎င်းတို့ မည်သူမည်ဝါဖြစ်ကြောင်းမသိရပေမဲ့ သူကအရေးမစိုက်ပါ။ မဖြစ်မနေ ရအောင်ဖော်ထုတ်နိုင်မည်ဟု သူမယုံကြည်၏။

ထိုယုံကြည်ချက်ကြောင့်... အားငယ်ဝမ်းနည်းစိတ်များပြေပျောက်သွား၏။ နူးညံ့သိမ်မွေ့သောစိတ်များ ခက်ထန်ကြမ်းတမ်းလာ၏။ ရန်သူကိုသုတ်သင်ရှင်းလင်းနိုင်ဖို့ ဘာမဆိုလုပ်ဝံ့လာ၏။ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းနိုင်ရေးအတွက်လည်း သူမအား အကောင်းဆုံးလက်နက်တစ်ခုကို ကံတရားကဖန်တီးပေးအပ်ထားခဲ့၏။

ယင်းမှာ နုပျိုလှပနေဆဲသူမ၏အလှပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလှသည် ကျောက်မျက်ရတနာများထက်ပို၍တန်ဖိုးရှိသည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ အကြောင်းမှာ သူမ၏အလှဖြင့် သိုင်းသမားပေါင်းများထံ ချဉ်းကပ်ခွင့်ရရှိခဲ့သောကြောင့်ပင်။

ထိုအလှဖြင့်မြူဆွယ်၍ တတ်သင့်တတ်အပ်သောပညာမှန်သမျှ ရယူဆည်းပူးနိုင်ခဲ့၏။ ငွေကြေးဥစ္စာဖြင့် သင်ယူရရှိနိုင်စွမ်းမရှိသောပညာအားလုံးကို သူမ၏မာယာကျော့ကွင်းဖြင့် ရယူနိုင်ခဲ့၏။ ယင်းသို့ဖြင့် အဆိပ်ကဝေမဟူသောအမည်ဖြင့် သိုင်းလောကသားများကို ခေါင်းကိုက်စေနိုင်လောက်အောင် ရပ်တည်လာနိုင်ခဲ့လေတော့သည်။

သူမ၏ဘဝသည် လမ်းဆုံးသို့ရောက်ခဲ့ပြီဖြစ်၍ ထို့ထက်ပို၍ဆိုးရန်မရှိတော့ပါ။ ထို့ကြောင့် ရန်သူကိုခြေရာခံဖို့အတွက် ဘယ်နည်းကိုသုံးသုံး သူမအရေးမစိုက်ပါ။ ဖြစ်ချင်ရာဖြစ် သူမကိုစော်ကားခဲ့သူများကိုတော့ လုံးဝအလွတ်မပေး။

ထို့ကြောင့် သတင်းရမည်ထင်ရသော... အသုံးချ၍ရမည်ထင်သောယောကျ်ားသားများထံ ချဉ်းကပ်၍ သူမ၏အလှဖြင့်ဖမ်းစား ပြီး လိုချင်သောသတင်းကိုရအောင်ယူသည်။



လိုအပ်သည့်နေရာတွင် အသုံးချ၏။

အသုံးမလိုသည့်အခါ ခြေရာလက်ရာမကျန်အောင် ရှင်းပစ်လေ၏။ ဤသို့ဖြင့် အဆိပ်ကဝေမသည် သိုင်းလောကသားများအား တုန်လှုပ်ချောက်ချားစေခဲ့တော့၏။

***

နောင်တတရားဖြင့် ရပ်တည်ရာမရနိုင်သောဖုန်ရိသည် တစ်ခုတည်းသော အားကိုးရာလူထူးဆန်းအဘိုးအိုရှေ့သို့ ရောက်လာချေပြီ။

အဘိုးအိုကား သိုင်းပညာအထွတ်အထိပ်သို့ရောက်နေရုံမက လျှို့ဝှက်နက်နဲသောပညာရပ်များကိုပါတတ်မြောက်ထားသူ မဟုတ်ပါလား။ ထို့ကြောင့်... သူ့ကို ရန်သူလိုက်၍မမီခင် ဦးအောင်အရောက်ပြေးလာခြင်းဖြစ်၏။

အဘိုးအိုက ဖုန်ရိကိုကရုဏာသက်စွာကြည့်လေ၏။

"အင်း... မင်းရဲ့အမှားကလဲခွင့်မလွှတ်နိုင်စရာပဲ၊ ဒါပေမဲ့ ဒီအမှားမျိုးကိုနောက်တစ်ဦးကထပ်ပြီး ကျူးလွန်ဦးမယ်ဆိုရင် ရှုတွေဟာနိုင်ရာစားတိရစ္ဆာန်ဘဝနဲ့ဘာမှထူးမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရီသည် အဘိုးအိုရှေ့ရောက်နေပြီဖြစ်၍ စိတ်အေးစပြုသွား၏။ မိမိ၏အမှားအတွက် ကုသိုလ်ကောင်းမှုလုပ်ရင်း အေးချမ်းစပြုနေသောသူ့စိတ်ကို အဆိပ်ကဝေမက မွှေနှောက်လှည့်ပတ်ပစ်လေ၏။

"ဟင်း... ဟင်း... ရှင် ကျွန်မလက်ကပြေးလို့လွတ်ရိုးလား"

ဖုန်ရီမျက်နှာပျက်ကာ အသံကြားရာသို့ ပျာပျာသလဲ လှည့်ကြည့်မိသည်။ လိုဏ်ဂူဝ၌အေးဆေးစွာရပ်နေသောမိန်းမပျိုတစ်ဦးကိုတွေ့ရ၏။ တစ်ချိန်သောအခါက သတို့သမီးဖြစ်သောမုလိပင်။

ဖုန်ရီမှာ တုန်တုန်ယင်ယင်ဖြစ်ကာအသံပင်မထွက်နိုင်ပါ။

အဘိုးအိုက မျက်လွှာကိုအသာဖွင့်ကြည့်၏။

"အခုလာတာ ချင်လူမဟုတ်လား"

အဘိုးအို၏စကားကြောင့် မုလိ၏ခြေလှမ်း တုံ့ခနဲဖြစ်သွား၏။ အကြောင်းမှာ...

ထိုအမည်သည် မည်သူမျှမသိသောသူမ၏အ မည်ရင်းဖြစ်သောကြောင့်ပင်။ မုလိသည် သူမ၏အမည်ရင်းမဟုတ်ပါ။ မြောက်မြားစွာသောနာမည်ဝှက်ထဲမှနာမည်တစ်ခုသာဖြစ်သည်။



အဘိုးအိုကမူ... နာမည်အမျိုးအပြားထဲမှမည်သူမျှသိရှိမထားသည့်နာမည်ရင်းကိုသိရှိလေ၏။

လောလောဆယ်တွင် ထိုကိစ္စကအရေးမကြီးသေးပါ။

သူမ၏အကြီးမားဆုံးရန်သူ....

သူမအနေဖြင့် အခဲမကြေဆုံးသောရန်သူကို တွေ့မြင်ရပြီမဟုတ်ပါလား။ ထို့ကြောင့်....

"အဘိုးကြီး ကိုယ်နဲ့မဆိုင်တဲ့ကိစ္စဝင်မရှုပ်နဲ့၊ အေးအေးဆေးဆေးထွက်သွားပါ"

အဘိုးအိုကိုငေါက်လေ၏။

အဘိုးအိုကမူ အေးစက်စွာကြည့်ရင်း....

"သူငယ်မ... စကားပြောတာရိုင်းလှချည်လား၊ မင်းရဲ့ဆရာတောင် ငါ့ကိုခခယယနဲ့ဆရာကြီးလို့ခေါ်တာ"

မုလိမျက်မှောင်ကုတ်သွား၏။

ထိုအဘိုးအိုမည်သူနည်း။

"ငါဘယ်သူလဲဆိုတာတွေးကြည့်စမ်း"

မုလိ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဆရာပင်လျှင်.... ဆရာကြီးဟုတရိုတသေခေါ်ဝေါ် ဆက်ဆံရသည်ဆိုတော့ မည်သူဖြစ်နိုင်ပါသနည်း။

"ဆရာကြီးအို့ယန်ဖုံး"

သူမ၏နှုတ်မှလွှတ်ခနဲအသံထွက်သွား၏။

အဘိုးအိုကကျေနပ်စွာပြုံးရင်း....

"ဒီလိုဆိုတော့လဲ မင်းကဘယ်ဆိုးလို့တုန်း၊ ကဲ... ကဲ... ငါ ဘယ်သူလဲဆိုတာသိရင် မင်းရဲ့ရက်စက်တဲ့အလုပ်တွေကိုစွန့်လွှတ် လိုက်တော့၊ မကောင်းတာလုပ်တဲ့လူက မကောင်းတဲ့ဒဏ်ကိုခံရမှာ ဓမ္မတာပဲ၊ ဒီတော့ မင်းဆက်ပြီးမမိုက်မှားသင့်တော့ဘူး"

သူမသည် တကယ့်အရေးတွင်မှ တကယ့်ဆရာကြီးနှင့်လာ တိုးသဖြင့် မချင့်မရဲဖြစ်သွား၏။ နှစ်ပေါင်းများစွာတေးမှတ်ထားသမျှ လွယ်လွယ်နှင့်စွန့်လွှတ်ဖို့ကမဖြစ်နိုင်။

အို့ယန်ဖုံးစိတ်ဆိုးပြီး ပေးချင်တဲ့အပြစ်ပေးပါစေ။

လည်စင်းခံမည်။ ဖုန်ရိုကိုတော့ လုံးဝအလွှတ်မပေးနိုင်။

ထို့ကြောင့်....

"ချွမ်း...."



ဓားကိုဆွဲထုတ်ပြီး ဖုန်ရို၏ရင်ဝသို့ထိုးလိုက်၏။ ဖုန်ရိုမှာ ည်သို့မျှမရှောင်နိုင်ဘဲ ထိတ်လန့်တကြားဖြင့်မျက်လုံးကိုစုံမှိတ်ထား ိုက်၏။ သို့သော်....

"ချွင်...."

အဘိုးအိုကထိုင်ရာမှမထဘဲ ခြင်ယပ်တံဖြင့်ဝှေ့ယမ်းရာ အ ်တစ်ချက်ပေါ်သွားပြီး သူမ၏ဓားကိုင်ထားသောလက်ကျဉ်ခနဲဖြစ် ား၏။ သူမနောက်သို့ခြေတစ်လှမ်းဆုတ်၏။

တစ်ဆက်တည်းမှာပင် ဘယ်လက်ကို လျှပ်တစ်ပြက်ယမ်း က်သည်။ သူမ၏အဓိကရန်သူမှာဖုန်ရိုမဟုတ်ပါလား။

ထို့ကြောင့် သူမ၏ပစ်မှတ်သည် ဖုန်ရိုသာဖြစ်သည်။

မည်းမည်းအရာများသည် ဖုန်ရိုထံပျံဝဲသွားသည်။

ပင့်ကူနက်များပင်ဖြစ်သည်။ သို့သော် ပင့်ကူနက်များသည် ်ရိုထံရောက်ရှိမသွားပါ။ ခြင်ယပ်တံမှ ဆံခြည်မွေးများက ပင့်ကူ ်များကိုရိုက်ပုတ်ဖယ်ရှားရှင်းလင်းလိုက်ပြီဖြစ်သောကြောင့်ပင်။

သူမ အကျပ်ရိုက်သွားသည်။ သူ့ကိုရှင်းလင်းရာ၌ ကြားမှ ်ကာကွယ်နေသည့်အဘိုးအိုကြောင့် အခက်တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကို မည်သို့ကျော်ဖြတ်ရမည်နည်း။ ထိုစဉ်မှာပင် တောင်ပေါ်ပြေးတက်လာသောလူနှစ်ယောက်ကိုတွေ့၏။

ကျင်းနန်နှင့်လိုစန်တို့ဖြစ်သည်။ သူမဝမ်းသာသွားသည်။

"ကျင်းနန်အစ်ကိုကြီး... ကျွန်မကိုကယ်ပါဦး"

သူမ၏အသံကြောင့် အဘိုးအိုကလှမ်းကြည့်လိုက်သည်။ ထို အခြေအနေကိုအခွင့်ကောင်းယူပြီး သူမက ဖုန်ရိုကိုအလစ်ဝင်တိုက် သည်။ သို့သော် အဘိုးအိုကလှစ်ခနဲထလာပြီးခြင်ယပ်တန်နှင့်ခွခံလိုက် ၏။ သူမက အပြိုးတကြီးဖြင့် ဖုန်ရိုကိုဝင်တိုက်၏။ သို့ရာတွင် ဖုန်ရိုထံ မရောက်ဘဲ အဘိုးအို၏ဖျက်ထုတ်မှုကိုသာခံရ၏။ ကြာတော့ သူမ စိတ်မထိန်းနိုင်တော့ပါ။

ဖြစ်ချင်ရာဖြစ်... အဘိုးအိုကိုပါ ပြင်းပြင်းထန်ထန်တိုက်ခိုက် ၏။ ထိုစဉ်.... သူ့နောက်မှလူရိပ်တစ်ရိပ်ပြေးဝင်လာသဖြင့် ဓားကို နောက်ပြန်ဝှေ့ယမ်းလိုက်၏။

"ဝုန်း...."

မသဲမကွဲညည်းသံနှင့်အတူ လူတစ်ယောက်လဲသွား၏။

သူမလှည့်ကြည့်လိုက်သောအခါ....



"ဟင်...."

လဲကျသွားသူကားဖုန်ရိုဖြစ်နေ၏။

"ကျုပ်...ကျုပ်...အမှားအတွက်ပေးဆပ်လိုက်ကာပါ။ ဆရာ ကြီးရှိနေသရွေ့ ကျုပ်ကိုသတ်လို့ရမှာမဟုတ်သလို ကျုပ်ကိုမသတ် ရသရွေ့မင်းလဲကျေနပ်မှာမဟုတ်ဘူး။ ဒါကြောင့် မင်း... မင်း... ကျေ ကျေနပ်"

စကားကိုပင် ဆုံးအောင်မပြောနိုင်ဘဲ ဖုန်ရိုခေါင်းစိုက်ကျ သွား၏။ ဘာပဲဖြစ်ဖြစ် တစ်ယောက်တော့သွားရာပြီ။

ကုချန်တစ်ယောက်ပဲကျန်တော့၏။

ကုချန်သည် သူမ၏နောက်ဆုံးပစ်မှတ်ပင်ဖြစ်၏။

***

ကျင်းနန်နှင့်လိုစန်တို့သည် ဖုန်ရိုကိုကာကွယ်ရန် တောင် ပေါ်တက်လာကြသည်။ တောင်ပေါ်အရောက်၌....

"ကျင်းနန်အစ်ကိုကြီး ကျွန်မကိုကယ်ပါဦး"

မုလီ၏အော်ဟစ်အကူအညီတောင်းသံကြောင့် ကျင်းနန် ထိတ်ခနဲဖြစ်သွား၏။ အသံလာရာလိုက်ဂူဆီပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှထဲရောက်သည့်အခါ အဘိုးအိုတစ်ဦးက သူမအားဝှထဲမှ ထွက်မရအောင်ပိတ်ထားသည်ကိုတွေ့ရ၏။

"မင်းကိုသွားခွင့်မပြုနိုင်ဘူး၊ မင်းရဲ့သိုင်းပညာတွေဖျက်ဆီးပစ်ရမယ်"

အဘိုးအိုကပြော၍ မုလိကိုဘွေးကြောပိတ်ရန်ကြိုးစား၏။

မုလိက...

"အစ်ကို... ကျွန်မကိုကယ်ပါဦး"

ဝှထဲ၌ ဘာဖြစ်ခဲ့သည်ကိုကျင်းနန်မသိပါ။

ထိုလူ မည်သူမည်ဝါဆိုသည်ကိုလည်းမသိ။

လောလောဆယ်တွင် သူ့အာရုံကွင်မုလိကိုကယ်ဖို့သာစိတ်ရောက်နေ၏။ ထို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေဘဲ ထိုလူကိုဝင်၍ဟန့်ကားလိုက်၏။ မုလိအတွက် အခွင့်ကောင်းရသွားစေ၏။

သူမကိုယ်တိုင်က ထိုအခွင့်အရေးရအောင် တမင်ဖန်တီးလိုက်ခြင်းပင်မဟုတ်ပါလော။

ကျင်းနန်က ထိုလူကိုဝင်၍ဟန့်ကားတိုက်ခိုက်နေချိန်မှာပင် မုလိသည် လိုဏ်ဝှမှထွက်၍ကောင်အောက်သို့ဆင်းပြေးသည်။



သူမ၏ဦးတည်ရာမှ ကုချန်မှလွဲ၍ မည်သူဖြစ်မည်နည်း။

ကျင်းနန်သည် ထိုလူကိုဟန့်ကားနိုင်မည်ဟုထင်သော်လည်း ကာလယံတမ်း၌ ထိုလူ၏သိုင်းပညာကမိမိထက်များစွာသာရုံမက အဆွန်အဆင့်မြင့်သည်ကိုတွေ့ရသည်။

သို့သော်... မုလိအတွက် တတ်နိုင်သမျှကြိုးစားဟန့်တားလိုက်သည်။ ထိုလူကလည်း သူ့ကိုရှင်းပြဖို့အချိန်မရ။ ထို့ကြောင့် ထိုးဖောက်ထွက်၍တောင်အောက်သို့ဆင်းပြေး၏။ ကျင်းနန်နှင့်မုန်ရိတို့လည်းနောက်မှပြေးလိုက်ကြသည်။ ဘာတွေဖြစ်သည်ကို ကျင်းနန်စိတ်မဝင်စား။ မုလိအတွက်စိုးရိမ်ပူပန်မှုသာ သူ့၏စိတ်အစဉ်ကိုဖုံးလွှမ်းလျက်ရှိနေပေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးသားကောင်

ကုချန်၏စံအိမ်တော်တွင်ဖြစ်သည်။ သိုင်းသမားတို့ စုံညီစုဝေးလျက်ရှိသည်။ ယနေ့သည် မုလိရာဇာသံပေးထားသည့်သုံးရက်မြောက်နေ့ဖြစ်၍ သူတို့အားလုံးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေပြီ။ ကုချန်ကသိုင်းသမားအားလုံးကိုစုပြီးနောက်....

"အခုဆိုရင် ကျုပ်တို့အားလုံးအတွက် အရေးကြီးဆုံးအချိန်ရောက်လာပြီ"

"မိတ်ဆွေတို့ကိုသတိပေးလိုတာက ကျင်းနန်ကိစ္စပါ။ သူဟာ မုလိကိုကူညီနေတယ်ဆိုတာ အခုအနေအရထင်ရှားနေပါပြီ"

"သူဟာ မုလိကိုသတိပေးပူးပေါင်းဖို့ ဒီက တိတ်တဆိတ်ထွက်သွားတယ်ဆိုတာ မိတ်ဆွေတို့အားလုံးအသိပါ"



"ဒါကြောင့်... ဒီတစ်ကြိမ် ကျင်းနန်ရောက်လာရင် သူ့ကိုအလွတ်မပေးနဲ့ မှီမှီဆိုရင် ကျုပ်ကိုအားလုံး သူတို့ထောင်ချောက်ထဲဝင်မိလို့ဒုက္ခရောက်သွားနိုင်တယ်"

ကုချန်ကကြို့တင်ကာကွယ်သည့်အနေဖြင့် မှာကြားခြင်းဖြစ်၏။ အများစုကမူ မုလိကိုပဲစိတ်ဝင်စားနေကြသည်။

ကျင်းနန်ကိုမူ ကုချန်လိုသဘောထားချင်ပုံမရပါ။

"ဒါကြောင့် မိတ်ဆွေတို့အနေနဲ့...."

ကုချန်၏စကားမဆုံးမီပင် ခန်းမထဲသို့လူတစ်ယောက်ရိပ်ခနဲဝင်လာ၏။

ထိုလူမှာသူတို့အားလုံး၏ဘုံရန်သူ....

အဆိပ်ကဝေမုလိ....

မမျှော်လင့်ဘဲ ရုတ်တရက်ရောက်လာခြင်းကြောင့် အားလုံးကြောင်အမ်းအမ်းဖြစ်ကုန်ကြသည်။ မုလိအဖို့ အချိန်သိပ်မရပါ။

အို့ယန်ဖုံးက ကျင်းနန်ကိုအလွယ်တကူကျော်ဖြတ်၍ သူ့ဆီသို့လိုက်လာမည်ကိုအလိုလိုသိရှိထားသည်။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတို့ရှင်… ကျွန်မဒီကိုလာတာက မိတ်ဆွေတို့ကို ရန်စဖို့မဟုတ်ပါဘူး"

သူမကကုချုန်ကိုလက်ညှိုးထိုးပြ၍…

"ဟောဒီလူယုတ်မာကိုသတ်ပစ်ဖို့ပါ… ဒါကြောင့် ကျွန်မကို သည်းခံခွင့်လွှတ်ဖို့ မိတ်ဆွေတို့ကိုတောင်းပန်ပါတယ်"

သိုင်းသမားတို့ကြောင်အမ်းအမ်းဖြစ်ကုန်၏။ မိန်းမပျိုတစ် ဦးကို မိမိတို့ကဝိုင်း၍တိုက်ခိုက်သင့်မသင့်ဇဝေဇဝါဖြစ်ကုန်သည်။

ထိုစဉ်ပင် မုလိကကုချုန်အားဝင်၍တိုက်ခိုက်၏။

"ချွမ်း… ချွမ်း… ချွမ်း"

ကုချုန်ကလည်းမခေပါ။ အားကျမခံပြန်၍ခုခံသည်။ ကျန် သိုင်းသမားတို့က ကူသင့်မသင့်ဇဝေဇဝါဖြစ်ကာငေးကြည့်နေ၏။

"ဒိုး… ဗုစ်"

"ချွမ်း…"

မုလိ၏ဓားချက်ကပြင်းထန်လှသည်။

ကုချုန်မှာခက်ခဲစွာခုခံကာကွယ်ရသည်။

"ဟေ့… ဘာကြည့်နေကြတာလဲ၊ ဝင်တိုက်ကြပါလား"



ကုချုန်၏တပည့်များဝင်၍မတိုက်ရဲပါ။ သိက္ခာရှိသည့်ဝူးလင် သိုင်းသမားတို့ကလည်း မိန်းမပျိုတစ်ဦးကိုဝင်တိုက်ရန် ကိုယ့်သိက္ခာ ကိုယ်မလိုကြ။ ထို့ကြောင့် မည်သူမျှတိုက်ပွဲထဲသို့ပါမလာခဲ့ပေ။

ကုချုန်ကပြန်၍ခုခံရင်း လည်ကုပ်၌အေးခနဲဖြစ်သွား၍စမ်း ကြည့်ရာ စိုတိုတိုအရည်များပေသွားသည်ကိုတွေ့ရသည်။

ဘယ်ကကျလာသည်မသိ။ ထိုစဉ် သူ၏ပခုံးတစ်ဖက်ပူခနဲ ဖြစ်သွားသည်။ ဓားချက်တစ်ချက်ထိမှန်သွားခြင်းပင်။

ကုချုန်သည် မည်သို့မျှမယုဉ်နိုင်မှန်းနားလည်၏။

"အမယ်လေးဗျ… ကျုပ်ကိုကယ်ကြပါဦး"

ထိတ်လန့်တကြားဖြင့် ငယ်သံပါအောင်အော်လိုက်၏။ ထို အခါမှ ကုချုန်၏အစောင့်သိုင်းသမားများ ဗြာသံပေးပြီးဝင်တိုက်ကြ သည်။ သို့သော် သူတို့ကအဆိပ်ကဝေမ၏ပြိုင်ဘက်မဟုတ်ပါ။

"ဝုန်း…"

"အွန့်…"

"အား…"

တစ်ယောက်ပြီးတစ်ယောက် ကျကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… အားလုံးရပ်လိုက်ကြစမ်း"

ညြစာသံအပြည့်ပါသော ဟန့်တားသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာ၏။ မီးကိုရေနှင့်ဖျန်းလိုက်သလိုငြိမ်ကျသွားပြီး အသံရှင်ကိုလှမ်းကြည့်မိကြ၏။ အိုယန်ဖုံးဖြစ်သည်။ ဇွန်ကစ်ကောင်လိုလေထဲပျံဝဲပြီးတိုက်ပွဲအလယ်သို့ရောက်ရှိလာ၏။

သူ့ကိုမြင်သည်နှင့် မုလိဒေါပွသွား၏။

သူမ၏အလုပ်ကိုလာနှောင့်ယှက်ပြန်ပြီမဟုတ်ပါလား။

သို့သော် သည်တစ်ကြိမ်တော့ ဘယ်သူတားတားမရနိုင်။ သူမအနေဖြင့် အားလုံးစီစဉ်ပြီးသား။ ကုချန်အသက်ထွက်သွားသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ဖို့သာကျန်တော့၏။ ထိုစဉ်မှာပင်….

"အား…."

ကုချန်ထံမှစူးဝါးစွာအော်သံကြီးထွက်ပေါ်လာ၏။ အားလုံးထိတ်လန့်တကြားကြည့်လိုက်ရာ ကုချန်၏လည်ကုပ်၌ပင့်ကူနက်ကြီးတစ်ကောင်….

ကုချန်ကြမ်းပြင်ပေါ် လဲကျသွား၏။ မျက်လုံးကြီး အဆ…တန်ပြူးကျယ်သွား၏။ မျက်နှာတစ်ခုလုံးမည်းမှောင်သွား၏။



သားဖြစ်သူကုလင်က ပြေးပွေ့ရန်ဟန်ပြင်ရာ အိုယန်ဖုံးက လှမ်း၍ဖမ်းဆွဲထားလိုက်ရ၏။

"မသွားနဲ့… မရတော့ဘူး"

အခန်းထဲရှိလူအားလုံးအံ့အားသင့်ကုန်ကြသည်။

ပင့်ကူနက်က အဘယ်ကြောင့် ကုချန်၏လည်ကုတ်ပေါ် ရောက်ရှိသွားရပါသနည်း။

အဆိပ်ကဝေမ၏ကြိုတင်စီမံချက်သာဖြစ်၏။ သူမသည် အခန်းထဲဝင်လာကတည်းက ပင့်ကူကိုကြိုတင်ထုပ်တန်းပေါ်ပစ်တင်ထားခဲ့ခြင်းဖြစ်သည်။

ပြီးမှ ကုချန်၏လည်ကုတ်ပေါ်သို့ ပျစ်နှစ်နှစ်အရည်တစ်မျိုးကိုဓားမှတစ်ဆင့်တိုက်ခိုက်ရင်းသုတ်လိမ်း၏။ ထိုအရည်နံ့ကိုရသည်နှင့် ပင့်ကူနက်သည်ထုပ်တန်းပေါ်မှဆင်း၍ အရည်သုတ်လိမ်းထားသောလည်ကုတ်ကိုကိုက်ခဲလိုက်ခြင်းဖြစ်ပေသည်။

အဆိပ်ကဝေမအတွက်ကား နောက်ဆုံးရန်သူကိုရှင်းလင်းနိုင်ခဲ့ပြီဖြစ်သည်။

ဤနေရာ၌ ဆက်နေရန်အကြောင်းမရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနန်နှင့်အတူ အဝေးဆုံးနေရာသို့ထွက်ပြီးအေးချမ်းစွာနေထိုင်တော့မည်။ ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားပြီး လေထဲခုန်လိုက်၏။ ယင်းအခိုက်မှာပင် လူရိပ်တစ်ရိပ်ကလည်း လိုက်ပါခုန်တက်လာ၏။

"မင်း မပြေးနဲ့"

ဟန့်တားသူကို အဆိပ်ကဝေမက လက်ဝါးဖြင့် ရိုက်ထုတ်လိုက်၏။ သို့သော် မထူးပါ။ လူရိပ်ကနောက်တစ်ဆင့်လေထဲခုန်တက်ပြီး အဆိပ်ကဝေမကိုခုန်ကျော်ထွက်သွားခြင်းကြောင့်ဖြစ်၏။

တစ်ဆက်တည်းပင် နောက်ပြန်လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်ရာ....

"အွန့်...."

"ဝုန်း...."

အဆိပ်ကဝေမကြမ်းပြင်ပေါ်ပြုတ်ကျလာ၏။

ကမန်းကတမ်းလူးလဲထရန်ကြိုးစားရာ....

"ဝေါ့...."

ပွက်ခနဲသွေးတစ်ချက်အန်ပြီးခေါင်းငိုက်စိုက်ကျသွား၏။



လူရိပ်ကသူမအနီးသို့ပေါ့ပါးစွာပြန်ကျလာပြီး....

"မင်းကိုငါ ခုလိုမလုပ်ချင်ပါဘူး၊ ဒါပေမဲ့ မင်းရဲ့အာဃာတကသိပ်ကြီးနေတော့ နောက်ထပ်ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်အောင် မလွှဲသာမရှောင်သာလုပ်လိုက်ရတာပါ။ သည်အတွက် စိတ်တော့မကောင်းပါဘူးကွာ"

သူမအားမိုက်ဖောက်သိမ်ပေးလိုက်သူကား... အိုယန်ဖုံးပင်ဖြစ်ပေသည်။ အမှန်တော့... သူမအား အသက်ဆုံးရှုံးရန်အထိမရည်ရွယ်ခဲ့ပါ။ သူမ၏သိုင်းပညာနှင့် အဆိပ်ပြင်းသောပင့်ကူကိုအသုံးပြုပုံမှာ လွန်စွာကြောက်စရာကောင်းလွန်းလှ၏။

နောင်တွင်....

ထိန်းချုပ်ရန်ဝိုဇ်ခက်ဖွယ်သာရှိသဖြင့် အိုယန်ဖုံးလည်းမလွှဲမရှောင်သာဘဲမိုက်ဖောက်သိမ်ပေးရခြင်းပင်ဖြစ်သည်။

အဆိပ်ကဝေမသည် ကြိုးစား၍ခေါင်းထောင်ကြည့်၏။

အမြင်အာရုံကဝေဝါးနေသည်။

အိုယန်ဖုံး၏စကားကိုမကြားတစ်ချက် ကြားတစ်ချက်။

သူမသည် မမြင်ဝိုးတဝါးဖြင့်တစ်စုံတစ်ခုကိုရှာဖွေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ သူမ၏နောက်ဆုံးဆန္ဒဖြစ်ဟန်တူ၏။

ရှုံ့မဲ့နေသည့်မျက်နှာတွင်ပြုံးယောင်သမ်းလာ၏။

အခန်းထဲဝင်လာသည့်ကျင်းနန်ကို မြင်တွေ့ရခြင်းကြောင့်ဖြစ်သည်။

ဝိဝိပြင်ပြင်တော့မဟုတ်။

ဘာပဲဖြစ်ဖြစ် ကျေနပ်သွားပုံတော့ရ၏။

"အ... အစ်ကို... ရောက်... ရောက်လာသေးတယ်... နော်... ဝမ်း... ဝမ်းသာ...."

စကားဆုံးအောင်ပင် မပြောနိုင်ပါ။ ခန္ဓာကိုယ်ဆတ်ခနဲတစ်ချက်တွန့်ပြီးငြိမ်ကျသွား၏။ ထွက်သက်ဝင်သွက် ရပ်ဆိုင်းသွားလေပြီ။ သို့သော် သူမ၏မျက်နှာကားပြုံးယောင်သမ်းနေဆဲ။

*ပြီး၏။*

*ထက္ကသိုလ်နေလင်းအောင်*

www.burmeseclassic.com